www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းတုံပွင့်လျှို ပလွေသံ

ကျင်းတုံဆက်ရေခင်တိန်းမှုလင်



စာစဉ် - ၁၂(ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC

အခန်း (၁၅၄)

ငြိုးသူ့ရန်ဘက်

ချစ်ဖိန်သည် ဆန်ကွမ်းချီ၏ မျက်နှာကို ကြည့်၍ မေးလိုက်၏။

'ရှင် မျက်နှာပျက်သွားဘယ်၊ ဘာတွေကို တွေ့လိုက်လို့လဲ'

'ကုန်လုံဝမ်ရဲ့ တပည့်တွေ'

'အများကြီးပဲလား'

'အများကြီးပဲ၊ ကျုပ်တို့ ဒီလောက်လူအများကြီးကို ထိုးဖောက်ထွက်ဖို့ဆိုတာ မလွယ်တော့ဘူး'

'စိတ်မကောင်းစရာပဲ'

ချင်းဖိန်သည် ထိုမျှသာပြောသည်။

www.burmeseclassic.com

ကြောက်ရွံ့ဟန်မရှိပေ။

ဆန်ကွမ်းချိုက သူမ၏သတ္တိကိုချီးကျူးမိသည်။

'မြားဒဏ်ရာနှစ်ချက်ထဲမှာ တစ်ချက်က ရင်ဝမှာဆိုတော့ မင်း အဘော်ကလွှေအခံမှုခက်မယ်၊ သွေးမထွက်အောင်တော့ သွေးကြောတွေ ပိတ်ထားပြီးပါပြီ'

ချင်းဖိန်သည် မျက်စိမှိတ် အနားယူနေရာမှ မျက်လုံးဖွင့်ကြည့်ပြီး တိုးတိုးပြော၏။

'သူတို့က ဘာဖြစ်လို့ မြားနဲ့ဆက်မပစ်တာလဲ'

'မသိဘူး၊ ကျုပ်စိတ်ထင်တော့ အရှင်ဖမ်းချင်လို့ တဖြည်းဖြည်း ရှေ့တိုးလာနေတာလို့ ထင်တာပဲ'

'ကျွန်မတို့နှစ်ယောက်က ဘယ်သောတ်မှား အရေးပါနေလို့လဲ'

'သူတို့ ဒီမြက်ခင်းပြင်မှာ လျှို့ဝှက်သောင်ချောက်ဆင်ထားတာတွေ ပေါက်ကြားသွားမှာစိုးလို့ ကျုပ်တို့ကို ဖမ်းမှာပါ၊ တခြားအကြောင်းတော့ ရှိမယ်မထင်ဘူး၊ တစ်ခုတော့ရှိတယ်လေ၊ မင်းကို ကျွန်လုံစမ်က လက်လွှတ်မခံချင်လို့လဲဖြစ်မှာပေါ့'

ချင်းဖိန်က မချိပြုံးလေး ပြုံးလိုက်၏။

'ရှင်နဲ့ကျွန်မတွေ့ကြတာ ပိုင်မာစန်း သစ်တောကြီးထဲမှာနော်'



ဆန်ကွမ်းချိုက ခေါင်းညိတ်၏။

'ဟုတ်ပါတယ်...မင်းက တိဗက် လားမားတွေ ကြားထဲ ဘယ်နှယ် ရောက်နေရတာလဲ၊ တိဗက်ကိုပြန်မယ်ဆိုတော့ မင်းကို တိဗက်ကပဲမှတ်နေတာ၊ ခုနကပြောမှ မင်းကို ဝေဝုံအောဒ် လူမျိုးစုထဲက မင်းသမီးမှန်းသိရတယ်'

'ဒီလိုပါ၊ ကျွန်မအစ်ကိုဝမ်းကွဲတစ်ယောက်က တိဗက်တွေရဲ့ 'ထအောင်'ကျောင်းမှာ တပည့်သွားခံတော့ ကျွန်မလဲလိုက်သွားတယ်၊ တိဗက်လားမားဘုန်းကြီးတွေနဲ့ ပြည်မက စိုယိ သိုင်းသမားတွေ ပိုင်မာစန်းသစ်တောကြီးထဲမှာ ချိန်းဆိုတိုက်ခိုက်ကြတော့ ကျွန်မလဲ လိုက်လာခဲ့မိတာပဲ'

'ဪ'

'ကျွန်မဖေဖေက အဲဒီအစ်ကိုကို ဝေဝုံအောဒ်တွေရဲ့ အကြီးအကဲဖြစ်ဖို့ မျှော်မှန်းထားတယ်၊အခုတော့ ဖေဖေ ရည်ရွယ်ချက် ပျက်စီးသွားပါပြီ၊ အစ်ကိုလဲ ပိုင်မာစန်း သစ်တောကြီးထဲမှာ သေသွားပြီ မဟုတ်လား'

ချင်းဖိန်မင်းသမီးသည် အံကြိတ်၍ ဝေဒနာကို ကြိတ်မှိတ်ခံစားနေသည်။

ဆန်ကွမ်းချိုက သုံးသပ်ချက်ချပြီး....

'လက်မောင်းက မြားသွားကို ခားနဲ့ခွဲပြီး နှုတ်ပေးမယ်၊ ခံနိုင်ပါ့မလား'

www.burmeseclassic.com



'နုတ်ပါ၊ ကျွန်မ ခံနိုင်ပါတယ်'

ဆန်ကွမ်းချိုသည် လက်မောင်းမှမြားသွားကို နုတ်ပေးလိုက်သည်။

ရင်ဝမှမြားသွားကိုနုတ်ရန် ကြည့်သောအခါတွင်မူ မလွယ်ကူကြောင်းတွေ့ရသည်။

ဆန်ကွမ်းချိုမှာ စိတ်ထိခိုက်သွားသည်။

'ငါသာ အူကိုမခေါ်ဘဲနဲ့ သူ့ဘာသာ လွှတ်ပေးလိုက်ရင် အခုလိုမြားမှန်ချင်မှမှန်မယ်၊ ငါ့ကြောင့် သူဒုက္ခဖြစ်ရတာ'

ဆန်ကွမ်းချိုသည် သူမကိုပွေ့ချီပြီး ထရပ်လိုက်၏။

'ကျွန်မတို့ မလွတ်မြောက်နိုင်တော့ဘူးဆို'

'မလွတ်မြောက်နိုင်ဘူးဆိုပြီး ငုတ်တုတ်ထိုင်အဖမ်းခံလို့ ဖြစ်မလား၊ တတ်နိုင်သမျှလောက်တော့ ကြိုးစားရမှာပဲ'

'ကျွန်မကိုပွေ့ချီထားတော့ ရှင်ဘယ်လိုလုပ် တိုက်ခိုက်နိုင်မှာလဲ၊ ကျွန်မကသေလူပါ၊ ကျွန်မကိုထားခဲ့ပြီး ရှင်သာအလွတ်ရုန်းသွားပါ၊ ရှင်တစ်ယောက်တည်း ဆိုရင် လွတ်မြောက်နိုင်ပါတယ်'

ဆန်ကွမ်းချိုသည် ဝိုင်းဝန်းလာသည့် ဝတ်စုံနက်သိုင်းသမားများကို လှမ်းကြည့်လိုက်၏။



ထိုသူများ ရုတ်တရက် ငေးငိုင်သွားသည်ကို တွေ့ရသဖြင့် အံ့သြသွားသည်။

အဘယ်ကြောင့် ဤသို့ ထုံဆိုင်းသွားကြသနည်း။

ထိုစဉ် သာယာသောပလွေသံသည် လေပြည်လေညင်း ထဲ၌ သာယာစွာ လွင့်ပျံလာတော့၏။

ထိုအခါကျမှ ထိုသိုင်းသမားများ အဘယ်ကြောင့် ငေးငိုင်သွားကြသည်ကို ရိပ်မိတော့သည်။

ဆန်ကွမ်းချိုက ချင်းဖိန့်မင်းသမီးကို လှမ်းပြော၏။

'ကျုပ်တို့ကံကောင်းပြန်ပြီ'

'ဘာဖြစ်လို့လဲ'

'ကျုပ်တို့ကိုဝိုင်းထားတဲ့ သိုင်းသမားတွေငိုင်ကုန်ပြီ၊ သူတို့ ကြားလဲကာဖြတ်ပြေးရမှာပဲ'

'ဘာကြောင့် ငိုင်တာလဲ'

'ပလွေသံကြောင့်ပေါ့'

'ရှင်...ပလွေသံ၊ ပလွေသံက...'

'ဟုတ်တယ်၊ ဒီပလွေသံက သိုင်းလောကတစ်ခုလုံးကို သွန်လိုသွန် မှောက်လိုမှောက် လုပ်နိုင်တဲ့ပလွေသံပဲ၊ ဒါပေမယ့် အဲဒီပလွေသံရှင်ဟာ အကြောင်းတစ်ခုကြောင့် သိုင်းလောကထဲက ထွက်ပြီး ဇာတ်မြှုပ်နေတဲ့လူဖြစ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်က ဒီပလွေသံရှင်ကို သိနေတာပေါ့'

ဆန်ကွမ်းချိုက မချိုမြုံးပြုံးလိုက်၏။

'ဟင်း....ဘယ်မှာမသိဘဲရှိပါ့မလဲ၊ ဒီပလွေသံရှင်ဟာကျုပ်ရဲ့ အဘဆရာကြီးပေါ့၊ ဆရာကြီးကိုလိုက်ရှာရင်းနဲ့....'

ဆန်ကွမ်းချို ဆက်မပြောတော့ပေ။

စကားစကို ဖြတ်ပစ်လိုက်သည်။

'ကဲ...ဒီအချိန်ဟာ စကားများရမယ့်အချိန် မဟုတ်ဘူး'

ဆန်ကွမ်းချိုသည် ချင်းဖိန်ကို ပွေ့ချီပြီးနောက် အနောက်မြောက်ဘက်စူးစူးသို့ ကစ်ဟုန်ထိုး ပြေးထွက်သွားလေ၏။

ဤမှာဘက်သို့ ပြေးထွက်လာခဲ့ခြင်းမှာ အကြောင်းမဲ့မဟုတ်ပါချေ။

ပလွေသံစတင်ထွက်ပေါ်လာသည်မှာ ယူဆသဖြင့် ဤမှာဘက်သို့ ပြေးထွက်လာခြင်းဖြစ်သည်။

ထိုအရပ်သည် ကွန်လုံဝမ်၏ စံအောက်အိမ် တည်ရှိရာအရပ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည်။

သို့သော် စံအောက်အိမ်နှင့် ဝေးကွာလှသည်တော့ မဟုတ်ချေ။

ဆန်ကွမ်းချိုသည် တဖြည်းဖြည်း တောင်ပေါ်တက်လာ၏။



ပလွေသံသည် ကြားမြဲ ကြားနေရ၏။

ပိုင်မာစန်းတောင်၏အစပ်ရှိ ဇရပ်ကြီး အောင်း၌ ဆရာကြီးရဲ့ယိဖိန် ပြေးထွက်သွားပြီး မကြာမီ ပလွေသံနောက်သို့ သွားလိုက်ခဲ့သည့် အဖြစ်အပျက်များကို ပြန်လည် မြင်ယောင်လာ၏။

ယခုလည်း ပလွေသံနောက်သို့ လိုက်ခဲ့ရပြန်လေပြီ။

ချင်းဖိန်က....

'ကျွန်မတို့ အခု ဘယ်ကိုသွားနေတာလဲဟင်'

'ကျုပ်ရဲ့ အဘဆရာကြီးဆီကိုပေါ့၊ ကျုပ် သူနဲ့ မတွေ့ရတာ လေးနှစ်ကျော်ကျော်ရှိနေပြီ၊ အခုဆိုရင် ၄ ။ နှစ်လောက်နေတောင် ရှိနေပြီပေါ့'

ချင်းဖိန် နှုတ်ဆိတ်သွားသည်။

ဆန်ကွမ်းချိုသည် ဆက်၍ ရှင်းမပြတော့ပေ။

သစ်ပင်များ အလွန်ထူထပ်သည့်နေရာသို့ ရောက်လာသည်နှင့် ပလွေသံသည် ထိုသစ်ပင်အုပ်ထဲမှ ထွက်လာမှန်း သေချာစွာ သိလာရတော့၏။

ဆန်ကွမ်းချိုမှာ ရင်တုန်ထိတ်ထိတ် ဖြစ်လာ၏။

သူ၏ အဘဆရာကြီးသည် သူနှင့် ယွမ်ရှေးတော်တို့အား စာတစ်စောင်ပေးပြီး ဘုရားဖျက်ကြီး အတွင်း၌ ထားပစ်ခဲ့သည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ပလွေသံ ရပ်သွား၏။

သူသည် ရှေ့တိုးဝင်လာသည်။

ဟော….တွေ့ပြီ။

အလွန်ကြီးမားသော သစ်ပင်ကြီး၏ ခြေရင်း၌ ဆံပင်ဖြူဖြူ မုတ်ဆိတ်ဖြူဖြူ အဘိုးအိုတစ်ဦး ထိုင်လျက်ရှိပြီး၊ သူ့ရှေ့၌ အခြား အဘိုးအိုနှစ်ဦး ထိုင်နေကြသည်။

ဆန်ကွမ်းချိုသည် သစ်ပင်ခြေရင်းမှ အဘိုးအိုကိုတွေ့သည်နှင့် ပြေးဝင်သွား၏။

ချင်းဖိနပ်ကို မြေပြင်၌ အသာချထားလိုက်သည်။

'အဘဆရာကြီး'

ဆန်ကွမ်းချို၏အသံက ဆို့နင့်စွာ ထွက်ပေါ်လာ၏။

သူ့အား ကွန့်လုံဇမ်က ဂရုစိုက်လောက်သည့် သိုင်းပညာကို အဘဆရာကြီးက သင်ကြားပေးခဲ့သည် မဟုတ်ပါလော။

သူသည် မြေပြင်၌ နဖူးထိကပ်ပြီး ရှိခိုးဂါရဝပြုသည်။

သူ့မျက်ရည်များသည် မြေပြင်သို့ စီးကျနေ၏။

သူ၏ အဘဆရာကြီးသည် လက်ထဲ၌ အနက်ရောင် ပလွေတစ်ချောင်းကို ကိုင်ထားပြီး ဆန်ကွမ်းချိုအား မတုန်မလှုပ်သော မျက်လုံးများဖြင့် ကြည့်နေလေ၏။



မည်သည့်စကားကိုမျှ မဆိုလေ။

ဆန်ကွမ်းချိုက ဦးခေါင်း ပြန်မော့ပြီး….

'အဘဆရာကြီး….ကျွန်တော်နဲ့ ညီလေးယွမ်ရှောက်တို့ အဘဆရာကြီးကို ရှာဖို့ ထွက်လာခဲ့ကြပါတယ်၊ အခုဆိုရင်….'

ပလွေရှင် အဘိုးအိုက လက်မြှောက်ပြ၏။

'လူကလေး….မင်းတို့ ဘယ်အခြေအနေ ရောက်နေတယ်ဆိုတာ ငါသိပြီးပြီ၊ အခု မကြာခင် အချိန်အတွင်းမှာ ဇာတ်သိမ်းခန်း ရောက်တော့မှာပါ'

ဆန်ကွမ်းချိုသည် သူ၏ အဘဆရာကြီးရှေ့၌ ရိုရိုသေသေ ထိုင်နေသူနှစ်ဦးကို မျက်စိကစားလိုက်၏။

'ဟင်….ဆရာ'

တစ်ဦးကား သူ၏ လက်ဦးဆရာဖြစ်သည်။

ဆရာကြီး ရဲယိဖိန်ဖြစ်ပြီး၊ ကျန်တစ်ဦးမှာ ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံဖြစ်၏။

သူတို့နှစ်ဦးသည် ကျွန်လုဂိုဏ်း အခြေစိုက် စခန်းသို့ လိုက်မသွားဘဲ ဤနေရာသို့ ရှာဖွေရောက်ရှိလာဟန် တူသည်။

ရှဲယိဖိန်က တည်ကြည်လေးနက်သော အပြုံးကို ပြုံးပြပြီး ယွင်ကြိုလုံကလည်း ပြုံး၍ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'ညီလေး...ကျုပ်တို့ဟာ ဆရာတူ တပည့် ဖြစ်ကြပြီ၊ အခု အတိုင်းဆိုရင် ညီလေးဟာ ကျုပ်တို့ရဲ့ ဆရာတူ အစ်ကို ဖြစ်ပြီ ပေါ့'

မလေ့ရှင် အဘိုးအိုက ယွင်ကြိုလုံအား ခအံ့ စက်သော မျက်လုံးများဖြင့် စိုက်ကြည့်ပြီး....

'ဘယ်သူများ ကျုပ် တပည့်တွေ ဖြစ်နေသလဲ၊ ကျုပ်ရဲ့ တပည့်ဟာ တစ်ဦးတည်းပဲ ရှိတယ်၊ ဆန်ကွမ်းချီဟာ ကျုပ်ရဲ့ ပထမဦးဆုံးသောတပည့်ရဲ့ နောက်ဆုံး တပည့်ပဲ၊ ယွမ်ဖျောက် ဆိုတဲ့ကောင်ဟဲ ကျုပ်တပည့် မဟုတ်ဘူး'

ယွင်ကြိုလုံမှာ နှုတ်ပိတ်သွားရသည်၊

ကျုံမင်လှရှင် အဘိုးအို၏ စိတ်ထားမှာ အလွန်ဆန်းကြယ်၏၊

ဆန်ကွမ်းချီသည် သူ့ တပည့်အဖြစ် လက်မခံသဖြင့် သေးကြောကို ပြောင်းပြန်စီးစေခြင်းဖြင့် နှိပ်စက်ခဲ့၏၊

နောက်ဆုံး ဆန်ကွမ်းချီနှင့် ပြေလည်မှုရရှိသွားပြီး နှစ်ဦးသဘောတူ ဆရာတပည့်အဖြစ်ကို ခံယူခဲ့ကြ၏၊

ဆရာကြီး ရဲယိဖိန်က ချင်းဖိန်အား မေးငေါ့ပြပြီး....

'လူကလေး...သူ ဘယ်သူလဲ'

ဆန်ကွမ်းချီသည် မိန်းမောနေသော ချင်းဖိန်အား ကြည့်ပြီး စိတ်မကောင်းခြင်း ကြီးစွာဖြင့် ရှင်းလင်းပြောပြသည်၊



ယွင်ကြိုလုံမှာ လွန်စွာ အံ့ဩသွား၏၊

'ဟင်...သူဟာ တိဗက်လားမားတွေနဲ့အတူ ပါလာတဲ့ မိန်းကလေးလား'

'ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ အဲဒီတုန်းက ကွန်လုံဝမ်ဟာ သူ့ကိုဖမ်းဆီးသွားတာပဲ၊ အခုဒဏ်ရာရသွားတာဟာ ကျွန်တော့်မယောက အများကြီး ပါနေပါတယ်'

'သူ့ဒဏ်ရာကို ကျုပ် ကြည့်ပေးမယ်၊ ကုနိုင်ရဲ့လား ကုသပေါ့'

ဆန်ကွမ်းချီ ဝမ်းသာသွား၏၊

'အဘူးပဲ ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကြည့်ရှုပြီး ကုသပေးပါ'

မလေ့ရှင် အဘိုးအိုသည် သူ့ ရှေ့၌ပြောနေသည့် စကားများကို လုံးဝဂရုစိုက်ခြင်း မရှိပေ၊

မျက်လုံးများမှိတ်ပြီး ငြိမ်သက်စွာ ထိုင်နေ၏၊

ယွင်ကြိုလုံသည် ချင်းဖိန်၏ဒဏ်ရာကို ကြည့်ရှုပြီး မျက်မှောင်ကြုတ်၏၊

'ကလေးမရဲ့ ဒဏ်ရာက သိပ် ပြင်းထန်တာကိုး၊ နှလုံးကို တောင် ဆိုလှုနီးပါးဖြစ်နေတယ်၊ မြွားကိုထုတ်ရင် အသေ

www.burmeseclassic.com



ကလေး အန္တရာယ်ကြီးတယ်၊ အန္တရာယ် ကြီးတယ်ဆိုပြီး ဒီလို ထားလို့လဲ မဖြစ်တော့ နုတ်ပစ်ရမှာပဲ’

‘ဂိုဏ်းချုပ်ကြီး စိတ်တိုင်းကျ ကုသပါခင်ဗျာ’

ဆန်ကွမ်းချိုက တောင်းပန်၏။

‘ကဲ…သူ့ရဲ့ အစိကသွေးကြောတွေကို ပိတ်ပစ်လိုက်စမ်းပါ’

ယွင်ကြိုလုံက အမိန့်ပေးသဖြင့် ဆန်ကွမ်းချိုက ချင်းဖိန်၏ သွေးကြောများကို ပိတ်ပေးလိုက်၏။

ယွင်ကြိုလုံသည် သူ့အိတ်ထဲမှ ပုလင်းကလေးထုတ်ကာ ဆေးလုံးနှစ်လုံးကို သွန်ထုတ်လိုက်၏။

‘ညီလေး၊ ကျုပ်က ဒဏ်ရာကို ဓားနဲ့ခွဲပြီး မြားကိုနုတ်မယ်၊ ညီလေးက ဆေးထည့်ပေးဖို့ တာဝန်ယူပါ’

‘စိတ်ချပါ ဂိုဏ်းချုပ်ကြီး’

ယွင်ကြိုလုံသည် ချင်းဖိန်၏ ခါးကြားမှ ဓားမြှောင်တလေးကို ဆွဲယူလိုက်၏။

ဓားမြှောင်ကလေးမှာ ထူးထူးခြားခြား ပြောင်လက်တောက်ပနေသဖြင့် ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံက ဓားကလေးကို စူးစိုက်ကြည့်မိ၏။



‘ဒီဓားကလေးက တော်တော်ထူးခြားတာပဲ’

‘ထူးခြားတာပေါ့၊ ဒီဓားက ဝေဝုအော် အကြီးအကဲတွေ အစဉ်အဆက် ကိုင်ဆောင်တဲ့ ဓားဖြစ်နေတာကိုး’

ယွင်ကြိုလုံက ဆန်ကွမ်းချိုအား အချက်ပြလိုက်၏။

‘ညီလေး အသင့်ပြင်ထားတော့၊ ကျုပ်က အတွင်းအားနဲ့ သူ့သွေးကြောတွေကို ထိန်းပေးမယ်၊ မြားထုတ်ပြီးရင် အဲဒီဆေးလုံးကိုချေပြီး ဒဏ်ရာ အပေါက်ထဲကို ချေသိပ် ထည့်လိုက်ပါ’

ဆန်ကွမ်းချိုသည် ဆေးလုံးတစ်လုံးကို ချေဖွလိုက်၏။

‘ကျွန်တော် အသင့်ဖြစ်ပါပြီ’

ယွင်ကြိုလုံသည် မြားသွား ထွက်နိုင်လောက်အောင် ဓားမြှောင်ဖြင့် လှီးချလိုက်၏။

ထို့နောက် မြားတံကိုအရင်းမှကိုင်ပြီး တစ်ချက်တည်း ဆွဲနုတ်လိုက်၏။

ဆန်ကွမ်းချိုက သွေးကြောများပိတ်ထားခြင်း၊ ယွင်ကြိုလုံက အတွင်းအားဖြင့် ထိန်းထားပေးခြင်းတို့ကြောင့် သွေးများ ပန်းထွက်လာခြင်းမရှိပေ။

ဆန်ကွမ်းချိုက လက်ထဲ၌ ချေမွထားသည့် ဆေးမှုန့်များကို ဒဏ်ရာပေါက်ထဲသို့ ထိုးသိပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယွင်ကြိုလုံက သက်ပြင်းတစ်ချက် မှုတ်ထုတ်ပြီး....

'အောင်မြင်သွားပါပြီ၊ ခဏစောင့်ပြီးရင် သူ့ သွေးကြော တွေကို ပြန်ဖွင့်ပေးလိုက်၊ ကျွန်တော့်တစ်လုံးကိုတော့ သူ့ကိုရသေက် နိုင်းလိုက်၊ ပြီးတော့မှ အတွင်းအားနဲ့ ကူညီလိုက်'

ဆန်ကွမ်းချီကလည်း သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်မိ သည်။

'ဂိုဏ်းချုပ်ကြီးရဲ့ ကျေးဇူးပါပဲ ခင်ဗျာ၊ တကယ်လို့သာ ဂိုဏ်းချုပ်ကြီး မကယ်ဆယ်ရင်တော့ ဒီဒဏ်ရာနဲ့ မုချသေရမှာ ပါပဲ၊ သူသေရင် ကျွန်တော်လဲ အပြစ်ကင်းမှာမဟုတ်ဘူး'

'ဒီမိန်းကလေးဟာ ဟန် မဟုတ်ဘူးနော်'

'ဟန်မဟုတ်ပါဘူး၊ ဝေ့ငှ အနော်မျိုးစုထဲကပါ'

'သူ ကျုပ်ကို ရန်သူလို့ သတ်မှတ်မှာပဲ'

'ဘာဖြစ်လို့လဲ ခင်ဗျာ'

'တိဗက်လားမားတွေနဲ့ အမြဲတမ်း တိုက်ခိုက်နေတဲ့ဂိုဏ်းဟာ ကျုပ်တို့ဂိုဏ်းပဲ မဟုတ်လား'

'အဲဒီနောက်ဆုံးပွဲမှာ သူ့အစ်ကို ဝမ်းကွဲတော် သေသွား ရှာပါတယ်'

'အဲဒါ ကွန်လုံဝမ်ရဲ့လက်ချက်ပဲ၊ ဒါပေမယ့် ဒီမိန်းကလေး ကတော့ ကျုပ်ယွင်ကြိုလုံမှန်းသိရင် ရန်သူလို့ သတ်မှတ်မှာပဲ'



ယွင်ကြိုလုံက ချင်းဖိန်ကိုကြည့်ပြီး....

'သူ သတိရလာရင် ကျုပ် ဘယ်သူဘယ်ဝါဆိုတာ မပြော င်း အကောင်းဆုံးပဲ၊ အခုလောလောဆယ်မှာ ကွန်လုံဝမ်ဟာ ကျုပ်တို့အားလုံးရဲ့ ဘုံရန်သူပဲ'

'ဟုတ်ကဲ့...ကျွန်တော်မှတ်ထားပါမယ်'

'ကျုပ်ရဲ့ဒီဆေးဟာ သာမန်ဆေးမဟုတ်ပါဘူး၊ မောင်းစန်း တောင်ပေါ်က ရရှိထားတဲ့ ဆေးမြစ်တွေကို စုပေါင်းဖော်စပ် ထားလို့ သိပ်အစွမ်းထက်ပါတယ်'

သူသည် သက်ပြင်းချပြီး ဆက်ပြော၏။

'ခုအချိန်မှာတော့ ကျုပ်ဟာ ကွန်လုံဝမ်ကလွဲလို့ ဘယ်သူ့ ရန်ငြိုးမထားတော့ဘူး၊ ကွန်လုံဝမ်ဟာကျုပ်တို့ကိုသက်သက် ဒုက္ခပေးခဲ့တဲ့လူဖြစ်တယ်၊ ဒီသက်စောင့်ဆေးနဲ့ ကွန်လုံဝမ်က လွဲရင် ဘယ်သူ့ကိုမဆို ကုသပေးချင်စိတ်ရှိတယ်'

စကားဆုံးသောအခါ သူသည် အတွင်းအိတ်ထဲမှ ဆေး ဗူးကိုထုတ်ကာ ဆန်ကွမ်းချီအား လှမ်းပေး၏။

'ရော့...ဒီဆေးဗူးလင်းကို ညီလေးပဲ ယူထားပါ၊ ကျုပ်တို့ကို သူ့ချင် ဆရာကြီးက တမည့်အဖြစ် မသတ်မှတ်သော်လဲ သူ့ ဆီက ပညာသင်ကြားခွင့် ရတဲ့အတွက် ကျုပ်ကော ဆရာကြီး ကိုယ်နဲကော သူ့ကို ကိုယ့်ဆရာအဖြစ်သတ်မှတ်ပါတယ်၊ ပထမ ဆရာကြီးကသာ တမည့်အဖြစ် သတ်မှတ်ရင် ကျုပ်တို့က

www.burmeseclassic.com



နောက်ကျတဲ့အတွက် ညီလေးဟာ ကျုပ်တို့ရဲ့ ဆရာတူ အစ်... ဖြစ်နိုင်ပါတယ်၊ ညီလေးရဲ့ သတင်းကို ကျုပ်တို့ ကြားပြီး... ဒီဆေးပုလင်းကို လက်ဆောင်အဖြစ်ပေးအပ်ပါတယ်၊ ညီလေ... စိတ်တိုင်းကျကုသပါတော့'

ဆန်ကွမ်းချီက လက်နှစ်ဖက်ဖြင့် ရိုရိုသေသေလှမ်းယူလေ...

ဆန်ကွမ်းချီသည် ဆရာကြီးရဲယိဖိန့်အား လှမ်းမေး၏၊

'ဆရာတို့ ကျွန်လုဂိုဏ်းရဲ့အခြေစိုက်စခန်းကို မရောက်ဘူး... တာတယ်'

ရဲယိဖိန့်က ပြုံး၍ပြောပြ၏၊

'ဘယ်ရောက်မလဲ၊ နောင်ကြီးကျင်ရှယ်တောက်တစ်ယော... တည်းကိုပဲ ပြန်လွှတ်လိုက်ရတာပေါ့၊ အင်း တစ်ယောက်တည်... မဟုတ်ပါဘူးလေ၊ လက်ရွေးစင်ဂိုဏ်းသား ငါးယောက်လေ... ပါသေးတာပေါ့'

ထိုစဉ် မြင်းခွာသံများတဖြောင်းဖြောင်းကြားလိုက်ရသ... ပလွေရှင်အဘိုးအိုမှတစ်ပါး အားလုံးအရေးတကြီး လှည့်ကြ... မိကြသည်၊

မြင်းစီးသမားများ တဖြည်းဖြည်း နီးကပ်လာသောအ... ၄ရှေ့ဆုံးမှမြင်းစီးလာသူမှာ အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထ... ကြောင်း တွေ့ရသည်၊



ဆန်ကွမ်းချီမှာ ချက်ချင်းလိုလို သတိအနေအထားသို့ရောက်... သွားပြီး သူ၏ ဝိညာဉ်နုတ် ရွှေခါးကို ဖျတ်ခနဲ ထုတ်ယိုက်... သ၏၊

'ကွန်လုံဝမ်'

ဆန်ကွမ်းချီ၏ နှုတ်ဖျားမှ ထွက်လာသောအသံကြောင့်ပင်... ခြင်း၌ ထိုင်နေသော အဘိုးအို၏ မျက်လုံးများသည် ချက်... ချက် ပွင့်လာ၏၊

ရှေ့ဆုံးမှ မြင်းစီးလာသောသူအား အေးစက်သောမျက်လုံး... ဖြင့် လှမ်းကြည့်သည်၊

ကြည့်ရင်း သူ၏မျက်လုံးမှ ခေါသအရှိန်အလျှံများက ထွေ... တက်လာတော့သည်၊

ယွင်ကြိုလုံက ဆန်ကွမ်းချီအား တိုးတိုးပြော၏၊

'ညီလေး သတိထား၊ ကွန်လုံဝမ်ကို ကျုပ်တို့ စုပေါင်း ရင်... ကြမယ်'

ကွန်လုံဝမ်သည် သူတို့အနီးသို့ ချဉ်းကပ်မလာဘဲ ငါး... ကိုက် လေးရိုက်ခန့် အကွာ၌ ရပ်တန့်သွားပြီး သူ့လူများကို... ဖြင့် ဖွဲ့ယမ်းအချက်ပြလိုက်သည်၊

ထပ်ဖြန့်ပြီးသည့်ထိုင် ကွန်လုံဝမ်ရှေ့သို့ တက်မလာသဖြင့်... ကွမ်းချီ သိုလော သိုလော တွေးနေမိ၏၊

www.burmeseclassic.com



မကြာမီ၊

လူလေးယောက်ထမ်းသော ဝေါယာဉ်တစ်စီးသည် ကွန်[...] ဝမ်တို့၏ နောက်ဘက်သို့ အပြေးတက်ရောက်လာ၏။

ကွန်လုံဝမ်က အချက်ပြလိုက်သောအခါ ဝေါယာဉ်ထ[...] သမားများသည် ဝေါယာဉ်ကို ကွန်လုံဝမ်၏ဘေး၌ လာချထ[...] ကြ၏။

ဝေါယာဉ်ပေါ်တွင် ရုပ်ရည် ချောမော ခန့်ညားသေ[...] လည်း အသက်ငါးဆယ်ကျော်ခန့်ရှိပြီး ဆံပင်များဖြူနေသေ[...] အမျိုးသမီးကြီးတစ်ယောက်ကို ကြိုးဖြင့်တုပ်နှောင်ထားသည်[...] တွေ့ရှိရသည်။

မျက်နှာမှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

တစ်ချိန်က အလွန်လှပ ချောမောခဲ့မည်ကိုမူ သံသယရှိ[...] မလိုသော အမျိုးသမီးကြီး ဖြစ်၏။

'ဟင်း...ကွန်လုံဝမ်ဆိုတဲ့ အယုတ်တမာ မိစ္ဆာဂိုဏ်းကြီး[...] သားတွေ အယုတ်မာတွေ ကြံစည်ဦးမလဲ မသိဘူး၊ ဒီအဘွား[...] ကြီးကို ခေါ်လာပြီး ငါ့ကို အကျပ်ကိုင်ရင်တော့ သူ မလွ[...] ဘူး'

ကွန်လုံဝမ်သည် တဖြည်းဖြည်း ရှေ့တိုးလာ၏။

တသုန်သုန် တိုက်ခတ်နေသောကြောင့် သူ၏ ဝတ်ရုံစမ်း[...] မှာ လေထဲ၌ တဖျပ်ဖျပ် လှုပ်ခတ်နေသည်။



သူသည် ရှေ့တိုးလာသော်လည်း ရဲယိဖိန်၊ယွင်ကြိုလုံနှင့် ဆန်ကွမ်းချီတို့ကို လုံးဝဂရုမစိုက်ပေ။

သူတစ်ပါးအား တစ်သက်လုံး ဂါရဝမပြုခဲ့ဖူးသော ကွန်လုံဝမ်၏ ထူးခြားသော အပြုအမူကိုလည်း ထူးထူးဆန်းဆန်း တွေ့လိုက်ကြရသည်။

သူသည် ဆန်ကွမ်းချီ၏ အဘဆရာကြီးအား ဒူးထောက်ထိုင်ပြီး ဦးညွှတ်ဂါရဝပြုနေလေ၏။

'အစ်ကိုကြီး...မတွေ့ရတာတောင် အတော် ကြာပြီနော်၊ နေထိုင်လို့ ကောင်းပါရဲ့လား'

ဆန်ကွမ်းချီသည် သူ့ အဘဆရာကြီးအား အထိတ်တလန့် လှမ်းကြည့်လိုက်၏။

ဆရာကြီး၏ မျက်နှာမှာ ငါး အရှင်လတ်လတ်ကို မျိုနေမိသော လူတစ်ယောက်နှင့် တူနေသည်။

သို့သော် မျက်လုံးများ၏ အရောင်ကမူ ကြောက်မက်ဖွယ်ရာ ရဲရဲတောက်နေတော့သည်။

သို့သော် ဆရာကြီး၏ မျက်လုံးများသည် ဝေါယာဉ်ရှိရာသို့ တစ်ချက်လှမ်းကြည့်ပြီး မျက်လုံးများ မြန်မှိတ်သွားသည်။

ထိုအခါကျမှ ပါးပြင်ပေါ်သို့ မျက်ရည် စီးကြောင်းကြီး နှစ်ခု ကျဆင်းလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိမှာ ရှင်ထဲ၌ ပြောင်းဆန်သွား၏။

သူ့အဘဆရာကြီး၏ ဇာတ်ခွဲကြခင်းကို သူမြန်လည်အမှတ်ရမိလာသောကြောင့်တည်း။

ဆရာကြီးအား အဆိပ်ခတ်၍ ဆရာကတော်အား ခိုးယူသွားသည့် သစ္စာမဲ့ညီ လူယုတ်မာကား ကွန်လုံဝမ် မဟုတ်ပါလော။

ခဝါယာဉ်ပေါ်မှ အမျိုးသမီးကြီးမှာ ဆရာကြီး၏ ဇနီးမှလွဲ၍ အခြားသူ မဖြစ်နိုင်တော့ချေဘကား။

ဆန်ကွမ်းချိ၏ မှတ်ဉာဏ်အတွင်း၌ ကွန်လုံဝမ်၏ ယုတ်မာမှုအစုစုတို့သည် တစ်လှာချင်း ပေါ်လာ၏။

အစ်ကိုဖြစ်သူအား အဆိပ်ခတ်၊ အစ်ကို့ ဇနီးအား ခိုးယူသွားသည့် သစ္စာမဲ့ညီ ကွန်လုံဝမ်။

ရှောင်လင်ကျောင်းတော်၌ ဝင်ရောက်ခိုးရင်း ရှောင်လင်ဆရာတော်တစ်ပါးအား သတ်ဖြတ်သွားသည့် ကွန်လုံဝမ်။

ရှောင်လင်ကျောင်းမှ ရုပ်ဖျောက်ပြေးရင်း ဟွာတန်းဂိုဏ်း၏ ပညာများကို ခိုးယူသင်ခဲ့သည့် ကွန်လုံဝမ်။

ဝမ်ဂေဟာမှ သခင်ကြီး ဝမ်ကျုံးအန်ထံမှ သိုင်းလောကရတနာသုံးမျိုး မရသဖြင့် ဝမ်ကျုံးထန်အား သစ်သားလှောင်အိမ်ကလေးအတွင်း၌ ဘဝတုံးစေခဲ့သော ကွန်လုံဝမ်။



ထန်ရှင်၏ ဆရာလည်းဖြစ်၊ သူ၏ဆရာလည်းဖြစ်သော ဆရာကြီး ကျိဖုန်းထံ၌ အရေးကြီးသော သိုင်းကျမ်းမရသဖြင့် ဆရာကြီး ကျိဖုန်းအား သတ်ဖြတ်ပြီး ဆရာကြီး၏ သမီးအား လှည့်ဖြားကာ ဇနီးအဖြစ် သိမ်းပိုက်ခဲ့သော ကွန်လုံဝမ်။

ဆရာကြီးကျိဖုန်းကို သူသတ်ဖြတ်ခဲ့ပါလျက် ထန်ရှင်က သတ်သယောင် ဆရာကြီးသမီးအား လိမ်လည်လှည့်ဖြား ကုန်းချောစကားပြောခဲ့သော ကွန်လုံဝမ်။

ဆန်ကွမ်းချိ၏ အတွေး ရုပ်ပုံလွှာများသည် ကွန်လုံဝမ်၏ နှုတ်ရှိသော စကားသံကြောင့် ရုတ်တရက် ပျောက်ပြယ်သွားလေ၏။

'ကျွန်တော် သိပ်မှားတယ်၊ ဒီလို လောကကြီးထဲမှာ အစ်ကိုကြီး အသက်ရှင် ကျွန်နေနိုင်သေးတယ် ဆိုတာကို ကျွန်တော် တွေးနိုင်ဖို့ကောင်းတယ်၊ ဒီလိုမတွေးမိတော့ ကျွန်တော့် အကြံအစည်ကြီးကို ဖျက်ဆီးနိုင်တဲ့လူဟာ ထန်ရှင်တစ်ယောက်ပဲ ရှိနိုင်တယ်လို့ ယူဆခဲ့မိတယ်၊ အခု ကျွန်တော့် အကြံအစည်ကြီး ပြိုကွဲလုလုအချိန်မှာမှ အစ်ကိုကြီးဟာ ပြန်ပေါ်ခဲ့ ပေါ်လာတော့တာပဲ'

မလှေသိရှင် အဘိုးအိုက အေးစက်စက် မေးလေ၏။

'သူ....ဘယ်လို ဖြစ်နေသလဲ'

'သေးမိထားတာကလွဲလို့ အားလုံး အကောင်းပကတိပါ။ ကျန်းကျန်းမာမာ ရှိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မင်း ဘာဖြစ်လို့ သူ့ကိုသတ်မပစ်တာလဲ၊ မင်းအလိုမရှိတော့ရင် သတ်ပစ်လိုက်မှတော့ပေါ့'

ကွန်လုံဝမ်က အေးစက်စက် ရယ်၏။

'ကျွန်တော် အစ်ကိုကြီးနဲ့ ပတ်သက်ပြီး အစ်ကိုကြီးဟာ လူ့လောကထဲ မရှိနိုင်တော့ဘူးလို့ တွက်ချက်ခဲ့တယ်၊ ဒါပေမယ့် ဟုတ်သော်ရှိ မဟုတ်သော်ရှိ အစ်ကိုကြီး ပေါ်လာရင် အစ်ကိုကြီးကို နိုင်နိုင်တဲ့ ဖဲတစ်ချပ်တော့ ကိုင်ထားမှ ဖြစ်မယ်ဆိုတာတော့ ကျွန်တော် ခေါင်းထဲမှာ အတွေးရှိခဲ့တယ်၊ ဒီတော့ ကျွန်တော်က အစ်ကိုကြီးဇနီးကို ဘယ်သတ်တော့မလဲ'

'ခွေးသား'

အဘိုးအိုထံမှ ကြမ်းတမ်းသော ဆဲဆိုသံ ထွက်ပေါ်လာတော့သည်။

ကွန်လုံဝမ်မှာ သူ့အား ဝန်းနှင့် ပေါက်ဆက်ခဲ့သို့ ထင်မှတ်နေဟန်ရှိသည်။

မျက်နှာတု ရှိနေသဖြင့် သူ၏ပင်ကို အရိပ်အကဲကို မည်သို့မျှ ဖမ်း၍မရနိုင်ပေ။

အဘိုးအိုက....

'မင်းက သူ့သေရွေးရှင်းရေးနဲ့ ငါ့ကို အကျပ်ကိုင်မလို့ လာတာလား'



'ကျွန်တော်လာတာ ဒီသဘောပါပဲ'

လူယုတ်မာ ကွန်လုံဝမ်က အရှက်မဲ့စွာ ပြောင်ဝန်ခံလေ၏။

အဘိုးအိုက....

'သူဟာ မင်း နှိပ်စက်မှုဒဏ်ကြောင့် လူနဲ့သူနဲ့ဘောင် မတူတော့ဘူး၊ အသက်ရှင်နေလဲ ဘာတန်ဖိုးရှိတော့မှာလဲ၊ ငါ့အဖို့ကတော့ ဘာမှမထူးတော့ဘူး၊ သူ့ကို ငါကိုယ်တိုင် အရင်သတ်ပြီး မင်းကိုပါ လက်စားချေ ပြန်သတ်မယ်'

ကွန်လုံဝမ်က အေးစက်စက်ရယ်၏။

'အစ်မကြီးဟာ အစ်ကိုကြီး အပေါ်မှာ အင်မတန် ချစ်ခင်ပြီး သံယောဇဉ်ရှိရှာတာပါ၊ ကျွန်တော် ဆိုပါလာတာကတော့ အဆိပ်ကြောင့်ပါ၊ အစ်ကိုကြီးအပေါ် တကယ်ချစ်ရှာတဲ့အစ်မကြီးကို အစ်ကိုကြီး တကယ်သတ်ရက်သလား'

ဆန်ကွမ်းချိမှာ ဒေါသကို မထိန်းနိုင်တော့ပေ။

ရွှေဓားကို ဆွဲပြီး ခုန်ထွက်သွား၏။

'ခွေးကြီး၊ တိရစ္ဆာန်ကောင်ကြီး၊ မိတ်ဆွေမှန်းမသိ၊ ညီအစ်ကိုမှန်းမသိ၊ ဆရာသမားမှန်းမသိတဲ့ ခင်ဗျားလို အဟိတ်တိရစ္ဆာန်ကောင်ကြီးကို ကျုပ်မသတ်ရရင်မနေဘူး၊ ခင်ဗျားကို သတ်ရင်း ကျုပ် အသေခံမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်က ဆန်ကွမ်းချီအား သူငယ်နှပ်စားလေးပမာ ပေါက်ကန်လိုက်၏။

'ဟေ့ ကောင်လေးဖယ်စမ်း၊ မင်းဟာ ငါ့ခြေမွှေးရှင် ငါ့သေး လောက်မရှိသေးတယ်၊ မင်းဟာ ငါနဲ့ယှဉ်ဖို့ မတန်သေးဘူး၊ နောက်ထပ် ဆယ်နှစ်လောက်ကြိုးစားဦး'

ဆန်ကွမ်းချီသည် ဓားကို မြှောက်ကိုင်ပြီး ရှေ့သို့တိုးသွား၏။

'တန်လား မတန်လား စမ်းကြည့်ကြသေးတာပေါ့'

'ကောင်လေး...ရပ်လိုက်စမ်း၊ မင်းတစ်လှမ်းတိုးလာတာနဲ့ မင်းဆရာကတော်ကို ငါသတ်ပစ်လိုက်မယ်'

ဆန်ကွမ်းချီ၏ ခြေလှမ်းများမှာ တုံ့ခနဲ ရပ်သွားတော့၏။

သူ၏ အဘဆရာကြီးကို လှည့်ကြည့်သည်။

မျက်ရည်ဖြိုင်ဖြိုင်ကျနေသော ဆရာကြီးကို တွေ့ရသောအခါ သူ့ ဓားကို ပြန်သိမ်းပြီး နောက်ပြန်ဆုတ်လာခဲ့လေတော့၏။

ဂိုဏ်းချုပ်ကြီးယွင်ကြိုလုံသည် ကွန်လုံဝမ်နှင့်တစ်သက်မကျေသော ရန်ငြိုးရှိနေသော်လည်း သူ ထွက်ချိန် မတန်သေးသဖြင့် နောက်ဖိုင်း၌ လျှို၍ရပ်နေ၏။



ကွန်လုံဝမ်ကလည်း ယွင်ကြိုလုံကို လုံးဝသတိမပြုမိပေ။

ကွန်လုံဝမ်သည် ဆန်ကွမ်းချီနောက်ဆုတ်သွားသည်ကိုကြည့်ပြီး အေးစက်စက် ရယ်လေ၏။

ထို့နောက် ပလွေရှင် အဘိုးကြီးအား စကားဆက်ပြောတော့သည်။

'ကျုပ်တော်နဲ့အစ်ကိုကြီးဟာ အနှစ်နှစ်ဆယ်လောက်ကွဲကွာခဲ့ကြရတယ်၊ ဒီအနှစ်နှစ်ဆယ်အတွင်းမှာ ကျုပ်တော်တို့ညီအစ်ကို ရဲ့ ပညာတွေ ဘယ်သူက ဘယ်လို တိုးတက်နေတယ်ဆိုတာကို အင်မတန်မှန်းဆရခက်ပါတယ်'

'ခွေးကောင်၊ မင်းကိုယ်မင်း ဘာဝင်ကြွားနေသလား၊ ငါ့ကိုယ်ငါပိုင်ခဲ့သေးသရွေ့ မိုင်မာစန်းဂေါင်က မထွက်ဘဲနေခဲ့တယ်၊ ငါ့ကိုယ်ငါ မပိုင်တော့မှ ဘုရားကျောင်းပျက်ထဲက ထွက်ပြီး မင်းကိုရှာခဲ့တယ်၊ မင်းတာ မျက်နှာတူ ရုပ်ထားလို့ ငါ့မယားကိုခိုးသွားတဲ့ သစ္စာမဲ့လူယုတ်မာဟာ မင်းမဟုတ်နိုင်ဘူးလို့ ထင်ခဲ့မိသေးတယ်ဒေါ့ပေမယ့် ခုတော့ အတိအကျသိရပြီ၊ မင်းအပြီ ငါ့ကိုနိုင်ဖို့ အိပ်မက်ထဲမှာပဲဖြစ်တော့ဘူး၊ ဒီတစ်သက်ငါ့ကို နိုင်ဖို့တော့ လုံးဝစိတ်မကူးနဲ့'

'ဟား...ဟား...ဟား...သိုင်းပညာ အရာမှာတော့ အစ်ကို ကြီးဟာ ကျုပ်တော့ထက်သာပါလိမ့်မယ်၊ ဒါပေမယ့် ယုတ်မာ

www.burmeseclassic.com

www.burmeseclassic.com



တောင်ကျစ်တဲ့နေရာမှာတော့ အစ်ကိုကြီးဟာကျွန်တော့် ထက် အမြတ်မ်း တစ်ကွက်နောက်ကျနေတာပဲ၊ အဲဒါကို အစ်ကိုကြီး ဝန်ခံတယ်မဟုတ်လား'

ပလွေသံရှင်အဘိုးအိုမှာ ရုတ်တရက် စကားမပြောနိုင်တော့ ဘဲ ဆွံ့အသူကဲ့သို့ ငြိမ်သက်သွားရလေတော့၏။

## အခန်း (၁၅၅)

## သိုင်းတုံ့ပြင့်တျ ပုလွေသံ

ကျောက်ကျစ်ယုတ်မာသလောက် အရှက်နည်းသော ကွန်းမို ဝမ်အား ဆန်ကွမ်းချီသည် အလွန်ဖာရာ ရွံ့ရှာမုန်းတီးမိလေ၏။ အဘ ဆရာကြီး၏ ကိစ္စဖြစ်၍ သူ့နောက်ဆုတ် ပေးခဲ့သော်လည်း နောက်ဆုံး၌ သည်းမခံနိုင်တော့သဖြင့် တစ်ဖန်ရှေ့သို့တိုး ဝင်လာပြန်သည်။

'အမြဲတမ်း ကိုယ်ကျိုး ကြည့်တဲ့လူ၊ ကတိသစ္စာ မရှိတဲ့လူ၊ ဘော်စက် ယုတ်မာကောက်ကျစ်တဲ့လူက အဲဒီ မတောင်းမှုတွေ အတွက် ဂုဏ်ယူပြီး ပြောဆိုနေရသေးသလား'

ဆန်ကွမ်းချီမှာ လူငယ်တစ်ယောက်မျှ ဖြစ်သော်လည်း ကွန်းမို ဝမ်အား မာရေကျောရေဖြင့် ပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အာ ကျွန်ုပ်လုံဝမ်ကမူ ဆန်ကွမ်းချီ အားလုံးဝေဂရှနစိုက်ပေး လူရ
ဝန်မှသွင်းပေး

ပဒေါ့ အော ကောင်လေး၊ မင်းထိုယ်ခင်းဘာမှတ်နေသလဲ၊ မင်းလ
တဲ ဆွဲအ ပါက်ကောင်လေးတစ်ယောက်နဲ့ စကားပြောနေရတာ
ယ်လောက်ဂုဏ်နိမ့်အယ်မှတ်နေသလဲ၊ မင်းနဲ့ငါနဲ့ ဂုဏ်
လှိုလား၊ တန်လှိုသား'

ချီမှာ ဒေါသမီးဟုန်းဟုန်း တောက်သွား၏။

သူသည် သိုင်းလောက၌ အတွေ့အကြုံများစွာ ရှိ
ဒေါသဆင်ကို ဘာဏ်ချုနိုးဖြင့် အုပ်နိုင်လိုက်သည်။

ရောဂါတော်သည် ကျွန်ုပ်ဝမ်၏ လက်ထဲတွင် ရှိနေသည်
ဟုတ်ပါလေ၏။

အာဆရာကြီးသည် ဇနီးဖြစ်သူအဘွား အလွန်တရာကြေကွဲ
မှု ခံစားခဲ့ရသည် မဟုတ်ပါလော။

ဆန်ကွမ်းချီက ရိုင်းရိုင်းစိုင်းစိုင်းပင် ဖြေသည်။

'ခင်ဗျားနဲ့ကျုပ် သိုင်းကွက်ငါးဆယ် မြိုင်မယ်၊ ငါးဆယ်
အတွင်းမှာ ကျုပ်ရှုံးရင် ကျုပ်အသေခံမယ်၊ ငါးဆယ်နဲ့မှမနိုင်
ရင် ခင်ဗျားကို အရေဆုတ်ပစ်မယ်'

ကျွန်လုံဝမ်က ခွေးစတ်ကြဲရယ်ပြီး....



'တိတ်စမ်း၊ မင်းနဲ့စကားပြောနေတာမဟုတ်ဘူး၊ မင်းထက်
အရေးပါအရာရောက်တဲ့လူနဲ့ အရေးကြီးတဲ့စကားကို ပြောနေ
တာကွ'

ယွင်ကိုလုံမသိမသာအချက်ပြသဖြင့် ဆန်ကွမ်းချီမှာ နေ့ဒက်
ဆုတ်ရပြန်၏။

ကျွန်လုံဝမ်က ပလွေသံရှင်အဘိုးအိုကို လှမ်းပြောသည်။

'အစ်ကိုကြီး၊ အခုညီလေးရဲ့အခြေအနေ သိပ်မကောင်းပါ
ဘူး၊ ဒါပေမယ့် ရှိရှိသမျှ သိုင်းဂိုဏ်းကြီးတွေ စုပေါင်းပြီး လာ
တိုက်လဲ ညီလေးကတော့ မကြောက်သေးပါဘူး၊ အစ်ကိုကြီး
ဝင်ပါမယ်ဆိုရင်တော့ တစ်မျိုးဖြစ်သွားမယ်'

သူသည် စကားကို ခေတ္တနားပြီးမှဆက်ပြောသည်။

'အခုအချိန်မှာ အစ်ကိုကြီးအနေနဲ့ ရွေးချယ်စရာ နည်းလမ်း
နှစ်ခုရှိတယ်'

ပလွေသံရှင်အဘိုးအိုသည် ဝေါယာဉ်ကို တစ်ချက်မျှ လှမ်း
ကြည့်ပြီး နှာခြည်းစွာ ပြောလေ၏။

'မင်းပြောချင်တာတွေ ပြောစမ်း'

'ညီလေးက အစ်ကြီးရဲ့ဇနီး အစ်မကြီးကို သတ်ပစ်လိုက်မယ်၊
အစ်ကိုကြီးနဲ့ညီလေး အရှုံးအနိုင် ယှဉ်ပြိုင်ကြမယ်၊ ညီလေးသေ
ခင်လဲ့ ကိစ္စအားလုံးပြတ်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



နောက်နည်းလမ်းတစ်ခုက ဘာလဲ'

'နောက်နည်းလမ်းက ငြိမ်းချမ်းရေး လမ်းစဉ်လေ၊ အစ်ကိုကြီး လက်ထဲကို အစ်မကြီးကို ပြန်ထည့်ပေးလိုက်မယ်'

'မင်း တကယ်ပြောနေတာလား'

အဘိုးအို၏ သမုဒယသိမ်းယောဇဉ်က ကွန်လုံဝမ်၏ ယုတ်မာကောက်ကျစ်သော စိတ်ဓာတ်ကို တစ်အားထက်စေသည်။

အဘိုးအိုသည် သူ့ပျော့ကွက်ကို ထုတ်ဖော် မပြသင့်ပေ။

ကွန်လုံဝမ်က အေးစက်စက်ပြုံးလိုက်၏။

'ညီလေးက အစ်မကြီးကို ပြန်ပေးလိုက်မှတော့ အစ်ကိုကြီးကလည်း ညီလေးကို တစ်ခုခုပြန်ပေးရဦးမှာပေါ့'

'ပြော'

ကွန်လုံဝမ်သည် ပတ်ဝန်းကျင်ကို အေးစိမ့်သော မျက်လုံးများဖြင့် ဆန်ကွမ်းချီအား တစ်ချက် လှမ်းကြည့်လိုက်ပြီး...

'အစ်ကိုကြီး တတ်ထားတဲ့ သိုင်းပညာတွေကို အစ်ကိုကြီးဘာသာ ဖျက်ဆီးပစ်ရမယ်၊ သိုင်းလောကထဲက နုတ်ထွက်သွားရမယ်၊ သိုင်းလောကနဲ့ လုံးဝ မပတ်သက်တဲ့ နေရာမှာ အစ်ကိုကြီးဘာသာ အေးအေးဆေးဆေး ဇာတ်မြှုပ်နေရမယ်'

အဘိုးအိုက အေးစက်စွာ မေးလေ၏။

'မင်း တောင်းဆိုချက်က ဒါပဲလား'



'ဘယ် ဒါကြောင့် ဟုတ်မလဲ၊ ညီကောင်လေးရဲ့ သိုင်းပညာကို အစ်ကိုကြီး သင်ပေးထားတာလား'

ဆန်ကွမ်းချီက စိတ်ဆိုးမာန်ဆိုး ငေါက်ပြော၏။

'ဟုတ်တော့ ဘာဖြစ်သလဲ၊ ခင်ဗျားလို လူယုတ်မာကို အဘဆရာကြီးက ညီအစ်ကိုစာရင်းက ပယ်ဖျက်ခဲ့တာကြာပြီ'

ကွန်လုံဝမ်က ဆန်ကွမ်းချီကို လုံးဝ ဂရုမစိုက်ဘဲ...

'နောက် တောင်းဆိုချက် တစ်ခုက အဲဒီ ကောင်လေးဟာ ညီလေးရဲ့ အတိတ်နမ ဆေးလုံးကို သောက်ရမယ်၊ ညီလေးဆီမှာ အစေခံအဖြစ် တစ်သက်လုံး အမှုထမ်းရမယ်၊ ဒါဆိုရင်တော့ အစ်ကိုကြီးရဲ့ပညာတွေ သိုင်းလောကမှာ မပျောက်ပျက်အောင် စီမံပေးထားတဲ့ သဘောပါပဲ၊ ဒီကောင်ကို ဒီပညာတွေ အသုံးချနိုင်အောင် ညီလေးက အမိန့်ပေး စီမံပေးပါမယ်'

ရဲယိဖိန်၊ ယွင်ကြိုလုံနှင့် ဆန်ကွမ်းချီတို့ တုန်ခါသွားကြ၏။

သူတို့စိတ်ထဲ၌ တီးတိုးရေရွတ်မိကြသည်။

'တကယ် ရက်စက်တဲ့ အပေးအယူပါလား၊ သူပေးတာက သေးနည်း၊ ယူတာက များနေအောင်ပဲ'

ပလွှသိရှင် အဘိုးအိုမှ စကားပြန်ပေးတဲ့ ငြိမ်သက်တိတ်ဆိတ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲယိဖိန်၊ ယွင်ကြိုလုံနှင့် ဆန်ကွမ်းချီတို့သည် ပလွေသံရှင်ဆရာ ကြီးက မည်သို့ အဆုံးအဖြတ် ပေးမည်ကို ရင်တထိတ်ထိတ် စောင့်နေမိကြလေ၏။

ငှဲယာဥ္ဇ တပ်ဖြန့်စောင့်နေကြသော ကွန်လုံဝမ်၏ တပ်သား များမှာမူ အိမ်စောင့် ခွေးများလို ငြိမ်သက်စွာ စောင့်နေ၏

ကွန်လုံဝမ် အမိန့်ပေးသည်နှင့် တစ်ဟုန်ထိုး တိုက်ခိုက်ရ မှာ သေချာနေပေသည်။

တဖြည်းဖြည်း အချိန်ကုန်မှန်းမသိ ကုန်သွား၏။

ကွန်လုံဝမ်ကလည်း အဘိုးအို၏ အဖြေကိုစောင့်၊ အဘိုး ကလည်း အဖြေမပေး။

ကြားထဲမှ ဆန်ကွမ်းချီ စိတ်မရှည်တော့ပေ။

'ဒီလိုပဲ ငြိမ်နေကြရင် ဘယ်မှာ အဖြေထွက်တော့မလဲ'

ဆန်ကွမ်းချီသည် သူ၏ အဘဆရာကြီး တစ်ယောက်တည် ကြားနိုင်လောက်သည့် အသံဖြင့် အတွင်းအား ထုတ်ကာ ပြော သည်။

ထိုနည်းကို အဆင့်မြင့် သိုင်းသမားများသာ အသုံးပြုတတ် ကြသည်။

လျှို့ဝှက် အသံကူးနည်းဟုလည်း ခေါ်ဆိုကြ၏။



'အဘဆရာကြီး...ကျွန်တော် ကွန်လုံဝမ်ကို တိုက်ပါရစေ၊ ကျွန်တော် ကွန်လုံဝမ်ကို တိုက်နေစဉ် အတွင်းမှာ အဘဆရာ ကြီးက ဆရာကတော်ကိုကယ်ထုတ်လိုက်ပါ၊ ဒါမှမဟုတ် ဆရာ ကြီး ရဲယိဖိန်နဲ့ ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံတို့ကို ကယ်ထုတ်ခိုင်း လိုက်ပါ'

ပလွေသံရှင် အဘိုးအိုက မည်သည့်စကားမျှ မပြောဘဲ ဦး ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြနေ၏။

ကွန်လုံဝမ်သည် ဆန်ကွမ်းချီ၏ လျှို့ဝှက်အသံကူးနည်းဖြင့် ပြောသည့် စကားသံကို မကြားသိသော်လည်း အခြေအနေ ကို ဖမ်းသိမ်း အကဲခတ်မိလေ၏။

'ဟား...ဟား...ဟား၊ ငါ့အစ်ကိုကြီးအကြောင်း မင်းက ဘယ်လောက်သိလို့လဲ၊ မင်းသာ ငါ့အစ်ကိုကြီးအပေါ် စေတနာ ထားတယ်ဆိုရင် ငါပေးမယ့် အတိတ်မေ့ ဆေးလုံးကိုသာ မျို လိုက်စမ်းပါ၊ မင်းရဲ့ ဆရာကြီးနဲ့ ဆရာကတော် လွတ်မြောက် နိုင် ရသွားလိမ့်မယ်'

ဆန်ကွမ်းချီသည် ရှေ့သို့ တိုးလာ၏။

ရွှေဓားကိုတော့ အသင့် ကိုင်ထားသည်။

'ကွန်လုံဝမ်ကို သူမယုံချေ။

'တကယ်လို့ ကျုပ်က ခင်ဗျားပေးမယ့် ဆေးလုံးကိုသောက် လိုက်ရင် ခင်ဗျားက ကျွန်တော် အဘဆရာကြီးနဲ့ ဆရာကတော် ကို တကယ် လွှတ်ပေးမှာလား'

www.burmeseclassic.com

www.burmeseclassic.com



'ဘာကယ်ပေါ့၊ ဒီလောက် ယရေးကြီးနေတဲ့ အချိန်မှာ ငါက မင်းကို ညာရမှာလား၊ ရော့....'

ကွန်လုံဝမ်သည် ပြောပြောဆိုဆိုဖြင့် ဆေးလုံး မည်းမည်း တစ်လုံးကို ပစ်ပေးသည်၊

ဆန်ကွမ်းချီက ဆေးလုံးကို ဖမ်းယူလိုက်၏၊

'ကျုပ်က ဒီဆေးလုံးကို သောက်လိုက်ပြီ ဆိုပါတော့၊ ကျု အဘဆရာကြီးက သူ့ပညာကို ဖျက်ဆီးပစ်ဖို့ မလိုတော့ဘူး ပါတော့'

ကွန်လုံဝမ်က အလွန်တရာ ချိုသာနွဲ့သာလေသံဖြင့် ပြောလ သည်၊

'တခြားကိစ္စတွေကို ငါဘာသာငါ ဖြစ်အောင် လုပ်နိုင် တယ်၊ မင်းသာ မင်းကိစ္စကို ပြတ်အောင်လုပ်ပါ၊ ကိုယ့်ဆရာ ဆရာကတော်အတွက် အဆိပ်ဆေး သောက်လိုက် တယ် ဆို သတင်းသာ သိုင်းလောကထဲ ပျံ့နှံ့သွားရင် မင်းဟာ အခုထ ပြီး နာမည်ကျော်သွားမှာ သေချာတယ်၊ သူရဲကောင်းဆိ ဘွဲ့ဘဲလဲ မင်းအတွက် သက်သက်ဖြစ်သွားမယ်၊ လူ့လောက သိုင်းလောကမှာ နာမည်ကောင်း တစ်လုံး ကျန်ရစ်ဖို့ဆိုတ မလွယ်ဘူး'

ဆန်ကွမ်းချီက ကွန်လုံဝမ်အား ရှုံ့ရှာမုန်းတီးစွာ ပြောေ ၏၊



'တိတ်စမ်းပါ၊ ကျုပ်ဘာသာကျုပ် သောက်မယ့်ကိစ္စ အနေ င်များပြောလို့ သောက်ရတယ်ဖြစ်နေဦးမယ်'

'ကောင်းပြီ...ကောင်းပြီ၊ ငါမပြောတော့ဘူး၊ မင်းစိတ်နဲ့ င်းကိုယ် အမြန်သောက်ချလိုက်လေ'

ဆန်ကွမ်းချီသည် ဆေးလုံးကို ပါးစပ်ထဲထည့်ရန် ဟန်ပြင် လိုက်၏၊

သူ့စိတ်ထဲ၌....

'ငါ အယ်သောက်လို့ ဖြစ်လိမ့်မလဲ၊ ကွန်လုံဝမ်ဆိုတဲ့လူက ခွင်မတန်ကတိသစ္စာမတည်ကြည်တဲ့လူပဲ၊ ငါဆေးလုံးသောက် ရင် ငါမှားမှာပေါ့'

ဆန်ကွမ်းချီသည် ဆေးလုံးကိုင်ထည့်လက်ကို ပြန်ချလိုက်၏၊

'ခင်ဗျားလိုသစ္စာမရှိတဲ့လူရဲ့ စကားကို ကျုပ်ကဘယ်လိုယုံ ရမှာလဲ၊ ကျုပ်ရဲ့ဆရာနဲ့ဆရာကတော်ကို အခုချက်ချင်း လွှတ် လိုက်၊ ကျုပ်ချက်ချင်းသောက်မယ်'

ထိုအချိန်တွင် ဆူတို့အနီး၌ ရဲယိဖိန် မရှိတော့ချေ၊

ရဲယိဖိန်ပျောက်သွားသည်ကို မည်သူမျှသည်၊ သတိမပြု ကြပေ၊

ကွန်လုံဝမ်က အေးစက်စက်ရယ်ပြီး....

www.burmeseclassic.com

'ဟော ကောင်၊ မင်းနဲ့စကားနိုင်လုပြောနေဖို့ဒီကိုရောက်လာတာ မဟုတ်ဘူး၊ မင်းသောက်ချင်သောက် မသောက်ချင်နေ'

ထိုသို့အချီအချစကားပြောနေစဉ် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသူတစ်ဦးသည် အလံဝါတစ်ချောင်းကိုကိုင်လျက် မြင်းကို ဒုန်းစိုင်းစီးလာလေ၏။

ကွန်လုံဝမ် မျက်နှာပျက်သွားသည်။

'ဟော...ငါ့စံအိမ်မှာ ဘာဖြစ်နေတာလဲ'

မြင်းပေါ်မှလူသည် ဒဏ်ရာရလာဟန်တူ၏။

မြင်းပေါ်၌ ယိမ်းထိုးနေသည်။

သို့သော် သူ့မြင်းကြီးသည် ကွန်လုံဝမ်၏အနီးသို့ရောက်လာသည့်တိုင် အရှိန်မလျော့သေးပေ။

ကွန်လုံဝမ်သည် အခြေအနေမဟန်မှန်း ရုတ်တရက်သိလာသဖြင့် ခုန်ရှောင်လိုက်ပြီး မြင်းကြီးအား လက်ဝါးဖြင့် ရိုက်ချလိုက်၏။

ကျယ်လောင်သော မြင်းဟီသံကြီးထွက်ပေါ်လာပြီးနောက် မြင်းပေါ်မှအလံကိုင်သူသည် ကွန်လုံဝမ်ရှိရာသို့ ထိုးကျသွား၏။

'သေချင်ပလား'

ကွန်လုံဝမ်က ကြိမ်းမောင်းရင်း လက်ဝါးဖြင့် လှမ်းရိုက်သောအခါ အလံကိုင်သူသည် ကွန်လုံဝမ်၏ ဂိုဏ်းသားများ အကြားသို့ ကျရောက်သွားလေသည်။



ကွန်လုံဝမ်၏ဂိုဏ်းသားများသည် ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။

ထိုစဉ် ယွင်ကြိုလုံက တီးတိုးပြောလေ၏။

'ညီလေး....ဒါဟာ အခွင့်ကောင်းပဲ၊ ဆရာကတော်ကို ညီလေးသွားကယ်လိုက်၊ ကျုပ်က ကွန်လုံဝမ်ကို တိုက်ခိုက်မယ်'

ယွင်ကြိုလုံသည် စကားဆုံးသည်နှင့် ကွန်လုံဝမ်ထံသို့ လွှားခနဲခုန်ထွက်သွား၏။

ဆန်ကွမ်းချီက ဆရာကတော်ထံသို့ လွှားခနဲ ခုန်ထွက်သွား၏။

ထိုအချိန်၌ အလံကိုင် မြင်းစီးလာသည့် ဝတ်စုံနက်သည် ကွန်လုံဝမ်၏ ဂိုဏ်းသားများကို ဝရုန်းသုန်းကား ဖြစ်အောင် တိုက်ခိုက်လျက်ရှိနေလေပြီ။

ကွန်လုံဝမ်သည် ဆန်ကွမ်းချီအား တားဆီးလိုသော်လည်း သူ့ထံသို့ လူတစ်ဦးခုန်ဝင်လာနေသဖြင့် ဆန်ကွမ်းချီအား မတားနိုင်ဘဲရှိသည်။

ခုန်ဝင်လာသူအား အတွင်းအား အပြည့် ထည့်သွင်းထားသော လက်ဝါးဖြင့် ခုခံလိုက်၏။

'ဝုန်း....'

www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးနှစ်ခု ရိုက်ခတ်မိပြီးနောက် နှစ်ဦးစလုံး ရင်ထဲ တုန်ခါသွားသည်။

ယွန်ကြိုလုံမှာ လေထဲ၌ ကျွမ်းပစ်သွက်သွား၏။

ကွန်လုံဝမ် ကိုယ်တိုင်လည်း နောက်သို့ ခြေသုံးလေးလှမ်း ဆုတ်ရသည်။

ကွန်လုံဝမ်၏တစ်သက်တာ၌ သူနှင့်ပြိုင်ဘက်ကျ၍ ခက်မှတ်ရမည့် သိုင်းသမားများကို အတော်ကလေး ရှာဖွေရန် ခက်ခဲခဲ့သည်။

အို ယန်ထုံ တက်မှုဆရာတော် အစရှိသည့် ဂိုဏ်းချုပ်များပင် သူ့ပြိုင်ဘက် မဟုတ်ခဲ့ချေ။

ယခု သူ့အား လှုပ်တမ်ပြကိစ်ဝင်ထိုက်သူ၏ အတွင်းအားကြီးမားမှုကို ကွန်လုံဝမ်ထိပ်တိုက်တွေ့လိုက်ရသောအခါ ထိတ်လန့်သွားသည်။

ခင်ဗျား ဘယ်သူလဲ

ကွန်လုံဝမ်က လှမ်းမေး၏။

ယွင်ကြိုလုံက သရော်ပြုံးပြုံးသည်။

ပြန်မဖြေချေ။

လေထဲမှ မြေပြင်သို့ပြန်ကျပြီးသည်နှင့် တစ်ဟုန်ထိုး တိုက်ခိုက်ပြန်သည်။



အဆင့်မြင့် သိုင်းသမား နှစ်ဦး၏ တိုက်ပွဲ ဖြစ်၍ သူတို့၏ လက်ဝါးရိုက်ချက်များသည် တူးဟူးမြည်နေ၏။

သိုင်းလောကသမိုင်း၌ စံတင်လောက်သည့် တိုက်ပွဲတစ်ပွဲပင် ဖြစ်တော့သည်။

ဆန်ကွမ်းချီမှ ဝေါယာဉ်ထမ်း လေးဦးအား သူ့ဓားဖြင့် အသေ သတ်ပစ်သည်။

ထိုလူများမှာ သိုင်းပညာ ကောင်းသူများ ဖြစ်သော်လည်း ဆန်ကွမ်းချီနှင့် ယှဉ်လိုက်သောအခါတွင်မူ ပညာအရာ၌ ဆင်နှင့်ဆိတ်လို ကွာခြားသွား၏။

အင်္ကျီနက် ဝတ်ဆင်ထားသော ကွန်လုံဝမ်၏ ဂိုဏ်းသားများမှာ အထူး လက်ရွေးစင် တပည့်သားများ ဖြစ်သော်လည်း မမျှော်လင့်ဘဲ ကသောင်းကနင်း ဖြစ်နေသဖြင့် ဝေါယာဉ်ကို ကာကွယ်ရန် သတိမရကြချေ။

ဆန်ကွမ်းချီသည် ဆရာကတော်၌ ချည်နှောင်ထားသော ကြိုးများကို ဓားရှမ်းရှမ်းဖြင့် ဖြတ်တောက်ပစ်ပြီး ဆရာကတော်အား ကယ်တင်ရန် ကြိုးစားသည်။

ထိုအချိန်၌ အင်္ကျီနက်တပည့်သား လေးယောက်တို့သည် ဆန်ကွမ်းချီအား လေးဘက်လေးတန် ဝိုင်းရံလာသည်။

လူတစ်ယောက်ဆံလျှော်ကို လှမ်းလှဲပေးလိုက်ရာ သူတို့ခေါင်းထိုး စိုက်မိသွားပြီး ကျန်နှစ်ယောက်မှာ ရွှေဓားစာမိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တစ်ယောက်က ဆန်ကွမ်းချိအား အသေအလဲတိုက်ခိုက်သော်လည်း ရေရှည်မတိုက်ခိုက်နိုင်ပေ။

သိုင်းကွက်ဆယ်ကွက်အတွင်း အားခန်းအော်ကာ လဲကျသွားလေ၏။

ရန်သူ တပ်သားများကြား၌ ခုန်ပျံကျော်လွှား တိုက်ခိုက်နေသည့် အလံကိုင် ဝက်စုံနက်သည် သူ၏ ခေါင်းစွပ်ကြီးကို ဖြုတ်ချပစ်လိုက်၏။

ဆန်ကွမ်းချိ လှည့်ကြည့်လိုက်သောအခါ အံ့အားသင့်သွားရသည်။

ထိုသူက....

'လူကလေး၊ မင်းပညာက ဒီအထိတောင် တိုးတက်နေပြီလား'

'ဆရာ'

သူ့ဆရာ ရဲယိဖိန် ပျောက်သွားသည်ကို ဆန်ကွမ်းချိ မသိလိုက်ပေ။

ယခုကဲ့သို့ အကျဉ်းအကျပ်အတွင်း မမျှော်လင့်ပဲအကူအညီရလိုက်သဖြင့် ဆရာဖြစ်သူအား လွန်စွာ ရိုသေလေးစားသွား၏။

ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်သွားသည်။

ရဲယိဖိန်က ကမန်းကတန်း ဆက်ပြော၏။



'လူကလေး၊ အခုအချိန်တာ အန္တရာယ်အများဆုံးပဲ၊ ဆရာ့တစော်ကို လုံးဝမတိုက်ခိုက်စေနဲ့'

'ဆရာ၊ အဘဆရာကြီးဟာ ဆရာ့ရဲ့ဆရာဖြစ်သွားခဲ့ပြီလား'

'ဖြစ်သွားပြီ၊ လူကလေးကို ဂိုဏ်းချုပ် ယွင်ကြိုလုံ ပြောမပြဘူးလား၊ လူကလေးရဲ့အဘဆရာကြီးဟာ ငါ့ဆရာ ဖြစ်နေလို့ ငါလဲ ဒီလောက်ကူညီရတာပေါ့'

ထိုစဉ် ကွန်လုံဝမ်ဂိုဏ်းသားများ၏လုံတစ်ချောင်း တိုးဝင်လာရာ ဆန်ကွမ်းချိက ရွှေဓားဖြင့် ဝှေ့ယမ်းဖြတ်ခုတ်ပစ်လိုက်၏။

လှံများပြတ်ကုန်ရာ ထိုဂိုဏ်းသား သုံးယောက်မှာ အကြီးအကျယ် ချောက်ချားသွားကြသည်။

ဆန်ကွမ်းချိသည် ယွင်ကြိုလုံအား ကူညီရန် လိုအပ်လို လိုအပ်ငြား လှမ်းကြည့်၏။

အကြိတ်အနယ် တိုက်ခိုက်နေသဖြင့် ရဲယိဖိန်အား ဝိုင်းတိုက်နေသည့် ကွန်လုံဝမ်၏ လက်ရွေးစင် တပ်သားများကိုသာ ခင်တိုက်တော့သည်။

ကွန်လုံဝမ်သည် အလွန်ဉာဏ်များသူဖြစ်၏။

ပထမပိုင်း၌ ခေါ်ဆောင်လာသည့် လက်ရွေးစင် တပ်သားများမှာ များပြားလှသည် မတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် သသည် နောက်ထပ် လိုက်လာမည့် စစ်ကူများကို အစဉ်သင့် စီစဉ်ထားခဲ့၏။

တိုက်ပွဲ ပြင်းထန်နေစဉ်ကာလ၌ ကွန်လုံဝမ်၏ စစ်ကူများ ရောက်ရှိလာသဖြင့် ရဲယိဖိန်နှင့် ဆန်ကွမ်းချီတို့မှာ တစ်ချက်ကလေးမျှ မရပ်နားဝံ့ဘဲ တရကြမ်း တိုက်ခိုက်ကြရတော့သည်။

ဆန်ကွမ်းချီက ဆရာဖြစ်သူ ရဲပါဖိန်အား လှမ်းပြော၏။

'ဆရာ...အဲဒီပုံစံအတိုင်း ကွန်လုံဝမ်ရဲ့ ဂိုဏ်းသားတွေ တက်လာရင်တော့ ကျွန်တော်တို့ လက်အံသေပြီး အရှုံးပေးရမှာ သေချာတယ်'

'ဒီလောက်တောင်ပဲ စွမ်းနေသလား'

'သူက သူ့အဖွဲ့တွေကို ဘုရင့်တပ်မွှဲပုံစံမျိုး ဖွဲ့စည်းထားတာ၊ သိုင်းဂိုဏ်းတွေနဲ့ လုံးဝမတူဘူး ဆရာ'

'ဘယ်တတ်နိုင်မလဲ၊ ခနာက်မှ ကြည့်ရှင်းရမှာပဲ'

ထိုစဉ် တိုးညင်းသော ပလွေသံကလေးကို စတင်ကြားလိုက်ကြရတော့သည်။

ဆန်ကွမ်းချီက အားရဝမ်းသာ ပြောလေ၏။

'ဆရာ...အဘဆရာကြီး ပလွေမှုတ်ပြီ၊ ဒီပလွေသံက သိုင်းလောကတစ်ခုလုံးကို ကိုင်လှုပ်နိုင်တဲ့ ပလွေသံပါ'

'ဘာဖြစ်လို့ ဒီပလွေသံကို အမြဲမသုံးတာလဲ'

'ဒါတော့ ကျွန်တော်လဲ မသိဘူး၊ အဘဆရာကြီးဟာ သိုင်းညာဆက် ပလွေသီမှုတ်တဲ့ အနုပညာရဲ့ စွမ်းအားသဘောကို သိသူ၊သေား မသိဘူး၊ အဲ့ ပလွေသံနဲ့ လူတွေကို သိအပ်သလို ထိန်းချုပ်နိုင်စွမ်း ရှိနေတယ်'

ရဲယိဖိန်က တစ်ဟုန်ထိုး တက်လာနေသည့် ကွန်လုံဝမ်၏ သက်ရွေးစင် ဂိုဏ်းသားများကို ကြည့်ကာ...

'ပလွေသံနဲ့ ထိန်းချုပ်နိုင်ရင်တော့ ကောင်းပါပြီ၊ မထိန်းချုပ်နိုင်ရင်တော့ ငါတို့ ဒုက္ခဖြစ်ပြီ'

ပလွေသံသည် တစ်စသက်တစ်စ ကျယ်လောင်လာ၏။

ပလွေသံ ကျယ်လောင်လာသည်နှင့်အမျှ ကွန်လုံဝမ်၏ သက်ရွေးစင် ဂိုဏ်းသားများသည် တဖြည်းဖြည်း နှေးကွေးလာသည်။

ထိုအခါ ကွန်လုံဝမ်ထံမှ လေချွန်သံ ထွက်ပေါ်လာသည်။

လေချွန်သံနှင့် ပလွေသံတို့ ရောနှော ထွက်ပေါ်လာသဖြင့် ကွန်လုံဝမ် ဂိုဏ်းသားများမှာ ချီတုံချတုံ ဖြစ်လာသည်။

ပလွေသံနောက် လိုက်ရမည်လော၊ သို့မဟုတ် လေချွန်သံနောက် လိုက်ရမည်လော ခေခွဲ့ရ ဖြစ်လာသည်။

သို့သော် ပလွေသံက လေချွန်သံကို တဖြည်းဖြည်း လွှမ်းမိုးလာသဖြင့် တိုက်ခိုက်နေသောကွန်လုံဝမ်ဂိုဏ်းသားများမှာလုံးဝ ငြိမ်ဆိုင်းသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့ဂိုဏ်းသားများမှာ ရပ်နေရာမှ ထိုင်ကျသွား၏။

နောက်ဆုံး ကွန်လုံဝမ်မှတစ်ပါး အားလုံး ရပ်ဆိုင်းသွားကြသည်။

တိုက်ပွဲမြေပြင်တွင် ကွန်လုံဝမ်နှင့် ယွင်ကြိုလုံတို့ နှစ်ယောက်သာ သေရေးရှင်ရေးတမျှ ယှဉ်ပြိုင်နေကြ၏။

တိုက်ပွဲမှာ အကြိတ်အနယ်ဖြစ်နေသည်။

တစ်ဦးဦးရှုံးမည်ဆိုလျှင်လည်း သိုင်းကွက်ပေါင်း လေးငါးခြောက်ရာမျှ တိုက်ပြီးမှ အရှုံးအနိုင်ပေါ်နိုင်သည်။

ဆန်ကွမ်းချီသည် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

'ကွန်လုံဝမ်ဟာ သိုင်းလောကစည်းကမ်းအတိုင်း ယှဉ်ပြိုင်တဲ့လူမဟုတ်ဘူး၊ အပြစ်ပေးရင်လဲ သိုင်းလောကစည်းကမ်းအတိုင်း အပြစ်ပေးတဲ့လူမဟုတ်ဘူး၊ သူ့ရက်စက်မှုဟာ ဘယ်သူနဲ့မှ မတူဘူး၊ သူ့ကို သိုင်းလောက စည်းကမ်းနဲ့ မညီဘူးဆိုပြီး ဝိုင်းမတိုက်ရင် သူက အခွင့်အရေးရပြီး သစ္စာဘက်တော်သား သိုင်းလောကသားတွေ နစ်နာမှာပဲ၊ ဝိုင်းတိုက်ကြ၊ ကွန်လုံဝမ်ကို သုတ်သင်ကြ'

သူသည် စကားဆုံးသည်နှင့် ကွန်လုံဝမ်၏ နောက်ကျောကို ဓားနှင့် ဝင်ထိုးသည်။

ရှေ့ဓား၏ ရှိန်ခနဲ လေတိုးသံကြောင့် ကွန်လုံဝမ် ခုန်ရှောင်သွား၏။



ယွင်ကြိုလုံနှင့် တိုက်ခိုက်နေသည့် ကွန်လုံဝမ်မှာ အတော်ကလေး စိတ်ထွေပြားနေခဲ့ပြီ ဖြစ်၏။

ယွင်ကြိုလုံနှင့်တိုက်ကွက်တစ်ရာကျော်မျှ တိုက်ခိုက်နေရသည့်အထဲ သူ့ဂိုဏ်းသားများ လုံးဝငြိမ်သက်သွားသဖြင့် ကွန်လုံဝမ်၏ ရင်ထဲ၌ ဗလောင်ဆူနေခဲ့ရလေပြီ။

ယခုအခါ ဆန်ကွမ်းချီကပါ ဝင်ရောက်တိုက်ခိုက်လာသဖြင့် တစ်သက်နှင့်တစ်ကိုယ် မတုန်လှုပ်ဖူးသောကွန်လုံဝမ်မှာ အကြီးအကျယ် တုန်လှုပ်နေရလေပြီ။

ကွန်လုံဝမ် သိမ်းသွင်းထားသည့် သိုင်းသမားများသည် သိုင်းပညာ ထူးချွန်သော သိုင်းသမားများချည်းသာ ဖြစ်၏။

သူတို့သည် ကွန်လုံဝမ်၏ အဆိပ်ကို မိထားကြသဖြင့် သိုင်းပညာတို့ကို ထူးချွန်သည်ထက် ထူးချွန်အောင် မလေ့ကျင့်ကြတော့ပေ။

အဆိပ်ဆေးသည် ကွန်လုံဝမ်အတွက် တစ်နည်း ကောင်းသော်လည်း တစ်နည်းအားဖြင့် အကျိုးယုတ်စေခဲ့သည်။

မူလပင်ကိုဉာဏ်၊ ပင်ကိုအသိ ပျောက်ကွယ်သွားသော သိုင်းသမားများမှ ထားရာနေ စေရာသွား တိုက်ခိုင်းလျှင် သေရုံသာရှိသဖြင့် ကွန်လုံဝမ်အဖို့ အင်အားများသည်ဆိုရုံကလွဲ၍ အခြားအားကိုးလောက်သည့် အခြေအနေလည်း မဟုတ်ပြန်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အဆိပ်ဆေးများ တိုက်ကျွေးရန်စောင်မကာသေး ကျွဲချို ခရာဖြင့်လည်းကောင်း၊ လေချွန်သံဖြင့်လည်းကောင်း သူ့ကိုက်ကောင် သားများကို ထိန်းချုပ်နေသည်။

သို့သော် ပလွေသံရှင် အဘိုးအိုနှင့် တွေ့ကြုံရသည့်အခါ တွင်မူ သူ့လေချွန်သံမှာ အချည်းအနှီး ဖြစ်သွားခဲ့ရသည်။

ဆန့်ကျင်ဘက်ဖြစ်သော အဘဆရာကြီးဖြစ်သော ပလွေသံရှင်အဘိုးအို သည် ဆန့်ကျင်ဘက်နှင့် ယှဉ်ပြိုင်ရန်အား ထားရစ်ခဲ့ပြီး သူ၏ သစ္စာမဲ့သူတော်အား လိုက်လံရှာဖွေခဲ့၏။

ထိုသို့ ရှာဖွေနေစဉ်အတွင်း အဆိပ်မိနေသော ရဲယိုဖိုန်နှင့် အကျဉ်းချနေသော ယွင်ကြိုလိုဘိုကို ကယ်တင်ခဲ့၏။

ပလွေသံရှင် အဘဆရာကြီးသည် ပထမဦး ကွန်လိုဝမ်အား သူ၏ သစ္စာမဲ့သူတော်မှန်း မသိခဲ့ချေ။

မျက်နှာတူ မျက်နှာဖုံးကြောင့် ဤသို့မသိခဲ့ခြင်း ဖြစ်သည်။

သို့သော် သူသည် ကွန်လိုဝမ်၏ လှုပ်ရှားမှုများကို စိတ်ရှည် လက်ရှည် စောင့်ကြည့်ခဲ့ရာမှ ကွန်လိုဝမ်တည်းဟူသော လူယုတ် မာသည် သူ၏ သစ္စာမဲ့သူတော် တစ်ဦးတစ်ယောက်သာ ဖြစ် နေကြောင်း သိရှိခဲ့ရလေ၏။

ထိုအချိန်မှစ၍ ကွန်လိုဝမ်၏ ထိန်းချုပ်ပုံအမျိုးမျိုးကို လေ့ လာခဲ့သည်။



သူကဲ့သို့ ပလွေကို အထွင်းအားပညာ စွမ်းအားဖြင့် အသက် [illegible] မှုတ်နိုင်သည့် ပညာရှင်တစ်ဦး ကြုံကာမှ အမြဲပေါ်ခဲ့ တစ်ဦး [illegible] ယောက်မျှ မပေါ်ပေါက်ခဲ့သေးပေ။

သူ့ပလွေသံဖြင့် သိုင်းလောကကြီး ကျွမ်းထိုးမှောက်ခုံဖြစ် [illegible] အောင် တပ်နိုင်စွမ်းရှိသော်လည်း သူ၏ဇနီးကို ကွန်လိုဝမ် [illegible] သွားသည့် ကိစ္စနှင့် ပတ်သက်၍ အလွန်တရာ နာကြည်း [illegible] ကွဲနေသဖြင့် ကိုယ့်စွမ်းရည်ကို လုံးဝအသုံးမချဘဲ ပျောက်ကွယ် [illegible] ခဲ့သည်။

ထို့ကြောင့် သိုင်းလောကတစ်ခုလုံး မှုက်လောရိုက် တန် [illegible] သွားအောင် ပြုစွမ်းနိုင်သော ပလွေသံကို သိုင်းသမားများ [illegible] အားခဲ့ရခြင်းဖြစ်ပေသည်။

[illegible] ပလွေသံကို အသုံးချရန် သတိရလာသည့် အချိန်အခါ [illegible] သည်း လူဆိုးလူသွမ်း လူသရမ်း ကွန်လိုဝမ်ကို သုတ်သင် [illegible] အချိန်ဖြစ်နေသဖြင့် သိုင်းလောကကြီးတစ်ခုလုံး ကံကောင်း [illegible] ကာ မသွားခြင်းပင် ဖြစ်ခဲ့တော့သည်။

[illegible] ယိုဖိုန်သည် ဆရာကတော်အား ကယ်တင်ပြီး ဆရာကြီးထံ [illegible] ဆောင်သွား၏။

[illegible] ဆရာကတော်ကြီးကို ခွဲခွာခံ ပြုလုပ်လျက် ပလွေသံရှင် [illegible] ကြီးအား အကျပ်ကိုင်ရန် အကြံကြီး ကြံနိုင်သော ကွန်လို [illegible] မုန်းချက်နှင့် နှမ်းထွက်အောက်ကိုက်တဲ့ ဖြစ်သွားခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကတော်ကြီးကို သစ္စာသက်တော်သား သိုင်းသ
များက လွယ်ကူစွာ ကယ်တင်သွားနိုင်ခဲ့ကြလေပြီ။

ယွင်ကြိုလုံနှင့် ဆန်ကွမ်းချီတို့ကလည်း အပြင်းအထန်
ခိုက်နေသဖြင့် ကွန်လုံဝမ်မှာ အခက်ကြီးကြုံလျက် ရှိသည်

ထို့ပြင် သူသည် နောက်ပိုင်း ဆေးခုနှစ်များအတွင်း အ
သောက်စားခြင်း၊ မိန်းမများစွာ ယူထားခြင်းတို့ကြောင့်
သိုင်းပညာရည်မှာ တက်သင့်သလောက်မတက်ဘဲ ရှိသည်

ပါရမီကောင်းလွန်းသူဖြစ်၍သာ ကျွမ်း သိုင်းပညာအ
ရှိနေခြင်း ဖြစ်သည်။

သူသည် ရေရှည်တိုက်ခိုက်ပါက ကျုံနှစ်ယောက်ကို မ
ကြောင်း သိလေ၏။

ကွန်လုံဝမ် ထွက်ပြေးရန် ကြံရလေပြီ၊

သူသည် အသေခံတိုက်ကွက်တစ်ကွက် သုံးပြီး ယွင်ကြ
ပခုံးကို ရိုက်ချ၏။

ယွင်ကြိုလုံမှာ ကျုံသို့ တိုက်ခိုက်မည်ဟု မထင်မှတ်သဖြ
၍ အရိုက်ခံရပြီး လွင့်ထွက်သွားသည်။

ဆန်ကွမ်းချီ၏ ဓားက ကွန်လုံဝမ် ဆံပင်များကို တစ်
ခန့် ပြတ်သွားစေ၏။

အရှောင်ကောင်း၍ သက်သာသွားခြင်း ဖြစ်သည်။



ဆန်ကွမ်းချီသည် ယွင်ကြိုလုံ ထိသွားသဖြင့် သူ့ဓားကို ရုပ်
သိမ်းလိုက်သည်။

ကွန်လုံဝမ်သည် ကိုယ်ကို လှိမ့်ထွက်သွားပြီး ဝါးတောင်ပိုက်
အကွာ ရောက်အောင် ခုန်ဆုတ်သွားသည်၊

သူ့လက်ထဲမှ မည်းမည်းအလုံးကလေးတစ်လုံးကို ဆန်ကွမ်း
ရာသို့ ပစ်ပေါက်လိုက်သည်၊

ဆန်ကွမ်းချီသည် တစ်ပတ်ကျွမ်းပစ်လျက် ခုန်ဆုတ်သွား
သည်၊

'ဝုန်း'

မြည်ဟည်းသော အသံနှင့်အတူ အပြာရောင် မီး တောက်များ
ခိုးများ ထွက်လာ၏။

ထိုမီးခိုးများကို အကာအကွယ် ယူပြီး ကွန်လုံဝမ်သည်
တောင်အောက်သို့ ပြေးဆင်းသွားလေတော့၏၊

ဆန်ကွမ်းချီက ဓားကို ဝှေ့ယမ်းပြီး....

'ကိုယ်ကျင့်ချုပ်ကြီး ယွင်ကြိုလုံ၊ ကျွန်တော်တို့ လိုက်ကြစို့၊ ဒီ
တစ်ချီ လွတ်သွားပြီးရင် နောက်တစ်ချီ ဒီလို သုတ်သင်နိုင်ဖို့
သွယ်ဘူး'

'ကောင်းပြီ၊ လိုက်ကြမယ်'

ဆန်ကွမ်းချီနှင့် ယွင်ကြိုလုံတို့သည် အလွန်ဘာရာ တွဲဘက်
လှ၏။

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးများအတွင်း မြစ်ထွက် ပြေးကြသည်။

ထိုစဉ် ပလွေသံရှင် အဘိုးအို၏ တားမြစ်သံကို ကြားလိုက် ရလေတော့၏။

'မလိုက်ကြနဲ့၊ ပြန်လာခဲ့ကြ'

ဆန်ကွမ်းချိုရော ယွင်ကြိုလုံပါ တုံ့ခနဲ ရပ်သွားကြသည်။

'ပြန်လာခဲ့ကြ'

ဆန်ကွမ်းချိုတို့သည် အငွေ့ပြယ်စပြုနေသော မီးခိုးငွေ့များ အတွင်းမှ သစ်ပင်ခြေရင်းသို့ ပြန်လျှှောက်လာကြ၏။

အဘိုးအိုက သက်ပြင်းချပြီး ပြော၏။

'ဒါဟာ ကွန်လုံစမ်ရဲ့ ပထမဦးဆုံးသော အခရေးနိမ့်ခြင်း လို့မှာ သိုးမကုန်နိုင်တဲ့ ကျော်ကျော်ကြီး ညာဏ်တွေ ရှိတ တယ်လို့ ဂိုဏ်းချုပ်ကြီးယွင်ကြိုလုံနဲ့ လူကလေးဆန်ကွမ်းချို လိုက်သွားရင် သူဆောင်ချက်ထွက်ကျသွားမှာ စိုးရိမ်ရတ

ယွင်ကြိုလုံက ဦးညွှတ်ဂါရဝပြုပြီး...

'ဆရာ့ တားမြစ်ချက်ကို ကျွန်တော်တို့ အပြည့်အဝလိုက် ပါ့မယ် ခင်ဗျာ'

အဘိုးအိုက သူ့ဇနီးကို ကြည့်ပြီး....



'ကျုပ်ဇနီးဟာ လူ့လောကထဲမှာ ရှိနေလိမ့်ဦးမယ်လို့ လုံးဝ မထင်မှတ်ခဲ့ဘူး၊ ကွန်လုံစမ်ဟာ ကျုပ်ကို အပိုင်ကိုင်ဖို့ ကျုပ်ဇနီး ကို တတ်နိုင်သမျှ အသက်ရှင်အောင် ပြုစုထားခဲ့ပုံရတယ်၊ အခု သူ့ကိုကြည့်ရတာ သိပ်ဟန်ပုံမရဘူး၊ ဒီအဆိပ်တွေ ပြန်ပြေ သွားအောင် မနည်းပြန်ကုရဦးမယ်'

အဘိုးအို၏စကားကို ကြားလိုက်ရသောအခါ ဆန်ကွမ်းချို မှာ စိတ်အားပျက်သွားသည်။

သူ၏ အဘဆရာကြီးသည် ကွန်လုံစမ်အပေါ် အစီမံးလိုက် ဝါးနှားချင်လောက်အောင် မုန်းတီးနေလိမ့်မည်ဟု သူယူဆကြည် ခဲ့၏။

မည်သည့်နည်းနှင့်မဆို ကွန်လုံစမ်အား လက်စားချေလိမ့် မည်ဟု တွက်ချက်ထား၏။

ယခုမူ ဆရာကြီးသည် ဇနီးဖြစ်သူ လက်ဝယ် ရရှိသွားပြီး နောက် ဇနီးဖြစ်သူ၏ အဆိပ်ပြေစေရန် ကုသရေးကိုသာ စိတ် ထက်သန်နေတော့သည်။

ကွန်လုံစမ်အား လက်စားချေရန် စိတ်မကူးတော့ပေ။

ရဲယိပိန်နှင့် ယွင်ကြိုလုံတို့ နှစ်ယောက်စလုံးက ငြိမ်သက်စွာ နားထောင်နေသဖြင့် ဆန်ကွမ်းချိုသည်း ငြိမ်သက်စွာနားထောင် နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက သက်ပြင်းချပြီး ဆက်ပြောသည်။

'ကုန်လုံဝမ်ဟာ အဆိပ်ပညာတော့ အင်မတန် နိုင်နင်းတယ်၊ ငါ့ဇနီးဟာ ဒီအဆိပ်ဒဏ်တွေကို နှစ်ရှည်လများ ခံစားခဲ့ရတော့ သူ့ မူရင်းစိတ်တောင် ပြန်ရမှာရပါ့မလား မသိဘူး'

ဆန်ကွမ်းချီမှာ ဆက်လက် မျှော်ပ်ခြင်းငှာ မစွမ်းသာတော့ သဖြင့်....

'ဆရာကြီး၊ ဆရာကတော်ကြီးကို ကုသဖို့အတွက် ဆရာကြီး ထွက်ခွာမယ်ဆိုတာ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စပါပဲ၊ ဒါပေမယ့် ကုန်လုံဝမ်ဟာ ထောင်ပေါင်းများစွာသော သူ့လက်အောက်က သိုင်းသမားတွေကို အဆိပ်နဲ့ထိန်းချုပ်ပြီး ကျွန်တော်တို့ကို ရင်ဆိုင်ခိုင်နိုင်စွမ်းရှိပါတယ်၊ ဆရာကြီးရှိနေရင်တော့ သူဟာ သူ့ ဂိုဏ်းသားတွေကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ပါဘူး၊ ဆရာကြီးမရှိရင် ကျွန်တော်တို့အနေနဲ့ ကုန်လုံဝမ်ကို ဘယ်လိုရင်ဆိုင် ရတော့မှာလဲ'

အဘိုးအိုက မပြုံးစဖူး ထူးခြားစွာ ပြုံးလိုက်၏။

'မပူပါနဲ့၊ ကုန်လုံဝမ်ကို ယှဉ်နိုင်မယ့်သူ သုံးဦးကို ငါထားပစ် ခဲ့မှာပေါ့'

ဆန်ကွမ်းချီ အားတက်သွား၏။



'ဒါဆိုရင်တော့ ဝမ်းသာစရာပါပဲ ဆရာကြီး၊ ဘယ်သူတွေ ထားခဲ့မှာလဲ ခင်ဗျာ'

'ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံရယ်၊ သူ့ရဲ့ကောင်းကြီး ရဲပယ်ဖိန် ယ်၊ လူကလေးရှယ်မေ့ကွယ်'

အဘိုးအို၏ လေသံက ယုံကြည်စိတ်ချမှု အပြည့်အဝ ပါနေ သ၏။

www.burmeseclassic.com

## အခန်း (၁၅၆)

### အဘဆရာကြီး၏ နောက်ဆုံး လက်ဆောင်

ဆန်းကြွမ်းချိုသည့် ရဲယိမ်ဖိန်း၊ ယွင်ကြိုလုံနှင့် အဘဆရာကြီးတို့၏ ဆက်ဆံမှုကို အလွန်အံ့ဩခဲ့နေ၏။

ရဲယိမ်ဖိန်နှင့် ယွင်ကြိုလုံတို့၏အသက်သည် မငယ်လှသော်ပေ။

အဘဆရာကြီးထက် အနည်းငယ် ငယ်ရွယ်သာ ငယ်ပုံရသည်။

ကျွန်သုံးဖမ်နှင့် ရွယ်တူမျှ ရှိကြပါလိမ့်မည်။

အဘဆရာကြီးကို ရဲယိမ်ဖိန်ကော ယွင်ကြိုလုံကပါ ဆရာဟု ခေါ်ကြမြဲ။ အဘဆရာကြီးက ဂိုဏ်းချုပ်ကြီး၊ သူ့ရဲ့ကျောင်းကြီး သဖြင့် ပြန်လှန်ခေါ်ဝေါ်သုံးစွဲခဲ့သည်။

www.burmeseclassic.com



ဤအခေါ်အဝေါ်များကိုသာ အခြား သိုင်းသမားများ ကြားသွားမည်ဆိုပါက အတော်ကလေး နားရှုပ်သွားမည်ဟု ဆန်ကွမ်းချီ တွေးနေ၏။

ထိုစဉ် ယွင်ကြိုလုံက စတင်စကားပြော၏။

'ဆရာ...ကျွန်တော် တစ်ခုလောက်ပြောချင်ပါတယ်ခင်ဗျာ'

'ဂိုဏ်းချုပ်ကြီး ဘာပြောချင်ပါသလဲ၊ ပြောပါ'

အဘိုးအိုသည် အလွန်တရာ နူးညံ့ပျော့ပျောင်းစွာ ခွင့်ပြုလေ၏။

'ကျွန်တော်တို့ သုံးယောက်ဟာ ဆရာ့ကျေးဇူးကြောင့် ကွန်လုံဝမ်နဲ့ ရင်ဆိုင်ယှဉ်ပြိုင်နိုင်စွမ်း ရှိတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ကွန်လုံဝမ်ရဲ့ လက်အောက်ငယ်သားတွေဟာ အင်မတန် များပြားပါတယ်၊ ကျွန်ုပ်ဂိုဏ်းတော် မယှဉ်နိုင်လို့ ပြုတ်လု ပြုတ်ခင် ဖြစ်နေပါပြီ'

သူသည် သက်ပြင်းတစ်ချက်ချပြီးမှ ဆက်ပြော၏။

'ကွန်လုံဝမ် အခုလပိုင်းအတွင်းမှာ အတော်ကလေး အထိ နာနေပါတယ်၊ သူကိုယ်တိုင် တန်ယန်ကုန်း လျှို့ဝှက်စခန်းမှာ တစ်ခါ၊ အခုတစ်ခါ လက်လွတ် ထွက်ပြေးနေရတော့ ရှက်လဲ ရှက်၊ ခေါင်းလဲ ထွက်နေမှာ သေချာပါတယ်၊ ဒီတစ်ခါ သူ တိုက်ရင် မီးကုန်ယမ်းကုန်တိုက်မှာ သေချာပါတယ်၊ ကျွန်တော် တို့ဘက်က ရှောင်လင်ကျောင်းတော်က လာကူညီမယ်ဆိုလဲ



အသေအပျောက်ကတော့ အတော်ကလေး များမှာပါ၊ တကယ် လို့ ဆရာကသာ ဝင်ပြီးကူညီမယ်ဆိုရင်တော့...'

အဘိုးအိုက ဖြတ်၍ပြောလေ၏။

'ခင်ဗျား ဘာတွေပြောနေတာလဲ၊ ခင်ဗျားတို့ ကျုပ်ပြော ပြီးပြီ၊ ခင်ဗျားတို့ကို ကျုပ်ကူညီပြီးပြီပဲ'

'ခင်ဗျာ...'

ထိုအာမေဍိတ်သံမှာ ယွင်ကြိုလုံ တစ်ဦးတည်း၏ အာမေဍိတ် သံ မဟုတ်ပါ။

ယွင်ကြိုလုံ၊ ရဲယီဖိန်နှင့် ဆန်ကွမ်းချီတို့ သုံးဦးပေါင်း တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသော အာမေဍိတ်သံ ဖြစ်ပါ၏။

အဘိုးအိုက တည်ကြည်စွာ ပြော၏။

'ကျုပ်ရဲ့ သိုင်းပညာနဲ့ အတွင်းအားပညာဟာ ကွန်လုံဝ ထက် သာချင်သာလိမ့်မယ်၊ ဒါပေမယ့် စောက်ကျစ်တဲ့ နေ မှာတော့ ကွန်လုံဝမ်က ကျုပ်ထက်သာတာ အမှန်ပါပဲ၊ ဒါ့အပြ ကျုပ်က ဒုက္ခိတဖြစ်နေသေးတယ်၊ နောက်ဆုံး ပြောရရင် ကွ လုံဝမ်ကို ကျုပ် ယှဉ်ပြိုင်တာထက် ခင်ဗျားတို့ သုံးယော ယှဉ်ပြိုင်တာက ပိုပြီး သဘာဝကျပါတယ်'

အဘိုးအိုက ဆန်ကွမ်းချီကို ကြည့်လိုက်၏။

'ဟောဒီ လူငယ်လေးကို ကြည့်လိုက်ကြပါ၊ သူဟာ ပညာ ပါရမီ သိပ်ကောင်းတယ်၊ သင်လွယ် တတ်လွယ်တယ်၊ သူ့

www.burmeseclassic.com

ကျုပ် အများကြီး အားထားခဲ့တယ်၊ သူတောင် ကွန်လုံဝမ်ကို တန်းတူရည်တူ ယှဉ်ပြိုင်နိုင်ရဲ့ပဲရှိတယ်၊ ကွန်လုံဝမ်ထက်မသာဘူး'

အဘိုးအိုး၏ မျက်လုံးများက ရဲယိမိန်နှင့် ယွင်ကြိုလုံထံသို့ ရောက်ရှိသွားပြန်၏။

'ဆန်ကွမ်းချီသိုလူငယ်မျိုး တစ်ယောက်ကို ထပ်တွေ့ပါသေး တယ်၊ ဒါပေမယ့်...'

အဘိုးအိုသည် ယွမ်ရွှေက်ကိုရည်ရွယ်၍ ပြောခြင်းဖြစ်သည်။

'ကျုပ်လိုအခါက တစ်ထွာပြုရန် တစ်လံမြင့်တဲ့လူမျိုးကိုလိုအပ် နေတယ်၊ ဂိုဏ်းချုပ်ကြီးရယ်၊ သူရဲကောင်းကြီးရယ်ကို တွေ့ရ တော့ ကျုပ်ဝမ်းသာတယ်၊ ကျုပ်ပညာတွေကို အလကား သင် ပေးခဲ့တာ မဟုတ်ဘူး၊ ကွန်လုံဝမ်ရဲ့ရန်ကို တားဆီးနိုင်အောင် ရည်ရွယ်ပြီး ခင်ဗျားတို့ကို သင်ပေးခဲ့တာပဲ'

ရဲယိမိန်က....

'ကျွန်တော်တို့ ဘယ်လောက်ပညာရရ ဆရာ့ကိုတော့ ဘယ်မီ မှာလဲ'

အဘိုးအိုက ရှင်းပြ၏။

'ကွန်လုံဝမ်ဟာ သိုင်းပညာနဲ့ ပတ်သက်လာရင် ကျုပ်ကို ယော်ကြောက်ဖြစ်နေလို့ အခုလဲ ကြောက်နေတာပါ၊ တစ်ခါ လောက်စမ်းကြည့်ပြီးရင်တော့ သူကြောက်တော့မှာမဟုတ်ဘူး'



အဘိုးအိုက ချောင်းဟန့်ပြီး....

'အခု အခြေအနေအရ ခင်ဗျားတို့ကို ပညာတန်မျိုးစီ ထပ် သင်ပေးခဲ့မယ်၊ အဲဒါဆိုရင် ကျုပ်ထက်သာမှ ပညာကုန်ပြီ၊ ကွန် လုံဝမ်ကိုလဲ ခင်ဗျားတို့ ယှဉ်ပြိုင်နိုင်မြဲ'

ယွင်ကြိုလုံနှင့် ရဲယိမိန်တို့က ထပ်ပြိုင်တည်း ဂါရဝပြုရင်း ပြောကြားကြလေ၏။

'ဆရာ့ကျေးဇူး ကြီးလှပါတယ်၊ ကျွန်တော်တို့တစ်သက် ဆရာ့ကျေးဇူးကို ဆပ်လို့ကုန်နိုင်မှာ မဟုတ်ပါဘူး'

ဆန်ကွမ်းချီမှာ သူ့ထက် ဝါရင့်ဆရာကြီးများ ကြားနှင့် ဘာသိုမျှမပြောနိုင်ဘဲ ထိုင်ကြည့်ရုံသာ ကြည့်နေမိတော့သည်။

အဘိုးအိုက ဆန်ကွမ်းချီအား လှမ်းပြော၏။

'လူကလေး ဆန်ကွမ်းချီ၊ မင်းကိုတော့ ပလွေမှုတ်နည်း သင်ပေးလိုက်မယ်'

'ဆရာကြီး၊ ဟိုတစ်ခါ ယွမ်ရွှေက်က ဆရာကြီးအိုကပလွေ တစ်ချောင်းရှိသေးတယ်၊ သိုင်းကွက်ဖော်တဲ့ ပလွေလိုသတွေ့ လဲ'

'အဲဒီပလွေသံ သိုင်းကွက်ကို လူကလေး သုံးကြည့်သေး သလား'

'ဟုတ်ကဲ့ သုံးကြည့်ပါတယ်၊ ဒါပေမယ့် ကွန်လုံဝမ်ကိုတော့ နိုင်နိုင်ပါဘူး'

www.burmeseclassic.com



'အေး...အခုငါသင်ပေးမယ့် တေးသွားက ကွန်လုံဝမ် နိုင်နိုင်တဲ့ တေးသွားတော့မဟုတ်ဘူး၊ သူ့ ဂိုဏ်းသားတွေ ထိန်းချုပ်နိုင်တဲ့တေးသွားပဲ'

ဆန်ကွမ်းချီ အလွန်ဝမ်းသာသွား၏။

သူလိုချင်သည်မှာ ဒါပဲဖြစ်သည်။

ကွန်လုံဝမ်ကို တစ်ဦးချင်းမယှဉ်နိုင်လျှင် အများနှင့် ဝိုင်း ဝန်းတိုက်ခိုက်ပါက ဖြစ်နိုင်သည်။

သူ့တပည့်ဂိုဏ်းသားများနှင့် ချရှည် တိုက်ပွဲဆင်နေရပါ လူ့အသက်ပေါင်းများစွာ ထပ်မံဆုံးရှုံးသွားနိုင်သည်။

အဘိုးအိုက ဆက်၍ ရှင်းပြ၏။

'ကွန်လုံဝမ်ရဲ့ လက်အောက် ငယ်သားတွေကို ထိန်းနိုင် တေးသွားကလွယ်လွယ်ကလေးပါ၊ မင်းကညာက်တောင်းတေ စကားကလေးနဲ့ တတ်နိုင်ပါတယ်'

အဘိုးအို၏မျက်နှာသည် ဆန်ကွမ်းချီ ယခင်ကတွေ့ဖူးသ မျက်နှာမျိုး မဟုတ်ချေ။

အလွန်တရာ ရှင်ပျနေသည်။

'ငါဟာ သူတစ်ပါးကို သနား ကြင်နာတတ်တယ်၊ အချက်ဟာ သိုင်းသမားတွေအတွက် အတော် အရေးကြီး အချက်ပဲ၊ ကွန်လုံဝမ်နဲ့သစ္စာပြုညီအစ်ကို တော်ခဲ့မိတာ ငါ့



အတွက် အကြီးဆုံးအမှားပေါ့၊ လူ့ဘဝမှာ အပျော်ဆုံးအချိန် တိုလဲ ငါကြုံကြိုက်ခဲ့ဘူးတယ်၊ အဆင်းရဲဆုံးဘဝကိုလဲ ကြုံကြိုက် ဖူးတယ်၊ လူသူမရှိတဲ့ တောတောင်ထဲက ဘုရားကျောင်းထဲမှာ လဲ တစ်ယောက်တည်း ခိုအောင်းခဲ့ဖူးတယ်၊ ကမ္ဘာ့ဒွါန်းချုပ် အလောင်းကောင်တွေကြားထဲမှာ တစ်ယောက်တည်းနေခဲ့ရတဲ့ ဘဝကို လူကလေးဆန်ကွမ်းချီ သိပါတယ်၊ အခုတော့ ဒါတွေ ကုန်လွန်ခဲ့ပြီ'

ယွင်ကြိုလိုက....

'ဆရာ့သိုင်းပညာဟာလဲ အထွတ်အထိပ်ကိုရောက်ခဲ့ပါပြီ'

အဘိုးအိုက ခေါင်းခါ၏။

'ဘယ်ပညာမှ အဆုံးမရှိဘူး၊ ကျုပ်ဟာ ဟောဒီပလွေ အတွက် အများကြီးဂုဏ်ယူမိတယ်၊ ဒီပလွေသံနဲ့ သိုင်းလောက ကြီးတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားအောင် ကျုပ်လုပ်နိုင် တယ်၊ ဒါပေမယ့် ကျုပ်စဉ်းစားတယ်'

အလွန်တရာ လေးနက်သည့် အကြောင်းအရာများကို ပြော ကြတော့မည်ဟု သဘောပေါက် နေကြသဖြင့် မည်သူကမျှ အနှောင့်အယှက်ဖြစ်စေသည့် မေးခွန်းကို ဝင်မမေးကြပေ။

'လူတစ်ဦးတစ်ယောက်က သိုင်းလောကကြီးကို အကောင်း ချည်းဖြစ်အောင်၊ အဆိုးချည်းဖြစ်အောင်ပြောင်းလဲနိုင်သလား၊ ဒါမှမဟုတ် ပြောင်းလဲနိုင်ခွင့် ရှိသလား၊ ကျုပ် အများကြီး

www.burmeseclassic.com

www.burmeseclassic.com


စဉ်းစားတယ်၊ ဘယ်အရာမဆို သဘာဝအတိုင်း ဖြစ်တာကောင်းတယ်၊ သိုင်းလောကရဲ့ကံကြမ္မာကို သိုင်းလောကသားအများစု၏ ဆိုးမှု ကောင်းမှုတွေကသာ အဆုံးအဖြတ် ပေးကြလိမ့်မယ်၊ ဥပမာ ကျုပ်ကသိုင်းလောကကြီးတစ်ခုလုံး သန့်စင်သွားအောင် မဟာဒီပလေ့သံနဲ့ စွမ်းဆောင်ခဲ့ပြီဆိုပါတော့၊ ဒီသိုင်းလောကကြီးဟာ ကျုပ် သေသွားပြီးတဲ့နောက် နှစ်ပေါင်းများစွာ အတိုင်းပဲ သန့်ရှင်းစင်ကြယ်နေမလား’

အားလုံး ငြိမ်ငြိမ်သက်သက် နားထောင်နေကြ၏။

ကျန်လိုဝမ်၏ ဂိုဏ်းသားများမှာမူ ကျောက်ရုပ်ကြီးများလို လုံးဝငြိမ်သက်တိတ်ဆိတ်နေကြသည်။

ယွန်ကြီလုံ၊ ရဲယီဖိန်နှင့် ဆန်ကွမ်းချီတို့က အဘိုးအိုလက်ထဲ ပလေ့ကိုလှမ်းကြည့်ကြ၏။

အမည်းရောင် ပလေ့သည် အတော်ကလေး ရှည်လျားသည်။

အဘိုးအိုက ပလေ့ကို မြှောက်ပြရင်း....

‘ဒီပလေ့ဟာ ကြည့်လိုက်ရင် နည်းနည်း ရှည်လျားတာ လွဲလို့ ဘာခြားထူးခြားမှု မရှိပါဘူး၊ ဒါပေမယ့် ဒီပလေ့ဟာ နှစ်ထပ်ဖြစ်တယ်၊ အတွင်းမှာပိုက်တစ်ချောင်း၊ အပြင်မှာပိုက် တစ်ချောင်းရှိတယ်၊ သတ္တုကလဲ အင်မတန်ခိုင်ခံ့တယ်၊ ဒီပလေ့ကို ‘နှစ်ထပ်ပိုက်ပလေ့’ လို့ ကျုပ်က နာမည်ပေးထားတယ်’

ဆန်ကွမ်းချီက....

‘ဆရာကြီး ငယ်စဉ်တုန်းက ပလေ့မှုတ်တာ သိမ်ဝါသနာ ပါခဲ့သ’

‘ဟား....ဟား....ဟား....ပါပြီလား၊ ပါလို့လဲ သံစဉ်တွေကို ...ကျွမ်းကျွမ်းကျင်ကျင်သိနေတာပေါ့၊ငယ်ငယ်တုန်းက ငါ့ကို ပလေ့ဝိဇ္ဇာလို့ခေါ်ကြတယ်’

အဘိုးအိုက ချောင်းဟန့်ပြီး ဆက်ပြော၏။

‘ဒီပလေ့မှာ ထူးခြားချက်သုံးချက်ရှိတယ်၊ လူကလေး သန့်...ချို သေသေချာချာ နားထောင်’

‘ဟုတ်ကဲ့....ကျွန်တော် နားထောင်နေပါတယ် ခင်ဗျာ’

‘ပထမချက် ပလေ့မှုတ်သူမှာ နက်ရှိုင်းတဲ့ အတွင်းအားရှိ...ရင် ဒီပလေ့ကိုမှုတ်လို့ ရခွား၊ ဒုတိယ ထူးခြားချက်က ...နဲ့တည်းမှာ အသံနှစ်မျိုး ထွက်အောင် မှုတ်နိုင်တယ်၊ ...ယအချက်ကတော့ အစွမ်းထက်တဲ့ လက်နက်တစ်မျိုးအဖြစ် ...ပြုနိုင်တယ်’

...းထောင်နေသူအားလုံး အံ့အားသင့်နေကြသည်။

...ဘိုးအိုက ဆန်ကွမ်းချီ၏ လက်ထဲမှ ဓားကိုကြည့်ပြီး....

‘...ကလေး၊ ဒီဓားဟာ အငွေ့မြူတွေ ရစ်သိုင်းနေတဲ့ ...က်တံခါးအတွင်းက ယူဆောင်လာခဲ့တဲ့ ဓား မဟုတ်လား’

www.burmeseclassic.com



'ဟုတ်...ဟုတ်ကဲ့ ဆရာကြီး၊ အဲဒီထဲက ရလာတဲ့ 
သိုးမျိုးစလုံးဟာ သိုင်းလောကထဲမှာ ကျော်ကြားနေတဲ့
သိုးမျိုးပဲဖြစ်ပါတယ်'

'အဲဒီဓားဟာ တော်တော်ထူးခြားသလား'

'ကျွန်တော့် အတွေ့အကြုံအရ ဒီဓားနဲ့ခုတ်လို့မပြတ်
နိုင်တဲ့အရာ မရှိသေးပါဘူး'

အဘိုးအိုက သူ့ပဒေလှကို ဆန်ကွမ်းချီရှေ့ သို့ပစ်ပေးလိုက်

'ရော့ လူကလေး၊ အဲဒီဓားနဲ့ ဒီနှစ်ထပ်ပိုက် ပ
ခုတ်စမ်း၊ စမ်းကြည့်တာပေါ့'

ဆန်ကွမ်းချီ ထိတ်လန့်သွား၏။

'ဆရာကြီး၊ ဆရာကြီးရဲ့ ပဒေလှ ပျက်စီးသွားလိမ့်
ထင်ပါတယ်'

အဘိုးအိုက ပြုံး၍ပြောသည်။

'ခုတ်မှာသာခုတ်စမ်းပါ၊ ငါအာမခံပေးတယ်'

ဆန်ကွမ်းချီ၏လက်သည် လျှပ်ပြက်သလို ဓားကိုဆွဲပြီ
စနဲ့ ခုတ်ချလိုက်လေ၏။

ဓားသည် ခုန်ထွက်လာ၏။

ပဒေလှ၌ ခြစ်ရာကလေးပင် မထင်ခဲ့ပေ။



းကိုစစ်ဆေးကြည့်သောအခါတွင်လည်း ဓားသွား လိပ်
ပဲ ခြင်းမရှိပြန်ပေ။

လှသည် သိုင်းလောက၏ ရတနာတစ်ပါးဖြစ်သည်မှာ
နေပြန်လေပြီ။

ဘိုးအိုက ဆက်ပြော၏။

နေ့ ကွန်လုံဝမ်ရဲ့ အဆိပ်မိနေတဲ့ တပည့်တွေကို ထိန်းချုပ်
ဖေးသွားကို လူကလေးကို သင်ကြားပေးခဲ့မယ်၊ ပဒေလှ
လေးလက်ထဲ အပ်ခဲ့မယ်၊ ဒီကနေ့ကစပြီး ပဒေလှဝိဇ္ဇာဆို
ဘိုးကြီးဟာ သိုင်းလောကထဲက ပျောက်ကွယ်သွားပြီ
လူကလေး ကြိုးစားရင်တော့ နောက်ထပ် ပဒေလှဝိဇ္ဇာ
သော် လည်းကောင်း၊ အုံ့ဖွယ် ပဒေလှရှင် တစ်ဦးသော်
ကောင်း၊ ထပ်ပြီး ပေါ်ပေါက်လာဦးမှာပေါ့၊ ဒီပဒေလှကို
လေးလက်ထဲ ပေးအပ်ခဲ့တာကတော့ လူကလေးရဲ့ စိတ်
ဟာ အင်မတန် မြင့်မြတ်လို့ပဲ'

င်ကိုလုံက...

ဆရာ ဘယ်မှာ ဓာတ်မြှုပ်မလို့လဲ'

ါတော့ ကျုပ်မပြောနိုင်ဘူး၊ အေးချမ်းတဲ့ တောတောင်
ရာကို ခေါ်သွားမယ်၊ ကျုပ်ဇနီး အခိုပ်ပြေသွားပြီ
ကျုပ်တို့လင်မယား အေးအေးချမ်းချမ်းနဲ့ အဲဒီ တော
င်အတွင်းမှာပဲ အရိုးထုတ်တော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ယွင်ကြိုလုံအား...

'အဆိပ် မပြေနိုင်ဘူးဆိုရင်ကော ဆရာ'

'သူ့ကို တစ်သက်လုံး တစ်ဖဝါးမှမခွာဘဲ ပြုစုသွားရမှာပေါ့'

ဆန်ကွမ်းချီသည် ဆရာဖြစ်သူက သူ့၏ဇနီးအပေါ် ကြီးမားပုံကို သိရသောအခါ မျက်ရည်လည်လာသည်။

'ဆရာကြီးရဲ့ မေတ္တာကတော့ ကျောက်စက်ကျ စမ်းရေ အဆတစ်ရာမက အားလွန်းလှပါတယ်၊ ဒီမေတ္တာကြောင့် ဆရာကတော်ကြီး ပြန်လည်ကျန်းမာလာမှာ သေချာပါတယ်'

အဘိုးအိုက ကြည်နူးစွာ ပြောလေ၏။

'ငါလဲ လူကလေးပြောသလို ဖြစ်လိမ့်မယ်လို့ ယုံကြည်တယ်၊ ကဲ...ဒါတွေထားပါတော့၊ ဂိုဏ်းချုပ်ကြီးနဲ့ သူ့ရဲ့ ကြီးကို ပညာတစ်မျိုးစီသင်ပေးဖို့ လုပ်ငန်းစကြစို့'

အဘိုးအိုသည် ရဲယိမ်ဖိုးနှင့် ယွင်ကြိုလုံတို့အား ထူးခြားသော သိုင်းပညာတစ်မျိုးစီ သင်ကြားပေးလေ၏။

ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးမှာ တကယ့်ထိပ်သီး ပုဂ္ဂိုလ်ကြီး ဖြစ်၍ ပါးစပ်မှ ပြောပြရုံဖြင့် ထိုသိုင်းပညာအသစ်ကို တ နားလည်သွားကြသည်။

အဘိုးအိုက ကျေနပ်စွာ ပြောလေ၏။



'အင်း...ဒီပုံစံအတိုင်းဆိုရင် ညနေမိုးချုပ်တာနဲ့ ကျူပင် ခရီး ဆို ရှိနိုင်ပြီ၊ ကဲ...လူကလေး ဆန်ကွမ်းချီ လာ'

အဘိုးအိုသည် ဆန်ကွမ်းချီအား ခေါ်ယူပြီး နှစ်ထပ်ပိုက် ပလွေ၏ သဘောသဘာဝနှင့် သံစဉ် မှတ်ပုံကို သင်ကြားပေးသည်။

ထိုအချိန်တွင် အဝေးမှ လူရိပ်များ ပြေးလာနေကြ၏။

ဆန်ကွမ်းချီနှင့် အဘိုးအိုတို့မှာ ထိုအခြေအနေများကို လုံးဝသတိမပြုမိပေ။

သင်ကြားမှု၌သာ စိတ်ဝင်စားနေကြသည်။

ထိုသူများသည် ထူးခြားဆန်းကြယ်သော မြင်ကွင်းကို တွေ့နေရသဖြင့် ထိုမြင်ကွင်းဆီသို့သာ ဦးတည်လာနေကြသည်။

ကွန်လုံဝမ်ဂိုဏ်းသားများသည် ထိုအောင်ကြောင့် ငြိမ်သက်စွာ ထိုင်နေကြသည် မဟုတ်ပါလော။

ရောက်ရှိလာသူများကား အခြားသူများ မဟုတ်ချေ။

ထိန်မူဆရာတော်၊ လီစင်း၊ ကျွန်းဖန်းနှင့် ကွန်လုဂိုဏ်း၏ လက်ရွေးစင်ဂိုဏ်းသား ငါးယောက်တို့ ဖြစ်ကြသည်။

ထိုစဉ် အဘိုးအိုက...

'ကဲ...အခု ငါသင်ပေးတဲ့ သံစဉ်ကို မှတ်မိပြီလား၊ နှစ်ထပ်ပိုက် ပလွေကို မင်းမှာရှိတဲ့ အတွင်းအားနဲ့ မှုတ်နိုင်ကာတော့ အမှန်ပဲ'

www.burmeseclassic.com



'မှတ်မိပါပြီ ဆရာကြီး'

'ဒါဖြင့် အဲဒီပုခုံးလွတ်ကိုယူထားလိုက်၊ ဟိုမှာလာနေတာ မင်းမိတ်ဆွေတွေ ဖြစ်ပုံရတယ်၊ ငါ ဒီကပဲ စောင့်ကြည့်နေမယ်၊ သွားတွေ့လိုက်ဦး၊ ဟို ဂိုဏ်းချုပ်ကြီးနဲ့ သူ့ရဲ့ကောင်းကြီးကို ငါ့ဆီကို လွှတ်လိုက်ပါ'

ဖှာဘိုးအိုက ဤသို့ပြောခြင်းမှာ ရောက်ရှိလာသူများ၏ ဝတ်စားဆင်ယင်ပုံမှာ ကွန်လုံဝမ်ဂိုဏ်းသားများနှင့် အလွန်တရာ ခြားနားသောကြောင့် ဖြစ်၏။

ဆန်ကွမ်းချိသည် အဘဆရာကြီးကို ဂါရဝပြုပြီး ခုန်ထွက်သွား၏။

'ဆရာတော်....ကျွန်တော် ဆန်ကွမ်းချိ လာပြီ'

ဆန်ကွမ်းချိ က ဤသို့ အမြန်ပြေးခြင်းမှာ ကျန်လုဂိုဏ်းအုပ်စုနှင့် ဆရာကြီးရဲယိဖိန်၊ ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံတို့အုပ်စု တိုက်ခိုက်ကြမည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။

သို့သော် သူထင်သလို မဟုတ်ပါ။

အားလုံး ငြိမ်ငြိမ်သက်သက်ပင် ရပ်ကြည့်နေကြပါသည်။

ဆန်ကွမ်းချိက ရဲယိဖိန်နှင့် ယွင်ကြိုလုံတို့အား ဂါရဝပြုပြီး....

'ဆရာကြီးတို့၊ အဘဆရာကြီးက အခေါ်လွှတ်လိုက်ပါတယ်'

'ဟုတ်လား'



ဆရာကြီးနှစ်ဦးသည် လျှင်မြန်စွာ ထွက်ခွာသွားကြ၏။

ဆန်ကွမ်းချိသည် ထိန်မုဆရာတော်အား လက်အုပ်ချီ၍ ဂါရဝပြုလေသည်။

'ဆရာတော်တို့ပါလား၊ အထူး အရေးကြီးလာမှ သလား'

လက်ဝဲရံလူငယ်ကျွန်းဖန်းနှင့် လက်ယာရံလူငယ် လီစင်းတို့က ဆန်ကွမ်းချိအား ဂါရဝပြုပြီး ဝမ်းသာအားရ ပြော၏။

'အစ်ကိုကြီး....အစ်ကိုကြီးကို တည့်တည့်မတ်မတ် လာတွေ့တာ ကျွန်တော်တို့ ကံကောင်းတာပဲ'

'ဘာကိစ္စ အရေးကြီးနေလို့လဲ'

'အစ်မလေး နိုင်ချစ်နော်ဟာ မြောက်အလံအဖွဲ့ခွဲကို အပြတ် ...မှုန်းပစ်ခဲ့ပါတယ်'

'ဒါ ဝမ်းသာစရာသတင်းပဲ၊ မြောက်အလံအဖွဲ့ခွဲ ပျက်စီး...သွားတယ် မဟုတ်လား'

'ပျက်စီးသွားပါတယ်၊ လေးငါးခြောက်ယောက်ပဲ လက်...တ် ထွက်ပြေးသွားနိုင်ခဲ့ပါတယ်'

ထိန်မုဆရာတော်က....

'ဒကာလေးဆန်ကွမ်းချိ၊ ကျုပ် မျက်စိကို မယုံနိုင်လောက်...အောင် ဖြစ်နေတယ်၊ 'ဒီကွန်လုံဝမ်ရဲ့ ဂိုဏ်းသားတွေ ဘာဖြစ်...ကြတာလဲ၊ ဆေးမိနေကြတာလား'

www.burmeseclassic.com



ဆန်ကွမ်းချိုက ရယ်ပြီးမေးခဲ့၏။

'တပည့်တော်ရဲ့ အစ်အဆရာကြီးရဲ့ ပလွေသံ အစွမ်းကြော... သူတို့ ဆိုင်နေကြတာပါ'

'ကွန်လုံဝမ်ရဲ့ အဆိပ်တွေ လုံးဝပြယ်သွားပြီလို့ ဆိုလိုတ... လား'

'ဒီလိုတော့လဲ မဟုတ်ဘူး၊ ပလွေသံနဲ့ သူတို့စိတ်ကို ထိန်း... ထားတဲ့ သဘောပါပဲ'

'ဘယ်အတိုင်းအတာအထိ ဘူတို့နိုင်မှာလဲ'

'အဲဒါကို တပည့်တော် စိုးရိမ်နေတာပဲ၊ ဒီလူတွေဟာ ကွ... လုံဝမ်ရဲ့ လက်ရွေးစင်ကိုယ်ရံသားတွေ ဖြစ်ပါတယ်၊ တော်ကြ... သူတို့ ပြန်သတိရလာရင် တပည့်တော်တို့ ခက်ခဲနေလိမ့်မယ်'

'တစ်နည်းတော့ရှိတယ်၊ အခုနေ အားလုံးကို အကြောပိတ်... ထားရင် မကောင်းဘူးလား'

ဆန်ကွမ်းချိုက သူ့ပေါင်ကို သူရိုက်ရင်း....

'သိပ်ကောင်းတယ်၊ ဒါကို တပည့်တော် လုံးဝသတိမရဘူး...'

ဆန်ကွမ်းချိုသည် လီစင်း၊ ကျွန်းဖန်းနှင့် လက်ရွေးစင် ကိုယ်... သားငါးယောက်တို့အား ကွန်လုံဝမ်ကိုယ်ရံသားများ၏အကြော... များကို လိုက်ပိတ်ရန် အမိန့်ပေးလိုက်၏။

သူနှင့် ထိန်မုဆရာတော်လည်း အကြောလိုက်ပိတ်သည်။



ကွန်လုံဝမ်၏ လက်ရွေးစင် ကိုယ်ရံတော်များမှာ စုစုပေါင်း တစ်ရာငါးဆယ်ခန့်ရှိသဖြင့် အချိန်အတော်ကြာမှ သူ့အကြော များကို လိုက်ပိတ်လိုက်ရသည်။

ထိန်မုဆရာတော်က အားရကျေနပ်စွာ ပြောသည်။

'ဒီတပည့်သားတွေကို ကျုပ်တို့ ထိန်းထားနိုင်ရင် ကွန်လုံဝမ် လက်မောင်းပြတ်တာနဲ့ အတူတူပဲ'

ဆန်ကွမ်းချိုက ခေါင်းညိတ်ပြ၏။

'ဒီတပည့်သားတွေဟာ ဘုရင့်အပ်ဖိုးစုဖွဲ့ထည်းထားတဲ့ တပ်သား တွေ ဖြစ်ပါတယ်၊ အခု သူဟာ အနေးပေါ် ထုတ်သုံးရင်းက မမျှော်လင့်တဲ့ ဒုက္ခဖြစ်သွားရတယ်'

ဆန်ကွမ်းချိုက စောစောက အဖြစ်အပျက်များကို ရှင်းလင်း ပြောပြနေလေ၏။

ထိုအချိန်တွင် ပလွေသံရှင် အဘိုးအိုက ရဲယဖိန်နှင့် ယွင်ကြိုလုံ တို့အား သူသင်ခဲ့သည့် သိုင်းကွက်များကို ပြန်လည်ကစားခိုင်း နေသည်။

ယွင်ကြိုလုံသည် အဘိုးအို၏စကားကို မပယ်ရှားဝံ့ချေ။

သူ့အား ရှင်းလင်းပြောပြထားသည့် သက်ဝါးပြိုင်း ကိုး ကွက်ကို ပြန်လည် လေ့ကျင့်ပြနေရသကဲ့သို့ ရဲယဖိန်ကလည်း ဓားသိုင်းငါးကွက်ကို ပြန်လည်ကစားပြနေရသည်။

www.burmeseclassic.com

အဘိုးအိုက အေးအေးဆေးဆေး ရှင်းပြသည်။

'ခင်ဗျားတို့ဟာ ထိပ်သီးပညာရှင်ကြီးတွေဖြစ်လို့မို့ တော်ရုံဘန်ရုံ ရှင်းပြရုံနဲ့ သဘောပေါက်နိုင်စွမ်း ရှိကြပါတယ်၊ အခုလို လေကျင့်ခိုင်းရတာကတော့ တကူတက်ပေါ်လာရင် ဘာကြောင့်ဆိုတာ ကျုပ်က မှန်းပြချင်လို့ပါ၊ သိုင်းသဘောနဲ့ လက်တွေ့လေကျင့်မှုဟာ အနည်းနဲ့ အများတော့ ခြားနားမှု ရှိကြပါတယ်၊ ခုဆို ခင်ဗျားတို့နှစ်ယောက်စလုံး ပြီးပြည့်စုံစွာ နားလည်သွားကြပါပြီ'

ရဲယိမ်ဖိုန်နှင့် ယွင်ကြိုလိုတို့က ကျေးဇူးတင်စွာ ဦးညွတ်ဂါရဝပြုကြသည်။

ထိုအချိန်၌ဆန်ကွမ်းချီတို့မှာလည်းသတင်းဖလှယ်၍ကောင်းနေ၏။

ကျွန်းဖန်းက ဝမ်းသာအားရ ပြော၏။

'မြောက်အလံအဖွဲ့ခွဲတစ်ခုလုံးကိုချေမှုန်းပစ်နိုင်တော့ ကျွန်လုံ ဂိုဏ်းလဲ သိပ်ပြီးအားတက်နေတယ်၊ အစ်ကိုကြီးတို့ကလဲ ကွန်လုံဝမ်ကို ဒုက္ခပေးလိုက်နိုင်တော့ သိပ်ဟန်ကျနေပြီ၊ ဪ.... ကျွန်တော်တို့ လာရင်းကိစ္စတောင် ပြောဖို့မေ့နေတယ်'

'ဘာလဲ ညီလေး'

'အစ်မလေး နိုင်ချစ်နော်က အစ်ကိုကြီးကို ရှာတွေ့ခဲ့ရင် ချက်ချင်း ခေါ်လာခဲ့ရမယ်လို့ အမိန့်ပေးလိုက်ပါတယ်၊ ကျွန်တော်တို့က အစ်ကိုကြီးကို လိုက်ရှာနေကြတာပါ'

www.burmeseclassic.com



'အော်...လိုက်ရတာပေါ့ကွာ၊ ငါ ဒီလူတွေကို ဘယ်လိုရှင်းပစ်ရမှန်းတောင်မသိဘူး၊ ဒီလူတွေထဲမှာ လူကောင်းတွေ အများကြီး ပါနေတယ်ကွ၊ အဆိပ်ဖြေဆေး ရဖို့အတွက် ကွန်လုံဝမ်ခိုင်းသမျှ လုပ်နေရတဲ့လူတွေ ပါနေတယ်၊ သူတို့ကိုပါ သတ်ပစ်ရမယ်ဆိုရင် မတရားဘူး'

ထိုကိစ္စနှင့် ပတ်သက်၍ ထိန်မုဆရာတော်မှာ တရုတ်ဘုန်းတော်ကြီးတစ်ပါး ဖြစ်နေ၍ စင်ရောက်အကြံမပေးပေ။

လိဖင်းနှင့် ကျွန်းဖန်းတို့မှာ အလွန်တရာ ငယ်ရွယ်သူများဖြစ်၍ ဆန်ကွမ်းချီအား အကူအညီ မပေးနိုင်ပြန်ပေ။

လက်ရွေးစင်ဂိုဏ်းသား ငါးဦးမှာမူ တိုက်ခိုက်ရေးစာပ်သားများဖြစ်၍ ငြိမ်သက်စွာ ရပ်နေကြသည်။

ဆန်ကွမ်းချီက တီးတိုးပြောလေ၏။

'ဒီလူတွေကို ပြန်လွှတ်လိုက်ရင် ကွန်လုံဝမ် လက်အောက် ပြန်ရောက်သွားမှာပဲ၊ အဲဒါမှ အခက်ကြုံမှာ'

ဆန်ကွမ်းချီမှာ မည်သို့ဆုံးဖြတ်ရမှန်းမသိဘဲတွေဝေငေးမော နေသည်။

ထိန်မုဆရာတော်က ရုတ်တရက် အကြံရသွားဟန်ဖြင့်....

'ဒကာလေး....ဆန်ကွမ်းချီ၊ ဒီလိုလုပ်ပါလား၊ ဒီလူတွေကို ဒကာမလေး နိုင်ချစ်နော်ဆီ ခေါ်သွားလိုက်၊ ဘယ်လိုလုပ်သင့်တယ်ဆိုတာ သူ အကြံပေးလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

အကြံပေးရန် လွယ်သော်လည်း အလုပ်က ခက်လှ၏။

ကျွဲတစ်ရှဉ်းငါးဆယ်မျှသော ကွန်လုံဝမ်၏အထူးလက်ရွေးစင် တပ်သားများကို မည်သူက မည်သို့ ဆယ်ဆောင်သွားနိုင်ပါ မည်နည်း။

ဆန်ကွမ်းချီမှာ ထိုင်နေသည့် ကွန်လုံဝမ်ဂိုဏ်းသားများကို ကြည့်ပြီး စိတ်အိုက်နေသည်။

သူ၏ရွှေခါးကို နောက်ကျော၌ ခါးအိမ်ထဲသို့ ထိုးသွင်းပြီး ဦးဇဟို လမ်းလျှောက်နေလေ၏။

ထိုစဉ် လျှို့ဝှက်အသံကူးနည်းဖြင့်လှမ်းပြောလေသည့်စကား သံသည် ဆန်ကွမ်းချီ၏ နားထဲသို့ တိုးညင်းစွာ ဝင်လာ၏။

'လူကလေး....မင်း ဘာတွေစဉ်းစားနေတာလဲ၊ ငါသင်ပေး ထားတဲ့ ပဒေလ္လမှတ်နည်းကို မင်း သိပြီးပြီပဲ၊ ပဒေလ္လသံနဲ့ ထိန်း ကျောင်းပြီး ဒီလူအုပ်ကို မင်း ကြိုက်သလို ခေါ်သွားနိုင်တယ်၊ ငါလဲ အခုပဲသွားတော့မယ်၊ လူကလေးလဲ ဒီလူအုပ်ကို ခေါ် သွားပေတော့'

ထိုအချိန်တွင် ယွင်ကြိုလုံနှင့် ရဲယိဖိန်တို့သည် သူတို့ရှိရာသို့ ပြန်လည် လျှောက်လာနေကြလေပြီ။

'ဆရာနဲ့ဂိုဏ်းချုပ်ကြီး၊ အဘဆရာကြီးက သူထွက်ခွာသွား တော့မယ်တဲ့၊ ဒီလူအုပ်ကြီးကိုခေါ် သွားဖော့လို့ အမိန့်ပေးနေ ပါတယ်'



ယွင်ကြိုလုံက...

'ဆရာက အမိန့်ပေးနေမှတော့ ကျုပ်တို့က ဘာတတ်နိုင် ဘူမှာလဲ၊ ဆရာကတော်ကို ကူသဖို့ကိစ္စကလဲ ရှိသေးတော့ ရှာကို တားဖို့လဲ မကောင်းတော့ဘူး'

ဆန်ကွမ်းချီ၊ ရဲယိဖိန်နှင့် ယွင်ကြိုလုံတို့သည် ပဒေလ္လသံရှင် အဘိုးအိုထံသို့သွားပြီး နောက်ဆုံး ဂါရဝပြုကြလေ၏။

ဆေးမိပြီး ငေးကြောင်ကြောင်ဖြစ်နေသော ဆရာကတော် ကိုလည်း ဂါရဝပြုလေ၏။

အဘိုးအိုက...

'ခင်ဗျားတို့ကို ကျုပ် ပညာအကုန်ပေးခဲ့ပြီ၊ ခင်ဗျားတို့ ပဲ ထွက်သွားကြပေတော့၊ ခင်ဗျားတို့ အားလုံး ကုန်မှ ပ်တို့ ထွက်ခွာသွားမယ်၊ လူကလေးဆန်ကွမ်းချီ ဟိုလူအုပ် ကို ငါပြောသလိုထိန်းကျောင်းခေါ် သွားပါ'

'ဟုတ်ကဲ့....ဆရာကြီး'

ဆန်ကွမ်းချီမှာ မျက်ရည်များစီးကျနေသည်။

အဘိုးအိုက ဆန်ကွမ်းချီအား ကြင်နာသော မျက်လုံးများ လှမ်းကြည့်ပြီး ဖြည်းညင်းစွာ ပြောသည်။

'လူကလေး၊ မင်း ဘာတွေကိုဝမ်းနည်းနေတာလဲ'

'ဆရာကြီး....ကျွန်တော်....ကျွန်တော်...'

www.burmeseclassic.com

www.burmeseclassic.com

'မင်း ငါ့ဆီ ရောက်လာတုန်းက တစ်ယောက်တည်းပါ ... အခု မင်းမှာ အဖော်တွေရှိနေသေးတယ်၊ အေး မင်းကို ... တစ်ခုပြောပြမယ်၊ လူဆိုတာ လူ့ဘဝကိုလာတော့လဲ တစ်ယော ... တည်း လာရတာပဲ၊ လူ့ဘဝက ပြန်တော့လဲ တစ်ယော ... တည်း ပြန်ရတာပဲ၊ ခင်မင်တဲ့လူ မပါလို့ တစ်ယောက်တည် ... မပြန်ချင်ဘူးဆိုလို့ လဲမရဘူး'

အဘိုးအိုက ကောင်းကင်၌ လွင့်မျောနေသော တိမ်ဖြူ ... များကို တစ်ချက်မော့ကြည့်ပြီး....

'ငါ သိုင်းလောကထဲ အနှံ့အပြားလှည့်ပတ်ခဲ့ပြီးပြီ၊ မင် ... ဟာ ဟူတာန်းဂိုဏ်းက ရန်ရှယ်ရသေ့ကြီးရဲ့ အကူအညီတော ... ကို လက်ခံခဲ့တယ်ဆိုတာ ငါသိပြီးပြီ၊ အဲ့ဒီဘာဝနာတွေကို မ ... အစား ဘယ်သူကမှ ဝင်ပြီး ဆောင်ရွက်မပေးနိုင်ဘူး၊ မင်း ... တစ်ပါး ဘယ်သူမှမကူညီနိုင်ဘူး၊ သူ့ရဲ့ကောင်းဆိုတာ တခြာ ... လူတက်ပိုပြီးအဖော်မဲ့တယ်၊ သူတစ်ပါးအတွက် ကိုယ့်ကိုယ် ... တေးရတယ်၊ ဘယ်သူက သူ့ရဲ့ကောင်းလို့စွန့်လွှတ်စိတ်ရှိမှာလဲ ... ယ်သူက သူ့ရဲ့ကောင်းလို ကိုယ့်ကိုယ်ကို စတေးမှာလဲ၊ အဲ ... တည်းက သူ့ရဲ့ကောင်းဟာ အထီးကျန်ဖြစ်သွားပြီ'

အဘိုးအို၏ လေသံများမှာ ပို၍ နူးညံ့ပျော့ပျောင်းလာ ...

'လူကလေး၊ မင်းဟာ အထီးကျန်ဖြစ်မယ့်လူမှန်း မင်း ... တာတည်းက ငါသိပါတယ်၊ ကိုယ့်ကိုယ်ကိုစတေးပါ လူကလေး ... မင်းရဲ့အသည်းနှလုံးတွေ၊ မင်းရဲ့ ခန္ဓာကိုယ်တွေ အဆုံးအ ... အနစ်နာခံပြီး သူ့ရဲ့ကောင်းဆိုတဲ့ ဘွဲ့တစ်ခုကို ယူသွား ...



... လေး၊ မြေတစ်ဖက်ပြတ်နေတဲ့ ဒုက္ခိတအဘိုးအိုဟာ ဆန် ... မ်းချီဆိုတဲ့ တစ်ဦးတည်းသော တပည့်တစ်ယောက်အတွက်ပဲ ... ယူသွားပါမယ်၊ မင်းရဲ့အဘဆရာကြီးဟာ မင်းတစ်ယောက် ... ည်းအတွက်ပဲ ဂုဏ်ယူတယ် ဆိုတဲ့ ချီးမြှင့်စကားကို မင်း ... သည်းနှလုံးထဲက လက်ခံဂုဏ်ယူပါ လူကလေး'

အဘိုးအို၏မျက်လုံးထဲမှ မျက်ရည်နှစ်ကြောင်းကျလာ၏။

ဆန်ကွမ်းချီမှာမူ မျက်ရည်ဖြိုင်ဖြိုင်ကျနေလေပြီ။

အထီးကျန်....

သူ့ရဲ့ကောင်း....

စွန့်လွှတ်မှု....

ခွဲယိဖိန့်သည် ဆန်ကွမ်းချီ၏ ခေါင်းကို ညင်သာစွာ ပုတ် ... ၏။

'လူကလေး....မင်းကြန့်ကြာနေရင် ဆရာထွက်ခွာဖို့ကိစ္စလဲ ... ကြာနေလိမ့်မယ်၊ သွားကြစို့၊ မင်းမလှကို အဆင်သင့် ... သွားပါတော့၊ ငါတို့ဟိုဂိုဏ်းသားတွေကို အကြော ပြန်ဖွင့် ... ိုက်မယ်'

'ဟုတ်...ဟုတ်ကဲ့'

ဆန်ကွမ်းချီသည် သူ၏အဘဆရာကြီးအား ရှိခိုးဦးချပြီး ... ည်းဖြည်း နောက်ဆုတ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆရာကြီးကို ကျောချိုင်းကာ နှစ်ထပ်ပလ္လ
သိမ့်မှတ်လေတော့သည်။

ဆန်ကွမ်းချီ၏ ပယောဂသံမှာ အလွန်တရာ လွှမ်းဆွတ်ကြေ
မွယ်ရာကောင်းလှသဖြင့် အဇတ္တအကြုံ ရင့်ကျက်လှပြီဖြစ်သော
ယွင်ကြိုးသုံ၊ ရဲယိဖိန်နှင့် ထိန်မုဆရာတော်တို့ပင်လျှင် သူတို့
မျက်ရည်များကို မထိန်းနိုင်ကြတော့ပေ။

အခြားသူများကား ဆိုဖွယ်ရာမရှိတော့ပေ။

ကွန်လုံဝမ်၏ လက်ရွေးစင် ဂိုဏ်းသားများသည် ယိုး
ယောင်တောင်ထရပ်ပြီး ဆန်ကွမ်းချီ ဆင်းသွားရာ နောက်
တစ်အုပ်တစ်မကြီး လိုက်သွားကြသည်။

သူတို့ကား မျက်ရည်မကျကြပေ။

လီစင်းနှင့် ကျန်းဖန်းတို့သည် ဆန်ကွမ်းချီ၏ သိုင်းပည
စွမ်းရည်ကို သိရှိပြီးဖြစ်ကြ၏။

သို့ရာတွင် ဆန်ကွမ်းချီသည် တစ်ကိုယ်တည်း တစ်ယော
တည်း စိတ်ဆင်းရဲနေရှာလိမ့်မည်ဟုတော့ သူတို့ လုံးဝမတွေ
ခဲ့ကြပေ။

ယခုမူ မျက်ရည်များ ယိုစီးကျလျက် ပလွေမှုတ်သွားသ
ဆန်ကွမ်းချီ၏အဖြစ်ကို မြင်နေရ၍လည်းကောင်း၊ ပလွေသ
လွမ်းဆွတ်ဖွယ် ကောင်းလှသည့် သံစဉ်ကို ကြား၍ လ
ကောင်း၊ သူတို့သည်းမျက်ရည်မဆည်နိုင် ဖြစ်နေကြတော့သ



သူတို့သည် မျက်ရည်များကို တားမရ ဆီးမနိုင်သုတ်ကြရင်းမှ
ထဲ၌ ပြောမိကြသည်။

'သူ့ရဲ့ကောင်းဆိုတဲ့ဘွဲ့အတွက် ပေးရတဲ့တန်ဖိုးကလဲ နည်း
မှ မဟုတ်တာကလား'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅၉)

## ညီညွတ်ခြင်း အင်အား

သူတို့ ကျွဲသို့ထွက်ခွာမလာမီကပင် ယွင်ကြိုလုံနှင့် ရဲယိုဖိန်သည် ချင်းဖိန်အားအကြောင်းများကို ဖွင့်ပြောပြီးဖြစ်ပေသည်၊

ယခုအချိန်ကာလ၌ သူတို့သည် ကျန်လူဂိုဏ်းချုပ်ကြီး အိုးထိုနှင့်ပေါင်းပြီး ကွန်လုံဝမ်ကိုတိုက်မှသာ အောင်မြင်လိမ့်မည်ဟု နားလည်သဘောပေါက်နေကြပြီး ဖြစ်၏၊

ထို့ကြောင့် ဆန်ကျွမ်းချီ ပမလူမှတ်၍ထွက်ခွာသွားသောအခါ သူတို့လည်း ချင်းဖိန်ကိုခေါ်ဆောင်ပြီး နောက်မှလိုက်လာကြခြင်း ဖြစ်ပေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုကား အလွန် မှတ်ဉာဏ်ကောင်းလှ၏။

ပလွေသံရှင်အဘိုးအို သင်ပေးသည့်အတွင်းအားထုတ် သံ မှုတ်ပညာကို ဘော်ရုံတန်ရုံလူ သင်ကြားနိုင်မည် မဟုတ်ပေ။

အလွန်တရာ ခက်ခဲလှသည်။

သို့သော် ဆန်ကွမ်းချိုမှာမူ လွယ်လွယ်ကူကူ မဟုတ်သေ လည်း အချိန်တိုတိုနှင့် သင်ယူတတ်မြောက်ခဲ့ပေသည်။

ယခုဆိုလျှင် မှုတ်ရင်းမှုတ်ရင်း ပလွေ၏သဘောကို ပို၍ သိလာလေ၏။

သူတို့ တောင်ခြေသို့ ရောက်သောအခါ တောင်ပေ လွင့်ပျံလာသည့် ပလွေသံရှင်အဘိုးအို၏အသံကို အားလုံး ကြားလိုက်ကြရသည်။

'လူတလေး ဆန်ကွမ်းချို၊ နောက်လှည့်ကြည့်ဖို့ မလို ရှေ့ကိုသာ ဆက်သွားပါ၊ မင်း အောင်မြင်သည်ဖြစ်စေ၊ ဆ သည်ဖြစ်စေ မင်းနာမည်ကတော့ သိုင်းလောကထဲမှာ ကျ နေလိမ့်မယ်လို့ ငါ နိမိတ်ဖတ်လိုက်ပါတယ်'

ဆန်ကွမ်းချိုသည် နောက်လှည့်ရန် သူကြံစည်နေစဉ် အ ကြားလိုက်ရသဖြင့် လွန်စွာ အံ့သြသွား၏။

ထို့ကြောင့် သူ နောက်မလှည့်တော့ဘဲ ရှေ့သို့သာ ဆ သွားလေတော့သည်။



ချင်းဖိန်သည်လည်း ဆန်ကွမ်းချို၏ပလွေသံကြောင့် မျက်ရည် လယ် ဝဲနေခဲ့ရသည်။

ထိုတောင်ကုန်းနှင့် အတန်ဝေးသောအခါမှ ဆန်ကွမ်းချို၏ လွေသံသည် သံစဉ်ပြောင်းသွား၏။

သို့မှသာ လူအားလုံး မျက်ရည် ဆည်နိုင်ကြတော့သည်။

ဆယ်မိုင်ခန့်မျှ လမ်းလျှောက်လာပြီးသောအခါ ဆန်ကွမ်းချို သည် ပလွေကို ဆက်မမှုတ်နိုင်တော့ပေ။

ပလွေသံသည် ရပ်နားသွားပြီးသည့်တိုင် အချိန်အတော်ကြာ ဆိပ်မိသူများကို ထိန်းကျောင်း အမိန့်ပေးနိုင်သဖြင့် ဆန်ကွမ်း သည် စိုးရိမ်မှုမရှိဘဲ ရှေ့မှ ဦးဆောင်ခေါ်လာ၏။

လီစင်းနှင့် ကျွန်းဖန်းတို့က ရှေ့မိုင်ဝက်ခန့်ရှိ ဝါးရုံတော ကြီးတစ်ခုကို လက်ညှိုးညွှန်ပြီး အော်ဟစ် သတင်းပေးလေ၏။

'အစ်ကိုကြီး၊ အဲဒီဝါးရုံတောဟာ ကျွန်လုဂိုဏ်းရဲ့ အခြေစိုက် န်းပဲ'

မကြာမီ မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူဆယ် ယောက် ထွက်ပေါ်လာပြီး တားဆီးသည်။

လက်ယာရံ လှူင်ယန်နှင့် လက်ဖြူစင်ဂိုဏ်းသား ငါးယောက် ကို ရှေ့မှ ဖယ်ရှားပေးကြသည်။

www.burmeseclassic.com



သို့သော် များပြားလှသော ကွန်လုံဝမ်၏ ဂိုဏ်းသားများကို တွေ့နေရသဖြင့် မျက်မှောင်ကြုတ်၍ ကြည့်နေကြလေ၏။

ဝါးတောထဲ ဝင်သောအခါ အမှတ်လေးဆယ့်ရှစ်တပ်ဖွဲ့ တပ်သားသုံးဆယ်ကျော်ခန့် တွေ့ရသည်။

ကွန်လုံဝမ်၏ဂိုဏ်းသားများကို စိတ်မချသဖြင့် စောင့်ကြည့်နေကြဟန် တူသည်။

လီစင်းနှင့် ကျွန်းဖန်းတို့သည် ထိုလေးဆယ့်ရှစ်တပ်ဖွဲ့မှ တပ်သားများနှင့် သွားရောက် စကားပြောသည်။

သူတို့ အရေးတကြီး ပြန်ရောက်လာ၏။

'အစ်ကိုကြီး၊ လေးဆယ့်ရှစ် တပ်ဖွဲ့က ပြောနေတယ်၊ ကွန်လုံဝမ် ဂိုဏ်းသားတွေ သိမ်းများနေတယ်တဲ့၊ အတွင်းပိုင်းခေါ်သွားဖို့ ခွင့်မပြုနိုင်ဘူးတဲ့'

ထိန်မုဆရာတော်က ဝင်ပြော၏။

'ဒီကောင်တွေက ဘာနားလည်လို့လဲ၊ ဒီကွန်လုံဝမ်ရဲ့ ဂိုဏ်းသားတွေကို ဒကာလေး ဆန်ကွမ်းချီတစ်ယောက်ပဲ ထိန်းချုပ်နိုင်တယ်ဆိုတာ သူတို့ မသိဘူးလား'

လီစင်းက....

'သူတို့ ဒါတွေနားမလည်ဘူး၊ သူတို့က ဘုရင်တပ်ပုံစံ ဖွဲ့စည်းပေးထားတဲ့ တပ်ဆိုတော့ သူတို့ကို တစ်ခုခုအမိန့်ပေးထားရင် အဲဒီအတိုင်း တစ်သဝေမတိမ်း လိုက်နာတော့တာပဲ'



ဆန်ကွမ်းချီသည် ခေတ္တခဏ စဉ်းစားပြီး....

'ကောင်းပြီ၊ သူတို့ကို ဖိုတောင်ကုန်းပေါ်မှာလိုပဲ အားလုံးကို အကြောပိတ်ပစ်ခဲ့မယ်'

သူ၏ အကြံအစည်အတိုင်း သိုင်းသမားအားလုံးက ကွန်လုံဝမ် ဂိုဏ်းသားများကို အကြောပိတ်ပစ်ကြရသည်။

ဆန်ကွမ်းချီက လီစင်းနှင့် ကျွန်းဖန်းတို့အား အမိန့်ပေးလေသည်။

'ညီလေးတို့၊ သူတို့ကို တစ်နေရာမှာ စုပြီးချုပ်ထားဖို့ အမိန့်ပေးလိုက်ပါ၊ သူတို့ကို ထိန်းချုပ် ထားနိုင်သရွေ့ ကွန်လုံဝမ် လှုပ်နိုင်ဘူးဆိုတာလဲ ရှင်းပြလိုက်ပါ'

လေးဆယ့်ရှစ် အဖွဲ့သည် ယခုအခါ တပ်သား လေးဆယ့်ရှစ်ယောက် မရှိတော့ပေ။

သေသူသေ၊ ဒဏ်ရာရသူရ ဖြစ်နေသဖြင့် စုစုပေါင်းသုံးဆယ့်ခြောက်ယောက်သာ ရှိတော့သည်။

ကွန်လုံဝမ်ဂိုဏ်းသားများကို အကြော ပိတ်ထားခဲ့သဖြင့် ဆန်ကွမ်းချီတို့အား နက်ရှိုင်းသော အတွင်းပိုင်းသို့ ဝင်ခွင့်ပြုလိုက်သည်။

လီစင်းနှင့် ကျွန်းဖန်းတို့က....

'အစ်ကိုကြီး၊ ကျွန်တော်တို့ အရင်သွားပြီး သတင်းပို့လိုက်ပါဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုက ခေါင်းညိတ်၏။

လက်ဝဲရုံလူငယ်၊ လက်ယာရုံလူငယ်တို့လည်း ပြေးထွက်သွားကြလေတော့၏။

မကြာမီ ဝါးဖိုတော၏ အလယ်ဗဟိုသို့ ရောက်ရှိလာ၏။

အတော်အတန် ကြီးမားသည့် တဲအိမ်ကြီးသုံးအိမ်ကို တွေ့ရသည်။

တဲကြီးတစ်လုံးရှေ့တွင် ကျီးတာကြည်သည် သူ၏ ကြီးမားသော ပိုက်ချွံကြီးကို ပွတ်၍ ရပ်နေ၏။

လီဇင်းနှင့် ကျန်းဖန်းအပြင် ယွမ်ရှောက်ကိုလည်း တွေ့ရ၏။

အားလုံးက ဆန်ကွမ်းချိုကို ဂါရဝပြုကြသည်။

ကျီးတာကြည်က....

'အထဲကိုကြွကြပါ၊ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက ကြိုဆိုနိုင်းလိုက်လို့ ကျွန်တော် ထွက်ကြိုနေတာပါ'

ဆန်ကွမ်းချိုက ဂိုဏ်းချုပ်ကြီးယွင်ကြိုလုံ၊ ဆရာကြီးရဲယိုဖိန်နှင့် ထိန်မုဆရာတော်ကြီးတို့ ပါရှိလာချိန်တွင် ကျွန်လုဂိုဏ်းချုပ်ကြီး အို့ယန်ထုံ ထွက်မကြိုသဖြင့် အနည်းငယ်အံ့ဩသွားသည်။

သူ၏ အားနာပါးနာ လှည့်ကြည့်မိရာ ထိုအကြည့်ကို ယွင်ကြိုလုံက ကောင်းစွာ သဘောပေါက်လိုက်လေ၏။



'ညီလေး....ကိစ္စမရှိဘူး၊ ကျုပ်တို့ဝင်ပြီး တွေ့ဆုံလိုက်ကြတာပေါ့'

'ဂိုဏ်းချုပ်ကြီး သဘောထား ကြီးပါပေတယ်၊ ကျွန်တော်တို့ အထဲဝင်ကြစို့'

ဆန်ကွမ်းချိုသည် သူက လူခံကဲ့သို့ ဖြစ်နေသောကြောင့် ရှေ့ဆုံးမှ ဦးဆောင်ဝင်သည်။

တဲထဲတွင် အခေတ်ကလေး လူစုံစုံစေ့စေ့ ရှိနေသည်။

တစ်စုံတစ်ခုကို တိုင်ပင်ဆွေးနွေးနေပုံ ရှိ၏။

ဆန်ကွမ်းချိုသည် ပါဝင်သူများကို လှမ်း၍အကဲခတ်လိုက်၏။

လေကျင့်ရေးမှူးကြီး ကွမ်းစန်စင်၊ မသေကောင်းမပျောက်ကောင်း အသက်ရှင်နေသေးသော ဖေကုံးလျှန်၊ တက်မုဆရာတော်၊ စိမုဆရာတော်၊ ကျန်စီမွန်၊ နိုင်ချစ်နော်နှင့် သူတို့အား ကြိုဆိုရာတွင် ပါဝင်သော ယွမ်ရှောက်ကိုပါ နိုင်ချစ်နော်သေနားသို့ ထိုင်လျက်သား ပြန်တွေ့ရပြန်သည်။

အခြားအဘိုးအို နှစ်ဦးကိုလည်း တွေ့ရလေသည်။

ဆန်ကွမ်းချိုတို့ ဝင်လာသောအခါ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက မျက်တရှက် ချက်ချင်းထ၍ ကြိုဆိုလေ၏။

ထိန်မုဆရာတော်သည် လက်ရွေးစင်ဂိုဏ်းသား ငါးဦးတို့နှင့်အတူ အပြင်မှာ နေရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကို ဆန်ကွမ်းချို မသိပေ။

ဆန်ကွမ်းချိုသည် အို့ယန်ထုံ အား ဂါရဝပြုပြီး ဂိုဏ်းချုပ်ကြီး ယွင်ကြိုလို၊ ဆရာကြီး ရှဲယီဖိန်၊ ကျင်းဖိန် မင်းသမီးတို့နှင့် တစ်ဦးချင်း မိတ်ဆက်ပေးလေ၏။

အို့ယန်ထုံကလည်း ရှိသေလေးစားစွာ နှုတ်ခွန်းဆက်သည်။

'ကျွန်တော်တို့ စည်းဝေးတိုင်ပင်နေကြတဲ့အတွက် ထွက်မကြိုဆိုမိတာကို ခွင့်လွှတ်ကြပါဗျာ'

အို့ယန်ထုံကလည်း အစည်းအဝေး ကျင်းပရာ၌ ပါဝင်သူများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြန်သည်။

ဆန်ကွမ်းချို သိသော အဘိုးအိုနှစ်ဦးမှာ ကျွန်လူဂိုဏ်း၏ နာယကနှစ်ဦးဖြစ်သော ဆွံ့အ အဘိုးအိုနှင့် နားထိုင်းသူ အဘိုးအိုတို့ ဖြစ်ကြသည်။

ကျွန်လူဂိုဏ်း အရေးပေါ်နေသဖြင့် အဘိုးအိုနှစ်ဦး ဤသို့ ရောက်ရှိနေကြခြင်း ဖြစ်ပေသည်။

ယွင်ကြိုလိုက ပြန်လည်ဂါရဝပြုပြီး....

'ဂိုဏ်းချုပ်ကြီးတို့အနေနဲ့ သိုင်းလောကကြီး ငြိမ်းချမ်းဖို့ ခုလို ဦးစီးယူထားပြီး ကြိုးစားနေတာ တွေ့ရတဲ့အတွက် အလွန်ပဲ ဝမ်းသာပါတယ်'



ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၏ အထူး ချီးကျူးခြင်းခံရသူနှစ်ဦးမှာ နိုင်ချစ်နေဘ်နှင့် ယွမ်ရှောက်တို့ ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် မြောက်အလုံအဖွဲ့ကို ဤသူနှစ်ဦးက အပြတ်အသတ် ဦးဆောင်ချေမှုန်းခဲ့ကြသောကြောင့် ဖြစ်ပေသည်။

ယွင်ကြိုလိုသည် ဆန်ကွမ်းချိုနှင့် ယွမ်ရှောက် အကြောင်းကောင်းစွာကြားဖူးထားသဖြင့် လေးလေးစားစားနှင့်နှုတ်ဆက်ချီးကျူးသည်။

'ညီလေး...ယွမ်ရှောက်၊ မင်းအကြောင်းကို မင်းအစ်ကိုကြီးအကော ဆရာကြီးဆီကပါ ကြားထားရတဲ့အတွက် ကျုပ်အထူးပဲ ဂုဏ်ယူပါတယ်၊ ခုနေ့ လူကိုယ်တိုင် တွေ့ရတဲ့အတွက် သိပ်ပဲ ဝမ်းသာပါတယ်'

ယွင်ကြိုလိုနှင့် ရှဲယီဖိန်တို့သည် အစည်းအဝေး ပြုလုပ်နေကြောင်း သိသဖြင့် ချက်ချင်း ထွက်ခွာသွားရန် နှုတ်ဆက်ကြသည်။

အို့ယန်ထုံက ပျာပျာသလဲ တားမြစ်သော၏။

'အို...မဟုတ်တာဘဲ၊ မိတ်ဆွေတို့လဲ ဒီဆွေးနွေးပွဲမှာ ပါဝင်ကြမှ ကျုပ်အဖို့ ပိုအဆင်ပြေမှာပါ၊ ခုဆွေးနွေးပွဲက အခုန်လို ဝမ်နဲ့ ပက်သက်တဲ့ ဆွေးနွေးပွဲပါ'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီသည် ချင်းဖိန်အား အထူးနှေ့ရာမေး ဆက်ခ... သည်။

သူမသည် ပြင်းထန်သော ဒဏ်ရာရရှိထားသူ မဟုတ်ပါ... လား။

နိုင်ချစ်နေ၏ မျက်လုံးများသည် ဝင်လာကတည်းက ချင်း ဖိန် မင်းသမီးထံ၌သာ ဝဲလည်နေသည်။

ချင်းဖိန်သည် လူအများကို အကဲခတ်ရာမှ ယွင်ကြိုလို... တဖြည်းဖြည်း မှတ်မိလာသည်။

ဤလူသည် သူ၏အစ်ကိုဝမ်းကွဲနှင့် တိဗက်လားမားဘုန်းကြီး များကို စိန်ခေါ်ခဲ့သူ မဟုတ်ပါလား။

သူမသည် ယွင်ကြိုလုံအနီးသို့ သွားပြီး ပါးကို တဖြန်းဖြန်း ရိုက်၏။

ဆန်ကွမ်းချီက လျှင်မြန်ဖျတ်လတ်စွာ ဝင်ဆွဲသဖြင့် နှစ်ချက် ထက်ပို၍ မရိုက်နိုင်တော့ချေ။

'နေပါစေ ညီလေး.... ရိုက်ပါစေ၊ သူ အနာရမလည်သေး လို့ပါ'

'ဘာအရေးမလည်သေးလို့လဲ၊ ကျွန်မအစ်ကို သေရတာ ရှင် တရားခံပဲ'



ဆန်ကွမ်းချီသည် ထိုစဉ်က တိုက်ပွဲအခြေအနေကို ပြန်လည် ရှင်းပြ၏။

ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံကိုယ်တိုင် သေလုနီးမျှပါး ဖြစ်ခဲ့ ပုံနှင့် ကံကောင်းထောက်မ၍ အသက်ချမ်းသာရ ရခဲ့ပုံတို့ကို ရှင်းပြသောအခါမှ ချင်းဖိန်သည် သူမမှားမှန်း သိရှိတော့သည်။

'တကယ်တော့ ကွန်လုံဝမ်ဟာ အားလုံးကို သတ်ဖြတ်သွား တဲ့လူပါ၊ နောက်ဆုံး မင်းတို့အဖွဲ့နှစ်ဖွဲ့နဲ့ ဘာမှမဆိုင်တဲ့ ကျုပ် ကိုတောင် ချောက်ကမ်းပါးပေါ် တွန်းချသတ်ဖြတ်ခဲ့ပါတယ်'

ထို့နောက် ချင်းဖိန်မင်းသမီး၏ ရင်ဝ၌ စိုက်ဝင်နေသော မြားကို ယွင်ကြိုလုံ ထုတ်ပေးခဲ့ပုံနှင့် ကုသပေးခဲ့ပုံတို့ကို ထပ်မံ ရှင်းပြလိုက်ပြန်ရာ ချင်းဖိန်မှာ ယွင်ကြိုလုံအား တောင်းပန်ရ သည့်ဘဝသို့ ရောက်သွားလေတော့၏။

ဆန်ကွမ်းချီက ဆက်ပြော၏။

'အဲဒီတုန်းက မသေခဲ့ဘဲ ကံကောင်းခဲ့တဲ့လူ သုံးယောက်ပဲ ရှိတယ်၊ မင်းကတော့ ကွန်လုံဝမ်က ဖမ်းသွားလို့ အသက်ရှင် ခဲ့တယ်၊ ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံကတော့ သေဟန်ဆောင်ခဲ့လို့ အသက်ရှင်ခဲ့တယ်၊ ကျုပ်ကတော့ ကွန်လုံဝမ်ရဲ့ လုပ်ရပ်တွေကို သိကပြီး စပ်စုလို့ သေမလို့ ဖြစ်ခဲ့ရတယ်၊ ကံကောင်းလို့ မသေ ဘဲ ကလွတ်ခဲ့ရတယ်၊ ကျုပ်တို့အားလုံး ကွန်လုံဝမ်ကို လက်စား ချေဖို့ပဲရှိတယ်'

'ကျွန်မ နားလည်ပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



'အခု ဒီမှာ စုစည်းနေတဲ့ လူအားလုံးဟာ ကွန်လုံဝမ်ရဲ့ ကိုက်ခိုက်ဖို့ အာသာဆန္ဒ ကြီးမားနေတဲ့ လူတွေချည်းပဲ၊ မင်း လဲ ဒီလူတွေလိုပဲ ဆန္ဒရှိနေလိမ့်မယ်လို့ ကျုပ် မျှော်လင့်ပါတယ်'

နိုင်ချမ်နေ့ဒ်၏ မျက်လုံးထဲ၌ သောကအရိပ်အယောင်များ ပေါ်လာ၏။

သို့သော် သူမသည် ချုပ်တည်းတတ်သော အလေ့အကျင့် ရှိသဖြင့် မည်သည့်စကားမျှ မပြောဘဲ ငြိမ်သက်စွာပင် နား ထောင်နေလေ၏။

ဆန်ကွမ်းချီက ချင်းဖိန်အား တီးတိုးပြော၏။

'ချင်းဖိန်...မင်း ဒီမှာ ထိုင်နေခဲ့ပါ၊ သူတို့ ဆွေးနွေးတဲ့ စကားကို နားထောင်ပါ၊ မင်းအစ်ကိုအတွက် မင်း ဘာလုပ်သင့် တယ်ဆိုတာ ဒီစကားဝိုင်းမှာ အဖြေပေါ်လာလိမ့်မယ်၊ ကျုပ် ကတော့ အပြင်ထွက် ခေတ္တနားလိုက်ဦးမယ်'

ဆန်ကွမ်းချီသည် တဲအတွင်း၌ လူအစုံအစေ့ ရှိနေသည် ကို သော်လည်း ထိန်မုဆရာတော်နှင့် ကျောင်းရှယ်တောက်တို့ မပါဝင် ဘဲ ရှိနေသည်ကို သတိပြုမိ၏။

လူအများရှေ့၌ ဂိုဏ်းချုပ်ကြီး အိုယန်တုံအား မေးမြန်း စုံစမ်းခြင်း မပြုချင်သဖြင့် တဲအပြင်သို့ ထွက်သွားတော့သည်။

တဲအတွင်း၌ တစ်ယောက်တစ်ပေါက် မေးမြန်းခြင်း၊ စုံစမ်း ခြင်း ပြုလုပ်နေကြသဖြင့် ဆန်ကွမ်းချီ ထွက်သွားသည်ကို မည် သူမျှ သတိမပြုမိကြပေ။



တဲအပြင်တွင် ထိန်မုဆရာတော်နှင့် ကျိုးတာကြည်တို့ လည်း တဆန့်ဆန့် စောင့်မျှော်နေသည်ကို တွေ့ရသည်။

ကျိုးတာကြည်က ဆန်ကွမ်းချီအား လေးစားစွာ ဂါရဝပြု သည်။

'ဆရာလေး...ဘာအလိုရှိလို့ အပြင်ထွက်လာပါသလဲ'

'ဆရာကြီးကျောင်းရှယ်တောက် တစ်ယောက် ပြန်လာတာ မတွေ့ ဘူးလား၊ သူ့လက်ထဲမှာ အမျိုးသမီး တစ်ယောက် ပါလာ တယ်လေ'

'တွေ့...ဆရာကြီးကျောင်းရှယ်တောက်လား၊ ရှိပါတယ်၊ ရှိပါ တယ်၊ သူနဲ့အတူ အဆိပ်မိသလို ဖြစ်နေတဲ့ အမျိုးသမီး တစ် ယောက် ပါလာပါတယ်၊ အဲဒီ အမျိုးသမီးကို ဂိုဏ်းချုပ်ကြီး ကိုယ်တိုင် ဆေးကုသပေးထားပါတယ်၊ အခုတော့ ကလေးအောင် သတိရနေပါပြီ'

'အဲဒီအမျိုးသမီးကို သစ်သားလှောင်အိမ်ကလေးထဲက ကျုပ် ကိုယ်တိုင် ဆွဲထုတ်ပေးခဲ့တာပဲ၊ တွေ့တဲ့ ကော်ဇောနဲ့ ထုပ်ပြီး ပေးလိုက်တာမို့ ဘယ်သူမှန်း ရုတ်တရက် မသိလိုက်ဘူး'

'ကျွန်တော်သိရသလောက်တော့ ရှမ်းဟို့ကတော်လို့ ပြော ပါတယ်၊ ကွန်လုံဝမ်ရဲ့ မြောက်မြားစွာသော ဇနီးမယားတွေထဲ က တစ်ယောက်လို့ သိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကြော်....ရှမ်းဟိုကတောင်ကိုး၊ ကွန်လုံဝမ်ဟာ တော်တော် ရက်စက်တာပဲ'

'ဆရာလေး....သိနေလို့လား'

ဆန်ကွမ်းချီက မိန်းမဆောင်၌ ရှမ်းဟိုကတောင်နှင့် တွေ့ ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်လည် ပြောပြလိုက်၏။

'အင်း....ဆရာကြီး ကျင်ရှယ်အောက် အေးအေးဆေးဆေး အနားယူနေရတယ်ဆိုရင် ပြီးတာပါပဲ၊ ကျုပ်နဲ့ မတွေ့ရသေး တော့ စိတ်ပူပြီးလာမေးရတာပါ၊ တဲထဲမှာကလဲ အရေးကြီး စကားတွေပြောကြမှာမို့ ကျုပ်က အဲဒီအကြောင်းဖောက်ပြန် မမေးချင်ဘူး'

ထိုစဉ် မြင်းတစ်စီးသည် ဝါးရုံတောထဲမှ အပြင်းဒုန်းစိုင်း လာကြောင်း တွေ့ရသည်၊

ဆန်ကွမ်းချီတို့ လှမ်းကြည့်လိုက်သောအခါ မီးခိုးရောင် ဝတ်စုံဝတ်ထားသည့် ကျွန်လုဂိုဏ်းသားဖြစ်နေကြောင်း တွေ့ရ သည်၊

ထိုလူသည် လက်ထဲမှစာကိုမြှောက်ပြပြီး....

'စာ....စာ.... ဂိုဏ်းချုပ်ကြီးအိုယန်ထုံအတွက် စာ'

စကားဆုံးသည်နှင့် ထိုလူသည် မြင်းပေါ်မှ ဒဲ့ဒားလျောခေါင်း ကျသွားသည်၊



'ဝုန်း....'

ဆန်ကွမ်းချီ၊ တက်မုဆရာတော်နှင့် ကျိုးတာကြည်တို့ ပြေး သောအခါ ထိုလူ အသက်ကုန်နေပြီကို တွေ့ရှိရသည်၊

ထိုလူ၏ မီးခိုးရောင်ဝတ်စုံအောက်၌ အနက်ရောင် သိုင်းဝတ် တွေ့ရပြန်သဖြင့် ဆန်ကွမ်းချီရော ကျိုးတာကြည်ပါ ဟစ် ...ကက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်၊

ကျိုးတာကြည်က....

'ဆရာလေး၊ သူဟာ ကျွန်တော်တို့ ဂိုဏ်းသားမဟုတ်တာ ...မသေချာတယ်၊ ဒါပေမယ့် ကျွန်တော်တို့ဂိုဏ်းထဲကမြင်းနဲ့ ...စုံကိုယူဆောင်ဝတ်ဆင်ပြီး ဝင်လာနိုင်တာကတော့ အတော်၌ အံ့သြစရာကောင်းတယ်'

ဆန်ကွမ်းချီက ထိုလူ၏ အတွင်းမှဝတ်စုံကို ဖောက်ပြရင်း....

'သူဟာ ကွန်လုံဝမ် ဂိုဏ်းသားလဲမဟုတ်ဘူး၊ ဒီသိုင်းဝတ်စုံ ...ကို ဘယ်ကွန်လုံဝမ်ဂိုဏ်းသားမှ မဝတ်ဘူး'

'သိပ်ထူးဆန်းတာပဲ'

ကျိုးတာကြည်သည် ထိုလူ၏ လက်ထဲမှစာကို ယူလိုက်၏၊ ...ဒိတ်ပေါ်တွင် ဂိုဏ်းချုပ်ကြီး အိုယန်ထုံသို့ဟု လိပ်စာရေး ...သား၏၊

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် တဲအိမ်အတွင်းမှ ဆွေးနွေးသူများထွက် ကြ၏။

ကိုတိုးချွန်ကြီး အို့ယန်ထုံ၏အစီအစဉ်အရ ချင်းမိန် သမီးကို တဲတစ်လုံးတွင် သီးသန့်အနားယူစေသည်။

ကျန်လူများမှာမူ တစ်စုံတစ်ခုထူးခြားနေသော ဆန်ကူ[...] ထိန်မုဆရာတော်နှင့် ကျိုးတာကြည်တို့ ရှိရာသို့ အရေး[...] လျှောက်လာကြ၏။

ကျိုးတာကြည်က အို့ယန်ထုံအား အရေးတကြီး ဂ[...] ကာ အခြေအနေ အနေအထားကိုရှင်းပြပြီး စာအိတ်ကို ရှိ[...] ကမ်းပေးလိုက်သည်။

အို့ယန်ထုံသည် စာအိတ်ကို ဆွဲဖြဲပြီး ဖောက်ဖတ်၏။

ချက်ချင်းလိုလို မျက်နှာပျက်သွားသည်။

အားပေးလာသည်ရှိ ဝါစဉ်သိုင်းသမားကြီးများသည် ထို[...] အရေးပါပုံကိုသိရှိသဖြင့် ဂရုတစိုက် စောင့်ကြည့်နေကြ[...]

အို့ယန်ထုံသည် စာကို နိုင်ချစ်နေဒ်အားလှမ်းပေးပြီး[...] အနေစောင့်ကြည့်နေသူများအား တီးတိုးပြောလေ၏။

"ဒီစာ က ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပါ[...] ကွန်လုံမေ့နဲ့ လုံးဝမပတ်သက်ပါဘူး"

လူအားလုံး သက်ပြင်းချလိုက်၏။



[...]အချိန်တွင် ထိန်မုဆရာတော်နှင့် တက်မုဆရာတော်တို့သည် [...]ဦးကိုတစ်ဦး အကဲခတ်နေကြ၏။

[...]မုဆရာတော်က မိတ်ဆက် ရှင်းလင်းသောအခါမှ တာ[...]မု [...]တော်သည် ထိန်မုဆရာတော်အား ဦးတုပ်ရှိခိုးတော့သည်။

ထိန်မုဆရာတော်သည် ကျန်လုဂိုဏ်း၌ ရောက်နေသည့် ရှောင် [...]ဆရာတော်များအနက် ဝါစဉ် အကြီးဆုံးသော ပုဂ္ဂိုလ်ကြီး [...]သည်။

[...]င်ချစ်နေဒ်သည် အို့ယန်ထုံ လှမ်းပေးသည့်စာကို ဖတ်ရှု [...]ဘက် ဝါစဉ်ကြီး သိုင်းသမားကြီးများ အားလုံးအတွက် [...]ထိုင်ခင်း ပြင်ဆင်ပေးရန် ကျိုးတာကြည်အား အမိန့်ပေး[...]၏။

အခြား ကျန်လုဂိုဏ်းသား သုံးဦးအား လှမ်းခေါ်ပြီး [...]သာလူ၏ အလောင်းအား ကောင်းစွာ မြေမြှုပ်သင်္ဂြိုဟ် [...]

ထိုလူ၏ နေရာတိုယ်တွင် ဒဏ်ရာမြောက်မြားစွာ တွေ့ရှိသော်[...] ညှီကွဲသို့ ရရှိလာသည့် ဒဏ်ရာများရှိသည်ကို မစုံစမ်း[...]ပေး

ဝါစဉ်ကြီးသိုင်းသမားကြီးများကို ကျိုးတာကြည်က ခေါ်[...]င်သွားသဖြင့် ဆန်ကူခမ်းချီ၊ အို့ယန်ထုံနှင့် နိုင်ချစ်နေဒ်[...]ာ ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်က အသံနှိမ့်၍ မေးလေ၏။

'ဂိုဏ်းချုပ်ကြီး၊သဘောက ဘယ်လိုရှိပါသလဲရှင်'

အို့ယန်ထုံမှာ စိတ်ရှုပ်ထွေးနေဟန် ရှိသော်လည်း တ

ကြည်စွာ ဆက်ပြောသည်။

'အခြေအနေကဒီအထိဖြစ်လာမှတော့ ကျုပ်အတွက်မထိ

ချောင်ဘူး၊ နဂိုအတိုင်း စီစဉ်ထားတဲ့အတိုင်း၊ ဆောင်ရွက်

အကောင်းဆုံးပဲ၊ ကျုပ်ကိစ္စကို ဘာမှ မလုပ်နဲ့တော့'

ဤစာမှာ ဂိုဏ်းချုပ်ကြီး၊ အို့ယန်ထုံနှင့် ပတ်သက်သ

ကြီးမားသော ပြဿနာကို ယူဆောင်လာမှန်း ဆန်ကွမ်

သိသည်။

သို့သော် မည်သည့်ပြဿနာ ဖြစ်သည်ကိုမူ မသိချေ။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ မျက်ဝန်းမျက်နှာ ပျက်နေခြင်း

ကြည့်ပါက သေးငယ်သော ပြဿနာ မဟုတ်မှန်းတော့ ရိ

နိုင်သည်။

အို့ညန်ထုံက....

'ကဲ...မိန်းကလေး၊ ဒီကိစ္စကိုလဲ မိန်းကလေးပဲ ဆောင်ရွ

လိုက်ပါ၊ ကျုပ် အနားယူလိုက်ဦးမယ်'

စင်စစ် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ စိတ်ညစ်သွားခြင်းသ

ဖြစ်၏။



အို့ယန်ထုံ ထွက်သွားသည်နှင့် နိုင်ချစ်နော်သည် ဆန်ကွမ်း

ချီအား သူမတဲထဲသို့ ခေါ်ဆောင်သွား၏။

သူမသည် ချင်းဖိန့်မင်းသမီး ပါလာသည့်အတွက် စိတ်ထဲ

တွင် အလွန်တရာ စနိုးစနောင့် ဖြစ်နေ၏။

သို့သော် နှုတ်မှတော့ တစ်ခွန်းမျှ ထုတ်မပြောချေ။

နှစ်ယောက်စလုံး ထိုင်ခုံများတွင်ထိုင်မိကြသောအခါ နိုင်ချစ်

နော်က....

'ဆန်ကွမ်းချီ....ရှင့်ကို ကျွန်မ တစ်ခုတာဝန်ပေးချင်တယ်'

'ဟုတ်ကဲ့....လိုက်နာဖို့ အသင့်ပါပဲ'

'ဒီတစ်ခါကတော့ ကွန်လုံဂမ်နဲ့ မပတ်သက်ပါဘူး'

'ကိစ္စမရှိပါဘူး၊ ပြောစရာရှိတာကိုသာ ပြောပါ'

'ဂိုဏ်းချုပ်ကြီး၊ အို့ယန်ထုံအဖြစ် ဟန်ဆောင်ပြီး ချိန်းဆို

ထားတဲ့ နေရာတစ်ခုကို သွားရမယ်'

ဆန်ကွမ်းချီ စိုးရိမ်သွား၏။

သာမန်အားဖြင့် သူ့အား သေလမ်းသွားခိုင်းလျှင်လည်း သူ

ကြောက်ရွံ့ပါ။

အို့ယန်ထုံအဖြစ် ဟန်ဆောင်သွားပါက အများအပြား

ပေါ်လာမည်ကို သူ စိုးရိမ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ….တော်ကြာ….'

'ဂိုဏ်းချုပ်ကြီးကိုယ်တိုင်သွားရင် ပိုပြီးအမှားအယွင်းဖြစ်နိုင်တယ်၊ ဒါကြောင့်မို့ ရှင့်ကို လွှတ်တာပေါ့'

'ဘယ်သိုက်စွမ်းလဲ၊ သိခွင့်ရှိမလား'

'မရှိဘူး၊ လောကကြီးမှာ အားလုံး ပြီးပြည့်စုံတဲ့လူဆိုတာ မရှိဘူး၊ အလွန် ရိုးသားပြီး အလွန် သဘောကောင်းတဲ့ လူတစ်ယောက်ဟာ သူ့တစ်သက်မှာ အမှားအယွင်း မလုပ်နိုင်ဘူးလို့ ဘယ်သူကမှ အာမ မခံနိုင်ဘူး'

ဆန်ကွမ်းချိုမှာ အနည်းငယ် သဘောပေါက်လာ၏။

'ဒီ့ထက် ပိုပြီး ရှင်းမပြနိုင်ဘူးလား'

'ကျွန်မလဲ ဒီလောက်ပဲ ခန့်မှန်းနိုင်တယ်၊ အခုအချိန်ဟာ ဂိုဏ်းချုပ်ကြီး အိုယန်ထု အကျဉ်းအကျပ်ကျနေတဲ့ အချိန်လဲ ဖြစ်ပါတယ်၊ တစ်ဖက်ကပေါ်လာတဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကလေးကို ကျွန်မတို့ပဲ ဖြေရှင်းပေးသင့်တယ်'

ဆန်ကွမ်းချိုသည် အတန်ကြာ စဉ်းစား၏။

ကျွန်ကိုမှာ သိုင်းလောကကြီး တစ်ခုလုံးနှင့် တိုက်ရိုက် မသက်ဆိုင်ဟု ဆိုသော်လည်း သူ့သိုက်ချစ်တော့ သက်ဆိုင်နေသည်။



ဤကိစ္စ၌ အိုယန်ထု အချက်တကွဲ အကျိုးနည်းဖြစ်လျှင် ဂိုဏ်းလုဂိုဏ်းသည် တက်မဖြစ်ပါသော လွှော်ဖြစ်သွားပြီး ကွန်လုံဂိုဏ်း ယှဉ်ပြိုင်နိုင်စွမ်း မဲ့သွားပေလိမ့်မည်။

'ကောင်းပါပြီ၊ ကျုပ် အတတ်နိုင်ဆုံး ကြိုးစားပါမယ်'

'ကောင်းပြီ၊ ဒီလိုပဲ ကျွန်မ မျှော်လင့်ထားပါတယ်၊ ရှင့်ကို ချက်ပေးရမယ်'

နိုင်ချစ်နော်သည် ပညာစုံ တတ်၏။

သူမ၏ ရုပ်ဖျက်ရုပ်ပြောင်း ပစ္စည်းကိရိယာကလေးများကို ထုတ်ယူပြီး ဆန်ကွမ်းချိုအား ရုပ်ဖျက်ပေး၏။

မီးခိုးရောင် ဝတ်စုံရှည်ကြီးနှင့် ခေါင်းရိုက်ဦးထုပ်ကိုလည်း ပေးလိုက်၏။

'ရှင် အခု ဘက်ရှုးကို မိုင်နှစ်ဆယ်လောက်သွားပါ၊ အဘွားကြီးတစ်ယောက်ကို တဲအိုမှာ တွေ့လိမ့်မယ်၊ သူ့ကို ငွေနှစ်ဆယ် ပေးလိုက်၊ ခေါင်းလောင်း ကောင်းကောင်းတစ်လုံး ချင်တယ်လို့လဲ ပြောပါ၊ ဆိုရင် ရှင့်ကို သူခေါ်သွားလိမ့်မယ်'

'ကျုပ် မှတ်မိပြီ၊ သွားတော့မယ်'

နိုင်ချစ်နော်က ဆန်ကွမ်းချိုအား စူးစိုက်ကြည့်ပြီး….

'ရှင် ကျွန်မကို ဘာမှ ပြောစရာ မရှိတော့ဘူးလား'

ဆန်ကွမ်းချို ခေတ္တ တွေဝေသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထီးတိုးပြောၓ်၏။

'ကျွန်တော့်ညီလေးကို ကောင်းကောင်း စောင့်ရှောက်လို ပါ၊ သူဟာ လူတွေရဲ့အလေ့အထကို မကျွမ်းကျင်တော့ အမှ တွေ ပြောကောင်းပြောမိမယ်၊ အမှားတွေ ပြုကောင်းပြုမိမယ ခွင့်လွှတ်ပြီး စောင့်ရှောက်စေချင်ပါတယ်'

နိုင်ချစ်နော်က နာကြည်းစွာ ပြော၏။

'ရှင့်မှာ ဒါပဲ ပြောစရာရှိသလား'

ဆန်ကွမ်းချီက ခေါင်းညိတ်၏။

'ဒါပဲရှိတယ်၊ ကျုပ်သွားတော့မယ်'

'သွား....သွား....သွား၊ ရှင်ပြန်ရောက်လာတဲ့ အခါကျတော အနောက်စူးစူးက တိုင်းရင်းသားတွေဆီ သွားပြီးတော့ အိ ရွေ့မင်းအားရာထူး ဆက်ခံပေါ့ ဟုတ်လား'

ဆန်ကွမ်းချီမှာ နှလုံးသားကို ဓားနှင့် အထိုးခံရသလို န ကျင်သွား၏။

သို့သော် ချုပ်တည်းတတ်သော နှလုံးသားပိုင်ရှင်သည် မ သည့် စကားမျှ ခွန်းတုံ့မပြန်ဘဲ တစိုက်စိုက် ထွက်ခွာသွားလေ ၏။

'မသွားနဲ့ဦး၊ ကျွန်မပြောစရာ ရှိသေးတယ်'

ဆန်ကွမ်းချီမှာ ပြန်လှည့်လာရပြန်သည်။



နိုင်ချစ်နော်၏ မျက်လုံးများ၌ မျက်ရည်များ လည်နေ၏။ သူမသည် တစ်စုံတစ်ခုကို ပြောပြဖို့ ကြိုးစားနေသည်။

'ကျွန်မ....ကျွန်မ....'

သူမသည် တော်တော်နှင့် စကားပြော၍မထွက်ဘဲ ဖြစ်နေ၏။

အတန်ကြာမှ....

'ရှင် ယုံယုံ မယုံယုံ ကျွန်မတော့ တစ်ခုပြောနိုင်တယ်၊ ကျွန်မ ရဲ့ ခန္ဓာကိုယ်တာ အခုအထိ သန့်သန့်ရှင်းရှင်း ရှိနေပါတယ်'

ဆန်ကွမ်းချီက ခြောက်ကပ်ကပ် ပြော၏။

'ကျုပ်ယုံပါတယ်၊ သွားတော့မယ်'

ယုံပါတယ်ဟူသော ဆန်ကွမ်းချီ၏ ခြောက်ကပ်ကပ်နိုင်သော စကားသံက နိုင်ချစ်နော်၏ အသည်းနှလုံးကို ဓားနှင့်ထိုးခွဲသွား ၏။

ဆန်ကွမ်းချီသည် ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွား ၏။

သူ့နောက်မှ နိုင်ချစ်နော်၏ ငိုရှိုက်သံသဲ့သဲ့ကို ကြားလိုက် ရသည်။

ဆန်ကွမ်းချီကိုယ်တိုင်ပင် မျက်ရည်များ ဝဲလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ပင်ချစ်ငြားသော်သည်း အခြေအနေ မပေးသဖြင့် သူတို့နှစ်ဦး၏ ဘဝမှာ လုံးဝပေါင်းစပ်၍ မရနိုင်ကြောင်း ဆန့်ကွမ်းချီ သိသွားခဲ့ပြီ မဟုတ်ပါလား။

ဆန့်ကွမ်းချီသည် နိုင်ချစ်နေ၏ ညွှန်ကြားချက် အတိုင်း မိုင်နှစ်ဆယ်မျှ ပြေးလွှားခဲ့ရာ ညွှန်ကြားသည့်အတိုင်း လယ်တဲကလေးတစ်တဲကို တွေ့ရ၏။

ဆံပင်များ ဖြူဖွေးနေသည့် အဘွားအို တစ်ယောက်သည် တဲဝ၌ ထိုင်နေ၏။

အဘွားအိုသည် အတော်အလေး မျက်စိမှုန်ပုံရသည်။

ဆန့်ကွမ်းချီ သူ့ရှေ့၌ ရောက်နေသည်ကို တွေ့ဟန်မတူပေ။ သူမ၏နှုတ်မှ တတွတ်တွတ် ရေရွတ်နေသည်။

'အင်း....သာဖို့ အချိန်တော်သင့်ပြီ ဒါပေမယ့် သူတို့မလာသေးဘူး'

ဆန့်ကွမ်းချီသည် အဘွားအိုရှေ့တည့်တည့်၌သွားရပ်ကာ....

'အမေ....ကျွန်တော် ရောက်လာပါပြီ၊ ကျွန်တော် ခေါင်းတလားတစ်လုံး ဆောင်းကော့င်းလိုချင်လို့ ဒီကိုလာတာပါ'

သူသည် အဘွားအိုလက်ထဲသို့ ငွေတစ်ဆယ် ထည့်ပေးလိုက်၏။

အဘွားအိုမှာ လွန်စွာ အံ့ဩနေသည်။



'ဟင်....ဒီလိုထူးဆန်းတဲ့ ကိစ္စတွေ တကယ်ပဲ ရှိနေသလား'

ဆန့်ကွမ်းချီက....

'အမေ ဆောင်ရွက်ရော ရှိတာတွေ့သော ဆောင်ရွက်ပါ ကျွန်တော် နောက်ကလိုက်ဖို့ အဆင်သင့်ပါပဲ'

'ကဲ....မင်း ငါနဲ့လိုက်ခဲ့'

အဘွားအိုသည် တဲအိမ်ကလေး၏ အနောက်ဘက်ရှိ ချုံနွယ်ပင်များအကြားသို့ ခေါ်ဆောင်သွား၏။

တဲငယ်ကလေးများ ရှိနေပြီး တဲတစ်လုံးကို မောက်ညိုးညွှန်ပြသည်။

'အဲဒီတဲထဲမှာ ခေါင်းတစ်လုံး အားနေတယ်၊ မင်းယူသွားနိုင်တယ်'

'ကျေးဇူးတင်ပါတယ် အမေ'

ဆန့်ကွမ်းချီသည် အဘွားအိုအား နှုတ်ဆက်ပြီး ထိုတဲကလေးရှိရာသို့ လျှောက်လှမ်းလာခဲ့၏။

တဲအတွင်းသို့ ဝင်ရောက်ကြည့်သောအခါ အသစ်ကျပ်ချွတ် ခေါင်းကြီး တစ်လုံးကို တွေ့ရသည်။

တဲကလေးဆည် အတွင်း၌ အမှောင်ကလေး သမ်သမ်မှုပ်ရပ် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီသည် ခေါင်းအုံးကို သွား၍ဖွင့်ကြည့်သည်။

မည်သည့်အရာမျှ ခေါင်းထဲတွင် မရှိချေ။

'ဘာခွေလဲ၊ ခေါင်းထဲမှာ တစ်ခုခု ရှိတယ်ဆိုရင် ဟုတ်တုတ်တုတ်ပဲ၊ အခုတော့....'

သူသည် နိုင်ချစ်နော်၏ အမှာစကားကို ပြန်လည် ကြားယောင်လာသဖြင့် တဲထောင့်တစ်နေရာတွင် တင်ပျဉ်ခွေထိုင်ပြီး အတွင်းအား ကျင့်နေတော့၏။

ဆန်ကွမ်းချီသည် ညဥ့်သန်းခေါင်ယံ အချိန်အထိ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းသည်။

ထိုအခါကျမှ တိုးညင်းသောခြေသံကို စထင်ကြားရလေ၏။

'အို ယန်ထုံ၊ ကျုပ်ကိုမြင်ရင် မှတ်မိပါဦးမလား'

မီးရောင်လည်း လင်းလာသည်။

ထိုသူသည် မီးအိမ်တစ်ခုကိုပါ ကိုင်ဆွဲလာခြင်းဖြစ်၍ ထိုသူ၏ ရုပ်သွင်ကို မြင်ခွင့်ရလိုက်သည်။

ထိုသူက ထိုက်ယန်တောင်ကုန်း၌ ထန်ရှင်အနားယူနေစဉ်က သူ တွေ့မြင်ခဲ့ဖူးသည့် ပိန်လှီ သေးကွေးလှသော ပလွေရှင် အဘိုးအိုပေတည်း။



ဆန်ကွမ်းချီ သေချာစွာ ကြည့်သောအခါ ထိုအဘိုးအိုဘေးတွင် ဆံပင်ဖားလျားချထားသော အမျိုးသမီးကလေး တစ်ဦးပါ တွေ့ရလေ၏။

'အို ယန်ထုံ၊ ဘာဖြစ်လို့ စကားမပြောတာလဲ'

အို ယန်ထုံအဖြစ် ဟန်ဆောင်ထားသော ဆန်ကွမ်းချီမှာ စကားပြော၍ မဖြစ်ပေ။

စကားပြောလိုက်လျှင် သူ အလိမ်ပေါ်သွားပါလိမ့်မည်။

အဘိုးအိုက.....

'ကျုပ် ခင်ဗျားနဲ့စာရင်းရှင်းချင်လို့ စောင့်နေပါတယ်၊ ခုလို ခင်ဗျားရောက်လာတဲ့အတွက် ကျုပ်အများကြီး ဝမ်းသာပါတယ်'

အမျိုးသမီးကလေးက ဝင်မေး၏။

'ကျွန်မ တစ်ခု မေးပါရစေ၊ ကျွန်မ မိခင်ကြီးဟာ ရှင့် လက်ထဲမှာ သေဆုံးသွားခဲ့ရတယ်ဆိုတာ ဟုတ်ပါသလား'

ဆန်ကွမ်းချီမှာ စိတ်သောက ရောက်သွားသည်။

'ဒုက္ခပါပဲ၊ ဒါတွေဟာ ဂိုဏ်းချုပ်ကြီး အို ယန်ထုံရဲ့ လျှို့ဝှက်ချက်တွေ ဖြစ်လိမ့်မယ်၊ ငါ ဘယ်လိုဖြေရပါမလဲ'

မိန်းကလေးက ဆက်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မသိပါတယ်၊ အို့ယန်ထုံလို လူမျိုးက ကျွန်မကို အ
တော့မှ မလိမ်ဘူးလို့'

'ကျွန်တော် မလိမ်...'

ဆန်ကွမ်းချီသည် ရုတ်တရက် ပြောပြီးမှ မှားမှန်းသိ
သည်။

'ဒီကောင် လူလိမ်၊ သူဟာ အို့ယန်ထုံ မဟုတ်ဘူး'

အဘိုးအိုသည် ဆန်ကွမ်းချီအပေါ်သို့ လျှပ်တစ်ပြက် ခုန်အု
လေ၏။

ဆန်ကွမ်းချီမှာ မထင်ထားတော့ဘဲ ဘေးသို့ ခုန်ရှောင်ရ
သည်။

ဆန်ကွမ်းချီမှာ အဘိုးအို၏ တိုက်ခိုက်မှုကို ရှောင်တိမ်းရ
စဉ်းစားသည်။

'ဂိုဏ်းချုပ်ကြီး အို့ယန်ထုံဟာ စိတ်ရှည်လို့ ကောင်းတယ်
လူတစ်ယောက်လို့ ကျညီတတ်တယ်၊ သိုင်းလောကမှာ နာမည်
သတင်းလဲ ကောင်းတယ်၊ ဒီလိုလူမျိုးက မတော်မတရား အမှ
တစ်ခုကို ကျူးလွန်မိတယ်ဆိုရင်လဲ ခွင့်လွှတ်လိုက်တာပဲ'

ဆန်ကွမ်းချီမှာ အဘိုးအို၏ ပလွေရိုက်ချက်များကို အ
အကျေ ရှောင်တိမ်းနေရ၏။

'ပြန်ချတော့ မတိုက်ခိုက်ပေ။



'ခင်ဗျား အရမ်းမလုပ်နဲ့'

'မင်းဟာလူလိမ်ပဲ၊ ဘာဖြစ်လို့အို့ယန်ထုံ အယောင်ဆောင်
ရတာလဲ၊ အနှစ်နှစ်အလလက ငါတို့စောင့်မျှော်ခဲ့တာတွေ
ဲ့ဖြေသွန်ဖြစ်ပြီပေါ့'

ဆန်ကွမ်းချီမှာ နောက်ဆုံးမဘတ်သာတော့သဖြင့် လက်ဝါး
တစ်ချက်ခုခံလိုက်ရသည်။

ထိုလက်ဝါးရိုက်ချက်ကသည်း ချက်ကောင်းကို ထိသွား
သည်။

'ဝုန်း'

အဘိုးအိုမှာ မမျှော်လင့်ဘဲ ရင်ဝ၌ အရိုက်ခံလိုက်ရသဖြင့်
ဥ်စဉ်သွားသည်။

ဆန်ကွမ်းချီသည် သူလွန်သွားပြီကို သိသည်။

သို့သော် မတတ်နိုင်တော့ပေ။

အဘိုးအိုနှင့်ပါလာသော မိန်းကလေးက အပြင်းအထန်
က်ခိုက်သော်လည်း လက်ရည်မမျှသဖြင့် နောက်ဆုံး ဆန်
မ်းချီ၏ အကြောပိတ်ခြင်းကို ခံလိုက်ရတော့သည်။

✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅၈)

## အိုးယန်ထု၏ လျှို့ဝှက်ချက်

ဆန်ကွမ်းချို စစ်ဆေးသောအခါ အဘိုးအိုမှာ လက်ဝါး
ကျက်ဖြင့် တစ်ချက်တည်း ဆဲဆုံးနေသည်ကို ဝမ်းနည်းဖွယ်
လေ၏။

ဆန်ကွမ်းချိုမှာ အဘိုးအိုကိုကြည့်၍ ငိုင်နေမိလေ၏။

း ကလေးက....

င် ဘာကြည့်နေတာလဲ၊ ကျွန်မအဖေကိုလဲ သင်္ဂြိုဟ်ပြီးပြီ၊
ကိုလဲ သတ်တော့ပေါ့'

ဆန်ကွမ်းချိုက ကြေကွဲစွာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ လူသတ်သမား မဟုတ်ဘူး၊ ဒီလက်ဝါးဟာ ငါ့ အ[...] ထန်ဆုံး လက်ဝါးလဲ မဟုတ်ဘူး၊ သူခုခံနိုင်မယ်လို့ ငါ ယ[...] ခဲ့တယ်'

'ရှင် ဘာဖြစ်လို့ အို့ယန်ထု အပြစ် ဟန်ဆောင်လာခဲ့ရ[...] လဲ'

'ငါက ကျွန်လုလိုက်ကျားသား မဟုတ်ပေမယ့် အခုအခြေအ[...] မှာတော့ ယာယီအားဖြင့် ကျွန်လုလိုက်ကျားသား ဖြစ်နေတယ်၊[...] ကသွားမှာဆိုတော့လဲ ငါ မငြင်းသာဘူး'

မိန်းကလေးသည် ဆန်ကွမ်းချို၏ လေသံကို ကြားရ[...] အခါ စိတ်ရင်းအတိုင်း ပြောကြားနေခြင်းဖြစ်ကြောင်း [...] လည်သည်။

'ရှင် ကျွန်မတို့ကို ဘာကြောင့် ရန်မမူချင်ဘူးပေါ့'

'ဘာဖြစ်လို့ ငါက ရန်မူရမှာလဲ၊ မင်းတို့နဲ့ ငါ ဘာရန်[...] မရှိဘူး၊ နောက်ပြီး ငါက စတိုက်တာ မဟုတ်ပါဘူး၊ မင်းအ[...] ကိုက်လို့ ခုခံလိုက်ရတာပါ'

'ဒါဖြင့် ရှင် ကျွန်မကို အကြောဖွင့်ပေးပါ'

ဆန်ကွမ်းချိုက လှမ်းကူစွာပင် အကြောဖွင့်ပေးလိုက်[...]

မိန်းကလေးက ထူးထူးခြားခြားပင် ဆန်ကွမ်းချို[...] မိတ်ဆွေအဖြစ် လက်ခံကြောင်း အမူအရာများဖြင့် ပြ[...] သည်။



ထိုအပြုအမူအတွက် ဆန်ကွမ်းချိုမှာ များစွာ စိတ်သက်သာ ရသွားသည်။

'တကယ်ပါ၊ ငါ သူ့ကို ဘေးစေချင်တဲ့ဆန္ဒ လုံးဝမရှိပါဘူး၊ [...]ကလဲ ဘာဖြစ်လို့ ငါ့လက်ဝါးကို မခုခံတာလဲမသိဘူး'

မိန်းကလေးက သက်ပြင်းချလိုက်၏။

'သူ ဘာမှ မခုခံတာပါ'

'ဟင်....ဘာဖြစ်လို့လဲ'

'သူ ဘာမှ မခုခံတာပါ၊ သေလဲပြီးတာပဲဆိုတဲ့ စိတ်ဟာ [...]ိုးအရင်ကတည်းက ရှိနေခဲ့ပါတယ်၊ ကျွန်မက ဖျောင်းဖျ [...]န်းလို့ သူ ဒီအထိ အသက်ရှင်နေတာပါ'

'ဒီလောက်တောင်ပဲလား အို့ယန်ထုနဲ့ ဘယ်လိုများ ရန်ငြိုး [...]သလဲ'

'ရှင် ကျွန်လုလိုက်ကျားသားလား'

'မဟုတ်ပါဘူး၊ အခြေအနေအရတော့ ကျွန်လု လိုက်ကျားသား [...]စ်ယောက်အဖြစ် တာဝန်ထမ်းဆောင်နေရပါတယ်၊ ကျွန်လု [...]ိုက်ကျားနဲ့ ပတ်သက်ပြီး စကားပြောချင်ရင် ပြောလို့ ရပါတယ်၊ ငါ နားထောင်ပါတယ်'

ဆန်ကွမ်းချိုမှာ အမှန်အကန်ပင် သိချင်သဖြင့် ဤသို့ ဝန်ခံ စကား ပြောကြားခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ....ကျွန်မပြောမယ်'

မိန်းကလေးသည် အတန်ကြာ တွေဝေစဉ်းစားပြီးမှ ပြ
ညင်းစွာ ပြော၏။

'ကျွန်မဖေဖေဟာ ကွယ်လွန်သွားတဲ့ ကျွန်လုဂိုဏ်းချုပ်ကြ
ရဲ့ လက်ရုံးတပည့်ကြီးဖြစ်ပါတယ်၊ ကျွန်လုဂိုဏ်းချုပ်ရဲ့ အ
အဖြစ် ဂိုဏ်းချုပ်ကြီးကိုယ်တိုင်က ရွေးချယ်ထားခဲ့ပါတယ်

'ဪ'

'ဒါပေမယ့် တစ်နေ့မှာတော့ ကျွန်မဖေဖေဟာ မေ့ေ
သလိုဖြစ်သွားပြီး အလွန်ကျော်ဇေးလှတဲ့ မြောက်ဘက် တေ
ကုန်းဒေသထဲက ဂူတစ်ဂူထဲရောက်နေခဲ့တယ်၊ ဆေးမိသွားတ
ဆိုပါတော့၊ အဲဒီနားက တိုင်းရင်းသားတွေရဲ့ ကောင်း
ဖေဖေ ပြန်သတိရလာခဲ့တယ်၊ ဖေဖေပကတိ ကျန်းမာပြီးပြ
လာတော့ အို့ယန်ထုဟာ ဂိုဏ်းချုပ်ကြီးဖြစ်နေပြီ၊ တကယ်
ရင် အို့ယန်ထုဟာ ဖေဖေ့နောက်မှ ဂိုဏ်းချုပ်ဖြစ်ရမ
လူပါ'

'ဖြစ်ရလေ၊ ဒါတွေကို ကျုပ်မသိဘူး'

'ဘယ်သိမလဲ၊ ကျွန်လုဂိုဏ်းထဲကလူတွေတောင်မသိတဲ့ဥ
ဒါက ကျွန်မသိထားတဲ့ လျှို့ဝှက်ချက်ပါ၊ ဖေဖေက ကျွန်မ
ပြောမပြတဲ့ လျှို့ဝှက်ချက်တွေရှိသေးတယ်'

ဆန်ကွမ်းချီမှာ သံဝေဂရသွားသည်။



'ဪ...အားလုံး ဖြူစင်တဲ့လူဆိုလို့ ဘယ်သူမှ မရှိပါ
လား၊ ငါလဲ ဘယ်နေ့ရာမှာများ ညစ်နွမ်းတဲ့ စိတ်ခေတ်မျိုး
နေမလဲမသိပါဘူး'

အဘိုးအိုရဲ့သမီးသည် အဘိုးအို၏အတွင်းအိတ်ထဲ ရှာဖွေ
သောအခါ ထူထဲသောစာအိတ်တစ်အိတ်ကို တွေ့ရလေ၏။

မျက်မှောင်ကလေးကြုတ်ပြီး အတန်ကြာစဉ်းစားသည်။

ထို့နောက် ထိုစာအိတ်ကို ဆန်ကွမ်းချီအား လှမ်းပေး
လေ၏။

'ရော့...ဖေဖေတစ်ခါကပြောဖူးတယ်၊ အို့ယန်ထုနဲ့ ပတ်
သက်တဲ့အချက်တွေကို သူစာနဲ့ရေးထားသတဲ့၊ ဒီစာပဲဖြစ်လိမ့်
မယ်၊ ကျွန်မကတော့ မဖတ်ချင်တော့ဘူး၊ ကျွန်မပညာနဲ့လဲ
အို့ယန်ထုကို ယှဉ်နိုင်မှာ မဟုတ်ဘူး၊ ရှင် သိချင်ရင်တော့
ယူပြီး ဖတ်ကြည့်ပေတော့'

ဆန်ကွမ်းချီသည် စာကိုလက်ခံယူလိုက်သည်။

'ကျေးဇူးတင်ပါတယ်၊ ဒီအလောင်းကို ဘယ်မှာသင်္ဂြိုဟ်
ရမလဲ'

'ဘယ်မှာမှ မသင်္ဂြိုဟ်ပါနဲ့၊ ဟောဒီ ခေါင်းတလားကြီးထဲ
မှာပဲ ထည့်ထားပေးပါ၊ နောက်တစ်ရက်မှာ ကျွန်မပဲ လာ
သင်္ဂြိုဟ်ပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ...ဒီလိုဆိုရင် ငါကိုခွင့်ပြုပါ ငါနာမည် ဆန်ကျွမ်းချိုပါ'

မိန်းကလေးသည် ဆန်ကျွမ်းချိုအား လေးစားစွာ ဂါရဝပြုသည်။

သူသည် မှတ်ချက်ချ၍ အဘိုးအိုရဲ့အလောင်းကို ခေါင်းထဲသို့ အကျအနထည့်ပေး၏။

အဘိုးအို၏ပုလွေကိုလည်း သူ့ဘေး၌ ထားပေးသည်။

ထို့နောက် ခေါင်းဘသားအဖုံးကို ပိတ်လိုက်သည်။

'ကဲ...ငါသွားတော့မယ်'

'ကောင်းပါပြီ ကျွန်မသဲ ခုပဲသွားမှာပါပဲ'

ဆန်ကျွမ်းချိုသည် တဲကလေးကို ကျောခိုင်း ထွက်လာတော့သည်။

နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်တွင် ဆန်ကျွမ်းချိုသည် ကျန်လူကိုကား၏အခြေစိုက်စခန်းသို့ ပြန်လည်ရောက်ရှိလာသည်။

နိုင်ချစ်နေဘ်သည် တဘန်တက ဆောင့်မျှော်နေကြခြင်းကို ဆန်ကျွမ်းချို တွေ့ရသည်။

သူလာသည်ကို တွေ့ရသောအခါ ရှင်လန်းသွားကြောင်းကိုလည်း သတိပြုမိသည်။



'ကိစ္စအောင်မြင်ခဲ့လား'

'ပြေပါတယ်'

'ဟိုလူကော....'

'သေသွားပြီ'

ဆန်ကျွမ်းချိုသည် အဖြစ်အပျက်များကို အကုန်ပြောမပြဘဲ တစ်ဝက် ဖော်တစ်ဝက် ပြောသည်။

အိုယန်ထုံ၏ အတိတ်ဇာတ်ကြောင်းနှင့် အဘိုးအို၏အိုက်သမ စာရရှိခဲ့သည့် အကြောင်းများကို ထိန်ချန်ထားသည်။

နိုင်ချစ်နေဘ်သည် ဆန်ကျွမ်းချို၏ မျက်နှာကို သေချာစွာကြည့်ပြီး မေးခွန်းထုတ်သည်။

'ဘာတွေ ထူးသေးလဲ'

'ဘာမှ မထူးပါဘူး၊ ကျုပ်လက်ချက်နဲ့ သူသေသွားတာကိုပဲ စိတ်မကောင်း ဖြစ်မိတယ်၊ သူ့သမီးက ကျုပ်ကို ရန်ငြိုးထားတဲ့အတွက်တောင် ကျုပ်မှာ စိတ်မကောင်း ဖြစ်နေရပါသေးတယ်'

'ကဲ...ဒါဖြင့် ရှင်အနားယူပေတော့၊ ကိုကားချုပ်ကြီးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ အေးချမ်းသွားပြီလို့ ကျွန်မသဲလင်းပို့ အစီရင်ခံလိုက်ပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



'တကယ်လဲ အေးချမ်းသွားပါပြီ၊ မယုံရင် အဲဒီခေါင်း… သွားကြည့်လို့ရပါတယ်၊ အဘိုးအိုရဲ့အလောင်းဟာ အဲဒီခေါ… ထဲမှာ ရှိနေပါတယ်'

'ဒါဖြင့် ရှင်အနားယူ'

'အနားယူဖို့ မလိုပါဘူး၊ ဒီလောက် ပင်ပန်းတာကလေ… တော့ ကျုပ် ခံနိုင်ရည်ရှိပါတယ်'

'ဒီလိုဆိုရင် ကျွန်မတို့ရဲ့ တိုက်ခိုက်ရေးနည်းပရိယာယ်ကိုစွ… ဝင်ကူပေါ့ရှင်'

'ပြောနေစရာ လိုသေးသလားဗျာ၊ တစ်ချက်ပဲ ရှိတယ်… ချင်းဖိန်မင်းသမီးကို သူ့နေရပ်ရောက်အောင် ပြန်ပို့ပေးမယ်… ကျုပ် ကတိပေးခဲ့တယ်'

'ချင်းဖိန်မင်းသမီးအတွက် ဘာမှမပူနဲ့၊ အခု လုံခြုံတဲ့နေရာ… ပို့ထားတယ်'

'ဒါဖြင့်လဲ ပြီးတာပါပဲဗျာ၊ ခင်ဗျားတို့ တိုက်ခိုက်ရေး… နည်းပရိယာယ်က ဘယ်လိုလဲ'

'ဒီတစ်ခါ နောက်ဆုံးအကြိမ်လို့ ဆင်မှတ်ရတာပဲ၊ ဒီထိုးစ… မှာ ရှင်က လက်ရွေးစင်ဂိုဏ်းသား ငါးယောက်နဲ့ လိစင်းတို… ကျွန်းဖန်းတို့ကို ယူထားရမယ်'

'ကျုပ်က ဘယ်ဘက်က ထိုးစစ်ဆင်ရမှာလဲ'



'ရှင့်တာဝန်က ဒီလောက်မကြီးသေးပါဘူး၊ ရှင်က ပြောက်ကျားသဘောမျိုး ဆမ်းခုလတ်က ဖြတ်တိုက်ပေးရမှာပါ၊ တကယ့်…ပင်ပန်းမှာကတော့ ဂိုဏ်းချုပ်ကြီး အိုယန်ထုံ ပဲ၊ ဂိုဏ်းချုပ်ကြီးဟာ ကွမ်းစန့်စင်၊ ဖေကုံးလျှန်း၊ ကျွန့်စီမွန်နဲ့ လေးဆယ့်ရှစ်အဖွဲ့ကကျွန်ရှစ်ခဲ့တဲ့ ဂိုဏ်းသားသုံးဆယ့်ရှစ်ယောက်ကိုဦးဆောင်သိမ့်မယ်'

'ခင်ဗျားကကော….'

'ကျွန်မက ထိန့်မူဆရာတော်၊ တက်မူဆရာတော်၊ စိမူဆရာတော်၊ ဆရာကြီး ကျင်ရှယ်တောက်တို့နဲ့ တစ်စု ဖွဲ့စည်းပြီး ဂိုဏ်းချုပ်ကြီးကို ကူညီမယ်'

'ညီလေး ယွမ်ရှောက်ကော'

ကျယ်လောင်စွာ အော်ဟစ် ရယ်မောလိုက်သည့် အသံကို ကြားလိုက်ရသည်။

ယွမ်ရှောက်၏ ရယ်သံပင် ဖြစ်တော့သည်။

ယွမ်ရှောက်သည် တော အရွေးအမွေးများ ပျောက်ပျက်သွက်ရှိပြီ။

ဗဟုသုတ အတွေ့အကြုံနှင့် လူများကြား၌ စကားကို နရရေးသည်လည်း ပြောနိုင်စွမ်းရှိလာပြီ။

'ညီလေးက အစ်မလေးကို စောင့်ရှောက်မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

ဆန်ကုမ်းချီသည် အလှနီတာရာ သက်လက်နေသော ယွ
ဆော်၏ ပုံသဏ္ဍာန်ကိုကြည့်၍ ပြုံးမိ၏။

'ကောင်းတယ်၊ တိုက်ပွဲပြင်းထန်မယ်ဆိုတော့ ညီလေး
သူ့နားမှာ ရှိနေမှဖြစ်မှာ၊ သူက တိုက်ပွဲကြီးတစ်ခုလုံးကို ဦးစီး
ထိန်းမယ်'

'အစ်ကိုကြီး.... စိတ်သာချ၊ အစ်မလေးကို ထိခိုက်အော
လုပ်မယ့်လူဆိုရင် အဲဒီလူကို ညီလေး အရင် ဆုတ်ပစ်မယ်'

ဆန်ကုမ်းချီက နိုင်ချစ်နော်အား မရှင်းလင်းသည့် အချ
တစ်ချက်ကို မေးမြန်းလေ၏။

'အခု ကျုပ် ဖြတ်တိုက်ရမှာက ကွန်လုံဝမ်ကိုလား၊ ကွန်
ဝမ် ထွက်ပြေးသွားတဲ့ အကြောင်း ခင်ဗျား သိပြီးပါပြီနော်'

'သိပြီးပါပြီ၊ အခု တိုက်ရမှာက တောင်အလံအဖွဲ့ခွဲကိုပ
အဲဒီအဖွဲ့ခွဲ ခေါင်းဆောင်က သိုင်းပညာ သိပ်မကောင်းတယ်
သူ့နာမည်က ကူမါချီတဲ့၊ သူ့ တပည့်ကဆဲ သိပ်အင်အားကြ
တယ်၊ ကူမါချီတာ ကွန်လုံဝမ်ရဲ့ လက်အောက် တပည့်တွေ
မှာတော့ ဉာဏ်အကြီးဆုံးလူပဲ'

'အခု အဲဒီ တောင်အလံအဖွဲ့ခွဲက ဘယ်မှာလဲ'

'အဲဒီ အလံအဖွဲ့ခွဲတွေကို ကွန်လုံဝမ် ဆင့်ခေါ်ထား
စံတော်အိမ်ကို ပြန်လာနေကြပြီ၊ မြောက်အလံ အဖွဲ့ခွဲကိုတော



ကျွန်မ မျိုးဖြတ်ပြီးသွားပြီ၊ ကွန်လုံဝမ်ရဲ့ စံတော်အိမ်မရောက်မီ
မြက်ခင်းလွင်ပြင်ထဲမှာ တိုက်ခိုက်ရင် အကောင်းဆုံးပါပဲ'

'စိတ်ချပါ၊ ကျုပ် အတတ်နိုင်ဆုံး ကြိုးစားပါမယ်'

နိုင်ချစ်နော်က လက်ခုပ်သုံးချက် တီးလိုက်၏။

လက်ယာရံလှုငယ် လီစင်းနှင့် လက်ဝဲရံလှုငယ် ကျန်းဖန်းယို
အပြင် ဆန်ကုမ်းချီနှင့် တွဲခဲ့ဖူးသော လက်ရွေးစင် ဂိုဏ်းသား
ငါးယောက်တို့ ရောက်ရှိလာကြ၏။

နိုင်ချစ်နော်က ဆီး၍အမိန့်ပေးသည်။

'မင်းတို့အားလုံး ဆန်ကုမ်းချီနောက်ကို လိုက်ကြပါ၊ သူ
တာဝန်ပေးသမျှကို ထမ်းဆောင်ပါ'

ထိုလူစုမှာ ဆန်ကုမ်းချီနှင့်အတူ သွားရမည်ဆို၍ ဝမ်းသာ
သွားကြသည်။

ဆန်ကုမ်းချီ၏ နောက်နား၌ သွားရပ်နေသည်။

ဆန်ကုမ်းချီက နိုင်ချစ်နော်အား နှုတ်ဆက်ပြီး ထွက်ခွာ
လာသည်။

လီစင်းက....

'အစ်ကိုကြီး....အခု ကျွန်တော်တို့ ဘယ်သွားကြမှာလဲ'

'မင်းတို့ရောက်ဖူးတဲ့ မြက်ခင်းပြင်တစ်ခုပဲ'

www.burmeseclassic.com

www.burmeseclassic.com



ညနေဆည်းဆာအချိန်၌ မြက်ခင်းလွင်ပြင်သို့ ဆန်ကွမ်းချီ တို့ အုပ်စု ဆိုက်ရောက်လာတော့သည်။

မြက်ခင်းလွင်ပြင်တစ်ခုလုံး အေးချမ်းနေသည်။

ဆန်ကွမ်းချီသည် မြက်ခင်းစပ်၌ထိုင်ရင်း....

'ငါ ခဏ နားလိုက်ဦးမယ်၊ အကြောင်းရှိရင် ငါ့ကို လာ အကြောင်းကြားပါ၊ ဘာမှ အားနာမနေနဲ့'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ စောင့်ကြည့်နေပါ့မယ်၊ စိတ်ချ လက်ချသာ အနားယူပါ'

လီစင်နှင့် ကျန်းဖန်းတို့က ဆန်ကွမ်းချီအား သူတို့တာဝန်ယူကြောင်း ကတိပေးကြသည်။

ဆန်ကွမ်းချီမှာ အတွင်းအား နက်ရှိုင်းသည်ဆိုသော်လည်း အနည်းနှင့်အများတော့ ပင်ပန်းနေသေးသည်။

သူသည် အတွင်းအားလေ့ကျင့်ရန် တင်ပျဉ်ခွေ ထိုင်လိုက်သော်လည်း အတွင်းအိတ်ထဲမှ စာအိတ်ကို စမ်းမိသောအခါ အတွင်းအားကျင့်သည့်စခန်းသို့ မရောက်တော့ပေ။

'ဒီစာအိတ်ကလေးဟာ သိုင်းလောကကြီးရဲ့ အကျိုးနဲ့မပတ်သက်ဘူးဆိုရင် ငါဖတ်လို့ အလကားပဲ၊ ဂိုဏ်းချုပ်ကြီးအိုယန်ထုံဟာ သိုင်းလောကအပေါ် အများကြီး စေတနာကောင်းထားခဲ့တယ်၊ သူ့ကျေးဇူးတရားတွေကို သံပရာတစ်ခြမ်းနဲ့ ချေလို့တော့ မသင့်ဘူး'



သူသည် အစွန်း အင်္ကျီအိတ်ထဲမှ စာအိတ်ကို ဆွဲယူကာ တ်ဝါးထဲ၌ စုတ်ချေပစ်လိုက်တော့သည်။

ဂိုဏ်းချုပ်ကြီး အိုယန်ထုံ၏ လျှို့ဝှက်သော အကြောင်းရာများမှာ စက္ကူစုတ် အသေးအဖွဲ့ကလေးများနှင့် အတူ ပျောက်ကွယ်သွားပေတော့သည်။

သူ မည်မျှ တွေးတောနေခဲ့သည်မသိ။

လူငယ်နှစ်ယောက်က သူ့ဆီ သတင်းလာပို့မှ သူ့အတွေးစ တ်တော့သည်။

'အစ်ကိုကြီး၊ မြက်ခင်းလွင်ပြင်ရဲ့ အစပ်မှာ လူရိပ် လှုပ်လှုပ် ရှား တွေ့ရတယ်၊ တောင်အလံအဖွဲ့ရဲ့ ခေါင်းဆောင်တို့ စုများလား မသိဘူး'

'ဟုတ်လား....ဒီနေရာဟာ အချက်အချာကျတယ်၊ သူ့ကို ငါ ကို မဖြတ်လို့မရဘူး၊ သူတို့ဆီက ငါတို့က ဘာမှ တောက် း စရာ မလိုဘူး'

'ဟုတ်ကဲ့'

'မင်းတို့ ညီနောင်နှစ်ယောက် ခဏလောက် နေကြပါဦး၊ နည်းနည်းပါးပါး မေးစမ်းချင်လို့ပါ'

'ဘာများမေးမလို့လဲ၊ မေးပါ အစ်ကိုကြီး'

'မင်းတို့ ညီနောင်ဟာ ဂိုဏ်းချုပ်ကြီးအိုယန်ထုံရဲ့သက်တော် ခင့် တာဝန်ကို အရင်ကထမ်းဆောင်ခဲ့ကြတယ်နော်၊ မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



အမြင်မှာ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံရဲ့ အပြုအမူဟာ ဘယ်
များ ထူးခြားသည့်'

လီစင်းက.... ?

'ဂိုဏ်းချုပ်ကြီးဟာ သိုင်းပညာမှာအလွန်တော်တယ်၊ စိ
သဘောထား ပြည့်ဝတယ်၊ ကြင်နာထောက်ထားတတ်တဲ
စာကယ့်သူရဲကောင်းကြီးပါ ခင်ဗျာ'

ကျွန်းဖန်းကလည်း ဝင်၍ထောက်ခံလေ၏။

'တကယ်လဲ ရည်မွန်တဲ့ပုဂ္ဂိုလ်ကြီးပါအစ်ကိုကြီး၊ ဂိုဏ်းခ
တွေထဲမှာ ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးလောက် နူးနူးညံ့
သိမ်သိမ်မွေ့မွေ့ ပြောဆိုဆက်ဆံတတ်တဲ့ ပုဂ္ဂိုလ် ရှိမယ်မထ
ပါဘူး'

ဆန်ကွမ်းချိုက ခေါင်းညိတ်၏။

'အေး...ငါလဲ ဒီအတိုင်းပဲ မှတ်ထင်ထားတာပါပဲ'

လီစင်းက....

'ဘာများထူးခြားလို့လဲ အစ်ကိုကြီး'

'ဘာမှ မထူးခြားပါဘူး၊ ငါက ဂိုဏ်းချုပ်ကြီးအို့ယန်
ကို ကူသာကူညီနေရတာ သူ့အကြောင်းကို ဘာမှရေရေရာ
မသိလို့ပါ'

'ဩော်'



သူတို့ စကားကောင်းနေစဉ်မှာပင် လက်ရွေးစင်ဂိုဏ်းသား
ငါးဦးထံမှ အော်သံပေါ်လာ၏။

'ရန်သူလာနေပြီ'

ဆန်ကွမ်းချိနှင့်လူငယ်နှစ်ဦးသည် စကားဝိုင်းကို ဖျက်လိုက်
၏။

သူတို့ရှိရာသို့လာနေသူမှာ သုံးယောက်ရှိ၏။

'လီစင်းနှင့်ကျွန်းဖန်း လူချင်းခွဲထား'

ဘုတ်ိုသုံးယောက်သည် လူစုခွဲလိုက်ကြ၏။

မခွဲ၍မဖြစ်ပေ။

ကွန်လုံဝမ်ဂိုဏ်းသားများမှာ အလွန်တရာဉာဏ်များသည်။

ထူးဆန်းသော လက်နက်တစ်ခုခုဖြင့် ပစ်ခတ်လုပ်ကြံပါက
သူတို့သုံးယောက်စလုံး တစ်ပြိုင်နက်တည်း သေသွားနိုင်ပေသည်။

'ရပ်လိုက်'

ဆန်ကွမ်းချိုက အော်၏။

သို့သော် ထိုသုံးယောက်သည် လုံးဝရပ်ဆိုင်းခြင်းမရှိဘဲပြေး
ဝင်လာ၏။

လက်ရွေးစင်ဂိုဏ်းသား ငါးဦးမှာ ပညာချီထန့်ရှင် ဦးစီး
ခိုက်ခိုက်သော မြက်ရိုင်းလွင်ပြင် တိုက်ပွဲ၌ ပါဝင်ခဲ့သူဖြစ်၍
တိုက်ပွဲအတွေ့အကြုံ ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုင်ငါးဦးထဲမှ တစ်ဦးက ဆန်ကွမ်းချီထံသို့ ပြေးလွှားလာ ပြီး....

'ဆရာလေး၊ ဒါဖြာ လူထောင်ချောက်ပါ၊ သူတို့ဆီမှာ အသေခံဖောက်ခွဲမယ့် လက်နက်တွေပါလာလိမ့်မယ်၊ သူတို့ကို အနားကပ်ခံလို့မဖြစ်ဘူး'

ဆန်ကွမ်းချီသည် လက်ရွေးစင်ဂိုဏ်းသား၏စကားကိုအလေး ထားသည်။

'အနားအကပ်မခံနဲ့၊ တစ်ခုခုနဲ့ပစ်ခတ်ပြီး တားဆီးကြ'

သူတို့တွင် ဓားကိုယ်စီသာ ပါကြသည်။

တခြားလက်နက် မပါနေပေ။

လက်ရွေးစင်ဂိုဏ်းသားငါးဦးမှာ ထိုအဖွဲ့ဆင်နွဲရာတွင် ပြတ် သားသောစိတ်ဓာတ်ရှိကြသဖြင့် သူတို့၏လက်ထဲ၌ရှိနေကြသော ဓားများဖြင့် ပစ်ပေါက်လိုက်ကြ၏။

ဓားပျံများသည် လေထဲ၌ ဝှီးခနဲ ထွက်သွားနေသည်။

ပြေးလာသူသုံးယောက်သည် ထိုဓားပျံများကိုလုံးဝမရှောင် တိမ်းကြပေ။

ဓားသုံးချောင်းလုံး ရင်ဝဆီးစိုက်ခံရပြီး ဝါးနှစ်ရိုက်ခန့် လောက်အကွာတွင် လဲကျသွားကြသည်။

ဆန်ကွမ်းချီ ရှေ့တက်စုံစမ်းမည် ပြုသောအခါ လက်ရွေးစင် [illegible]သားတစ်ဦးက အရေးတကြီး တားဆီးလေ၏။

'ဆရာလေး၊ မသွားနဲ့၊ ခဏစောင့်ကြည့်ပါဦး'

သူ့စကားမဆုံးမီမှာပင် ထိုလူသုံးယောက်ထံမှ ဝုန်းဒိုင်း [illegible]ကွဲသံများ ထွက်ပေါ်လာတော့သည်။

'အင်း....ကံကောင်းပေလို့ပဲ'

ဆန်ကွမ်းချီ ကံကောင်းသွားသည်။

အပြာရောင်မီးခိုးငွေ့များ တလူလူထွက်နေသဖြင့် ထိုအငွေ့ [illegible]သည် အဆိပ်ငွေ့များဖြစ်နိုင်ကြောင်း၊ ဆန်ကွမ်းချီ ရိပ်မိ [illegible]သာပေါက်မိ၏။

ဆန်ကွမ်းချီက....

'သူတို့အကြံမအောင်ဘူးဆိုတာ သူတို့သိလိမ့်မယ်၊ ဓားသုံး [illegible]သားကြ၊ အလုံအဖွဲ့ခွဲ ခေါင်းဆောင်တွေ လာကာခွန်းနေပြီ'

ဆန်ကွမ်းချီ ခန့်မှန်းသည်မှာ မှန်သည်။

[illegible]မီးခိုးငွေ့များ ပျောက်ပြယ်သွားသောအခါ လူဆယ် [illegible]ကော်ခန့် မြက်ခင်းလွင်ပြင်ကို ဖြတ်သန်းလာနေကြောင်း [illegible]၏။

ဆန်ကွမ်းချီလည်း ထရပ်ပြီး စောင့်ကြို၏။

www.burmeseclassic.com

www.burmeseclassic.com

ရွှေဆုံးမှလာသူမှာ အလှန်တရာ ထွားကျိုင်းသန်မာလှ
ငွေရောင်တောင်ဝှေးကြီးကို ကိုင်ဆောင်ထား၏။

ထိုလူကို လက်ရွေးစင်ဂိုဏ်းသား ငါးယောက်က ကော
စွာ သိကြ၏။

မြောက်ရိုင်းလွင်ပြင်၌ ထန်ရှင် ကြီးကြပ်ညွှန်ကြားစဉ်အခါ
လက်ရွေးစင်ဂိုဏ်းသားငါးယောက်သည် ယခုကဲ့သို့လူပုံနေသ
မဟုတ်သေးပေ။

ရှစ်ယောက်စလုံး စုံစုံညီညီ ရှိနေခဲ့သည်။

တောင်ဝှေးနှင့်လူသည် အင်အား ကြီးမားသလောက်
ထားမှုစင်ကြောင်း လက်ရွေးစင် ဂိုဏ်းသားငါးဦး ကော
စွာ သိရှိထားသည်။

ထိုသူကား တောင်အလယ်အဖွဲ့ခေါင်းဆောင် ကူပ
လူယုံတပည့်ကြီး ကျောရှယ်ပေါင်ပေတည်း။

ဆန်ကွမ်းချိက အားလုံးကို အမိန့်ပေးလိုက်၏။

'ဒီမြောက်ခင်းလွင်ပြင်ဟာ ကြောက်စရာကောင်းတယ်၊
လုံး နောက်ဆုတ်ကြ၊ ထင်းရှူးတောထဲများခေါ်ပြီး တိုက်
မယ်'

လက်ရွေးစင်ဂိုဏ်းသားငါးဦးနှင့် လူငယ်နှစ်ဦးမှာ အရိ
လျှင် အတော်ထင်သူများဖြစ်၍ တစ်ခဏချင်းမှာပင်
ရှူးတောထဲသို့ ဆုတ်ခွာသွားကြ၏။



ဟေ့....ဘာဖြစ်လို့ ဆုတ်ပြေးသွားကြတာလဲ၊ ထွက်ခဲ့လေ

ဘီလူးကြီးတမျှကြီးမားထွားကျိုင်းလှသော လူ ဘီလူးကြီး
ရှယ်ပေါင်သည် ဆွဲ၏ငွေရောင်ဝှေးကြီးကို တရိပ်ရိပ် ဝှေ့
ပြီး ရှေ့သို့ခုန်ဝင်လာ၏။

သူအား ပထမဆုံး တားဆီးသူများမှာ လက်ရွေးစင်ဂိုဏ်း
ငါးဦးတို့ဖြစ်၏။

လက်ရွေးစင်ဂိုဏ်းသား ငါးဦးသည် အမှတ်လေးဆယ့်ရှစ်
သူများကဲ့သို့ပင် အကြမ်းခံရေစိမ်ခံတပ်သားမျိုး ဖြစ်
သည်။

သူတို့သည် 'ကျောရှယ်ပေါင်ကို စုပေါင်း၍ ခုခံကြ၏။

ကျောရှယ်ပေါင်၏နောက်၌ တောင်ဝှေးတစ်ချောင်းဖြင့်လိုက်
လာသူမှာ တောင်အလယ်အဖွဲ့ခေါင်းဆောင် ကူပါချိတည်း။

လက်ဝဲရံလူငယ် ကျွန်းဖန်းက ဆန်ကွမ်းချိအား လှမ်းပြော

အစ်ကိုကြီး၊ ဒီလူတွေကို ကျွန်တော်တို့ သုတ်သင်နိုင်ရင်
မြတ်ပြီ'

ဘာဖြစ်လို့လဲ'

www.burmeseclassic.com



'အလံ အဖွဲ့ခွဲ ခေါင်းဆောင်တွေထဲမှာ ဒီအဘိုးကြီး အစွမ်းအကောင်းဆုံးလို့ ပြောကြလို့ပါ၊ သူကို သတ်နိုင် ကွန်လုံဝမ်လက်ရုန်းတွေ ပြုတ်ပြီပေါ့၊ မြောက်အလံအဖွဲ့ခွဲ အစ်မလေး နိုင်ချစ်နော် ဖြိုခွဲပြီးပြီပဲ'

'မထင်နဲ့၊ အရှေ့အလံအဖွဲ့ခွဲနဲ့ အနောက်အလံအဖွဲ့ခွဲ သေးတယ်၊ ကွန်လုံဝမ်ဆီမှာ ငါတို့မသိတဲ့အင်အားတွေ အ ကြီးကျန်နိုင်တယ်၊ ရန်သူကိုအထင်မသေးခြင်းဟာ အော ခြင်းရဲ့ အဓိကအချက်ပဲ'

လူငယ်နှစ်ဦးသည် ရဲစွမ်းသတ္တိရှိခြင်းနှင့် သိုင်းပညာကေ ခြင်းတို့မှလွဲ၍ အခြားအတွေ့အကြုံနည်းပါးသဖြင့်ဆန်ကွမ်း ဆိုးမစကားကို လေးလေးစားစား နားထောင်နေကြသည်၊

ဆန်ကွမ်းချီက ဆက်၍ပြော၏၊

'ဘာပဲပြောပြော၊ ငါတို့အတွက် တစ်ခု သက်သာ တာရှိတယ်၊ အဲဒါကတော့ ကွန်လုံဝမ်ရဲ့ အထူးတပ် တစ်ရာ့ငါးဆယ်လောက်ကို ဖမ်းထားပြီး ထိန်းသိမ်းထ လိုက်တာပဲ'

လူငယ်နှစ်ဦးသည် ဆန်ကွမ်းချီ၏ ပလေ့သံဖြင့် အထူး သား တစ်ရာ့ငါးဆယ် ဖမ်းခေါ်လာသည့်အဖြစ်ကို ကေ စာ သိရှိကြသည်၊

'အစ်ကိုကြီး....အဲဒီပလေ့ကော'



ဆန်ကွမ်းချီက ခါး၌ထိုးထားသော နှစ်ထပ်ပိုက် ပလေ့ကို ထုတ်ပြလိုက်သည်၊

ကျန်လုဂိုဏ်း၏ လက်ရွေးစင် ဂိုဏ်းသား ငါးယောက်နှင့် ကျင်ရှယ်ပေါင်တို့သည် အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိကြ၏၊

ထိုစဉ် ကူပေါ်ချီက မည်သို့ အချက်ပြလိုက်သည်မသိ၊ နေဇတ် ပါးမှ ပါလာသည့် ကူပေါ်ချီ၏ တပ်သားဆယ်ယောက်တို့သည် လက်ရွေးစင်တပ်သား ငါးယောက်ကို ဝိုင်းတိုက်ကြတော့၏၊

လက်ရွေးစင်ဂိုဏ်းသား ငါးဦးတို့သည် သူတို့ အထူးလေ့ ကျင့်ထားသည့် ပူးပေါင်း တိုက်ကွက်ကို ဖော်ဆောင်ရတော့ သည်၊

ရှစ်ယောက်ဖြင့် အလေ့အကျင့် ပြုလုပ်ထားသည့် ပူးပေါင်း တိုက်ကွက်ကို ငါးယောက်ဖြင့် ပြန်လည်ပုံဖော်ရာတွင် သူတို့အဖို့ ကြီးစွာသော အခက်အခဲရှိပေသည်၊

သို့သော် တစ်ဦးနှင့်တစ်ဦး ယိုင်းပင်းခြင်း၊ ရဲစွမ်းသတ္တိ ရှိခြင်း စသည့်အချက်များကြောင့် ကူပေါ်ချီ၏ တပည့်များသည် လည်းကောင်း၊ ကျင်ရှယ်ပေါင်သည် လည်းကောင်း၊ ထိုငါးဦး ကို မဖြိုခွဲနိုင်ဘဲ ရှိကြလေ၏၊

လက်ဝဲရုံလူငယ် ကျန်းဖန်းက သူ၏ဓားလွတ်ကို ဝှေ့ယမ်း ပြီး....

'အစ်ကိုကြီး၊ ကျွန်တော်တို့ သွားကူမှ ဖြစ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရေခဲနှင့်လိုင်းအမည်ရှိသော သိုင်းကွက်ကို ခင်းလျက် ခုန်ထွက်သွား၏။

လီအင်းလည်း အတူလိုက်ပါ ခုန်ထွက်သွားသည်။

ထိုလူငယ်နှစ်ဦး၏ သိုင်းပညာမှာမူ ပူး ပေါင်း တိုက် ကွက် ကွဲကိုင် အချိတ်အဆက် အဝင်အထွက်ညီလှသဖြင့် ကူပါချီ၏ တပည့်များ အဖြည်းဖြည်း နောက်ဆုတ်ပေးရတော့သည်။

ထို နောက်ဆုတ်သူများထဲတွင် ကျင်ရှယ်ပေါင်တော့ မပါဝင်ပေ။

ထိုစဉ် ကူပါချီ၏ တပ်သားနှစ်ဦးသည် ရှေ့သို့ ကျုံထွက်လာပြီး ဆန်ကွမ်းချီအား တိုက်ခိုက်၏။

ထိုနှစ်ဦးမှာ မြက်ပင်ကို တံစဉ်ဖြင့် ရိတ်ဖြတ် ခံလိုက်ရသည့်အလား မှိုခနဲလဲကျသွားသည်။

ကျင် ရှယ် ပေါင် ၏ စွမ်းပကားမှာမူ လွန်စွာ အံ့ဖွယ်ကောင်းနေ၏။

မွေရောင် တောင်ဝှေးကြီးသည် လေထဲ၌ တဟူးဟူးမြည်နေလေ၏။

လက်ရွေးစင် ဂိုဏ်းသား ငါးဦး၏ ပူးပေါင်း တိုက်ကွက်ကောင်းလွန်းသဖြင့်သာ ကျင်ရှယ်ပေါင် မထိုးဖောက်နိုင်ဘဲ ဖြစ်သည်။



ကူပါချီသည် နောက်ထပ် သူ့လူငါးယောက်တို့ ရှေ့သို့ တိုက်ခိုင်းလိုက်ပြန်၏။

ပထမ ဆယ်ယောက်ထဲမှ နှစ်ယောက် သေဆုံးသွားသဖြင့် ရှစ်ယောက်ကျန်သည်။

ဒုတိယ ငါးယောက် ရှေ့တက်လာသောအခါ စုစုပေါင်း ဆယ့်သုံးယောက်ဖြစ်သွားပြီး ကျင်ရှယ်ပေါင်နှင့်ဆိုပါက ဆယ့်လေးယောက်တိတိ ဖြစ်သွားလေ၏။

ဆန်ကွမ်းချီတို့ဘက်ကမူ လက်ရွေးစင်တပ်သား ငါးဦးနှင့် လက်ဝဲရံ လက်ယာရံ လူငယ်နှစ်ဦးတို့သာ ရှိသည်။

ဆန်ကွမ်းချီကလည်း ကူပါချီ မဝင်သေးသဖြင့် စောင့်ကြည့်နေဆဲ ရှိသေးသည်။

လူအရေအတွက်အားဖြင့် ကူပါချီက သာလွန်သော်လည်း အရည်အချင်းအားဖြင့်မူ ဆန်ကွမ်းချီတို့ဘက်က သာသည်။

စိတ်ဓာတ်နှင့် သတ္တိအရာတွင်လည်း ဆန်ကွမ်းချီတို့ဘက်က သာသည်။

ရန်သူတို့အထဲ၌ စိတ်ဓာတ်အကောင်းဆုံး တိုက်ခိုက်သူဆို၍ ကျင်ရှယ်ပေါင်တစ်ယောက်တည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူလည်း အချိန်မည်မျှကြာအောင် ရှုပ်ရှုပ်ချ ချ တိုက်နိုင်မည်နည်း။

မည်သို့ပင်ဖြစ်စေ တိုက်ပွဲသည် ရေအိုးနေသကဲ့သို့ သူမကိုယ်မသာ ရှိနေဆဲ ဖြစ်လေ၏။

# အခန်း (၁၅၉)

## ဒဏ်ရာရသွားသော ကူပါချီ

အခြေအနေမှာ ဆန်ကွမ်းချီ ထင်ထားသလို မဟုတ်ပါ။

ကူပါချီသည် သူ့တပည့်များကို အတော်အသင့် ခေါ်ယူလာနိုင်သည်။

တိုက်ပွဲ အိမ်နေ့စဉ်မှာပင် ကူပါချီ၏ နောက်လိုက် သုံးဆယ်ခန့်သည် ထင်မရောက်ရှိလာ၏။

ကူပါချီ၏ တပည့်များမှာ အတော်အသင့်ထက် ပို၍ သိုင်းပညာ တော်ကြသဖြင့် အရေအတွက် သာသူများက တဖြည်းဖြည်း အထက်စီးရလာသည်။

ဆန်ကွမ်းချီမှာ ငြိမ်၍ ကြည့်မနေနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်လိပ်ပြာနှင့် ရှေ့ဓားကိုကိုင်ဆွဲပြီး တိုက်ခိုက်နေသည့် အုပ်စုများအကြားသို့ ပြေးဝင်ရတော့သည်။

သူ့ဓားသည် လေပွေမုန်တိုင်းသဖွယ်ဝင်သွားရာ ရန်သူများ ရှဲခနဲ ဆုတ်သွားကြရ၏။

မဆုတ်နိုင်သူများမှာ ထိခိုက်ကုန်သည်။

ဝက်စိုးနက်တစ်ယောက်မှာမူ ရှူးရှူးရှားရှားအော်ပြီး မြေကြီးပေါ်သို့ လဲကျသွားသည်။

သေမလောက်သည့် ဒဏ်ရာရသွားသူ ဖြစ်ချိမ့်မည်။

ဆန်ကွမ်းချို ဖြတ်ဝင်သွားမှုကြောင့် ရန်သူများအကြား၌ ခွပ်ကြောင်းကြီး ဖြစ်သွားသည်။

ဆန်ကွမ်းချိုသည် ထိုခွပ်ကြောင်းအတိုင်း သက်တံမိုးဖြတ် တိုက်ကွက်သုံး၍ ပြန်ဝင်လာပြန်၏။

ဆန်ကွမ်းချိုအား ဝက်စိုးနက်နှစ်ယောက်က သူတို့၏ဓားများဖြင့် တားဆီးလိုက်သည်။

'ဂျိမ်း....ချွမ်း....ချလန်'

ဆန်ကွမ်းချို၏ ရှေ့ဓားက တားဆီးသည့် ဓားနှစ်လက်ကို ထက်ပိုင်း ဖြတ်တောက်ပစ်လိုက်သည်။



ထိုလူနှစ်ယောက်မှာ ဓားကျိုးကြီးများကိုင်၍ အံ့အားသင့်နေခိုက် ရင်ဝတွင်တစ်ချက်၊ ဝမ်းဗိုက်တွင်တစ်ချက် ဓားထိုးခံလိုက်ရသည်။

'အား....'

စူးရှနက်ကျယ်သော အော်သံသည် လေထဲ၌ပျံ့လွင့်သွား၏။

ပျံလွှားငှက်တစ်ကောင် ပုံသန်းသည့်အလား ဝက်စိုးနက်များအကြား လူးလားဆန့်ခတ် တိုက်ခိုက်နိုင်သည့် ဆန်ကွမ်းချို၏ စွမ်းရည်ကြောင့် ကူပါချို၏ တပ်သားများမှာ ဖရိုဖရဲ ဖြစ်လာရတော့သည်။

လက်ရွေးစင်တပ်သား ၄ါးယောက်နှင့် လက်ဝဲရံလက်ယာရံ လူငယ်တို့သည် လွန်စွာ အားဆုတ်သွားကြ၏။

ဆန်ကွမ်းချိုသည်သူတို့အတွက်ယူရမည့်သူရဲကောင်းတစ်ယောက်ဟု သူတို့ အသည်းနှလုံးထဲ၌ မှတ်တမ်းတင်ထားကြသည်။

လက်ရွေးစင်ဂိုဏ်းသား ၄ါးဦး စိတ်ဓာတ်ကျသွားသဖြင့် ရွှေရောင်ဆောင်ဒုတ်ကြီး တဝှီးဝှီး ဝှေ့ယမ်းနေသော ကျင်ရှယ်ပေါင်မှာ တဖြည်းဖြည်း နောက်ဆုတ်ပေးလာရ၏။

ထိုကြားထဲ ဆန်ကွမ်းချိုက ရှေ့ဓားဖြင့် ထိုးနှက်တိုက်ခိုက်လာပြန်သဖြင့် ကျင်ရှယ်ပေါင်မှာ ကသောင်းကနင်း ဖြစ်လာသည်။

www.burmeseclassic.com

 www.burmeseclassic.com 

သို့သော် သူ၏ ငွေရောင် တောင်ဝှေးကြီးက အစွမ်းထက်လှသဖြင့် လက်ရွေးစင် ဂိုဏ်းသား ငါးဦးမှာ စိတ်ထင်တိုင်း နေရှ မတိုးနိုင်ဘဲ ဖြစ်နေကြရသည်။

ကျင်ရှယ်ပေါင်က ယိုင်ယိုင်ရှယ်ရှယ်နှင့် အစွမ်းထက်လှသော လက်ဝဲလက်ယာ လူငယ်နှစ်ဦးနှင့် ဆန်ကွမ်းချိုတို့ကို မျက်မှောင်ကြုတ်ကြည့်သည်။

'ဟောဒီမှာကြည့်ဟေ့.... ဘောင်ဖြိုတုတ်သိုင်းဆိုတာ ဒါပဲ ဟေ့'

ကျင်ရှယ်ပေါင်သည် အော်တစ်ပြီး ခုန်ပျံ တက်လာပြန်၏။

ငွေရောင်စက်ဝိုင်းကြီးသည် ငြိမ်သက်နေသော လေထုကို တဟူးဟူး ထလာစေသည်။

ဆန်ကွမ်းချိုသည် ကျင်ရှယ်ပေါင်၏ စွမ်းရည်ကို မျက်ကွယ် မပြုဝံ့တော့ချေ။

'အတော် ပြင်းထန်တဲ့ အားပဲ၊ ဒီအားကို သက်ရွေးစင်ဂိုဏ်းသားတွေ ခံနိုင်ကောင်းမှ ခံနိုင်မယ်'

ဆန်ကွမ်းချိုမှာ ဝတ်စုံနက်များကို ထိုးခုတ်တိုက်ခိုက်နေရာမှ ကျင်ရှယ်ပေါင်ရှိရာသို့ တိုးဝင် တိုက်ခိုက်ရတော့သည်။

ကူပါချိုသည်လည်း ဆန်ကွမ်းချိုကဲ့သို့ပင် စိတ်ပူနေသည်။

သူသည် ကွန်လုံဝမ်၏ အမိန့်အရ စံတော်အိမ်သို့လာခြင်း သည်။

အခြား အလံအဖွဲ့ခွဲ ခေါင်းဆောင်များနှင့် စံတော်အိမ်၌ ဆုံရမည့် အစီအစဉ်ရှိသည်။

'အင်း....တခြား အလံအဖွဲ့ခွဲခေါင်းဆောင်တွေနဲ့တွေ့ဖို့ အစီ ဉ်ဟာ ဒီကောင်တွေကြောင့် နောက်ကျတော့မယ် တူပါရဲ့'

သူသည် ခါး၌ လိမ်ပတ်ထားသည့် ကျာပွတ်ကို ဆွဲယူပြီး ပ်ကြားထဲသို့ ခုန်ဝင်တော့သည်။

ဆန်ကွမ်းချိုသည် ကူပါချို တိုက်ပွဲစည်းထဲသို့ ခုန်ဝင်လာ ကို မြင်သောအခါ လက်ဝဲရုံ လက်ယာရုံ လူငယ်နှစ်ဦး လှမ်းအော်သတိပေးသည်။

'ညီလေးတို့...ဒီအဘိုးကြီးဟာ အဖွဲ့ခွဲခေါင်းဆောင်ပဲ၊ ငါ ရင်ဆိုင်မယ်၊ ကျန်တဲ့လူတွေကို မင်းတို့ ကြိုးစားပြီး ခုခံ ပါ'

'စိတ်ချ အစ်ကိုကြီး'

ဆန်ကွမ်းချိုသည် ကူပါချိုနှင့် ရင်ဆိုင်ရန် ရှေ့သို့ခုန်ထွက် သည်။

ထိုအချိန်မှာပင် ဝေးလံသောအရပ်မှ စူးရှသော လေချွန်သံ ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

‘စစ်ကူလာပြီ’

ဆန်ကွမ်းချိုက အော်ပြောလိုက်ရာ လီစင်းက....

‘ဘယ်ကစစ်ကူလဲ’

‘ဒါ ငါ့ညီ ယွမ်ရှောက်ရဲ့ လေချွန်သံပဲ၊ ယွမ်ရှောက်လာ ဆိုရင် နိုင်ချက်နေ့ာ်လဲ ပါလာလိမ့်မယ်၊ ဒီတောင်အလုံအဖွဲ့ အဖြတ်အသတ် ချေမှုန်းကြ’

ဆန်ကွမ်းချိုက ကူပါချီနှင့် ယှဉ်ပြိုင်၍ သိုင်းကွက်ဆယ်ကျ မပြည့်မီမှာပင် မည်းမည်း အရိပ်တစ်ခုသည် တော်စုံနက်မျ အကြားသို့ ခုန်ပျံကျရောက်လာ၏။

‘ညီလေး...ယွမ်ရှောက်၊ ငွေရောင်တောင်မဝှေး ကိုင်ထား လူ့ဘီလူးကြီးကို တိုက်စမ်း’

ဆန်ကွမ်းချိုက ချက်ချင်း အမိန့်ပေးသဖြင့် ယွမ်ရှောက်သ ခရီးရောက်မဆိုက် ကျင်ရှယ်ပေါင်ထံသို့ ထပ်မံခုန်ဝင်သွား တော့သည်။

ကျင်ရှယ်ပေါင်သည် သူ့ထံသို့ ရန်သူဝင်လာသည်ကို ရိ သဖြင့် ယွမ်ရှောက်အား လှည့်ရှုရင်ဆိုင်သည်။

သူ၏ တောင်ဝှေးသည် ယွမ်ရှောက်၏ ဦးခေါင်းဆီသို့ ပြ ထန်သော အရှိန်ဖြင့် ကျရောက်သွား၏။

‘ဂွီး....’



‘ဖတ်....’

ယွမ်ရှောက်မှာ အလွန်တရာ လျင်မြန်သူ ဖြစ်ရကား ငွေ ာင် တောင်ဝှေးကြီးကို ဖတ်ခနဲ ဖမ်းဆုပ်လိုက်နိုင်သည်။

ထို့နောက် ငွေရောင်တောင်ဝှေးကို ဆွဲလုတော့၏။

ကျင်ရှယ်ပေါင်မှာ ယွမ်ရှောက်၏ လျင်မြန်မှုနှင့် ကြီးမား ာ အင်အားကို တွေ့ရှိရသောအခါ ထိတ်လန့်သွားပြီး သူ့ ာင်ဝှေးကို ပြန်လုရတော့သည်။

‘အကျိုးနည်း....အားကြီးတဲ့ကောင်ပါလား’

လူ့ဘီလူးကြီးတမျှ ကြီးထွားပြီး အားအင်ကြီးမားလှသော င်ရှယ်ပေါ်မှာ အလန့်တကြား ရေရွတ်လာတော့သည်။

ာင်ဝှေးကို အလယ်ကထားပြီး တစ်ယောက် တစ်ဖက် းစိုက်ခွန်စိုက် ဆွဲယူနေကြသည်။

မြင်ကွင်းသည် အော်သံဟစ်သံဖြင့် ခုတ်ထစ်နေကြသည့် လူ များကြားတွင် အလွန်တရာ ထူးခြားသည့် မြင်ကွင်း ဖြစ်နေ ာ၏။

ကူပါချီနှင့် ဆန်ကွမ်းချိုတို့သည်လည်း အပြင်းအထန် တိုက် ်နေကြသည်။

ကူပါချီ၏ ကျွာပွတ်သည် ဖုံးသြဖွယ်ကောင်းလောက်အောင် ာထဲ၌ လှည့်ပတ်ကစားနိုင်စွမ်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီး...ဒီလူကြီးကို ကျွန်တော် ရှင်းပစ်လိုက်မယ် ဘာမှ စိတ်မပူနဲ့'

'အေး'

ယှမ်းချောက်ကို လှည့်၍ စကား ပြောမိသဖြင့် ကူပါချီ၏ ကျားပွတ်သည် ဆန်ကွမ်းချီ၏လည်ပင်းကို မှတ်လုနီးနီး ဖြစ်သွား သည်။

သူ၏ရွှေဓားဖြင့် အထက်မှအောက်သို့ ဆွဲချလိုက်သောအခါ ကူပါချီသည်း သူ့ကျားပွတ်တိုက်ကွက်ကို ကမန်းကတန်း ရု သိမ်းလိုက်ရ၏။

ကူပါချီသည် ဆန်ကွမ်းချီ၏ ရွှေဓားအစွမ်းကို မြင်တွေ့ ဖြစ်သည်။

သူ့တပည့်နှစ်ဦး၏ ဓားသည် ရွှေဓားနှင့် ထိခိုက်မိသည်နှင့် ထက်ပိုင်းပြတ်သွားခဲ့ရသည် မဟုတ်ပါလော။

ဆန်ကွမ်းချီမှာ ကူပါချီအား အထင် မသေးသော်လည် ကျားပွတ်ကို နဂါးတစ်ကောင် ကစားသကဲ့သို့ မိုးလေလှုပ်ရှာ နိုင်စွမ်းရှိလိမ့်မည်ဟု မထင်ကြသေး။

ယခုမူ ကူပါချီသည် တိဗက်ကျားပွတ်ဘုရင်ကြီး တုအနိုင် ကဲ့သို့ပင် ကျားပွတ်စွမ်းရည် အပြည့်အဝရှိနေကြောင်း တွေ့ နေရလေ၏။

ကွမ်းချီ၏ တိုက်ကွက်ကြောင့် သူ့ကျားပွတ်ကို ကမန်း ရုပ်သိမ်းသည့်ဆိုသည်မှာ တခဏသာဖြစ်၏၊

ချင်းလိုလိုပင် ကျားပွတ်ရိုက်ချက်သည် သူ့ထံသို့ နောက် ထပ်မံရောက်ရှိလာပြန်သည်။

ဘုန်လှုပ်သွားသည်။

ပွတ်ရိုက်ချက်များ သူ့ခြေထောက်ကို မရှုစ်ပတ်မိ လေ ရှောင်ပြီး ကူပါချီအား ဓားဖြင့် ဝင်ပိုင်းရသည်၊

ချီ ခုန်ဆုတ်သွားပြန်၏။

ချီ၏စိတ်ထဲ၌ ဆန်ကွမ်းချီကဲ့သို့ ငယ်ရွယ်သော လူငယ် ကတ်ထဲ၌ ဤမျှ ဆန်းပြားသော ပညာများ ရှိနေ ဆင်မေ။

'...ကြောက်စရာပဲ၊ သိုင်းလောကထဲက နေ့သမ်က လဲ့ရင် ဘူက ဝါစဉ်ကြီး သိုင်းသမား ကြီးတော်ဘင်းဆုံးဆိုလို ဘင်းနေပါကလား'

ခဲယောက်သည် တိုက်ကွက် အမျိုးမျိုး ဂိုဏ်းချုပ်ကြီး တိုက်ခိုက်နေစဉ် မီးရောင်များ တဝင်းဝင်းနေတာပဲ' ချီဘက်လာနေကြောင်း တွေ့ရသည်၊ နိုလုံဝမ်ဘိုး၏ ချီ၏ စိတ်ထဲ၌....

'...ငါ့ဂိုဏ်းသားတွေဘော့ မဖြန်နိုင်ဘူး၊ ကျွန်ုပ် ဖြစ်ဖို့များတယ်'

www.burmeseclassic.com



ထိုသို့ တွေးနေစဉ် အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထ
အမျိုးသမီးတစ်ဦးကို ခြံရံထားသော လူအုပ်စုကြီးသ
သို့ ရောက်ရှိလာသဖြင့် ကွဲကွဲပြားပြား မြင်တွေ့လိုက်

ကျွန်လုဂိုဏ်းသားများမှ ကျွန်လုဂိုဏ်းသားများအ
နေချေတကား။

အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းက
နိုင်ချစ်နေဘ်ပင် ဖြစ်ပေတော့သည်။

ကူ 'အားလုံး ရပ်လိုက်ကြ'

သိမ်း နိုင်ချစ်နေဘ်၏အသံသည် စူးစူးရှရှ ထွက်ပေါ

ကူပါချဲ ကျခင်းလှင်ပြင်၌ တိုက်ခိုက်နေသူ အားလုံး ရ
ဖြစ်သည်။ ကွဲသွားသည်။

သူ တပည့်နှစ်ဦး ဂိုဏ်းသားများအဖို့ တအားတက်စရာ ဖြစ်
ထက်မိုးပြတ်သွားခဲ့

သည် သူ ကိုင်ထားသည့် ငွေရောင် 
ဆန်ကွမ်းချီမှာ ကူ လိုက်၏။
ကျာပွတ်ကို နဂါးဘ
နိုင်စွမ်းရှိလိမ့်မည့်နေဘ်က ကူပါချီ၏မျက်နှာကို သေချာစွာ 
ခွန်းထုတ်လိုက်သည်။

ယခုမှ ကူပါ
ကဲ့သို့ပင် ကျာကောင်အလံအဖွဲ့ခဲ့ ခေါင်းဆောင် ကျွန်မကို မှ
နေရသေး၏။



ါချီသည် ကောင်ဒုံးကို ကျင်လည်စွာ ရုပ်သိမ်းလိုက်

ဘမသခင်မပဲ၊ ကျုပ် မမှတ်မိစရာ အကြောင်းမရှိပါဘူး'
င် မှတ်ဉာဏ် ကောင်းသေးတာပဲ'
များ သစ္စာဖောက်သွားတာကိုလဲ ကျုပ် မှတ်မိနေပါ
ယ်'

င်း...အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ရှင်နဲ့ စကားပြော
တာပါပဲ'

ျုပ်ကို အညံ့ခံဖို့တော့ မပြောနဲ့ သခင်မ'

င် မှားနေပြီ၊ ဝမ်ဂိုဏ်းမှာ ဂိုဏ်းချုပ်ကွန်လုံဝမ်က လဲ့ရှင်
ညာအကောင်းဆုံး သိုင်းပညာ အကောင်းဆုံးဆိုလို
ယောက်ပဲရှိတယ်'

လောက်လဲ မဟုတ်ပါဘူး၊ ကျုပ်တို့ဆီမှာ ဂိုဏ်းချုပ်ကြီး
းရတဲ့ အတိုင်ပင်ခံ ပညာရှိကြီးတစ်ဦး ရှိနေတာပဲ'

အတိုင်ပင်ခံ ပညာရှိဆိုသူမှာ ထန်ရှင်နှင့် ကွန်လုံဝမ်တို့၏
ဦးလေး ဖြစ်သည်။

ိုဆရာကြီး၏ ဂိုဏ်းတူညီ ဖြစ်သည်။

းပါ၊ ကျွန်မပြောချင်တာက ရှင်ဟာ ကိုယ့်ခြေထောက်
ိုယ် ရပ်သင့်တယ်ဆိုတာပဲ၊ ကိုယ့်နှာခေါင်းပေါက်နဲ့ပဲ

www.burmeseclassic.com



အသက်ရှူသင့်တယ်၊ ဘာဖြစ်လို့ ကျွန်လုံဝမ် ခိုင်းသမျှ
လုပ်နေရတာလဲ'

'ကျုပ်ကလဲ မေးချင်ရှိတယ်၊ ဂိုဏ်းချုပ်ကြီးဟာ
အပေါ် အစောင့်မြှောက်ထားတာပဲ၊ ဘာဖြစ်လို့ ဂိုဏ်း
ကို သစ္စာဖောက်ရတာလဲ'

နိုင်ချစ်နော်က ရယ်ပြီး....

'ကျွန်မကိုယ်ထဲမှာ အရိုးစိမ့်အဆိပ် မရှိတော့
ကျွန်မ သူ့ကို ဘာဖြစ်လို့ သစ္စာစောင့်သိနေရတော့မှာ
သူ့အပေါ် သစ္စာစောင့်နေကြတဲ့ လူတိုင်းဟာ ရိုး
သို့မဟုတ် အရိုးစိမ့် အဆိပ်အပ် အမိခံထားရလို့ သစ္စာ
နေကြတဲ့ လူချည်း ဖြစ်နေတယ်'

သူမသည် ကူပါချီအား စူးစူးရဲရဲကြည့်ပြီး....

'ကျွန်မ မှန့်ကို တစ်ခုမေးပါရစေ၊ ရှင်လဲ ဘယ်လိုအ
အမိခံထားရသလဲ၊ အဆိပ်ဖြေဆေး မရမှာကို စိုးရိမ်နေ

ကူပါချီ ငိုင်သွားသည်။

စကားမပြောနိုင်တော့ပေ။

နိုင်ချစ်နော်က ဆက်ပြော၏။

'မြောက်အလံ အဖွဲ့ခေါင်းဆောင်လဲ သေသွား
အဖွဲ့ခွဲလဲ တပ်လုံးပြုတ်သွားပြီ၊ ကျွန်လုံဝမ်ရဲ့ အထူးလ



တစ်ရာငါးဆယ်ကိုလဲ ကျွန်မတို့ရဲ့ သူရဲကောင်း ဆန်ကွမ်းချီက
အံ့သြစရာကောင်းတဲ့ ပလွေတစ်ချောင်းနဲ့ ထိန်းထားပြီးပြီ၊ ရှင်
က ချွန်ပြီး အရှုံးပြချင်သေးသလား၊ ကျွန်တော်တို့အလံအဖွဲ့ခွဲနှစ်ခု
ကိုလဲ ကျွန်မတို့က ပြောင်ကျားတိုက်နည်းနဲ့ ဒုက္ခပေးနေတယ်'

ကူပါချီက အေးစက်စွာ ရယ်၏။

'မွန်းတိမ်းချိန်လောက်က ဟုန်ထောင်နဲ့ ကျုပ် ဆက်သွယ်
ပြီးပြီ၊ သခင်မပြောတဲ့စကားတွေကို ကျုပ် ယုံနိုင်ဘူး'

နိုင်ချစ်နော်က တခစ်ခစ်ရယ်သည်။

'ကျွန်မ ပြောပါရစေ၊ ဟုန်ထောင်ရဲ့ နောက်လိုက်တွေကို
မကာ ရှင် တွေ့သေးသလား'

ကူပါချီက ချက်ချင်းပင် စကားလမ်းကြောင်း ပြောင်းလိုက်
လေ၏။

'ကျုပ်တို့ မတိုက်ရသေးဘူး၊ သခင်မက စကားနဲ့ချည်း အနိုင်
ယူနေတာကိုး၊ တကယ်တိုက်ရင် အဖြေတစ်မျိုး ထွက်လာပါလိမ့်
မယ်၊ သခင်မ စမ်းကြည့်ချင်ရင် စမ်းကြည့်ပါဦး'

နိုင်ချစ်နော်က ခေါင်းညိတ်၏။

'ကောင်းပြီ၊ ရှင့်လူတွေကို အမိန့်ပေးပေတော့၊ ကျွန်လုံဝမ်
အကြောင်း ရှင်သိရမယ်၊ နောက်တစ်ကြိမ်မှာတော့ ရှင့်ကို ခွင့်
လွှတ်တော့မှာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကူပါချီသည် ဘေးပတ်ဝန်းကျင်ကို မျက်စိ ကစားလိုက်၏။

ကျန်လူဂိုဏ်းသားများ၏အင်အားမှာ အလွန်တရာများပြား နေသည်။

နိုင်ချစ်နော်သည် အင်အားဖြင့်သူ့အားအနိုင်ယူရန် ကြံစည် လာကြောင်း ကူပါချီရိပ်မိသွား၏။

'အင်း...သခင်မက ငါ့ကိုအင်အားနဲ့ ခြိမ်းခြောက်တာပဲ၊ သူတို့ထဲက အရေးကြီးတဲ့လူတစ်ယောက်ကို အနိုင် ကိုင်ရမယ်၊ အဲဒီလိုမှမဟုတ်ရင်တော့ သူတို့ကိုဖောက်ထွက်ဖို့လွယ်မှာ မဟုတ် ဘူး'

ကူပါချီ တွေးနေသည်ကို နိုင်ချစ်နော် ကောင်းစွာရိပ်မိ၏။

သူမသည် လျှပ်နေအောင်ပါးသူ ဖြစ်၏။

BURMESE CLASSIC

'ရှင်ဘာတွေ စဉ်းစားနေသလဲ၊ ကျွန်မက ရှင့်ကိုအညှာခံ ခိုင်းနေတာမဟုတ်ဘူး၊ ကွန်လုံဝမ်ရဲ့တစ်ပါးကျွန်ဘဝက လွတ် အောင် ရှင့်ကို ကျွန်မက ဟိုက်တုန်းနေတာ၊ စိတ်ကူးလွဲပြီး ကျွန်မတို့ကို ထိုးဖောက်တိုက်ခိုက်ဖို့ ကြံမနေနဲ့'

ကူပါချီက ခြောက်ကပ်စွာ ရယ်သည်။

'မတိုက်ခင် ကတည်းက အရှုံးပေးတဲ့ အကျင့်ဟာ ကျုပ် အကျင့်မဟုတ်ဘူး၊ သခင်မရဲ့သိုင်းပညာကို အရင်ဆုံးစမ်းသပ် ကြည့်မယ်၊ အသင့်ပြင်ပါ'



ကူပါချီသည် မတိုက်ခင်ကတည်းက သူ့ဘက်က တစ်ဝက် နေသည်ကို ရိပ်မိထား၏။

ဆက်၍စကားပြောနေပါက သူ့ဘက်တော်သားများ စိတ် တ်ပို၍ ကျလာမည်ကိုသိနေသဖြင့် စကားစကို လျင်မြန်စွာ ပြောင်းပစ်ရသည်။

သူသည် စကားလည်းဆုံး အလုပ်လည်းစ၏။

သူ၏ကျားပွတ်သည် နိုင်ချစ်နော်၏လည်ပင်းကို လာရောက် ပတ်တော့သည်။

နိုင်ချစ်နော်မှာ ကူပါချီအား စကားဖြင့်အနိုင်ယူရန် စိတ် ာနေသဖြင့် လျှပ်တစ်ပြက်ကျရောက်လာသည့် ကျားပွတ်ဖျား လည်ပင်းအပတ်ခံရမည်ကဲ့သို့ ဖြစ်သွားသည်။

သို့သော် ဆန်ကွမ်းချီက လွန်စွာလျင်သည်။

နိုင်ချစ်နော်၏ရှေ့မှ တစ်ပတ်ကျွမ်းထိုးထွက်သွားပြီး ရှေ့ဓား လက်ပြန်တွက်သွားရာ ကျားပွတ်ဖျား တစ်ပေခန့်ပြတ်ထွက် ားလေ၏။

နိုင်ချစ်နော်လည်း အသက်ချမ်းသာရာရသွားသည်။

ထိုအချိန်မှစ၍ ငြိမ်သက်နေသော ပတ်ဝန်းကျင်တစ်ခုလုံး ည် လှုပ်လှုပ်ရှားရှား အသက်ဝင်လာလေတော့၏။

အော်သံ၊ ဟစ်သံ၊ မာန်သွင်းသံများ ဆူညံလာပြန်တော့ ည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ရွေးစင် ဂိုဏ်းသား ငါးယောက်နှင့် ကျင်ရှယ်ပေ
လက်ဝဲရံ၊ လက်ယာရံလူငယ်များနှင့် ဝတ်စုံနက်များ၊ ဆန်ကျ
ချီနှင့် ကူပါချီ စသည့်သိုင်းသမားများသည် အသီးသီး အပြ
အထန် တိုက်ခိုက်ကြပြန်သည်။

ဆန့်ကွမ်းချီနှင့် ကူပါချီတို့၏တိုက်ခိုက်မှုမှာ ပို၍ ပြင်းထ
သည်။

ကူပါချီသည် ဆန်ကွမ်းချီအား အနိုင်ယူလိုချင်သည့် ဆ
လွန်စွာ ပြင်းထန်နေ၏။

ဆန့်ကွမ်းချီကို ခေးစားခံပြုလုပ်ပြီးထွက်ပေါက်ရှာရေးအတွ
ကြိုးစားရန် စိတ်ဇောသန်နေသည်။

သို့သော် တကယ်တိုက်ခိုက်သောအခါတွင်မူ မလွယ်ပါဘဲ ရှိ
သည်။

အဘယ်မှာလျှင် လွယ်ကူပါအံ့နည်း။

ဆန့်ကွမ်းချီသည် ကွန်လုံမေဲလာက် သိုင်းပညာအဆ
နေပြီး ဆန့်ကွမ်းချီ၏လျှတ်ယှဉ်းချက်မှာ အတွင်းအား ပညာ
ကွန်လုံဝမ်ကို မမှီခြင်းသာဖြစ်သည်။

ထို့ကြောင့် ကွန်လုံဝမ်အား တိုက်လျှင် ယှမ်ရှောက်
နှစ်ယောက်ပေါင်း၍ တိုက်ခိုက်နေရခြင်း ဖြစ်ပေသည်။

ယခုတိုက်ပွဲတွင် ဆန့်ကွမ်းချီကလည်း ကူပါချီ၏ကျော်ပွ
သတိထားသည်။



ကူပါချီကလည်း ဆန့်ကွမ်းချီ၏ ရှေ့ဘေးမှာ နွယ်နွယ်ရရ
ရှေ့ဘေးမဟုတ်ကြောင်း ရိပ်မိနေသဖြင့် သတိထားနေသည်။

သိုင်းလောက၏ရှေ့အနာသုံးမျိုးဟု ခေါ်တွင်သော မှတ်ညည်း
သုံးမျိုးအနက်မှ တစ်ခုဖြစ်ကြောင်းသိလျှင် လိုချင် လောဘ
တက်ကောင်းတက်မည်။

သို့မဟုတ် လက်လွှတ် ထွက်ပြေးကောင်း ထွက်ပြေးနိုင်ပေ
သည်။

နိုင်ချစ်နေ့သည် ဆန့်ကွမ်းချီတို့၏ အကြိတ်အနယ်တိုက်ပွဲကို
ကြည့်ပြီး လွန်စွာ စိတ်ပူပန်နေ၏။

ဆန့်ကွမ်းချီရဲ့ပညာဟာတောင်အလံအဖွဲ့ခေါင်းဆောင်ရဲ့
ပညာထက်ညံ့ဘူး၊ ဒါပေမယ့် အဖွဲ့ခေါင်းဆောင်ကသူ့ထက်
ဗဟုသုတ ပိုကြွယ်တယ်၊ တိုက်ပွဲအတွေ့အကြုံ ရှိတယ်၊ ဉာဏ်နီ
ဉာဏ်နက်များတယ်၊ အချိန်ဆွဲတိုက်ရင် ဆန့်ကွမ်းချီဒုက္ခရောက်
နိုင်တယ်

ထိုစဉ် ယှမ်ရှောက်သည် မနီးမဝေး၌ ရှိနေသည့် ပင်ပျို
သစ်ပင်ငယ်တစ်ပင်အား အတွင်းအားထုတ်၍ဆွဲနှုတ်လိုက်သည်။

ရှူးရှူးသော အသံဖြင့် အော်ဟစ်ပြီး ဝတ်စုံနက်များအား
တစ်ရှိန်ထိုး တိုက်ခိုက်တော့ရာ ကူပါချီ၏တပည့် အဓိတော်များ
များ ဒဏ်ရာအနာတရ ရကုန်တော့၏။

www.burmeseclassic.com



ထိုနေ့က ကျင်ရှယ်ပေါင်ထံသို့ တိုးဝင်သွားပြီး သစ်ပင်ဖြင့် ရိုက်ချသည်။

ကျင်ရှယ်ပေါင်ကလည်း သူ့ငွေရောင်ခေတ်ဝှေးဖြင့် ဆီးခံလိုက်ရာ ဝုန်းခနဲ မြည်ဟည်းသွားပြီး သစ်ပင်ငယ်မှ သစ်ရွက်များ ကြွေကျကုန်၏။

ထိုအချိန်မှစ၍ တိုက်ပွဲအစီအစဉ်သည် တစ်မျိုးတစ်ဖုံပြောင်းလဲသွားပြန်တော့သည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်လုဂိုဏ်း၏ လက်ရွေးစင် ဂိုဏ်းသား ငါးဦးသည် ကျင်ရှယ်ပေါင်နှင့် ထိပ်တိုက် တိုးနေခြင်းမှ ကင်းလွတ်သွားပြီး ဝိယာလူငယ် နှစ်ဦးဘက်သို့ ဦးလှည့်စစ်ကူပေးနိုင်ကြသည်။

ယွမ်ချောက်နှင့် ကျင်ရှယ်ပေါင်၊ ဆန်ကွမ်းချီနှင့် ကူပါချီ စသဖြင့် ယှဉ်တွဲတိုက်ခိုက်ကြသည်။

ဆန်ကွမ်းချီ၏ လက်ထဲရှိနေသော ရွှေဓားနှင့် ဆန်ကွမ်းချီ၏ စွမ်းရည်ကို ပေါင်းစပ်လိုက်ပါက ဆန်ကွမ်းချီသည် ကွန်လုံဝမ်ကို အနိုင်ယူနိုင်စွမ်းရှိ၏။

သို့သော် ဆန်ကွမ်းချီသည် ထိုရွှေဓားကို တစ်နည်းတစ်ဖုံအားဖြင့် လက်လွှတ်သွားမည်ကို စိုးရိမ်သည်။

သူသည် ထိုရွှေဓား၏ တန်ဖိုးကို သိသူဟုတ်။



ရွှေဓားကို ယူဆောင်ခဲ့သူလည်း မဟုတ်။

ရွှေဓားပိုင်ရှင်မှာ လောလောဆယ်အားဖြင့် နိုင်ချစ်နေဖြစ်နေ၏။

သူတစ်ပါးပိုင်ဆိုင်သည့် ဓားကို၊ အထူးသဖြင့် နိုင်ချစ်နေပိုင်ဆိုင်သည့် ရွှေဓားကို သူ့ကြောင့် မဆုံးရှုံးစေလိုပေ။

ဓားဆုံးရှုံးမည်ဆိုပါက သူ့အသက်ကိုပင်ဆန်ကွမ်းချီစွန့်ရ အသင့်ရှိသည်။

ထိုသို့ စိုးရိမ်သောစိတ်ဓာတ် ရှိနေသဖြင့် ဓားအစွမ်းနှင့် ဝ အစွမ်းကို သဟဇာတဖြစ်အောင် ပြောင်းလဲနိုင်ခြင်း မရှိချေပေ။

ထို့ကြောင့် ကူပါချီအား အနိုင်ယူနိုင်ပါလျက် တန်းရည်တူ တိုက်ခိုက်နေရခြင်း ဖြစ်တော့သည်။

နိုင်ချစ်နေသည် ဆန်ကွမ်းချီအား ခေတ္တ လျစ်လျူရှုကာ လက်ရွေးစင် ဂိုဏ်းသား ငါးဦးဘက်သို့ လျှောက်သွား ဦးဆောင်ယမ်းညွှန်ပြုပြန်၏။

ရှင်တိုင်ငါးယောက်က မြားဦးပုံသဏ္ဍာန်နဲ့ အဲဒီဝတ်စုံနက်တွေကြားကို ထိုးဖောက်သွားပါ၊ ကျွန်မက ဓားတစ်ဖက်ဆို လူဆယ်ယောက်စီ ဝင်ခိုင်းမယ်

ထိုသို့ အမိန့်ပေးနေစဉ် ကူပါချီနှင့် ဆန်ကွမ်းချီတို့သည် ရုတ်တရက် လူချင်းပူးကပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီက ကူပါချီ၏ ကျောပွတ်ကင် လက်ကောက်ဝတ်ကို ဆုပ်ကိုင်မိပြီး ကူပါချီက ဆန်ကွမ်းချီ၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်မိသွား၏။

မမျှော်လင့်ဘဲ လှုပ်ရှားမှု မိသွားသဖြင့် သူတို့နှစ်ယောက်စလုံး အတွင်းအားထုတ်၍ တိုက်ခိုက်ရုံမှအပ အခြားဘာမျှမတတ်နိုင်တော့ပေ။

နှစ်ဦးစလုံး အငွေ့တွေ ပြိုင်းပြိုင်း ထလာ၏။

ဦးခေါင်းထက်မှ ရေခိုးရေငွေ့ ဖုတ်သလို အငွေ့များ ထလာ၏။

အကယ်၍ ဆန်ကွမ်းချီသာ ကွန်လုံခမ်းနှင့် ယှဉ်ပုံစံအတိုင်း ရင်ဆိုင်မိလျှင် မုချရှုံးနိမ့်သွားရပေမည်။

ကူပါချီမှာ ကွန်လုံဝမ်လောက် အတွင်းအား မကောင်းသဖြင့် သူ့ဘင်ကိုယ်စောင့် အကြိတ်အနယ်ယှဉ်ပြိုင်နေရတော့သည်။

ထိုအချိန်သည် လွန်စွာ အရေးကြီး၏။

စိတ်ငြိမ်ရန် အရေးကြီးသလို တစ်ယောက်ယောက်ကဝင်၍ မနှောင့်ယှက်ရန်လည်း အရေးကြီး၏။

ထိုအချိန်၌ နိုင်ချစ်နော်သည် လက်ရွေးစင် ငါးယောက်နှင့် ရောက် ရှိနေသည်။



သူမက ဆန်ကွမ်းချီအား လှမ်းကြည့်လိုက်သော အချိန်တွင် …၏ မျက်လုံးများ ပြူးသွားစေမည့် မြင်ကွင်းကို တွေ့လိုက်ရတော့သည်။

ကူပါချီ၏ တပည့်တစ်ယောက်သည် လက်ဝဲရံ၊ လက်ယာရံ …ယ်နှစ်ဦးကို ကြောက်ရွံ့ဟန် အရှုံးပေးဟန်ဖြင့် ဆန်ကွမ်းချီ …ဆီသို့ တဖြည်းဖြည်း နောက်ဆုတ်သွားနေ၏။

သူ နောက်ဆုတ်သွားနေခြင်းမှာ သွေးရိုးသားရိုး မဟုတ်၏။

ဆန်ကွမ်းချီအား တစ်စုံတစ်ခု ပြုလုပ်ရန် မရိုးသားသော …ဖြင့် နောက်ဆုတ်သွားနေခြင်းဖြစ်ကြောင်း နိုင်ချစ်နော် …သိလို သိနေသည်။

သူမသည် တစ်ဟုန်ထိုး ခုန်ပျံပြေးလွှားလာ၏။

ထိုအချိန်မှာပင် ကူပါချီ၏ တပည့်သည် ဆန်ကွမ်းချီ၏ …ကျောပြင်ကို လက်ဝါးဖြင့် ရိုက်ချ၏။

ထိုသို့ရိုက်ပြီးချိန်မှာပင် နိုင်ချစ်နော်က ထိုသူအား လက်ဝါး …ရိုက်ချမိလေတော့၏။

'ဝုန်း....'

'ဝုန်း....'

ဆန်ကွမ်းချီ လွင့်စဉ်သွားသကဲ့သို့ ကူပါချီ၏ တပည့်သည်လည်း …လွင့်စဉ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆန်ကွမ်းချိုကတော့ မသေ၊ ကူပါချီ၏တပည့်မှာ တစ်ခ
တည်းနှင့် အသက်ထွက်သွားသည်။

နိုင်ချစ်နော်သည် ဒေါသဟုန်းဟုန်းထလာပြီး ကူပါချီအ
ထရကြမ်း တိုက်ခိုက်တော့သည်။

ကူပါချီမှာ ဆန်ကွမ်းချိုနှင့် အားကုန် တိုက်ခိုက်ရသ
ပင်ပန်းနွမ်းနယ်နေသည်။

နိုင်ချစ်နော်၏ တိုက်စစ်ကို ခုခံရုံသာ ခုခံရတော့သည်၊

တန်ပြန်တိုက်စစ် မဆင်နိုင်တော့ပေ။

'အင်ကိုကြီး ဒဏ်ရာရသွားပြီလား'

ယွမ်ရှောက်၏အော်သံသည် မိုးယံသို့တိုင်ပဲ့တင်ထပ်သွား

သူ့လက်ထဲမှ ပေါင်လုံးခန့်ရှိသော သံစ်ပင်သည် တဝ
မြည်လာ၏။

ကျင်ရှယ်ပေါင်၏ ငွေရောင်တောင်ဓေးကို ရိုက်ထုတ်လိုက်
ကျင်ရှယ်ပေါင်မှာ ငါးလှမ်းခန့် နောက်ဆုတ်သွားရ၏။

ထိုတခဏ် အချိန်ကလေးအတွင်း၌ ယွမ်ရှောက်သည် နိုင်
နော်နှင့် ကူပါချီတို့၏ တိုက်ပွဲစည်းအတွင်းသို့ လျှပ်တစ်ပြ
ခုန်ဝင်လာပြီး ကူပါချီအား သံမြစ်နှင့် ရိုက်ချလိုက်သည်၊

'ဝုန်း....'

ကူပါချီမှာ ဆန်ကွမ်းချို ခံရသကဲ့သို့ ဝင်္ဂလည်သွား၏။



နိုင်ချစ်နော်အားအထူးဂရုစိုက် ခုခံနေခိုက်ဖြစ်၍ နောက်လှ
မ်ရှောက်၏ လက်ချက်အား ခုခံနိုင်စွမ်းမရှိဘဲ ဖြစ်သွားသည်။

ဆယ်ပေခန့် လွင့်စဉ်လိမ့်ဆင်းသွား၏၊

ယွမ်ရှောက်၏ဒေါသမှာ ဒေါသမီးတောင် ပေါက်ကွဲသကဲ့
ပေါက်ကွဲခဲ့ရကား နောက်တစ်ကြိမ်တွင် ပြန်ရင်ဆိုင်ရသော
ကျင်ရှယ်ပေါင်မှာ ယွမ်ရှောက်၏ တိုက်စစ်ကို လုံးဝ မခုခံနိုင်
တော့ပေ။

လက်ထဲမှ ငွေရောင်တောင်ဓေးကြီးပင် လွတ်ကျသွားသည်။

ယွမ်ရှောက်သည် လက်ထဲမှသံစ်ပင်ဖြင့် မနားတမ်းတိုက်ခိုက်
ကျင်ရှယ်ပေါင်မှာ လွန်စွာအသိနာခံနေတော့၏။

အလွန်ခွန်အားကြီးမားသူဖြစ်မျှသာ ဤမျှ ကြံ့ကြံ့ခံနေနိုင်
င်း ဖြစ်ပေသည်။

ကူပါချီ ဒဏ်ရာရသွားပြီး ဦးခေါင်းသွန်ကြွားခြင်း မပြုနိုင်
သာဖြင့် ကူပါချီ၏တပည့်များမှာ အကွပ်မဲ့ကြမ်း ပရမ်း
သာဖြစ်သွားကြသည်၊ ဖရိုဖရဲဖြစ်ကုန်သည်၊

တခဏ်အတွင်း ခုနစ်ယောက်ခန့် လဲကျသွားရသည်။

ထိုအချိန်မှာပင် သူတို့၏နောက်ဘက်ဆီမှ ငြာသံပေးသည့်
သံများ ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



မီးတုတ်မြောက်မြားစွာ၏အလင်းရောင်သည် တဖြည်းဖြည်း နီးလာ၏။

"မိန်းကလေး၊ ကျွပ်သွားပြီ"

အရေးမှလွင့်ပျံလာသည့်အသံကား ကျွန်လုဂိုဏ်းချုပ်ကြီး အိုယန်ထုံ၏ အသံတည်း။

ထိုအသံကြောင့် ကူပါချီ၏နောက်လိုက်အချို့သည် နောက် ပြန် လှည့်ပြေးသည်။

ဝဲယာလူငယ်နှစ်ယောက်နှင့် ကျွန်လုဂိုဏ်းသား အချို့ လိုက်တိုက်ရန် ဟန်ပြင်လိုက်သည်။

"မလိုက်နဲ့၊ သူတို့ပြေးပါစေ"

ကျွန်လု ဂိုဏ်းသားများ အံ့အားသင့်ပြီး တုံ့ဆိုင်းသွား ၏။

ကျင်ရွှယ်ပေါင်သည် သူ့ဆရာဖြစ်သူ ကူပါချီအား ပွေ့ချီ တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။

"တစ်ယောက်မှမလိုက်နဲ့၊ သူတို့ပြေးပစေ"

နိုင်ချစ်နော်က ထပ်၍အမိန့်ထုတ်လိုက်၏။

ကျွန်လုဂိုဏ်းသားများမှာ အမိန့်ကို အလွန်တရာ ရိုသေ လေးစားကြသူများဖြစ်၍ နိုင်ချစ်နော်က တစ်ကြိမ်တားဆီး သည်နှင့် လုံးဝ ခြေတစ်လှမ်းမှ မတိုးကြချေ။



သို့စဉ်လျက် နိုင်ချစ်နော်က ရှေ့ ထပ်မတိုးရန်အမိန့်ပေးနေ ကြောင့် သူတို့မှာ အံ့ဩပြီးရင်း အံ့ဩနေကြတော့သည်။

ကျင်ရွှယ်ပေါင်နှင့် ကူပါချီတို့သည်လွယ်ကူစွာလွတ်မြောက် သွားလေတော့၏။

ထိုအချိန်မှာပင် ကျွန်လု ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည် ရောက်ရှိလာလေ၏။

ဂိုဏ်းချုပ်ကြီး၏ နောက်မှ လိုက်ပါလာသူများသည် မီး တုတ်များ မြောက်မြားစွာ ကိုင်ဆောင်လာကြသဖြင့် တိုက်ပွဲ ဝန်းကျင် ဒေသတစ်ခုလုံး လင်းထိန်နေတော့သည်။

အိုယန်ထုံ၏နောက်၌ လိုက်ပါလာသည့် သိုင်းသမားများ ကွမ်းစန်စင်၊ ဖေကူးလျှန်၊ ကျွန်စီမွန်၊ ထိုန်မုဆရာတော်၊ က်မုဆရာတော်၊ စီမုဆရာတော်၊ ကျင်ရွှယ်တောက် အစရှိ သည့် ထိပ်သီးအဆင့်မြင့် ဝါစဉ်ကြီးသိုင်းသမားများသာ ဖြစ် တော့သည်။

သူတို့သည် တိုက်ပွဲမြေပြင်၌ သွေးခြင်းခြင်းနီရဲနေပုံ၊ ရန်သူ ဂိုဏ်းသား ဆယ့်လေးယောက်ခန့်လဲကျနေပုံတို့ကို တွေ့မြင် ပိုက် ကြရသည်။

အိုယန်ထုံက မှုန်ဝါးဝါး ပြေးထွက် ပျောက်ကွယ်သွားသူ တို့ကို တစ်ချက်လှမ်းကြည့်ပြီး ညည်းညူလိုက်၏။

"ငါတို့လာတာ ခြေတစ်လှမ်းနောက်ကျသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



အိုယန်ထုံ၏မျက်လုံးများသည် တစ်နေရာသို့ရောက်သွား အထိတ်တလန့်ဖြစ်သွားလေ၏။

'သူရဲကောင်း ဆန်ကွမ်းချီ'

ဆန်ကွမ်းချီအား ယွမ်ချောက်က ဖြည်းညင်းစွာ ပွေ့ထူ သည်။

ဆန်ကွမ်းချီ၏ နှုတ်ခမ်းစွန်းထောင့်၌ သွေးများ ယိုစီး နေသည်။

သူသည် ယွမ်ချောက်အား တိုးညင်းစွာပြော၏။

'ညီလေး ဖယ်၊ ငါ့ဘာသာ ထိုင်မယ်'

ယွမ်ချောက်သည် ဆန်ကွမ်းချီ၏စကားကို လုံးဝမဖယ်ရှ ဝံ့ဘူဖြစ်၍ အသာ နောက်ဆုတ်သွားရသည်။

'သူရဲကောင်းဆန်ကွမ်းချီ ဒဏ်ရာရသွားသလား'

အိုယန်ထုံနှင့် ဝါခွဲကြီး သိုင်းသမားကြီးများသည် ဆ ကွမ်းချီထံသို့ ချက်ချင်းဝိုင်းပြေးကြ၏။

ထိန်မူဆရာတော်နှင့် ကျင်ရွှယ်တောက်တို့သည် ဆန်ကွမ်း ဘေး၌ ဒူးထောက်ထိုင်လိုက်ကြသည်။

ဆန်ကွမ်းချီသည် ထိန်မူဆရာတော်အား လက်အုပ်ချီ တီးတိုးပြောသည်။



'တပည့်တော် ဒဏ်ရာ သိပ်မပြင်းထန်ပါဘူးဘုရား၊ ခေတ္တ သည့်အခါ စေ့ငုံ့ဆိုင်းတော်မူကြပါ'

သူသည် ချက်ချင်းပင် တင်ပျဉ်ခွေ ထိုင်လိုက်ပြီး လက်ဖဝါး ကို ပေါင်ပေါ်တင်လျက် မျက်လုံးများ အသာ မှိတ်လိုက် တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆၀)

### လျှို့ဝှက် သတင်းစကား

အို့ယန်ထု သည် အားလုံးကို လက်ဖြင့်အချက်ပြပြီး နောက် ဆုတ်သွားလေ၏။

လူအားလုံးမှာ အရိပ်ပြအကောင်ထင်သူများ ဖြစ်၍ စကား တစ်ခွန်းမျှမပြောဘဲ ဆန်ကွမ်ချီနှင့်ဝေးရာသို့ ဆုတ်ခွာသွားကြ သည်။

ဆန်ကွမ်းချီ အကျောင်းအားလေ ကျင့်နေသည့်နေရာ၌ အတန် ကွာလှမ်းသည့် အရှေ့မြောက်မှ အို့ယန်ထုံ နိုင်ချစ်နှော်အား လှမ်းကြည့်လိုက်သည်။

'ဘယ်လိုဖြစ်သွားတာလဲ မိန်းကလေး'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်က သက်ပြင်းချ၍....

'ကျွန်မလဲ စိတ်မကောင်းပါဘူး။ ကောင်အလံအဖွဲ့ခေါင်း ဆောင် ကူပါချီနဲ့ အတွင်းအားပြိုင်နေတုန်း ကူပါချီရဲ့ တပည့် တစ်ယောက်က အလစ် ဒုက္ခပေးသွားတာလေ၊ အဲဒီလူကယ် ကျွန်မလက်ချက်နဲ့ တစ်ခါတည်း သေသွားတယ်'

'ဒဏ်ရာကတော့ သိပ်မဆိုးပါဘူးနော်'

'နည်းနည်းတော့ ပြင်းထန်ပုံရတယ်၊ သူက သူ့ညီ အကူ အညီတောင် မယူချင်တော့ ကျွန်မလဲ စောင့်ပဲကြည့်နေရတယ်'

အိုယန်ထုံသည် သူ့အနီး၌ ရပ်နေသည့် ဆရာတော်များနှင့် ဆရာတော်ကြီးများကို လက်အုပ်ချီပြီး မေတ္တာရပ်ခံလေ၏။

'ဆရာတော်များနဲ့ ညီတော် နောင်တော်တို့ ဒီနေရာမှာပဲ သက်သာသလို ထိုင်နားကြပါလို့ တောင်းပန်ပါတယ်'

ထိန်မှဆရာတော်က ဦးစွာ ထိုင်ချလိုက်အဖြင့် ကျန်သော လူများလည်း ထိုင်ချလိုက်ရတော့သည်။

ထိန်မှဆရာတော်နှင့် ကျင်ရွှယ်တောက်တို့သည် ဆန်ကွမ်းချီ အား သူတို့၏ကျေးဇူးရှင်အဖြစ် သတ်မှတ်ထားရာ ဆန်ကွမ်းချီ အတွက် အလွန်တရာ စိုးရိမ်နေသာ ရောက်နေကြ၏။

သို့သော် သူတို့၏ စိုးရိမ်ပူပန်မှုများကို ထိန်းချုပ်ထားကြ ၏။



လက်ယာရုံလှုပ်ငယ် လိစင်းနှင့် လက်ဝဲရုံလှုပ်ငယ် ကျွန်းဖန်းတို့ သည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံ အနီးသို့ ချဉ်းကပ်လာပြီး ဂါရဝ ပြုလေ၏။

ထိုနောက် နိုင်ချစ်နော်အား ဂါရဝပြုသည်။

လိစင်းက အေးစက်သော မျက်နှာထားဖြင့် ပထမဦးဆုံး တောင်းပန်စကား ဆို၏။

'ကျွန်တော် စကားတစ်ခုလောက် မေးပါရစေ'

နိုင်ချစ်နော်က ခေါင်းညိတ်ပြသည်။

လိစင်းက....

'ကောင်အလံအဖွဲ့ ခေါင်းဆောင်ကို ကျွန်တော်တို့ သတ်မ …နိုင်ခဲ့ကြပါဘူး ငွေရောင်အောင်ဝေနဲ့ လူ့ဘီလူးကြီး …အစ်ကိုသွယ်မ်ရှောက်ရဲ့လက်ချက်နဲ့ အတော်ဒဏ်ရာရနေပါပြီ၊ …ကိုလဲ လက်ရဖမ်းနိုင်တာပဲ၊ ဘာဖြစ်လို့ အစ်မလေးက လွှတ် …လိုက်ရတာလဲ'

အိုယန်ထုံ အမှူးပြုသော သိုင်းသမားကြီးများသည် ပါးစပ် …ဟောင်းသွားဖြင့် နိုင်ချစ်နော်အား ဝိုင်းကြည့်မိကြသည်။

သူတို့သည် ထိုအဖြစ်ကို မသိကြပေ။

ကူပါချီသည် သူ့အစွမ်းအစဖြင့် လွတ်မြောက်သွားသည်ဟု …ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အို ယန်ထု အကြည့်၌ နိုင်ချစ်နော်အနေဖြင့် အကြောင်း သာ ကျုံ့ဆိုလွှတ်ခြင်းဖြစ်မည်။

အဘယ်ကြောင့်နည်းဟူ၍ မေးမြန်းသည့် အကြည့်သာ သည်။

ကျန်လူများကမူ သံသယ မျက်လုံးများဖြင့် ကြည့်ကြ ဖြစ်၏။

နိုင်ချစ်နော်နှင့် ကူပါချီတို့သည် ယခင်က တစ်ဂိုဏ်းတ သားချင်းဖြစ်ခဲ့သည် မဟုတ်ပါလော။

ထိုစဉ် ဆန်ကွမ်းချီထံမှ သက်ပြင်းချသံ ကြားရလေ၏။

သူတို့အားလုံး လှမ်းကြည့်သောအခါ ဆန်ကွမ်းချီသ သူ၏ ရွှေဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီးထလာလေ၏။

ထိန်မုဆရာတော်နှင့် ကျင့်ချယ်တောက်တို့မှာ ထိုင်ရာမှခုန် မိကြလေ၏။

သူတို့ အလွန် ဝမ်းသာသွားကြသည်။

'သူရဲကောင်းလေး၊ ပြန်ကောင်းသွားပြီလား'

'တပည့်တော် ဒဏ်ရာ သိပ်မပြင်းထန်ပါဘူး ဘုရား'

စင်စစ် ဒဏ်ရာက ပြင်းထန်ပေသည်။

အတွင်းအားကျင့်စဉ် ကောင်းလွန်း၍သာ သက်သာ ရသွားခြင်း ဖြစ်ပေသည်။



ဆန်ကွမ်းချီသည် သူ၏လက်ထဲမှ ရွှေဓားကို နိုင်ချစ်နော်အား လှမ်းပေးလိုက်၏။

'ခင်ဗျားရဲ့ ရွှေဓားက တန်ဖိုး သိပ်ရှိပါတယ်၊ ပြန်ယူထား လိုက်ပါ'

နိုင်ချစ်နော်က ခေါင်းခါ၏။

'ဟင့်အင်း....ရှင့်ကို တမင် ပေးထားတာ၊ ကွန်လုံဝမ်ကို ယှဉ်ရင် ဒီဓားရှိထားမှ ဖြစ်မယ်'

ဆန်ကွမ်းချီက မချိပြုံး ပြုံးပြလေ၏။

'တန်ယန်ကုန်း သစ်တောထဲမှာလဲ ဒီဓားကြောင့် ကျုပ်တို့ ဒုက္ခ ရောက်မလို ဖြစ်ကြရတယ်၊ အခု ကူပါချီနဲ့ တိုက်ခိုက်တော့ လဲ ဒီဓား လက်လွှတ်မှာ ကြောက်နေရတာနဲ့ စိတ်လွှတ် ကိုယ် လွှတ် မတိုက်နိုင်ဘူး၊ ဓားမရှိရင် ကိုယ့်အသက်သေရုံ ဆုံးရှုံးရုံ ပဲရှိတယ်၊ ဓားရှိနေရင် ကိုယ့်အသက်လဲ ဆုံးမှာကြောက်ရ၊ ဓား လဲ ဆုံးမှာကြောက်ရနဲ့ ဘာမှ လွတ်လွတ်လပ်လပ် မတိုက်ခိုက် နိုင်ဘူး၊ ဒီဓားက ကျုပ်ကို သင်ခန်းစာ နှစ်ခါ ပေးပြီးပါပြီ၊ ခင်ဗျားဓားကို ပြန်ယူထားပါတော့'

နိုင်ချစ်နော်မှာ ဆန်ကွမ်းချီအတွက် အဖိုးတန်ဓားကို တမင် ပေးထားခြင်း ဖြစ်သည်။

ယခု ငြင်းဆန်သူက အတင်းငြင်းဆန်နေပြီဖြစ်၍ ဆက်ပေး ရန် မသင့်လျော်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ့မျက်စေ့ကို ပြန်ယူလာနိုင်ခဲ့ရ၏။

ထိုစဉ် ဆဲရာကြီး ကျန့်စီမှန်က မပြီးပြတ်သေးသော မေးခွန်းကို ဆက်၍ မေးမြန်းမြန်းလာတော့၏။

'ကျုပ်သိတာက ဂိုဏ်းချုပ်ကြီး အိုယန်ထု တို့နဲ့ နောက်နောက်လာတဲ့ လူပါ၊ ဒါပေမယ့် လက်ယာရဲ လူငယ်ကလေးမေးတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ကျုပ်သဲ ဆိုင်ကြိုးသိချင်နေတယ်၊ ကူပါချို့ကာ အင်မတန် ကြောက်စရာကောင်းတယ်၊ သူ့ကို ဖမ်းနိုင်ရင် ကွန်လိုစမ်ဟာ လက်ရုံးတစ်ဖက် ပြတ်တာပဲ'

အဘိုးအိုသည် သမီးဖြစ်သူကို ထန်ရှင်နှင့် ဆန့်ကျမ်းချိုတို့ ပြန်လည် ကယ်တင်ပေးခဲ့ပြီး သည့်အခါမှစ၍ စိတ်လက်ကြည်လင်သွားခဲ့သည်။

အကျိုးနှင့်အကြောင်း၊ အဆိုးနှင့်အကောင်းကို ခွဲခြားတတ်ခဲ့ပြီး

'မီနိုးကလေး အမြော်အမြင်ကြီးတယ်ဆိုတာ ဂိုဏ်းချုပ်ကြီး ပြောလို့ ကျုပ်သိပြီးပါပြီ၊ ဒဏ်ရာရပြီး တစ်ဖွဲ့လုံး ပြုတ်မတတ် ဖြစ်နေတဲ့ လူတွေကို လွှတ်ပေးလိုက်တဲ့ အတွက်တော့ အမြော်အမြင်ကြီးရာ မကျဘူးလို့ ထင်မိပါတယ်'

နိုင်ချမ်နော်က အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး....



'မေးသင့်တဲ့ မေးခွန်းပါပဲ၊ ဒီမေးခွန်းကို ရှင်းပေါင်းသွားအောင် ကျွန်မ မဖြေဘူးဆိုရင် အားလုံးက ကျွန်မအပေါ် အထင်မှား အမြင်မှား ဖြစ်ကုန်မှာ သေချာပါတယ်'

သိုင်းသမားကြီးများသည် ခပ်မဆိတ် ငြိမ်သက်လျက် ရှိကြသည်။

အဖြေကို င့်လင့်နေကြသည်။

'ကွန်လိုဝမ်ဆီမှာ ရာချီတဲ့ ဂိုဏ်းသားတွေရှိတယ်၊ ကျွန်မတို့ ကွန်လိုဝမ်ထက် တစ်မန်းသာသွားတဲ့ အချက်က ကွန်လိုဝမ်ရဲ့ အားလက်ရွေးစင်တပ်သား ဖြစ်ရှငပါးဆယ်ကို ဆန့်ကျမ်းချိုလေနဲ့ ထိန်းကျောင်းလာတဲ့အချက်ပဲ၊ အဲဒီဂိုဏ်းသားတွေဟာ ကျွန်မတို့ဆီက အမှတ်လေးဆယ်နဲ့ တပ်ဖွဲ့နဲ့ လက်ရွေးပါတော့တဲ့ လက်ရွေးစင်ဂိုဏ်းသား ငါးဦးလို အင်မတန် အသုံးကျတယ်၊ အကျိုးလေးတာတယ်၊ အခုဆိုရင် ကွန်လိုဝမ်ဟာ မြောက်အလံ အဖွဲ့ ဆုံးရှုံးသွားပြီ၊ တောင်အလံ အဖွဲ့ခဲ့လဲ မသေနိုင်တစ်မယ်ပဲ၊ ကူပါချိုကို ကျွန်မသတ်ရင်ရတယ်၊ ဒါပေမယ့် ကွန်လိုဝမ် ဆီ ရောက်သွားအောင် အမြင် လွှတ်ပေးလိုက်တာပဲ'

ကျန့်စီမှန်က....

'ရည်ရွယ်ချက်က ဘယ်လိုရှိသလဲ'

'ရည်ရွယ်ချက်က ကွန်လိုဝမ် စိတ်ဓာတ်ကျစေဖို့ပဲ၊ ကူပါချိုရှေ့ ရှေ့ရှောင် တောင်မွှေးကိုင်တဲ့ လူ့ဘီလူးကြီး၊ ကျင်ရွှယ်ပေါင်တို့

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာအနာတာဖြစ်ပြီး သူ့ဆီ ရောက်လာရင် ကွန်လုံဝမ် သိပ်စိတ်ဆိုးသွားမယ်၊ သိပ်စိတ်ပျက်သွားမယ်၊ အဲဒါဆိုရင် ကျွန်မတို့ဘက်က မတိုက်ခင်ကတည်းက ငါးဆယ် ရာခိုင်နှုန်း နိုင်နေပြီ’

နိုင်ချစ်နေဝ်က အားလုံးကို ခြုံကြည့်ပြီး ဆက်ပြောပြန်၏

‘ကျွန်မတို့ဟာ အလံအဖွဲ့ခွဲ ခေါင်းဆောင်တွေကို တစ်ဖွဲ့ချင်း ဖြိုချလိုက်ရမယ်၊ နှစ်ဖွဲ့လောက် ဖြိုချပြီး နှစ်ဖွဲ့လောက် ချန်ထားတာ အကြောင်းရှိတယ်၊ အလံအဖွဲ့လေးဖွဲ့စလုံး ပြုတ်ပြုတ်ပြုန်း သွားရင် ကွန်လုံဝမ်ဟာ အထီးကျန်ဖြစ်သွားလိမ့်မယ်၊ အထီးကျန်ဖြစ်သွားရင် သူဟာ ကျွန်မတို့ကို ရင်ဆိုင်မှာ မဟုတ်တော့ဘူး၊ ထွက်ပြေးမှာပဲ၊ သူဟာ ပုန်းရင်း ကွယ်ရင်းနဲ့ သိုင်းလောကကြီးကို နောက်ကျောက ဓါးနဲ့ ထိုးလိမ့်မယ်၊ သူ့ကို ရှာရမှာရှာတာလဲ ခက်သွားလိမ့်မယ်’

ကွမ်းစန်းစင်က ဝင်၍ချီးကျူးလေ၏။

‘ကျုပ်တို့ရဲ့ တိုက်ခိုက်ရေး နည်းပညာမှာ အတော်ပဲ အမြော်အမြင် ရှိပါပေတယ်’

အို့ယန်ထုံက ဝင်မေး၏။

‘ကျုပ်တို့ ကွန်လုံဝမ်ကို အခုပဲ တိုက်တော့မလား၊ ခုအချိန်ဟာ ကွန်လုံဝမ် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတဲ့အချိန်ပဲ



နိုင်ချစ်နေဝ်က အေးအေးဆေးဆေးပင် ပြောသည်၊

‘ကျွန်မသဘောအရဆိုရင် ကျွန်လုဂိုဏ်းသားအားလုံးအနားယူသင့်တယ်လို့ ထင်တယ်၊ ဒဏ်ရာရနေသူကို ဆေးကုပေးသင့်တယ်၊ ဒီတစ်ချီ ကွန်လုံဝမ်ကို တိုက်ရင် အားပြည့် အင်ပြည့် တိုက်ရမယ်၊ မီးကုန်ယမ်းကုန် တိုက်ရမယ်၊ နောလန်မထူနိုင်အောင် တိုက်ရမယ်၊ နိုင်လဲနိုင်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကွန်လုံဝမ်ဟာ သူ အပိုင်အနိုင် လှောင်ထားတဲ့ သစ်သားလှောင်အိမ်ထဲက အကျဉ်းသားတွေ လွတ်သွားလို့ စိတ်ပျက်နေတယ်၊ သူ့လူ လက်ရွေးစင် တပ်သား တစ်ရာငါးဆယ် မရှိတော့လို့ စိတ်ဓာတ်ကျနေတယ်၊ မြောက်အလံအဖွဲ့ခွဲ ပျက်စီး သွားပြီ၊ တောင်အလံအဖွဲ့ခွဲ ခွေးပြေးဝက်ပြေး ပြေးရပြီ၊ ဒီလိုစိတ်ဓာတ်ကောင်းမနေဘူးဆိုရင် အတော်ကို ချီးကျူးစရာ ဖြစ်လိမ့်မယ်’

အို့ယန်ထုံက....

‘ကောင်းပါပြီ၊ အနားယူ အားခဲမွေးဖို့ ကျုပ် အမိန့်ပေးလိုက်မယ်’

‘ကောင်းပါတယ် ဂိုဏ်းချုပ်ကြီး၊ ကျွန်မတို့ဟာ ကွန်လုံဝမ်အတွက်ကို စောင့်ကြရမယ်’

ဖေကျိုးလျှန်က မကျေမနပ် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'တကယ်လို့ ကွန်လုံဝမ်ဟာ ဆယ်ရက်လုံးလုံး အိမ်တော်က မထွက်ဘူးဆိုရင် ကျုပ်တို့က ဆယ်ရက်လုံးလုံး စောင့်နေကြ မှာလား'

'ကျွန်မသဘောအရတော့ အပြင်ကပဲ စောင့်စေချင်တာပဲ'

ဖေကုံးလျှန်၏ သဘောမှာ ကွန်လုံဝမ်အား ဤနေရာ မစောင့်စေချင်း

ဝါစဉ်ကြီး သိုင်းသမားကြီးများ လွှတ်တော်ကိုရှိနေပြီဖြစ် ယခုပင် တိုက်စေချင်သည်။

သို့သော် ဂိုဏ်းချုပ်ကြီးအိုယန်ထုံက နောက်ပါသိုင်းသမား များအား အနားယူကြရန် အမိန့်ပေးလိုက်၏။

ကူးပါချိန်၌ တိုက်ခိုက်ရာ၌ ဒဏ်ရာအနာတရ ရသူများ ဆေးဝါးကုသကြရန် ညွှန်ကြားသည်။

ကွန်လုံဝမ်ကြောင့် လက်တစ်ဖက် ပြတ်သွားသည့် ကွမ်း စင်သည် ဖေကုံးလျှန်ထက်ပင် စိတ်မြန်ကိုယ်မြန် ဖြစ်နေပေ သည်။

သူ့လက်တစ်ဖက် ဆုံးရှုံးရမှုအတွက် ကွန်လုံဝမ်အပေ နာကြည်းနေသည်။

သို့သော် သူသည် အိုယန်ထုံ၏စကားကို မလွန်ဆန်ရဲသဖြ သူ့မကျေနပ်မှုကို မျိုသိပ်နေရသည်။



နိုဇ်ချစ်နော်သည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံ စီမံသမျှတို့ကို ဘိလိုမှတ်သားသည်။

အိုယန်ထုံသည် လိုအပ်သမျှကိုအမိန့်ပေးပြီးနောက် အဝေး ငေးမျှော်ကြည့်နေ၏။

နိုင်ချစ်နော်က ချောင်းတန့်ပြီး....

'ဂိုဏ်းချုပ်ကြီး'

'ဒီတစ်ပွဲမှာ ကျွန်မတို့ဘက်က နိုင်မနိုင် စဉ်းစားနေတာ လား'

အိုယန်ထုံသည် နိုဇ်ချစ်နော်ရှိရာသို့ လှည့်လာ၏။

'စဉ်းစားနေတာ မှန်ပါတယ်၊ ကျုပ်ဟာ မြက်ရိုင်းလွင်ပြင် ထန့်ရှင်ရဲ့ အကူအညီနဲ့ ကွန်လုံဝမ်ကို နိုင်ခဲ့ပေမယ့် ထန့်ရှင် ကျွန်းမမာဖြစ်ပြီး တိုက်ယင်တောင်ကုန်းပေါ်မှာ နားနေတဲ့ ချိန်၊ သူ့ဂူသချိုင်းကို တည်ဆောက်ဖို့ ပုံစံရေးဆွဲနေတဲ့ အချိန် တော့ ကျုပ်ဟာ ကွန်လုံဝမ်ကို ရှုံးနိမ့်ခဲ့တယ်၊ အခုအချိန် ကွန်လုံဝမ်ဟာ အနေးပါ အရာရောက်တဲ့ လက်မောင်းတွေ တ်နေပြီ၊ ကျုပ်ကတော့ ထန့်ရှင်ကိုယ်စား မိန်းကလေးရဲ့ အကူအညီ ရနေတဲ့အပြင် ထိန်မုဆရာတော်၊ စိမုဆရာတော်နဲ့ ဆရာကြီးကျင်ရှယ်တောက်၊ ဆရာကြီး ရဲယိဖိန့်နဲ့ ဂိုဏ်းချုပ်ကြီး င်ကြိုလုံတို့ရဲ့ အကူအညီ ရနေပြီဆိုတော့ ဒီတစ်ချီမှာတော့ န်လုံဝမ်ကို နိုင်ကောင်းပါရဲ့လို့ တွက်နေမိတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



အို ယန်ထု သည် ရှည်လျားစွာ ပြောနေပြီးမှ စကား ခေတ္တခဏ ရပ်လိုက်သည်။

နိုင်ချစ်နော်အား သေချာစွာ စူးစိုက်ကြည့်လိုက်သည်။

ပြီးမှ ဆက်ပြောသည်။

'ဒါပေမယ့် ကွန်လုံဝမ်ဟာ အင်မတန် ဉာဏ်နီဉာဏ်နက်များ တယ်၊ ကျုပ်တို့ မထင်မှတ်တဲ့ အကွက်တွေ သူ့ဆီမှာ ရှိနိုင်ေ တယ်၊ သူ့ကို သေချာပေါက် အနိုင်ယူနိုင်လိမ့်မယ်လို့ ထား ရင် ကျုပ်လောက် ရူးတဲ့လူ ရှိမှာမဟုတ်တော့ဘူး'

နိုင်ချစ်နော်က ခေါင်းညိတ်၏။

'အဲဒီလိုတွေးတာ မှန်ပါတယ်၊ နောက်လာမယ့် တိုက်ပွဲ ကွန်လုံဝမ်ရဲ့ သေရေးရှင်ရေးအတွက် ဆုံးဖြတ်တဲ့တိုက်ပွဲဖြစ်ေ သူဟာ အစွမ်းကုန် သူ့ပညာတွေကို ထုတ်သုံးမှာ သေချာတ နောက်ဆုံးအချိန်ရောက်ရင် ခြေဥပိဇ်မိနေတဲ့ ခွေးတော မြန်ကိုက်သေးတာ၊ ကွန်လုံဝမ်လို ပုဂ္ဂိုလ်မျိုးကတော့ ဘာ ပြောစရာ မရှိတော့ဘူး'

'ကဲ…သူ့ဘက်က လုပ်မယ့်အချက်ကို မတွေးပါနဲ့ဦး၊ ကျ တို့ဘက်က သူ့ကို ဘယ်လိုတိုက်ကြမလဲဆိုတာ စဉ်းစားကြ အောင်'

'ဟုတ်ကဲ့.. ကျွန်မလဲ အဲဒါကို စဉ်းစားထားပါတယ်'



ဆိုစမ်းပါဦး'

ပထမနည်းလမ်းကတော့ ကျွန်မတို့ဆီရောက်နေတဲ့ ဝါဂွဲ သိုင်းသမားကြီးတွေအားလုံး ကျွန်မတို့ ဂိုဏ်းသားတွေ သုံးက ကွန်လုံဝမ်ရှိတဲ့ စံအောင်အိမ်ကိုဝိုင်းမယ်၊ သစ်ခြောက် ထုပ် လောင်စာ အစရှိတဲ့ ပစ္စည်းတွေနဲ့ စံအောင်အိမ်ကို မီး မယ်၊ အပြင်ထွက်လာတဲ့လူကို သတ်မယ်'

အို ယန်ထု စဉ်းစားနေသည်။

ကဲ…နောက်ထပ်နည်းလမ်းကော ရှိသေးသလား'

ဟုတ်ကဲ့…ရှိပါသေးတယ်၊ အဲဒီနည်းလမ်းကတော့ အသေခံ လက်ရွေးစင် တပ်သားတွေရွေးပြီး ကွန်လုံဝမ်ရဲ့ စံအောင် ထဲဝင်တိုက်ဖို့ပါပဲ၊ ကျွန်မတို့ဘက်ကတော့ အကျအဆုံး လိမ့်မယ်'

အို ယန်ထု က စဉ်းစဉ်းစားစား ပြောသည်။

နဲ့တိုက်တဲ့နည်းလမ်းဟာ အချိန်တော့ကြာမယ်၊ ကျုပ်တို့ သအပျောက် နည်းမယ်၊ ဒုတိယနည်းကတော့ အသေ ကျ်များမယ်၊ ကျိန်းသေ နိုင်မယ်လို့လဲ မပြောနိုင်ဘူး၊ သဘောအရတော့ ပထမနည်းကို ပိုကြိုက်ပါတယ်'

င်ချစ်နော်က….

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မလဲ ဘယ်နည်းလမ်း ပိုကောင်းမလဲဆိုတာ အ…
အချှာ မပြောနိုင်လို့ ဂိုဏ်းချုပ်ကြီးဆီ အကြံဉာဏ်တောင်း…
ပါတဲ'

'ကောင်းပါတယ်၊ ခေါင်းတစ်လုံးတည်းစဉ်းစားတာ…
ခေါင်းနှစ်လုံးစဉ်းစားတာက ပိုကောင်းတာပေါ့'

ထိုစဉ် ကျွန်လုဂိုဏ်းသားတစ်ဦး အပြေးအလွှားရောက်…
တော့သည်။

ဂိုဏ်းချုပ်ကြီးအိုယန်ဖေ့က စူးစမ်းသော မျက်လုံးမျ…
လှမ်းကြည့်လိုက်၏။

ထိုဂိုဏ်းသားက အိုယန်ထုအား ဂါရဝပြုသည်။

'ဘာကိစ္စများအရေးကြီးလာသလဲကွယ်၊ ပြောစရာရှိ…
ပြောပါ'

အိုယန်ထုံ၏ ခွင့်ပြုချက်ရသဖြင့် ထိုဂိုဏ်းသားက အ…
တကော အစီရင်ခံသည်။

'ဂိုဏ်းချုပ်ကြီး၊ ကွန်လုံဝမ်ရဲ့သူလျှိုတစ်ဦးကို ဖမ်းမိ…
ပါတယ်၊ သူက ဂိုဏ်းချုပ်ကြီးအိုယန်ထုံနဲ့ တွေ့ပေးဖို့အ…
တောင်းဆိုနေပါတယ်၊ သူနဲ့တွေ့ခွင့်မရရင် ကျွန်လုဂိုဏ်…
အဆုံးရှုံးကြီး ဆုံးရှုံးလိမ့်မယ်လို့လဲ ပြောနေပါတယ်'

နိုင်ချစ်နော်က....



'မင်းတို့ သူ့ကိုယ်ပေါ်မှာရှာဖွေစစ်ဆေးကြည့်ဘူးလား'

ထိုဂိုဏ်းသားက ခေါင်းညိတ်၏။

'ကြည့်ပါတယ်၊ သူကလဲ ကြည်ကြည်သာသာပဲ အစစ်ဆေး…
…တယ်၊ သူ့ခါးမှာ ကျွှာပတ်ဘစ်ချောင်းပတ်ထားတာတော့…
…ပါတယ်၊ ဒါပေမယ့် သူ့ကျွှာပတ်ကိုလုံးဝအကိုင်မခံပါဘူး'

အိုယန်ထုံက....

'ကောင်းပြီ...အဲဒီလူကိုခေါ်ခဲ့'

ထိုဂိုဏ်းသားသည် လျင်မြန်စွာ ပြေးထွက်သွား၏။

မကြာမီ ပြန်ရောက်လာသည်။

သူ့နောက်တွင် လူနှစ်ယောက်က ကိုယ်ကျပ်အနက် ဝတ်…
…ထားသူ လူတစ်ဦးကို ချုပ်ကိုင်လျက် တွေ့ရသည်။

ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည် ချက်ချင်းပင် ဂါရဝပြု…
…၏။

'တိဗက်ကျွှာပတ်ဘုရင်ကြီး တုထန်ဟိုကိုး၊ ကျုပ်ဂိုဏ်းသား…
…ရဲ့ အပြုအမူအတွက် ကျုပ် တောင်းပန်ပါတယ်'

အိုယန်ထုံက တုထန်ဟိုအကြောင်းကို နိုင်ချစ်နော်အား…
…ကိုတုတ်တုတ် ရှင်းပြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပညာရှိထန်ရှင်၏မေတ္တာရပ်ခံချက်အရ ကွန်လိုဝမ်၏ ဂိုဏ်း
အယောင်ဆောင်၍ သွားရောက်သူလျှိုလုပ်နေကြောင်းများကို ရှင်းလ
ပြောပြသည်။

နိုင်ချစ်နေခ်ကလည်း ဂါရဝပြု၏။

'ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ ပထမသခင်မအာဝန်ရဲ့
ကမဲ့ ရှင့်အပေါ် အများကြီး သံသယရှိခဲ့ပါတယ်၊ အခု
ကျွန်မတို့ဘက် တစ်ဘက်တည်းထို့ ရောက်ရှိခဲ့ကြတော့ အကော
ဆုံး ဖြစ်သွားပြီပေါ့ရှင်'

တုထန်ဟိုကလည်း ခေါင်းညိတ်၏။

'ကွန်လိုဝမ်ရဲ့ ဂိုဏ်းထဲမှာ ရှိစဉ်ကပဲ မိန်းကလေး သ
ဖောက်သွားပြီဆိုတဲ့ သတင်းကို ကျုပ်ကြားသိခဲ့ပါတယ်၊
သစ္စာဘက်တော်သား ဖြစ်နေတာကိုမြင်တော့ သိပ်ပြီး ဝမ်းသ
ပါတယ်'

အိုယန်ထိုသည် တုထန်ဟိုအားခေါ်လာသူများကို လ
နှင်ထုတ်လိုက်၏။

'မင်းတို့ ကျုရာတာဝန် သွားထမ်းဆောင်ကြပေတော
မင်းတို့ ခေါ်လာတဲ့လူဟာ ကျုန်လုဂိုဏ်းရဲ့ မိတ်ဆွေပဲ'

ကင်းစောင့်ဂိုဏ်းသားများ ပြေးထွက်သွားကြ၏။

အိုယန်တုံသည် မျက်စိ ကစားနေသော တုထန်ဟိုအ
ကြည့်၍ မေးလိုက်၏။



'သူရဲကောင်းကြီးတုထန်ဟို ဘာကိစ္စများရှာဖွေနေပါသလဲ'

'ဩော်...ကျွန်တော့်ညီကလေး ဆန်ကွမ်းချိကို တွေ့လို့
တွေ့ငြား ရှာကြည့်မိတာပါ'

'သကာသက်တွေ့လိုအာလား သူရဲကောင်းကြီး တု'

'တွေ့ရှိနေရင် မိုကောင်းယော်လို့ ထင်ပါတယ်၊ ကျွန်တော့်
ပြောမယ့် စကားက သူနဲ့လဲ တစ်နည်းတစ်ဖုံ ပတ်သက်နေပါ
တယ်၊ ကျွန်တော်ရလာတဲ့ သတင်းက လျှို့ဝှက်သတင်းပဲ'

နိုင်ချစ်နေခ်က ဝင်ပြော၏။

'ရှေ့ခေါက ကျွန်မတို့ တောင်အလယ်အဖွဲ့ခွဲ ခေါင်းဆောင်
ဘုပါချိန်နဲ့ အပြင်းအထန် တိုက်ပွဲဆင်ခဲ့ကြရတယ်၊ အဲဒီတိုက်ပွဲမှာ
ဆန်ကွမ်းချိ နည်းနည်း ဒဏ်ရာရသွားပါတယ်'

'ဟင်'

တုထန်ဟိုမှာ နေမထိ ထိုင်မသာ ဖြစ်သွားသည်။

'ဂိုဏ်းချုပ်ကြီး...ဒီလိုဆိုရင်တော့ ကျွန်တော့်ကို ဆန်ကွမ်း
ချိဆီ အရင် ပို့ပါတော့၊ သူ့ဒဏ်ရာကို ကျွန်တော် စစ်ဆေး
ပါရစေ'

အိုယန်တုသည် ဆန်ကွမ်းချိနှင့် တုထန်ဟို၊ ဆန်ကွမ်းချိနှင့်
ဝမ်ရှောက်တို့၏ ထူးခြားသော သံယောဇဉ်ကို ရှေးမဆက်ပင်
သတိပြုမိခဲ့သူဖြစ်၍ တုထန်ဟိုအား ဆန်ကွမ်းချိရှိရာသို့
ခေါ်သွားရန် ဟန်ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တုဆန်ဟိုဘက်သို့ ရှက်တရက် လှည့်၍မေးလေ၏။

'သူ ရဲ့ ကောင်းကြီး တုထန်ဟို၊ ဒီကိစ္စမှာ ဆန်ကွမ်းချိုနဲ့ နည်းနည်း ပတ်သက်နေတဲ့အကြောင်း ကျုပ်တို့ကို အရိပ်အမြွက်လေးက ပြောမပြနိုင်ဘူးလား'

'ပြောနိုင်ပါတယ်'

တုထန်ဟိုက ခပ်သွက်သွက် ဆက်ပြောသည်။

'ကွန်လုံဝမ်ဆိုမှာ မှတ်ဆိတ်ရှည် လူတစ်ယောက်ရှိတယ်၊ ကွန်လုံဝမ်ဟာ အဲဒီလူကို အတော် ရိုသေလေးစားတယ်'

အို့ယန်ထု က ခေါင်းညိတ်၏။

'ဟုတ်တယ်၊ အဲဒါ ကွန်လုံဝမ်နဲ့ ထန်ရှင်တို့ရဲ့ ဂိုဏ်းတူဦးလေးပဲ၊ သူတို့ဆရာသခင်ရဲ့ ညီတော်၊ ထန်ရှင်ဟာ အဲဒီပုဂ္ဂိုလ်ရှိခနဲ့တဲ့အတွက် ပိုပြီးအရိုးရိုမ်ကြီးနေတာပဲ၊ အခု နောင်ကြီး တုထန်ဟို ပြောမယ့်ကိစ္စမှာ အဲဒီပုဂ္ဂိုလ်က သိပ် အရေးပါနေသလား'

'အရေးပါသလား မပါသလားတော့ မသိဘူး၊ သူတို့နှစ်ယောက်ဟာ ကျွန်တော် ပုန်းခနေတဲ့နေရာနဲ့ မနီးမဝေးနေရာမှာ လာပြီး တီးတိုး တိုင်ပင်ခဲ့ကြတယ်၊ သူတို့ စကားကိုအကုန်လုံး မကြားရပေမယ့် ဆန်ကွမ်းချို...ဆန်ကွမ်းချို ဆိုတာတွေတော့ ပါနေတယ်'



နိုင်ချစ်နော်က ရုတ်တရက် ဝင်မေး၏။

'ဂိုဏ်းချုပ်ကြီး အို့ယန်ထု နဲ့ ကျွန်မတို့ရဲ့ နာမည်ကောပါသေးသလား'

'ကျုပ်တော့ မကြားမိဘူး'

'သေသေချာချာ စဉ်းစားပါဦး၊ ဒီပြင် ဘယ်သူ့နာမည် ပါသေးသလဲ'

'နောင်ကြီး ထန်ရှင်ရဲ့ နာမည်ကိုလဲ တစ်စွန်းတစ်စ ကြားပါတယ်'

အို့ယန်ထု က အရေးတကြီး အမူအရာဖြင့် ပြော၏။

'မိန်းကလေး၊ ဆန်ကွမ်းချိုကို ခေါ်လို့ရရင် ခေါ်ခဲ့ပါလား'

နိုင်ချစ်နော်သည် အရေးကြီးမှန်း သိသဖြင့် ဂိုဏ်းချုပ်ကြီး အို့ယန်ထု အား ဦးညွှတ် ဂါရဝပြုပြီး ပြေးထွက်သွား၏။

မကြာမီ ဆန်ကွမ်းချိုကို ခေါ်လာ၏။

တုထန်ဟိုနှင့် ဆန်ကွမ်းချိုတို့သည် အလွန်တရာ ရင်းနှီးစွာ ပွေ့ဖက်ကြလေ၏။

'ညီလေး ဒဏ်ရာရနေတယ်ဆို'

'ဟုတ်ပါတယ် အစ်ကိုကြီး၊ ကူပါချီနဲ့ အတွင်းအား ပြိုင်နေတုန်း နောက်ကတစ်ယောက် ဝင်တိုက်လိုက်လို့ နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ပါးပါး ခရီးရောက်သွားတာပေါ့၊ အဲ...ခုတော့ သက်သာနေပါပြီ အစ်ကိုကြီးက နေကောင်းရဲ့လား'

'ကောင်းပါတယ်ကွာ၊ ငါ ဟန်ဆောင်နေကောင်းလို့ ကွန်လုံဝ ဘက်တော်သားတွေလဲ သူတို့သိပဲ အချိန်ပိုင်းနဲ့ ဆေးမီးထား လူလို ထင်နေကြတယ်'

'အခု အရေးကြီးလို့ လာတာလား'

တုထန်ဟိုသည် ဆန်ကွမ်းချိကို ဂိုဏ်းချုပ်ကြီး အို့ယန်ထု ရှေ့သို့ ဆွဲခေါ်လာပြီး စောစောက အကြောင်းအရာများကို ပြောပြလိုက်၏။

'အဲဒါတွေကို ညီလေး နားလည်သလား၊ ဦးလေး နာမည်နဲ့ ပညာရှိထန်ရှင်ရဲ့ နာမည်ပဲ ကြားရတယ်၊ ငါတို့တော့ ဘာမှ နားမလည်ဘူး'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုကလည်း လေးနက်စွာ ဝင်ပြော၏။

'ဆန်ကွမ်းချိ သေသေချာချာ စဉ်းစားကြည့်ပါဦး၊ သူတို့ ဘာကိုရည်ရွယ် ပြောနေကြတာ ဖြစ်မလဲ၊ မင်းနဲ့ ထန်ရှင်ရဲ့ နာမည် ပါတယ်ဆိုတော့ ငါတို့ထဲ မသင်္ကာစရာဘူး၊ သူတို့ တစ်ခုခုတိုင်ပင်နေတာ အမှန်ပဲ'

ဆန်ကွမ်းချိသည် မျက်မှောင်ကုတ်၍ စဉ်းစားနေ၏။



အတန်ကြာမှ...

'ကျွန်တော် သိပြီ'

အို့ယန်ထုက ဝမ်းသာအားရစွာ ပြော၏။

'ဟုတ်ပြီ၊ ဘာများလဲ သူရဲကောင်းလေး'

ဆန်ကွမ်းချိက...

'ဂိုဏ်းချုပ်ကြီး၊ အခု ကွန်လုံဝမ်ရဲ့အင်အားနဲ့ ကျွန်တော်တို့ရဲ့ အင်အားအခြေအနေ ဘယ်လိုရှိသလဲ'

အို့ယန်ထုက ရှင်းပြလိုက်၏။

ကျွန်လူဂိုဏ်းက အသာစီးရနေကြောင်းသိလိုက်ရသောအခါ ဆန်ကွမ်းချိက သူ့အတွေးခိုင်မာသွားဟန်ဖြင့် သူ့ခေါင်းသူ ပြန်ပုတ်လေ၏။

'သေချာပြီ၊ သူတို့နှစ်ယောက် နောင်ကြီးထန်ရှင်ရဲ့ မဟာသချိုင်းဂူဆီသွားကြလိမ့်မယ်၊ နောင်ကြီးထန်ရှင်ဟာအသိဥာဏ်ချိန်ပိုင်းကို စောင့်နေခဲ့တာပဲ'

အို့ယန်ထု၏မျက်နှာ၌ နားမလည်သော အရိပ်အယောင်များ ပေါ်လာသည်။

'ဘာသဘောလဲ၊ ကွန်လုံဝမ် ဘာကြံတာလဲ'

ဆန်ကွမ်းချိက ရှင်းပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်လဲ ဘာသဲအချောသိလို့တော့ မဟုတ်ဘူး၊စဉ်းစား ပြီး ပြောရတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ နောင်ကြီးထန်ရှင်ဟာ နောက်ပိုင်းအချိန်တွေမှာ သူ့မဟာ သချိုင်းဂူပုံစံ ရေးဆွဲနေ တာနဲ့ပဲ အချိန်ကုန်ခဲ့သူပါ၊ တစ်ခုတော့ရှိတယ်၊ သူ့စာထဲမှာ ဆရာကြီးကျိဖုန်းရဲ့သိုင်းကျမ်းဆိုတဲ့ စာသားဟာ သုံးလေးနေရာ မှာ ပါနေတယ်၊ ဘာအဓိပ္ပာယ်နဲ့ ရေးခဲ့တယ်ဆိုတာတော့ အဲဒီ တုန်းက မသိခဲ့ပါဘူး၊ အခုမှ ကျွန်တော်စဉ်းစားမိတာပါ'

အို့ယန်ထုံက…

'မင်းဆိုလိုတာက ဆရာကြီးကျိဖုန်းရဲ့ သိုင်းကျမ်းဟာ အဲဒီ ဂူထဲမှာရှိနေတယ်လို့ ဆိုလိုတာပေါ့'

'ကျွန်တော်သိသလောက်တော့ ဒီသချိုင်းဂူထဲမှာဘာသိုင်း ကျမ်းမှမရှိပါဘူး၊ နောင်ကြီးထန်ရှင်ရဲ့ ကျောက်စိမ်းခေါင်းကို ဂိုဏ်းချုပ်ကြီးနဲ့ ကျွန်တော်ပဲ သချိုင်းဂူထဲသည့်ကြတာ မဟုတ် လား'

'ဒါပေမယ့် ကွန်လုံဝမ်ကတော့ ဒါတွေကိုသိမှာမဟုတ်ဘူး၊ သူ့စိတ်ထဲမှာ ဒီသချိုင်းဂူထဲမှာ ဆရာကြီးကျိဖုန်းရဲ့ သိုင်းကျမ်း ရှိကိုရှိရမယ်လို့ တွက်လိမ့်မယ်၊ သူတွက်ထားတာက ဆရာကြီး ကျိဖုန်းဟာ သူမသေမီကလေးမှာ နောင်ကြီးထန်ရှင်ကို ချောင် တိမ်းဖို့ ပေးလွှတ်လိုက်တယ်မဟုတ်သား၊ အဲဒီအချိန်မှာဆရာကြီး ကျိဖုန်းရဲ့သိုင်းကျမ်းပါသွားမှာ သေချာပါတယ်၊ ဒါကြောင့်လဲ



ကွန်လုံဝမ်ဟာ နောင်ကြီးထန်ရှင်နောက်ကိုလိုက်ပြီး ထောင် ချောက်တွေ ဆင်ခဲ့တာပေါ့၊ အဲဒီတုန်းက ဂိုဏ်းချုပ်ကြီး ကိုယ် တိုင်ပဲ နောင်ကြီးထန်ရှင်ကို သွားကယ်ခဲ့တာပဲ မဟုတ်လား'

မှန်ပေသည်၊

ထိုသို့ကယ်တင်ခဲ့သောကျေးဇူးကိုထောက်၍လည်းကောင်း၊ သူ့ဘာသာ မြော်မြင်တွေးတော၍လည်းကောင်း ထန်ရှင်သည် နှုတ်ကတိဖြင့် ဆယ်နှစ်ကြာမျှ ကျွန်လူဂိုဏ်းသားအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပေသည်၊

အို့ယန်ထုံက ခေါင်းညိတ်၏၊

'မှန်တယ်၊ ဒီသချိုင်းဂူထဲမှာ သိုင်းကျမ်း မရှိဘူးဆိုတာကို မောင်ရင်ကော ကျုပ်ကောသိနေတာပဲ၊ကွန်လုံဝမ်လိုလူမျိုးက ဘာဖြစ်လို့မသိတာလဲ'

ဆန်ကွမ်းချီ ပြုံးမိသည်၊

'အဲဒီအချက်ဟာ သေချာပေါ့'

'နောင်ကြီးထန်ရှင်ဟာ ကွန်လုံဝမ်ကိုကောင်းကောင်းအရှုံး လုပ်နိုင်ခဲ့တယ်၊ သူ့မဟာသချိုင်းဂူကို တည်ဆောက်တဲ့ ကိစ္စကို လျှို့ဝှက်ထားခိုင်းတယ်၊ တည်ဆောက်မယ့်အလုပ်သမားတွေကို လဲ သိုင်းပညာတတ်တဲ့လူ မဖြစ်စေရဘူး၊ ဒီလောက်ကြီးမားတဲ့ မဟာသချိုင်းဂူ ဆောက်လုပ်တဲ့ ကိစ္စကို ဘယ်သူကမှ သူမသိ အောင် ထိန်းသိမ်းထားနိုင်မှာလဲ၊တစ်ခုတော့ရှိတယ်၊ဂိုဏ်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကရော ကျွန်တော်က ပါ ဘတ်နိုင်သမျှတော့ လျှို့ဝှက်ခဲ့ကြပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကွန်လုံဝမ်ဟာ ဒီသတင်းကိုရလိမ့်မယ်၊ လျှို့ဝှက်သေးလေ၊ သချိုင်းဂူအကြောင်း သိချင်လေလေ မသက်သာလေလေဖြစ်လာလိမ့်မယ်၊ ပထမပိုင်းမှာတော့ သချိုင်းဂူကို သာမန်မှသက်ရောက်ရှိမယ်၊ နောက်ပိုင်းအလိုလို အခြေအနေဆိုးလာတဲ့ အခါမှတော့ ဆရာကြီးကျိဖုန်းရဲ့ သိုင်းကျမ်းကိုလိုချင်တပ်မက်လာလိမ့်မယ်၊ အဲဒီသိုင်းကျမ်းထဲမှာ သိုင်းပညာအပြင် စစ်ဆင် စစ်တက်တိုက်ခိုက်ရေးနည်းပညာအခင်းအကျင်းတွေပါနေတယ်မဟုတ်လား၊ ဒီသိုင်းကျမ်းကိုအရယူပြီး ကျန်လုကိုကျင်းနဲ့ တခြား သိုင်းဂိုဏ်းကြီးတွေကို ဖြိုဖို့ သူ စိတ်ကူးမှာပေါ့’

‘ဒါဖြစ်နိုင်တယ်’

ထိုစကားကို အိုယန့်ထုံ၊ နိုင်ချစ်နေဘ်နှင့် တုထန့်ဟိုတို့ သုံးယောက်က တစ်ပြိုင်နက် ပြောဆိုကြခြင်း ဖြစ်ပေသည်။

အိုယန့်ထုံက စဉ်းစဉ်းစားစားဖြင့် ပြောသည်။

‘ကွန်လုံဝမ် သချိုင်းဂူကိုသွားမှာတော့ သေချာနေပြီ၊ ကျုပ်တို့ အစီအစဉ်တစ်ခုချပ်ဆွဲဖို့ လိုလာပြီ’

နိုင်ချစ်နေဘ်က ဆန့်ကွမ်းချီအား စူးရှစွာကြည့်၍…

‘ဆရာကြီးထန်ရှင်က ကွန်လုံဝမ် သူ့ဂူထဲဝင်ဖို့ကြံရင် ဘာလုပ်ရမယ်ဆိုတာ ရှင့်ကို ဘာများညွှန်ကြားခဲ့သေးသလဲ’



‘ညွှန်ကြားခဲ့တယ်၊ ကျွန်တော်လဲ ဂူထဲဝင်ရမယ်၊ ကွန်လုံဝမ်ကို ကာကွယ်ရမယ်’

‘ရှင်တစ်ယောက်တည်းတော့ ဘယ်ဖြစ်မလဲ’

‘အဖော်တစ်ယောက်ကို ခေါ်သွားရမှာပေါ့’

‘ဟင့်အင်း…ဘယ်အဖော်မှခေါ်လို့မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နောင်ကြီးထန်ရှင်က ကွန်လုံဝမ် သချိုင်းဂူထဲဝင်ရင် ကျုပ်တစ်ယောက်ပဲ ဝင်လိုက်ရမယ်လို့ မှာထားခဲ့လို့ပဲ၊ အဖော်ခေါ်သွားရင် သူ့စကားကို ဖယ်ရှားရာကျလိမ့်မယ်’

ထိုစဉ် အိုယန့်ထုံက ဝင်ပြောလေ၏။

‘ဟုတ်တယ်မိန်းကလေး၊ ဒီသချိုင်းဂူ အကြောင်းကို ဆန့်ကွမ်းချီအသိဆုံးပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူတစ်ယောက်တည်းစီးတည်ဆောက်ခဲ့တာကိုး၊ ဒီသချိုင်းဂူထဲမှာရှိ…’

ဆန့်ကွမ်းချီက ဖြတ်၍ပြောလေ၏။

‘ဒီသချိုင်းဂူထဲမှာ ခလုတ်တွေ ကျောက်ခေါင်းတွေ အများကြီးရှိတယ်၊ အလုပ်သမား နှစ်ရာကိုလို့ ထည့်ပိတ်ထားတယ်၊ ဒါပေမယ့် သူတို့ဟာ တစ်နှစ်ခြောက်လအတွင်းမှာတော့ မသေနိုင်သေဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အထဲမှာ ရေနဲ့ ရိက္ခာတွေ ပြည့်ထည့်ထားလို့ပဲ၊ အခုတော့ ကျွန်တော်သိပြီ၊ ကွန်လုံဝမ်ကို မျှားခေါ်ရမယ်၊ ကွန်လုံဝမ်ကို အဲဒီထဲမှာ အသေသတ်ရမယ်၊ ကွန်လုံဝမ်သေပြီးရင် အဲဒီထဲမှာ အသက်ရှင် ကျန်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတွေလွတ်မြောက်အောင် လုပ်ပေးရမယ်၊ အဲဒီလူတွေ လွတ်မြောက်အောင် ဘယ်လို လုပ်ပေးရမယ်ဆိုတာလဲ ကျွန်တော် သိထားပါတယ်၊ အခါကကတော့ ကျွန်လုံဝမ် အဲဒီထဲ ရောက်ဖို့ပဲ'

ဆန်ကွမ်းချီသည် ပညာရှိထန်ရှင်၏ အမြော်အမြင်ကြီးမှု တစ်ခုချင်း စဉ်းစားလာမိသဖြင့် စိတ်ထဲမှကျိတ်၍ချီးကျူးမိတော့သည်။

## အခန်း (၁၆၁)

## သခ်ျိုင်းဂူသို့ ဦးတည်ခရီး

ဆန်ကွမ်းချီကဲ့သို့ပင် အိုယန်ထုံသည်လည်း ပညာရှိထန်ရှင်ကို သတိရနေပေသည်။

သူသည် ပညာရှိထန်ရှင်၏ အရည်အချင်းကို သူများထက် ရှေးဦးစွာ သိရှိသူဖြစ်၏။

ထန်ရှင် ရှိနေခဲ့သည့် ဆယ်နှစ်တာ ကာလအတွင်း ကျွန်လုံဂိုဏ်းသည် တစ်ဟုန်ထိုး တိုးတက်ခဲ့ရာ အိုယန်ထုံသည် ထန်ရှင်အား ကျွန်လုံဂိုဏ်းချုပ်အဖြစ် ဆက်ခံရန် တိုက်တွန်းခဲ့သည်။

ထန်ရှင်သာ ဂိုဏ်းချုပ်အဖြစ် စီမံအုပ်ချုပ်ခဲ့လျှင် သိုင်းလောကကြီးတစ်ခုလုံး ငြိမ်းချမ်းသွားလိမ့်မည်ဟု သူယုံကြည်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းများကို ဆန်ကွမ်းချိုသာ သိရှိခဲ့လျှင် နိုင်ချစ်နော်၏ ညွှန်ကြားချက်အရ သွားရောက်တွေ့ဆုံခဲ့သည့် ခေါင်းတလွား ရှိသော အိမ်ကလေးမှ အသိုးအိုစကားကို ယုံကြည်တော့မည်မဟုတ်ပေ။

ပညာရှိအန်ရှင်သည် အေးချမ်းသော စိတ်နှလုံးရှိသည့်အပြင် သူကိုယ်တိုင် သိုင်းပညာ မတတ်မြောက်ခြင်းကြောင့် သိုင်းလောကသားအဖြစ် ဆက်သက်ရပ်တည်ရန် လုံးဝ မရည်ရွယ်ခဲ့ပေ။

ကွန်လုံဝမ်အား နှိမ်နင်းပြီးသည်နှင့် သစ်တစ်ပင်ဝါးတစ်ပင် အောက် သွားရောက်ဘုရားကျင့်ရန် စီစဉ်ထားသူ ဖြစ်ပေသည်။

စင်စစ် ထန်ရှင်ကသာ လွန်ခဲ့သည့် ဆယ်နှစ်တာ ကာလ အတွင်းက ကွန်လုံဖမ်အား သတ်ဖြတ်ရန် စီစဉ်ခဲ့လျှင် မုချ အောင်မြင်သည်။

သို့သော် ထန်ရှင် မကြံစည်ခဲ့ပေ။

အရုံဘတား သနဘောမျိုးဖြင့် အမှတ်မလေးဆယ့်ရှစ်အဖွဲ့နှင့် ကျွန်လုလက်ရွေးစင်ဂိုဏ်းသားများကို ရွေးချယ်လေ့ကျင့်ပေးနေ ခြင်းသာရှိသည်။

ကွန်လုံဝမ်က သူ့အား တကယ်တမ်း အကျပ်ကိုင်လာသည့် အခါတွင် ထန်ရှင်မှာ အတော်ကလေး အကျပ်တွေ့ခဲ့၏။



ကွန်လုံဝမ်အား မသတ်ဖြတ်နိုင်မီ သူ၏ မေးရာပါ ကျန်းမာ ရေး ချွတ်ယွင်းမှုဖြင့် သူ အချင်သေဆုံးသွားခဲ့ရ၏။

သို့သော် ကွန်လုံဝမ်အား သတ်ဖြတ် သုတ်သင်နိုင်လောက် သည့် အစီအစဉ်များကိုမူ တွက်ချက်ချမှတ်ပေးခဲ့ပေသေးသည်။

သူ့အားလုံး စဉ်းစား တွေးတောနေခိုက် နိုင်ချစ်နော်က အားနာစွာ ပြောလေ၏။

'ကျွန်မတို့ အချိန်ဆွဲနေလို့ မရဘူး၊ အခုဆိုရင် ကွန်လုံဝမ် က ပညာရှိအန်ရှင်ရဲ့ မဟာသချိုင်းဂူထဲကို သွားနေလောက် ပြီ ကျွန်မတို့ နောက်ကျနေရင် အားလုံး ဆုံးရှုံးကုန်လိမ့်မယ်'

ဟု ယန်ထုံအာ ခေါင်းညိတ်၏။

'ကောင်းပြီ၊ မဟာသချိုင်းဂူဆီ သွားရင် ဆန်ကွမ်းချိုနဲ့ ခယောက်ယောက် ပါဖို့တော့ ကောင်းတယ်'

'ဒီလိုဆိုရင် ကျွန်မ သူနဲ့ လိုက်သွားမယ်၊ ဂိုဏ်းချုပ်ကြီး ယ်လိုသဘောရပါသလဲ'

ဟု ယန်ထုံက ခေါင်းညိတ်၏။

'ဒီဘက်မှာ မြင်ဆင်စရာ ဘာမှ မရှိဘူးဆိုရင်တော့ မိန်း လေး လိုက်သွားတာ အကောင်းဆုံးပါပဲ၊ ဒါပေမယ့် ဒီဘက် မြင်ဆင်စရာတွေ အများကြီးရှိနေတယ်၊ ဒီတော့ မိန်းကလေး မသွားပါနဲ့'

www.burmeseclassic.com



ဆန်ကွမ်းချီက ရယ်ပြီးပြော၏။

'ကျွန်တော်နဲ့ ဘယ်သူမှ မလိုက်ပါနဲ့၊ ကွန်လုံဝမ်ကို ကျွန်တော် ရင်ဆိုင်နိုင်စွမ်း ရှိပါတယ်'

တုထန်ပဟိုက ဝင်ပြော၏။

'ကွန်လုံဝမ်ကို ညီလေးရင်ဆိုင်နိုင်တယ်ပဲ ထားပါဦး၊ကွန် ဝမ် တစ်ယောက်တည်း လာမယ်လို့ ညီလေး သိထားလို့လာ အနည်းဆုံး မုတ်ဆိတ်နဲ့လူနဲ့ သူနဲ့ တိုင်ပင်နေတာကိုတော့ မုတ်ဆိတ်နဲ့လူပါ ပါလိမ့်မယ်လို့ ယူဆရတယ်'

ဆန်ကွမ်းချီက ခေါင်းညိတ်သည်။

'အဲဒီလို အများနဲ့ တိုက်ရင်တော့ မပြောတတ်ဘူး တကယ်လို့ မဟာသမိုင်းဂူထဲမှာသာ တိုက်ရ ခိုက်ရရင် ကွန်လုံဝမ်နဲ့ လူဆယ်ယောက် ပါလာရင်လဲ ကျွန်တော် မစိုး ပါဘူး၊ဘာဖြစ်လို့လဲဆိုတော့ ဂူရဲ့အနေအထား၊ကျောက်မ ဆင်ထားတဲ့ ခလုတ် စက်တွေနေရာတွေကို ကျွန်တော်က ကျွမ်းကျင်နေလို့ပါပဲ'

အိုယန်ထုံက အေးဆေးစွာ ပြောသည်။

'ဆန်ကွမ်းချီ… ကွန်လုံဝမ်ကို ဘယ်တော့မှ လျှော့မ ပါနဲ့'

နိုင်ချစ်နေဘ်က စတင်၍ စကားဖြတ်လိုက်သည်။



'ဆန်ကွမ်းချီ…ကျွန်ုပ်တို့ သိပ်ပြီး အချိန်ဆွဲနေလို့ မဖြစ်ဘူး၊ ဘယ်တော့ စပြီး ခရီးထွက်မှာလဲ'

'ခုချက်ချင်းပဲ ခရီးထွက်မယ်၊ ဪ…တစ်ခုတော့ မှာထား ရစေ၊ ကျွန်တော့်ဆရာနဲ့ ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံဟာ လုံဝမ်ကို ချေမှုန်းဖို့ဆုံးဖြတ်သင်မယ့်လူတွေ ဖြစ်ပါတယ်၊ သူတို့ အကူအညီယူရင် မှားစရာအကြောင်း မရှိပါဘူး'

အိုယန်ထုံက ဝင်ပြော၏။

'စိတ်ချပါ၊ ကျုပ်ကလဲ သူတို့ကို ဝင်ကူဖို့ မေတ္တာရပ်ခံပြီး ပြီ၊ ရှောင်လင်ကျောင်းက ဆရာတော်အားလုံးကလဲ ကူညီ လို့ ကတိပေးထားကြပါတယ်'

ဆန်ကွမ်းချီသည် အိုယန်ထုံ၊ နိုင်ချစ်နေဘ်နှင့် တုထန်ပဟို ဂါရဝပြု နှုတ်ဆက်ပြီး ထွက်ခွာသွားလေ၏။

သို့သော် သူ ချက်ချင်း ပြန်လှည့်လာသည်။

'ကျွန်တော် တစ်ခုမေ့သွားတယ်၊ ချင်းဖိန် မင်းသမီးကိစ္စ နေသေးတယ်'

နိုင်ချစ်နေဘ်က….

'ချင်းဖိန်မင်းသမီးကိစ္စကို ရှင် ဘာမှပူမနေပါနဲ့၊ ကျွန်ုပ်တို့ ကောင်းကောင်း စောင့်ရှောက်ထားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း.... စောင့်ရှောက်ထားဖို့ ပြောတာ မဟုတ်ဘူး ချင်းဖိန်မင်းသမီးကို သူ့ဌာနေရောက်အောင် ပြန်ပို့ပေးပါ လို့ ကတိပေးပြီး ခေါ်လာခဲ့တာပါ၊ ဂိုဏ်းချုပ်ကြီးအနေ ချင်းဖိန်မင်းသမီးကို သူ့ဌာနေရောက်အောင် ပြန်ပို့ပေးလို့ ပါ၊ ကျွန်တော်ကတော့....'

ဆန်ကွမ်းချီမှာ စကားကို ဆက်မပြောတော့ချေ၊

လမ်းခုလတ်တွင်ပင် ရပ်ဆိုင်းထားလိုက်သည်၊

တုထန်ဟိုသည် ဆန်ကွမ်းချီ၏ ဆက်မပြောသည့် စကား အဓိပ္ပာယ်ကို သိသဖြင့် စိုးရိမ်သွားသည်၊

ထိုသော် ငြိမ်ငြိမ်သက်သက်ပင် စောင့်ကြည့်မိသည်၊

နိုင်ချစ်ခနော်က ဂိုဏ်းချုပ်ကြီး အိုယန်ထုံ ကိုယ်စား ပြော ကြား၏၊

'စိတ်ချပါ၊ ရှင်သွားတာနဲ့ တစ်ပြိုင်နက် စိတ်ချ လုံခြုံ အစောင့်အရှောက်တွေ ထည့်ပြီး ချင်းဖိန်မင်းသမီးကို သူ့ဌာ အရပ်ကို ပြန်ပို့မယ်'

ဆန်ကွမ်းချီသည် စိတ်အေးသွားဟန်ဖြင့် သက်ပြင်းမှု မှုတ်ထုတ်လိုက်၏၊

'ကျွန်တော် သွားတော့မယ်၊ အားလုံးကို နှုတ်ဆက်ခဲ့ တယ်၊ ကျွန်တော့် ဆရာနဲ့ ဂိုဏ်းချုပ်ကြီး ယွင်ကြီလုံကို နှုတ်ဆက် ခဲ့ကြောင်းကိုလဲ ပြောပြလိုက်ကြပါ'



တုထန်ဟိုက အရေးတကြီး လှမ်းပြောလေ၏၊

'ညီလေး၊ ငါလဲ ကွန်လုံဝမ်ဆီ သွားဖို့ မလိုတော့ပါဘူး၊ ခုအချိန်က လူပြိုက်ကိုယ်ပြိုက် တိုက်ရမယ့်အချိန် ဖြစ်နေတော့ သူ့ဆီက လျှို့ဝှက်သတင်းယူဖို့လဲ မလိုအပ်တော့ပါဘူး၊ ငါလဲ ညီလေးနဲ့အတူ လိုက်ခဲ့မယ်၊ ဂုထဲဝင်ရင်တော့ ညီလေး တစ် ယောက်တည်းပဲ ဝင်ပေါ့'

ဆန်ကွမ်းချီ တွေဝေသွားသည်၊

ထိုအခါ အိုယန်ထုံက ဝင်၍ ဖျောင်းဖျလေ၏၊

'ဆန်ကွမ်းချီ၊ သူရဲကောင်းကြီး မှုဆန်ဟိုကို ခေါ်သွားရင် သိပ်အဆင်မပြေပါဘူး၊ ကွန်လုံဝမ်ဟာ တစ်ခုခုသံသယရှိတည်း လာ ချင်မှ လာလိမ့်မယ်'

ဆန်ကွမ်းချီသည် တစ်ခဏ စဉ်းစားသည်၊

တုထန်ဟို မပါလာခြင်းအားဖြင့် အကျိုးမယုတ်နိုင်ဟု ယူဆ သဖြင့် ခေါင်းညိတ်လိုက်သည်၊

'အစ်ကိုကြီး တုထန်ဟို၊ အစ်ကိုကြီး လိုက်မယ်ဆိုရင်တော့ သိပ်မဆိုးပါဘူး၊ လိုက်ချင်ရင် လိုက်ခဲ့ပါ'

တုဆန်ဟိုသည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံအား ဦးညွှတ် ဂါရဝပြုပြီး ဆန်ကွမ်းချီနှင့်အတူ ထွက်ပြေးသွားလေတော့၏၊

www.burmeseclassic.com

www.burmeseclassic.com



အိုယန်ထုသည် တုထန်ဟိုနှင့် ဆန်ကွမ်းချိတို့၏ ကျောပြင်ကို ငေးမောကြည့်ပြီး သက်ပြင်းချသည်။

'အဲဒီ တိဗက်ကြီးဟာ သူရဲကောင်း ဆန်ကွမ်းချိအပေါ်မှာ အကြောက်လေးသံယောဇဉ်ကြီးတယ်၊ ဆန်ကွမ်းချိရဲ့သံယောဇဉ်နဲ့ပဲ ကျုပ်တို့ကို လာကူညီနေရှာတာပဲ'

နိုင်ချစ်နေဘ်သည် မျက်ရည်စွေသလို ဖြစ်လာရာမှ အံကြိတ်ပြီး ဖြေဖျောက်လိုက်သည်။

'တုထန်ဟို ပါသွားတာ ကောင်းပါတယ်၊ ကွန်လုံဝမ်မှာ အဖော် ပါလာရင် ဆန်ကွမ်းချိ ဘယ်လိုမှ မနိုင်နိုင်ပါဘူး၊ ဒါကြောင့် ဆန်ကွမ်းချိ လက်ခံချင်ပုံမရဘူး၊ ဂိုဏ်းချုပ်ကြီး မေတ္တာရပ်ခံလို့သာ သူ လိုက်လျောပုံရတာ'

အိုယန်ထုက အခွင့်အခါ ကြုံလာသဖြင့် နိုင်ချစ်နေဘ်အား ရှင်းပြသည်။

'ဆန်ကွမ်းချိဟာ အရင်တုန်းကလို ကျုပ်တို့ ကျွန်လုဂိုဏ်းသားမဟုတ်ဘူး၊ အခုလဲ မဟုတ်ပါဘူး၊ သူ့ကို ညှို့သည့်တော တစ်ယောက်အနေနဲ့ပဲ ဆက်ဆံရပါမယ်၊ အခုကိစ္စဟာ သူနဲ့ဘာမှ မပတ်သက်ဘူး၊ သူ ကွန်လုံဝမ်နဲ့ ဘာကြောင့်ရင်ဆိုင်မယ်ဆိုတာ သိနိုင်ပါတယ်၊ အဲဒီလိုသေသွားရင် ကျုပ်မှာ အပြစ်မကင်းတာတော့ အမှန်ပဲ'



'ဂိုဏ်းချုပ်ကြီးက မသွားပါနဲ့တားလဲ သူကတော့ သွားမှာပါ'

'မှန်တယ်၊ သူက ထန်ရှင်ကိုကတိပေးထားခဲ့တာကိုး၊ ဒီတော့ ကတိဖျက်မခံဘဲနဲ့ သေလမ်းရှင်လမ်း ရွေးမနေတော့ဘူး၊ ကွန်လုံဝမ်ကို ဖြိုဖျက်ဖို့ဆို တန်းသွားတော့တာပဲ'

အိုယန်ထုသည် ခေတ္တမျှ စကားဖြတ်၍ စဉ်းစားသည်။

'အခု ကျုပ်တို့ ဆွေးနွေးရသလောက် အခြေအနေအတိုင်းဆိုရင် ကွန်လုံဝမ်ဟာ သူ့ စံတော်အိမ်က ခွာသွားတော့မယ်ဆိုတာ သေချာနေပြီ၊ ဒါဆိုရင်...'

'ဂိုဏ်းချုပ်ကြီးက သူ့ စံတော်အိမ်ကို သွားတိုက်ဖို့ စိတ်ကူးနေသလား'

'တိုက်ရင်လဲဖြစ်တယ်၊ ဒါမှမဟုတ် သူ့ အလာကိုစောင့်ပြီး သုတ်သင်ရင်လဲ ဖြစ်နိုင်တယ်'

နိုင်ချစ်နေဘ်က ပြုံးသည်။

'အဲဒါ ဂိုဏ်းချုပ်ကြီး မှားနေပြီ၊ သူဟာ စံတော်အိမ်ကထွက်ကတည်းက ထောင်ချောက်အမျိုးမျိုး လုပ်ခဲ့မှာသေချာပါတယ်၊ ကျွန်မတို့က ပိုင်ပြီဆိုပြီး သူ့ စံတော်အိမ်ထဲ ဝင်ရင် ကျွန်မတို့လောက် မိုက်တဲ့လူ ရှိမှာမဟုတ်ဘူး'

အိုယန်ထုက စဉ်းစဉ်းစားစား ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'သူ စံအောင်အိမ်ထဲ မဝင်နိုင်ဘူး၊ သူ ကိုလဲဖြတ်ပြီး မ
နိုင်ဘူးဆိုရင် ကျုပ်တို့အင်အားတွေ အလကားဖြစ်ကုန်မှာပေ

'အလကားမဖြစ်ပါဘူး၊ ကျွန်မတို့ လုပ်သင့်တာ တစ်
ရှိတယ်၊ အဲဒါကတော့ သူခိုးအုပ်စုမဖမ်းခင် သူခိုးခေါင်းဆေ
ကို အရင်ဖမ်းဖို့ပဲ၊ ဟွန်လုံဝမ်ကို အသေပဲဖြစ်ဖြစ်၊ အရှ
ဖြစ်ဖြစ် ဖမ်းဆီးမိရင် သူ့နောက်လိုက်တွေ အလကားဖြစ်ပြီပေ

'ကောင်းပြီ၊ ကျုပ်တို့အစီအစဉ်ဆွဲရမယ်၊ ကွန်လုံဝမ် နော
ကို အားလုံးလိုက်ကြမယ်'

'အားလုံးတော့ မလိုက်သင့်ဘူး၊ ကျွန်မစိတ်ကူးအရ ငြေ
ရှရင် အမှတ်လေးဆယ့်ရှစ် တပ်ဖွဲ့က ကျွန်တို့ဂိုဏ်းသား သ
ဆယ့်ခြောက်ယောက်ကို စံအောင်အိမ် ပတ်လည်မှာ စခန်းချထ
ရမယ်၊ လက်ရွေးစင် ဂိုဏ်းသားငါးယောက်ကိုလဲ ပုန်းပေါင်းပြ
ထားပေးရမယ်၊ သူတို့ကိုတော့ လေကျင့်ရေးမှူးကြီး ကွမ်းေ
စင်နဲ့ ပေကိုးလျှံတို့ အုပ်ချုပ်နေသင့်တယ်'

'ကျွန်တို့လူတွေက ကွန်လုံဝမ်နောက်ကို လိုက်ကြမလား'

'လိုက်ရမှာပေါ့၊ ဂိုဏ်းချုပ်ကြီးရယ်၊ ကျွန်မရယ်၊ ယွ
ရှောက်ရယ်၊ ထိန်မုဆရာတော်ရယ်၊ တက်မှုဆရာတော်ရယ်၊ စိ
ဆရာတော်ရယ်၊ ဆရာကြီးကျင်ရှယ်တောက်ရယ်၊ ဆရာကြီးရဲ
ဖိန်ရယ်၊ အားလုံး ကွန်လုံဝမ်နောက်ကို လိုက်ရမယ်၊ အခုဆ
ရင် ကွန်လုံဝမ် ဘယ်သွားမယ်ဆိုတာ သိနေပြီပဲ၊ အားလုံး
ဆရာကြီးသန်ရှင်ရဲ့ မဟာသချိုင်းဂူတို့ လိုက်ကြရမယ်'



နိုင်ချစ်နော်က တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်....

'ဪ....အဲဒီ သချိုင်းဂူရှိတဲ့ ထိုက်ယင် တောင်ကုန်းမှာ
ဂိုဏ်းချုပ်ကြီးရဲ့ ကျွန်လူဂိုဏ်းသားတွေကို အစောင့်ချထားတယ်
မဟုတ်လား'

'ရှင်သိမ်းလိုက်တာ ကြာပါပြီ'

'ဒါဖြင့် မဟာသချိုင်းဂူမှာ ဘာအစောင့်အရှောက်မှ မရှိ
တော့ဘူးပေါ့'

'မဟာသချိုင်းဂူနားမှာ ငင်းတဲစစ်လုံး ထိုးထားပြီး တင်း
သမား ဆယ်ယောက်ကတော့ စောင့်ရှောက်ပေးနေပါတယ်'

'အရိုးအိုးသဘောလောက်ပဲ ဆိုပါတော့'

'ဟုတ်တယ်၊ သူတို့ကို အင်အားကြီးမားတဲ့ သိုင်းပညာရှင်
တစ်ယောက်ယောက်က တိုက်ခိုက်ရင်တော့ သူတို့လဲ ဘာမှ
တတ်နိုင်မှာ မဟုတ်ဘူး'

နိုင်ချစ်နော်က အရေးတကြီး ပြောလေ၏။

'ဒါဆိုရင်တော့ အရေးကြီးပြီ၊ သချိုင်းဂူဆီ ကွန်လုံဝမ်
မရောက်သေးခင် ကျွန်မတို့ ရောက်သွားဖို့လိုနေပြီ'

သူမသည် ဂိုဏ်းချုပ်ကြီးအား မေတ္တာရပ်ခံသည်။

www.burmeseclassic.com



'ကျွန်မနဲ့ ယွမ်ရှောက် အရင်လိုက်သွားပါမယ်၊ စံတော်အိမ်ကို ဝိုင်းတိုက်ဖို့ကိစ္စကို ဂိုဏ်းချုပ်ကြီး စီစဉ်ပေးခဲ့ပြီး ဧည့်သည်တော် သိုင်းသမားကြီးတွေကိုခေါ်ပြီး ကျွန်မတို့နောက် လိုက်ရင် ပိုပြီး အဆင်ပြေမယ်လို့ ထင်ပါတယ်'

အိုယန်ထု က ခေါင်းညိတ်၏။

'အဲဒီ အစီအစဉ် ကောင်းတယ်၊ ဆန်ကွမ်းချီထက် အရင်မရောက်တာတောင် အတူတူရောက်ဖို့ အရေးကြီးနေပြီ၊ ခပ်မြန်မြန်ကလေးသာ သွားပေတော့၊ ကျန်တဲ့အပိုင်းကို ကျုပ် စီစဉ်ခဲ့မယ်'

နိုင်ချစ်နော်သည် စူးရှသောလေချွန်သံပြုလိုက်ရာ ယွမ်ရှောက်သည် အလွန်တရာ လျင်မြန်သော ကိုယ်ဖော့ပညာဖြင့် ခုန်ပေါက်ရောက်ရှိလာလေ၏။

'ကဲ....ကျွန်မတို့ သွားတော့မယ်'

'ကောင်းပြီ'

နိုင်ချစ်နော်နှင့် ယွမ်ရှောက်တို့သည် ဂိုဏ်းချုပ်ကြီး အိုယန်ထုအား ဂါရဝပြုပြီး ပြေးထွက်သွားကြ၏။

သို့သော် နိုင်ချစ်နော်မှာ ရုတ်တရက် ပြန်လှည့်လာသည်။

'ဘာဖြစ်လို့လဲ မိန်းကလေး'



'ဂိုဏ်းချုပ်ကြီး....ချင်းဖိန်မင်းသမီးကိစ္စ ရှိသေးတယ်၊ အဲဒီမင်းသမီးကို ပြန်ပို့ဖို့ တစ်ယောက်ယောက်ကို တာဝန်ပေးအပ်ရင် ကောင်းမယ်လို့ ထင်ပါတယ်'

အိုယန်ထု က ခေါင်းညိတ်၏။

'တွန်လိုဝမ်အတွက် ခေါင်းပူနေပေမယ့် အဲဒီမိန်းကလေးအတွက်တော့ ကျုပ်မမေ့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆန်ကွမ်းချီက မပြန်လမ်း မြန်းတော့မယ့်လူလို အမှတ်တရမှာကြားခဲ့တဲ့အတွက်ပါပဲ'

'ကောင်းပါပြီ၊ ဒါဆိုရင် ကျွန်မတို့ကို ခွင့်ပြုပါ'

'ကောင်းပြီ'

နိုင်ချစ်နော်နှင့် ယွမ်ရှောက်တို့သည် တရိပ်ရိပ် ပြေးထွက်လာကြရာ နောက်ဆုံး၌ အိုယန်ထု၏ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

အိုယန်ထု လည်း သူ တာဝန်ယူထားသည့် အပိုင်းများကို စီမံဆောင်ရွက်နိုင်ရန် လှည့်ထွက်လာတော့သည်။

ထန်ရှင်၏ မဟာသချိုင်းဂူ တည်ရှိရာအရပ်မှာ ဝှမ်းကျန်းနယ်၏ ထိုက်ယင်တောင်ကုန်းဖြစ်သည်။

နိုင်ချစ်နော်သည် ထိုနေရာကို တစ်ကြိမ် ရောက်ဖူးသဖြင့် ကောင်းစွာ မှတ်မိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်နှင့် ယွမ်ရှောက်တို့သည် မရပ်မနား ခရီးနှင်ကြ၏။

အစာစားချိန်နှင့် အစာစားပြီး ခေတ္တခဏ အနားယူချိန်မှလွဲ၍ အနည်းငယ်မျှ အချိန်မဖြုန်းပေ။

ခေတ္တအနားယူချိန် ဆိုသည်မှာလည်း တင်ပျဉ်ခွေထိုင်ကာ အတွင်းအား လေ့ကျင့်ခြင်းသာဖြစ်၏။

ထိုသို့ အနားယူပြီးလျှင် ချက်ချင်း ခရီးထွက်သည်။

နေလုံးကြီး အနောက်ဘက် ဝင်ချိန် ရောက်သောအခါ ယွမ်ရှောက်က နိုင်ချစ်နော်အား လှမ်းမေး၏။

'အစ်မလေး...ဆက်ပြီးခရီးနှင်ဦးမှာလား'

နိုင်ချစ်နော်က ခေါင်းညိတ်၏။

'နှင်ရမယ်၊ နို့မို့ရင် ရှင့်အစ်ကိုကြီး ဆန်ကွမ်းချီနဲ့တန်းတူ မရောက်ဘဲ ဖြစ်နေလိမ့်မယ်'

သူတို့နှစ်ယောက်သည် လုံးဝ ရပ်နားခြင်းမရှိဘဲ ညခရီး ဆက်ကြ၏။

နောက်တစ်နေ့နံနက် အရုဏ်ဘက် အချိန်တွင် ထိုက်ယင်တောင်ခြေသို့ ရောက်လာ၏။

'လူသွားလမ်းအတိုင်း သွားနေရင် ကွန်လုံဝမ်နဲ့ ထိပ်တိုက်တိုးချင်တိုးနေမယ်၊ လူသွားလမ်းအတိုင်း မသွားဘဲနဲ့ သစ်ပင်



ချုံနွယ်တွေကြားထဲက ဖြတ်သွားရမယ်၊ ကွန်လုံဝမ် အနေင်ဆုံး ရောက် မရောက်ဆိုတာကို ရှင် ပထမ စုံစမ်းကြည့်ပါ။ ကျွန်မ ဖြည်းဖြည်း လိုက်လာမယ်'

နိုင်ချစ်နော် ဤသို့ပြောခြင်းမှာ သစ်တောအတွင်း၌ ယွမ်ရှောက် မည်မျှ လှုပ်ရှားနိုင်သည်ကို သိရှိထားသောကြောင့် ဖြစ်သည်။

သစ်ပင် တောတောင်အတွင်း၌ ယွမ်ရှောက်ကဲ့သို့ မည်သူမျှ လှုပ်ရှားနိုင်မည် မဟုတ်ပေ။

ကွန်လုံဝမ်သော်မှ အရှုံးပေးသွားရပေလိမ့်မည်။

ယွမ်ရှောက်သည် နိုင်ချစ်နော်အား မျက်လုံးရွဲကြီးများဖြင့် ကြည့်ကာ ချက်ချင်းပင် တောင်ပေါ်သို့ တက်ပြေးသွားတော့၏။

သစ်ပင် သစ်တော ထူထပ်သဖြင့် ယွမ်ရှောက်မှာ တခဏ်အတွင်း ပျောက်ကွယ်သွားသည်။

နိုင်ချစ်နော်သည် အမှု တစ်ယောက်တည်း ကျန်ရစ်သောအခါ သူမ၏ဆိုးရွားလှသော အချစ်ကြမ္မာကိုတွေးပြီး မျက်ရည်ဖြင့် ကျလာမိတော့၏။

သူမ ချစ်နေသူကတစ်ယောက်၊ မချစ်ဘဲနှင့် လက်ထပ်ရမည့်သူကတစ်ယောက် ဖြစ်နေသည့်ပြင် မချစ်ဘဲနှင့် လက်ထပ်ရမည့်သူကို သူမ ချစ်နေသူက ကြည်ဖြူစွာ သဘောတူနေသဖြင့် သူမ၏ရင်ထဲ၌ လွန်စွာ နာကျင်နေမိတော့သည်။

www.burmeseclassic.com



ထို့ပြင် သူမ၏စကားကို တစ်ခွန်းမှပြန်လှန်စောဒကမတက်ဘဲ ထားရာနေ စေရာသွားနေသည့် ယွမ်ရှောက်ကိုလည်း သနားသလိုလို ဖြစ်လာတော့သည်။

သူမသည် တာဝန်ကို မေ့လျော့ပြီး တောင်တက်လမ်းကို တစ်လှမ်းချင်း တက်နေမိ၏။

သူမ မည်မျှ ယောင်ယောင်ကန်းကန်း တတ်နေသည်မသိ ယွမ်ရှောက် သူ့အနီးသို့ ပြန်ရောက်နေချိန်တွင် မွန်းတည့်နေပြီ။

'အစ်မလေး....'

နိုင်ချစ်နေဘ်သည် ထိုအသံကြောင့် တုန်သွား၏။

'ဘာလဲ...ဘာလဲ'

'အစ်မလေး....တောင်ကုန်းထိပ်မှာ ပေနှစ်ဆယ် ပတ်လည်လောက်ရှိတဲ့ အုတ်ဂူကြီး ရှိတယ်၊ အဲဒီအုတ်ဂူနဲ့ ကိုက်နှစ်ဆယ်သုံးရာလောက်ကွာတဲ့ နေရာမှာတော့ တဲအိမ်ကလေးတစ်လုံး ရှိတယ်၊အဲဒီထဲမှာ ကျွန်လုဂိုဏ်းသား သိုင်းသမားဆယ်ယောက် ရှိနေတယ်'

'သူတို့ ကင်းစောင့်မနေကြဘူးလား'

'မစောင့်ဘူး၊ ကျွန်တော် စိတ်ထင်တော့ ကင်းစောင့်ဖို့လည်း မလိုဘူးလို့ ထင်ပါတယ်၊ အဲဒီ အုတ်ဂူကြီးကို မြင်နေရတာပဲ'



'တခြား ဘယ်သူတွေကို အရိပ်အယောင် မြင်ခဲ့သေးသလဲ'

'ဘယ်သူ့ကိုမှ မမြင်ပါဘူး'

'ကွန်လုံဝမ်ရဲ့ အရိပ်အယောင်ကိုကော'

'ကျွန်တော် သတိထားပြီး ကြည့်ခဲ့ပါတယ်၊ ဘာသဲလွန်စမှ တွေ့ရပါဘူး'

'ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်မတို့ အချိန်မီရောက်လာတာပဲ၊ လဲ ဟောဒီ သစ်ပင်ကြီးခြေရင်းမှာ အိပ်လိုက်ဦး'

ယွမ်ရှောက်ကား တကယ့် ယွမ်ရှောက်ဘည်း။

နိုင်ချစ်နေဘ် အမိန့်ပေးလိုက်သည်နှင့် ထိုသစ်ပင်ကြီးအောက်ခြေ ဝင်အိပ်တော့၏။

နိုင်ချစ်နေဘ်က ပင်စည်၏ အခြား တစ်ဖက်တွင် ငုတ်ထိုင်သည်။

သူတို့ ဝင်ထိုင်နေသည့် သစ်ပင်ကြီးမှာ လူသွားလမ်းအောက်တွင် ချုံနွယ်ပိတ်ပေါင်းများ ကာအီးနေသဖြင့် ကွန်လုံဝမ် လောက်ရှိလာလည်း ရုတ်တရက် မြင်နိုင်လိမ့်မည် မဟုတ်ပေ။

နိုင်ချစ်နေဘ်သည် သူ့ရင်ထဲ နှလုံးထဲ၌ ရှိနေသည့် အလွမ်းအဆွေး စိတ်ခံစားမှုများကို ကြိုးစား၍ ဖြေဖျောက်လိုက်ရ၏။

ယခုအခါတွင် သူမ၏ ဦးခေါင်းထဲ၌ တာဝန်နှင့် ဝတ္တရားများ ပြန်လည်စိုးမိုးလာခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက် တောင်ကုန်း၌ နေလုံးကြီး စုံးစုံးမြုပ်သွ
သောအခါ နိုင်ချစ်နော်သည် မဟာသချိုင်းဂူရှိရာသို့ စတင်ထ
လေတော့၏။

သူတို့သည် မဟာသချိုင်းဂူအနီးသို့ ချက်ချင်း ကပ်မလာ
ပေ။

ခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီး တစ်ပင်ပေါ်မှ အကဲခတ်
သည်။

ကင်းသမားများ၏ ကင်းတဲကလေးမှ မီးတလက်လက်
လင်းလာ၏။

မဟာသချိုင်းဂူ၏ပတ်လည်၌ လူရိပ်ငါးရိပ် တွေ့နေရသ
ကင်းသမားများ ကင်းစောင့်နေကြပြီဖြစ်ကြောင်း နိုင်ချစ်နော
နားလည် သိရှိလိုက်သည်။

အကယ်၍ ကွန်လုံဝမ် ရောက်ရှိနေမည်ဆိုလျှင် ကင်းသမ
များသည် ဤသို့ ငြိမ်သက်တိတ်ဆိတ်နေကြလိမ့်မည် မဟုတ်ပေ

တောရိပ်တောင်ရိပ်ဖြစ်သဖြင့် အအေးဓာတ် လွှမ်းခြုံလ
သည်။

မှောင်နှင့်မည်းမည်း တောတောင်အတွင်း၌ မီးရောင်တလ
လက် မြင်နေရခြင်းမှာ ချောက်ချားဖွယ် မြင်ကွင်းပင်ဖြစ်တော
သည်။



သိသော် နိုင်ချစ်နော်အဖို့မူ ဤမီးရောင် တလက်လက်သည်
လုံဝမ်နှင့် ဆန်ကွမ်းချီတို့ ရောက်မလာသေးသည့် အညွှန်း
ပင် ဖြစ်တော့သည်။

ချစ်နော်သည် ဤမဟာသချိုင်းဂူ ရှိရာသို့ ဆန်ကွမ်းချီ
သော စိတ်ထားမျိုးဖြင့် လာသည်ကို ရိပ်မိခဲ့သည်။

ဖော်လောင်တက် တစ်ယောက်မျှမခေါ်လိုခြင်း၊ ချင်းဒိန်
မီ;အား သူ၏ နေရင်းဌာနသို့ ပြန်ပို့ပေးရန် အမုတ်
မှာကြားခြင်းမှာ ဤနေရာ၌ ကွန်လုံဝမ်အား အသက်ရှင်
တ်တော့မည်ဖြစ်ကြောင်း ပြသည့် မှတ်အသားများပင်
တော့သည်။

မသည် ဆန်ကွမ်းချီ၏ မြင့်မြတ်သော စိတ်ဓာတ်ကို လွန်
လေးစားလာရာမှ အချစ်ပိုလာခြင်းဖြစ်သဖြင့် ဆန်ကွမ်းချီ
လွတ်နိုင်သည့် စိတ်ဓာတ်ကို တွေးမိတိုင်း အသည်းနှလုံး
လွန်စွာ နာကျင်မိရှာသည်။

သူမအနေဖြင့် ဂိုဏ်း ချုပ်ကြီး အိုယန်ထုံတို့ လူစုကို
တော့တဲ့ ခရီးပြင်းနှင်ခဲ့ခြင်းမှာ ဆန်ကွမ်းချီတစ်ယောက်
အသေခံမည် စိုးရိမ်သောကြောင့် ဖြစ်ပေသည်။

နက်လာသည်နှင့်အမျှ လမင်းကြီးသည် ကဖြည်းဖြည်း
တ်လာသဖြင့် မဟာသချိုင်းဂူရှိရာ ပတ်ဝန်းကျင်ရှိ လူရိပ်
များကို ချောက်ချားဖွယ် တွေ့မြင်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်ကုန်းထိပ်၌ ပေနှစ်ဆယ်ပတ်လည်၊ အယ်ပေ...
ရှိသော အုတ်ဂူမှာ ထန်းရှင်၏အုတ်ဂူအစစ် မဟုတ်ပေ။

ထန်းရှင်၏ သင်္ချိုင်းဂူ အစစ်မှာ ထိုအုတ်ဂူ၏ အောက်...
မြေအောက်၌ တည်ရှိသည်၊

လျှို့ဝှက်တံခါးကို ဖွင့်နိုင်သည့် ခလုတ်များသည် သုံးနေ...
တည်ရှိနေသော်လည်း လွယ်လွယ်နှင့် ရှာဖွေနိုင်သည် မဟု...

ထိုအုံးနေရာ၏ သိသူမှာ ဆန်ကူမ်ချီတစ်ယောက်တည်း...
ရှိသည်။

နိုင်ချစ်နေဘ်နှင့် ယွမ်ရှောက်တို့သည် သစ်ပင်ပေါ်မှ စီး...
လက်ရှည် စောင့်ကြည့်နေကြသည်။

မကြာမီ ကင်းသမား ငါးယောက် တဲကလေးဆီသို့...
လျှောက်လာကြောင်း တွေ့ရသည်။

နိုင်ချစ်နေဘ်က တီးတိုးပြော၏။

'အဲဒါ ထွက်မှားတယ်၊ ကင်းသမားတွေဟာ နှစ်...
တစ်ဆိုင်း ဒီတာဝန်ယူပြီး အချိန်ပိုင်းနဲ့ နှစ်ဆယ့်လေးနာ...
တာဝန် ယူသင့်တယ်၊ အခုကြည့်၊ သူတို့ ဆယ်ယောက်...
တဲထဲမှာ ရှိနေပြီ'

ယွမ်ရှောက်သည် ကျွဲအရေး အခင်းနှင့် ပတ်...
ကျယ်ကျယ်ပြန့်ပြန့် နားလည်သူ မဟုတ်ပေ။



ထို့ကြောင့်...

'ဘာဖြစ်လို့လဲ အစ်ကလေး၊ သူတို့ ဘာကိုစောင့်နေတာလဲ၊
...လဲမရှိဘူး၊ ဒီအုတ်ဂူကြီးကို စောင့်လို့ ဘာဖြစ်မှာလဲ'

နိုင်ချစ်နေဘ်သည် ယွမ်ရှောက်၏ ဗဟုသုတ နည်းပါးမှုကို
...းလည်သဘော...ပေါက်သဖြင့် အပြစ်မတင်တော့ပေ။

'ယွမ်ရှောက် ကြည့်နေ၊ ဒီအုတ်ဂူနား ဘယ်သူအပ်လာသလဲ
...တာ သေသေချာချာ ကြည့်နေပါ၊ မြင်ရင် ကျွန်မကို ပြော...'

'ဟုတ်ကဲ့'

သစ်ပင်ကြီး၏ ကြီးမားသော သစ်ကိုင်းကြီးများပေါ်မှ
...တို့ ငြိမ်သက်စွာ စောင့်ကြည့်နေရိုက် အုတ်ဂူ၏ အနောက်ဘက်
...ပင်များဆီမှ ရိပ်ခနဲရိပ်ခနဲ လှုပ်ရှားသည့် ...တစ်ခု
တွေ့လိုက်ကြရသည်။

'အစ်မလေး'

ယွမ်ရှောက်က တီးတိုးခေါ်၏။

'ကျွန်မမြင်တယ်'

နိုင်ချစ်နေဘ်ကလည်း တီးတိုးပြော၏။

'ရှင် ဒီမှာစောင့်နေဘ်၊ ကျွန်မ သွားစုံစမ်းဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်သည် သစ်ကိုင်းကြီးပေါ်မှ ပေါ့ပါးစွာ ခုန်ဆင်း
သွား၏။

သူမသည် လရောင်ရိပ်ထဲမှ ဖြတ်မပြေးချေ။

သစ်ပင်ကြီးများအောက်မှ ကွေ့ကောက်၍ ထွက်သွား
သည်။

စောစောက လူရိပ်မြင်ရသည့်သစ်ပင်များအောက်သို့ရော
သည့်အခါတွင် ငြိမ်သက်စွာ ရပ်နေလိုက်ရပြန်သည်။

မရပ်၍ မဖြစ်။

သူမ လှုပ်ရှားလျှင် ရန်သူက သူမကို သတိပြုမိပေလိမ့်မည်

အတန်ကြာ ငြိမ်သက်နေသည့်တိုင် စောစောက တွေ့ခဲ့သည့်
လှုပ်ရှားမှုကို ထပ်မံ မတွေ့ရတော့ချေ။

'ဘယ်သို့ဖြစ်တာပါလိမ့်၊ ငါများ မျက်စိမှားသလား၊ ...
မမှားနိုင်ပါဘူးလေ၊ ယွမ်ရှောက်လဲ မြင်တာပဲဥစ္စာ'

နိုင်ချစ်နော် တွေးနေစဉ်မှာပင် သစ်ပင်များအကြားမှ
တစ်ယောက် ခုန်ထွက်လာပြီး အုတ်ဂူ၏ အမှောင်ရိပ်သော
ကပ်သွားကြောင်း တွေ့လိုက်ရသည်။

နိုင်ချစ်နော်မှာ သတ္တိရှိသူဖြစ်သော်လည်း ထိုလူရိပ်ကို
ရသောအခါ ကြက်သီးတဖြန်းဖြန်း ထသွားသည်။

ကျောရိုးထဲမှ စိမ့်တက်လာသည်။



လူလော...နာနာဘာဝလော။

ဆန်ကွမ်းချီ မဟုတ်သည်ကတော့ သေချာသည်။

ဆန်ကွမ်းချီသည် ဤသို့ ခိုးကြောင်ခိုးဝှက် လုပ်နေမည့်သူ
ဟုတ်ပေ။

နိုင်ချစ်နော်သည် သစ်ပင်များ၏ အရိပ်ကိုခိုကာ ကင်းသမား
များ တဲအနီးသို့ ကွေ့ဝိုက်လျှောက်လာကာ သူမ၏ လှုပ်ရှားမှု
များကို မှောင်ရိပ်ထဲ သစ်ပင်ရိပ်ထဲ၌ ရှိနေစေခြင်းဖြင့် ဂူသင်္ချိုင်း
အားမှလူ၏ အေးရန်ကို ရှောင်ရှားခဲ့သည်။

'ဆန်ကွမ်းချီ ပြောဖူးတယ်၊ ဒီဂူသင်္ချိုင်းကိုဆောက်တဲ့ အလုပ်
သမား နှစ်ရာကို ဒီဂူသင်္ချိုင်းထဲမှာပဲ မြှုပ်နှံလိုက်တာယ်တဲ့၊ တကယ်
ပဲ ဒီလူတွေ သေသွားရင် ဧကရာဇ်ကြီးဟာ ဇီညာဉ်တွေ စိုင်းရုံ
နေတဲ့ ဂူသင်္ချိုင်းဖြစ်မှာ သေချာတယ်'

ထိုအကြောင်းများကို စိတ်ထဲမှ တီးတိုးရေရွတ်မိရာမှ
ကြက်သီးတဖြန်းဖြန်း ထ ရပြန်သည်။

ထိုစဉ် ဂူ၏မှောင်ရိပ်ထဲ၌ ခိုနေသူသည် ဖျတ်ခနဲ လရောင်
အောက်သို့ ထွက်လာသည်။

လမင်းကြီး၏ အလင်းရောင်အောက်၌ သားရေတုမျက်နှာ
ဖုံးစိမ်း ခန္ဓာကိုယ်နှင့် တွေ့ရသူကား ဝမ်ဂိုကျုံးကို ထည့်
ထားသော ဂိုကျုံးချုပ်ကြီး ကွန်လုံဝမ်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း...ကျွန်လုံဝမ်ပါလား၊ သူက အရှင်ရောက်လာစတယ် ဆန်ကွမ်းချိုက ဘယ်မှာကျန်နေသလဲ မသိဘူး'

သူမ တွေးတောနေစဉ်မှာပင် ကျွန်လုံဝမ်သည် ကင်းသမား များ ရှိနေသည့်နေရာသို့ ခုန်ပျံထွက်သွားလေတော့၏။

'အမ်း...ငါ ဒီတဲနား လာစောင့်နေမိတာ ကံကောင်း တာပဲ'

နိုင်ချစ်နော် တီးတိုးရေရွတ်မိ၏။

'ဟေ...ဘယ်သူလဲဟေ့'

အလဲမှသူများ အပြင်သို့ ထွက်မလာမီ ကျွန်လုံဝမ်သည် တဲအတွင်းသို့ ခုန်ပျံဝင်ရောက်သွားလေတော့၏။

တဲအတွင်း၌ တိုက်သံခိုက်သံများ တဝုန်းဝုန်း တဒိုင်းဒိုင်း ကြား ရပြီး နောက်ကျင်စွာ အော်တစ်သံများ ကြားလိုက်ရ၏။

မကြာမီ ငြိမ်သက်တိတ်ဆိတ်သွားတော့သည်။

'အင်း...အထဲကလူတွေတော့ ဒုက္ခရောက်ပြီ၊ ဆန်ကွမ်း မလာသေးတော့ ငါလဲ ဝင်တိုက်လို့မဖြစ်သေးဘူး၊ ညှပ်ပိတ် ဖမ်းနိုင်မှ ကျွန်လုံဝမ်ကို မိနိုင်မှာ'

နိုင်ချစ်နော် တွေးတောနေစဉ် ကျွန်လုံဝမ်သည် ကျွန် ဘိုးတော်သားတစ်ဦး၏ လည်ကုတ်ကို ကိုင်ဆွဲ၍ ခုန်ထွက်လာလေ၏



ကျွန်လုံဝမ်သည် လရောင်အောက်၌ပင် ထိုလူအား စစ်ဆေး နေပြန်သည်။

'ဟေ့ကောင်...ငါဟာ ဝမ်ဂိုဏ်းချုပ်ကြီး ကျွန်လုံဝမ်ပဲ၊ မင်း တို့အဲထဲက လူကြီးယောက် ငါလက်ချက်မိသွားတာ မြင်တယ် မဟုတ်လား၊ မင်းမသေချင်ရင် ငါမေးတာတွေကို မြန်မြန်ဖြေ'

ကျွန်လုံဝမ်သည် ထိုလူ၏အကြောများကို ထိုးပိတ်ထားသော် သည်း စကားပြောနိုင်သည့် အကြောကိုတော့ မပိတ်ချေ။

ထိုဂိုဏ်းသားက...

'ကျွန်လုံဝမ်...ခင်ဗျားကို ကျုပ်တို့ ဘာသက်မှမပြောဘူးမှတ်၊ ကျုပ်တို့ရဲ့ သေးမသောက်ကြီးယောက် သေရသလို ခင်ဗျားလဲ သေရမယ်၊ ကျုပ်ဆီက အသံတစ်မှ မရစေရဘူး'

နိုင်ချစ်နော်သည် အာခံရဲသော ကျွန်လုံဂိုဏ်းသား၏သတ္တိကို လှန်စွာ ချီးကျူးမိ၏။

'ကျွန်လုံဝမ်ဟာ အင်မတန် ရက်စက်တယ်၊ သူ့ရှေ့မှာပဲ လူကြီးယောက်ကို ရက်ရက်စက်စက် သတ်ဖြိုးပြီ၊ ဒါတောင် ကျွန်လုံဝမ်ကို သတ္တိရှိရှိ ပြန်ပြောရဲတယ်၊ သူ့သတ္တိဟာ ဗီနေရာ မှာ သူကို သေတွင်းထဲ တွန်းပို့တော့မှာပဲ'

'ဟား...ဟား...ဟား၊ မင်းကို ငါက ချက်ချင်း သတ်ပစ်လိမ့် မယ်လို့များ ထင်ထားနေသလား၊ မင်းကို ချက်ချင်းမသတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



သွေးကြောင်ါးကြောကိုသာ ပိတ်ပြမယ်၊ အဲဒီဝေဒနာ ခံစား ပြီးမှ ငါမေးတာကို ဖြေမှာလား၊ အခုပဲ ချက်ချင်း လက်ငင်း ဖြေမလား ပြော’

‘ခွေးတိရစ္ဆာန်....လူယုတ်မာ’

သိုင်းဂိုဏ်းချုပ်ကြီးတစ်ဦးကို ဆဲဆိုရဲသောသတ္တိကား သာမန် လူတစ်ယောက်၏ သတ္တိမဟုတ်ပေ။

ကွန်လုံဝမ်သည် ထိုလူ၏ သွေးကြောင်ါးနေရာကို လက်ညှိုး ဖြင့် ထပ်မံထောက်လိုက်လေသည်။

‘အား....အား....အား’

ကျွန်လုဂိုဏ်းသား၏ နှာခေါင်းစွာ အော်ဟစ်လိုက်သည့် အသံသည် ဘဝဂ်တိုင်သွားလေသတည်း။

❖

အခန်း (၁၆၂)

## ကွန်လုံဝမ်၏ အကြောင်းတရား

သွေးကြောင်ါးနေရာသို့ လက်ညှိုးနှင့်ထောက်သည့် အတတ် ပညာမှာ လွန်စွာရက်စက်ကြမ်းကြုတ်သည့် အတတ်ပညာဖြစ် ၏။

သွေးကို ပြောင်းပြန် စီးဆင်းစေသောနည်းဆတ် ရက်စက် သည်။

ထိုသူမှာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်။

နိုင်ချစ်နော်မှာ ထိုသူ၏ ခံစားမှုကိုကြည့်ပြီး သနားလည်း သနားသည်။

စီးလည်း စိုးရိမ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီဂိုဏ်းသားသာ သချိုင်းဂူထဲ ဝင်နိုင်တဲ့ လျှို့ဝှက်ခလုတ်တွေကို သိနေရင်တော့ ဆန်ကျွမ်းချီမလာခင် အားလုံးဒုက္ခရောက်ကုန်တော့မှာပဲ'

နိုင်ချစ်နေဘ် တွေးတောနေစဉ် ထိုဂိုဏ်းသား၏ အော်သံ ရပ်ဆိုင်းသွားသည်။

'ကျုပ်... ကျုပ်ရဲ့ သွေးကြောအားလုံးကို မြန်မြန်ဖြေပေးပါ။ ကျုပ်... ကျုပ်သိသမျှကို ပြောပြပါ့မယ်'

ထိုသို့ဖြစ်လာမည်ကို နိုင်ချစ်နေဘ် မျှော်လင့်ပြီးသား ဖြစ်၏။

ထိုသူ ဖွင့်မပြောစေရန် မည်သို့ ဆောင်ရွက်ရမည်ကိုလည်း စဉ်းစား၍မရဘဲ ဖြစ်နေ၏။

ထိုစဉ် ကွန်လုံဝမ်၏ရယ်သံ ပေါ်လာ၏။

'ဟား... ဟား... ဟား၊ ငါသိတာပေါ့၊ မင်းတင်မဟုတ်ဘူး၊ မင်းတို့ဆရာကြီး အိုယန်ထုံတောင် ငါ ဒီလိုလုပ်ရင် ဖွင့်မပြောဘဲ မနေနိုင်ဘူး၊ မင်းက သက်သက် အချိန်ကုန်အောင် လုပ်တာကိုးကွ'

ကွန်လုံဝမ်သည် ကုန်လုဂိုဏ်းသား၏ ပိတ်နေသော ခန္ဓာကိုယ်အညာက်ပိုင်းသွေးကြော အားလုံးကိုပုတ်၍ ဖြေပေးလိုက်၏။

ကျန်လုဂိုဏ်းသားက....

'ကျွန်တော့် မြေထောက် သွေးကြောတွေကိုပါ ဖွင့်ပေးဗျာ'



ကွန်လုံဝမ်က အေးစက်စက်ရယ်ပြီး....

'ဒီးယောက်ဆို တော်လောက်ပါပြီ၊ မင်းက ထုတ်ပြေးချင်လို့ မြေထောက်သွေးကြောတွေ ဖွင့်ခိုင်းတာလား'

'ကျွန်တော် သိုင်းပညာနဲ့ ခင်ဗျားရဲ့ သိုင်းပညာဟာ အကွာကြီးပါ၊ ဘယ်လိုလုပ် ခင်ဗျားလက်ထဲက လွတ်နိုင်မှာလဲ'

'အေး...မင်း ဒီလိုနားလည်ထားရင် မြီးတာပဲ'

ကွန်လုံဝမ်သည် ထိုလူ၏ သွေးကြောအားလုံးကို ဖွင့်ပေးလိုက်၏။

ထို့နောက် အေးစက်စက် မေးသည်။

'မင်း ဒီမှာဘာလုပ်ရသလဲ'

'ကျွန်တော်တို့ဆယ့်ယောက်ဟာ ငါးယောက်စီ အလှည့်ကျ ကင်းစောင့်ရတယ်၊ တစ်လတစ်ကြိမ် အမွှေးတိုင်ထွန်းပြီး ပညာထန်ရှင်ရဲ့ဝိညာဉ်ကို ကန်တော့ရတယ်၊ ကျွန်တော်တို့တာဝန်ဟာ ဒါပါပဲ၊ သချိုင်းဂူထဲမှာ ဘာတွေရှိတယ်ဆိုတာတော့ ကျွန်တော်လဲ မသိပါဘူး'

'သချိုင်းဂူက မြေအောက်ထဲမှာ မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒီအပေါ်က ဂူကကော'

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့တော့ အမှတ်အသား လုပ်ထားတာပါ၊ မသိတဲ့လူတွေ ထင်ယောင်ထင်မှား ဖြစ်သွားအောင် လုပ်ထားတဲ့ သင်္ကေတလဲ ပါပါတယ်'

ကွန့်လုံဝမ်က ခေါင်းညိတ်၏။

'တကယ်လို့ ဂူထဲမှာဘယ်လိုခင်းကျင်းထားပါတယ်၊ ဘယ်လို အခန်း ဖွဲ့ထားပါတယ်လို့ မင်းကရှင်းပြရင်လဲ ငါမယုံဘူး'

'အဲဒါတွေကို ကျွန်တော် မသိပါဘူး၊ ကျွန်တော် သိတာကတော့ ဒီသင်္ချိုင်းဂူလို့ ပြီးသွားရော သင်္ချိုင်းဂူ ဆောက်လုပ်တဲ့ အလုပ်သမားနှစ်ရာကို ဒီအထဲမှာ ထည့်ထားလိုက်တယ်ဆိုတာပဲ'

နိုင်ချစ်နော်မှာ ခေါင်းခနဲ ဒေါသထွက်သွား၏။

'ဒီလူ ဒါတွေပြောဖို့ မလိုဘူး'

ကွန့်လုံဝမ်က....

'မင်းတို့ ကင်းစောင့်နေရင်း ဘာထူးခြားချက်တွေ တွေ့ရသလဲ'

'အထဲက ညည်းသံတွေကြားရတယ်၊ ဝိညာဉ် ညည်းသံလို့ ကျွန်တော့် အဖော်တွေက ပြောကြတယ်'

ကွန့်လုံဝမ်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး....

'မဖြစ်နိုင်ဘူး၊ ဂူထဲထည့်ခံရတဲ့ အလုပ်သမားတွေ မသေသေးလို့ ညည်းတဲ့အသံတွေပဲ ဖြစ်ရမယ်'



ကျွန်လုဂိုဏ်းသားက....

'ဒါတော့ ကျွန်တော်မသိဘူး၊ ကျွန်တော်တို့ ရောက်စကတည်းက ဘယ်သူမှ မအိပ်ရဘူး၊ နောက်တော့မှ အသားကျသွားတယ်၊ ဒါတောင် ခပ်ကြောက်ကြောက်ပါပဲ'

'ဟား....ဟား....ဟား၊ တစ္ဆေသရဲဆိုတာ မရှိဘူး၊ ငါကိုယ်တိုင် လူပေါင်းများစွာကို သတ်ဖြတ်လာခဲ့တယ်၊ ဘယ်တစ္ဆေ ဘယ်သရဲမှ လာမခြောက်ဘူး၊ မင်းတို့ကြားရတဲ့ ညည်းသံဟာ မသေသေးတဲ့ လူတွေရဲ့ ညည်းသံပဲ ဖြစ်ရမယ်'

'အဲဒါလဲ ဖြစ်နိုင်ပါတယ်'

'ငါတစ်ခုမေးမယ်၊ မှန်မှန်ပြောပါ'

'သိတာမှန်သမျှ ပြောပါမယ်'

'ဂူထဲဝင်တဲ့ လျှို့ဝှက်ခလုတ်ကို ပြစမ်း'

'ဒါကို ကျွန်တော် မသိပါဘူး'

'မင်း စောစောကစဝှဒနာ ခံစားချင်ပြန်ပြီနဲ့ တူတယ်'

ကွန့်လုံဝမ်သည် ထိုလူအား ဖမ်းဆီးရန် ဟန်ပြင်လိုက်၏။

'မလုပ်ပါနဲ့၊ ကျွန်တော် လိုက်ပြပါမယ်'

ကွန့်လုံဝမ်က အေးစက်စက်ရယ်ပြီး....

'အဲဒီလို လိမ္မာစမ်းပါ၊ ကဲ....ရှေ့ကသွား'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နေဘ်သည် ထိုဂိုဏ်းသားကို ကျီစယ်၍ ကျိန်ဆဲလေ

'ဟောသည်ချိုင်ဂူရဲ့ ယျို့ဝှက် ခလုတ်တွေကို ဒီအစောင့်တွေ သိထားမှတော့ ဘယ်လိုခြိုးပါတော့မလဲ၊ အဲဒါ ဆန်ကွမ်ခိုး အရှားပဲ၊ သူက ဘာဖြစ်လို့ အသိပေးထားရတာလဲ'

နိုင်ချစ်နေဘ်၏ အတွေးစများမှာ ကျွန်လုဂိုဏ်းသား၏အသ ကြောင့် ပြတ်တောက်သွား၏။

'ခင်ဗျား ကျူပ်နားသိပ်မကပ်နဲ့၊ ကျူပ် ခြေလှမ်းကို သ သားကြည့်ပါ၊ ကျူပ်လှမ်းတဲ့အတိုင်း လှမ်းပါ၊ ဒီမှာ ဆင်ထ တဲ့ ခလုတ်တွေက သိပ်အုံသြရော ကောင်းတယ်'

ကျွန်လုဂိုဏ်းသား၏ အသံက တည်ငြိမ်လှသည်။

ကွန်လုံဝမ်သည် ကျွန်လုဂိုဏ်းသား ပြောသည့်အတိုင်း လိုက် လုပ်သည်။

ကျွန်လုဂိုဏ်းသားနှင့် ကွန်လုံဝမ်သည် လက်နှစ်လှမ်းမျှ ကွာ သွားသည်။

သူတို့ တဖြည်းဖြည်း လျှောက်သွားရာ ပေနှစ်ဆယ်ပတ်လည် မျှရှိသော အုတ်ဂူခန်းသို့ ရောက်ရှိသွား၏။

'လျှို့ဝှက်ခလုတ်က အဲဒီနေရာမှာ ရှိတာလား'

'ရှိလို့ ခင်ဗျားကို ခေါ်လာတာပေါ့၊ မရှိအဲနဲ့ ဘယ်ခေါ်လာ ပါ့မလဲ'



'ကောင်းပြီ...ဆက်သွား'

'ရောက်ပြီ'

ထိုလူသည် စကားဆုံးသည်နှင့် အုတ်ဂူနံရံနှင့် ဦးခေါင်း ပြေးတိုက်လိုက်ရာ ဝုန်းခနဲမြည်ဟည်းသွားပြီး လဲကျသွားလေ တော့သည်။

ကွန်လုံဝမ်သည် ထိုလူ၏လည်ကုပ်ကို ဖမ်းဆွဲ တားဆီးရန် ကြိုးစားသော်၏။

သို့သော် မမီတော့ပေ။

သူသည် ဒေါသပုပြင့် ကျွန်လုဂိုဏ်းသား၏ အလောင်းကို ကန်ထုတ်ပစ်လိုက်မိသည်။

ထိုဂိုဏ်းသား၏ အလောင်းမှာ လွင့်စဉ် ထွက်သွားလေ၏။

နိုင်ချစ်နေဘ်သည် ကျွန်လုဂိုဏ်းသားအား စော်ကား မိသည့် အတွေးများအတွက် စိတ်မကောင်းဖြစ်သွားသည်။

လက်သီးနှစ်ဖက်ဆုပ်ပြီး ဂါရဝပြု တောင်းပန်လိုက်မိသည်။

'ရှင်သတ္တိရှိပါပေတယ်၊ ကျွန်လုဂိုဏ်းသား မည်ပါပေတယ်'

ကွန်လုံဝမ်သည် တောက်တခေါက်ခေါက်ဖြင့် ဒေါသအကြီး အကျယ် ထွက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com


သူသည် အုတ်ဂူ၏ပတ်ဝန်းကျင်ကို လက်ဖြင့် လိုက်စမ်းသ...
သည်။

တစ်နေရာ၌ ခလုတ်ကဲ့သို့သော အရာတစ်ခုကို တွေ့လိုက်...
သဖြင့် နှိပ်ချလိုက်သည်။

'ချောက်'

ဂူအရှေ့ဘက် မျက်နှာစာမှ ကျောက်ပြားတစ်ချပ် တရွေ့...
ရွေ့ အောက်သို့ ကျဆင်းသွား၏။

ကွန်လုံဝမ်သည် လက်နှိပ်မီးကိုရှိုင်ဝဥ်ကာပြီး အသင့်စော...
နေ၏။

ထောင်ချောက် ဖြစ်နေမည်ကိုလည်း စိုးရိမ်သည်။

ကျောက်ပြားအောက်ရှိ ကျောက်ဖြူပြားပေါ်၌ ထင်ရှား...
သော စာလုံးများကို တွေ့လိုက်ရသည်။

'သချိုင်းဂူဖျက်ဆီးသူ မုချသေရမည်'

ကွန်လုံဝမ်သည် ဒေါသဖြစ်ဖြစ်နှင့် ထိုကျောက်ဖြူပြား...
လက်ဝါးဖြင့် ရိုက်ချလိုက်ရာ ကျောက်ဖြူပြားပေါ်၌ အက်...
များ ထင်သွားသည်။

'ဝုန်း'

ဒုတိယတစ်ချက် လက်ဝါးဖြင့်ရိုက်ချလိုက်ရာ ကျောက်ပြ...
ပြား အစအနများ လွင့်ထွက်သွားပြီး ထိုကျောက်ပြား...
အောက်မှ အပေါက်ငယ်တစ်ခု ပေါ်လာသည်။

ကွန်လုံဝမ်သည် ထိုအပေါက်ထဲသို့ ရဲရဲတင်းတင်းပင် နှိုက်...
၏။

သူ့လက်ထဲတွင် စာအုပ်ငယ်တစ်အုပ် ပါရှိလာ၏။

သူသည် စာအုပ်ကိုတွေ့ရှိရသောအခါ အသက်ရှူမှားမတတ်...
သွား၏။

ထိုစာအုပ်ငယ်အား ဆရာကြီးကျိုဖုန်း၏ စာအုပ်ငယ်ပေ...
ည်း။

သူသည် စာအုပ်ကို ဖြည်းညင်းစွာ လှန်ကြည့်၏။

...ထမအခန်း ပရိယာယ်၊ ဒုတိယအခန်း တိုက်ပွဲနည်းပညာ...
...ယအခန်း သိုင်းပညာ၊ စတုတ္ထအခန်း အဆိပ်။

ကွန်လုံဝမ်သည် စာအုပ်ငယ်ကိုဖင်ပြန့်ခေါင်းပြန်လှည့်ကြည့်...
၏။

...တစ်ခန်းတစ်ခန်းစီမှာ စာရွက်အစ်ရွက်စီစုတ်ပြဲနေကြောင်း...
...ရှိသရ၏။

ထိုအခန်းလေးခန်းမှ စာရွက်လေးရွက်သည် မည်သည့်နေရာ...
ရောက်ရှိနေသနည်း။

ကွန်လုံဝမ်သည် မိုးကောင်းကင်သို့ လခင်းကြီးကို မျှော်ကြည့်...
တီးတိုးရေရွတ်လိုက်၏။

www.burmeseclassic.com



"ဟင်း...အတော်ဟုတ်တဲ့ဆရာ၊ ဒီအခန်းလေးခန်းထဲမှာ မသိတဲ့ပညာတွေ အများကြီးကျန်နေသေးတယ်၊ ဒီသိုင်းစာ ကို ငါ့ကိုတော့မပေးဘူး၊ ထန်ရှင်ကိုတော့ပေးတယ်၊ ထ ကလဲ အရေးကြီးဆုံး စာရွက်တစ်ရွက်စီကိုဆုတ်ဖြဲပြီး မြေအော တ သူ့ဂူထဲ ထည့်ထားခဲ့ရတယ်၊ ထန်ရှင်သေတာလဲ ကော တယ်၊ ဆရာ့ကိုသတ်တာလဲ မှန်တယ်၊ သူတို့နှစ်ယောက် ငါ့ကို ရန်သူလိုဆက်ဆံခဲ့ကြတာပဲ"

ကွန်လုံဝမ်၏စကားကား ကြောက်မက်ဖွယ်ကောင်း

ကွန်လုံဝမ် ရေရွတ်နေသည့်စကားကို နိုင်ချစ်နော် ကော ရှာ ကြားရ၏။

ထို့ကြောင့် ကြက်သီးတဖြန်းဖြန်း ထသွား၏။

"ဟင်း...ကိုယ့်ဆရာကို ကိုယ်ပြန်သတ်တဲ့လူယုတ်မာပဲ၊ လောကမှာ ဆရာသတ်တဲ့ လူတွေအကြောင်း တစ်ဆင့်စ တစ်ဆင့်နား ပြန်ပြောကြတာတွေ ကြားဖူးပါရဲ့ခုမှပဲ တ လူသတ်သမားကို ကိုယ်တွေ့မျက်မြင် တွေ့ရတော့တယ်"

ကွန်လုံဝမ်သည် သိုင်းကျမ်းစာအုပ်ငယ်ကို သူ့အ အိတ်ထဲထည့်ကာ တောခွေးတစ်ကောင် ပမာ မရပ်မ လမ်းလျှောက် အကြံထုတ်နေလေ၏။

အမှောင်ရိပ်ထဲမှ ပုန်းအောင်းစောင့်ကြည့်နေသော နိုင် နော်၏အမြင်တွင် ကွန်လုံဝမ်သည် အခက်အခဲကြီးတစ်ရပ် နေပြီဖြစ်ကြောင်း အမူအရာကိုကြည့်၍ အကဲဖြတ်နိုင်ခဲ့လေ



နိုင်ချစ်နော်၏ အမြင်တွင် ကွန်လုံဝမ်နှင့် လိုက်ပါလာသည့် ယခုထိမမြင်ရသေးပေ။

ကြည့်ရသည်မှာ ကွန်လုံဝမ်သည် ဤခရီးကို အလျင်တစ်ဆော လိုသဖြင့် အဖော်ဖြစ်သူ အားမစောင့်ဘဲ သူတစ်ယောက် ခပ်သွက်သွက်ထွက်လာဟန်တူသည်။

အဖော်ဖြစ်သူသည် အမီမလိုက်နိုင်ဘဲ နောက်ကျန်နေရစ်ဟန် သည်။

အကယ်၍ ကွန်လုံဝမ်စိတ်ကူးပြောင်းသွားပြီးပြန်လှည့်သွား သူမနှင့် အို ယန်ထု တို့၏အစီအစဉ်များ အလဟဿဖြစ်သွား ပေလိမ့်မည်။

ကွန်လုံဝမ် နောက်ဆုတ်ပြန်ပြေးတော့မည်ဆိုပါက မိမိနှင့် ယောက်တို့က ကွန်လုံဝမ်အား တားဆီး တိုက်ခိုက်သ ကြ ဟု ချက်ချင်းပင် ဆုံးဖြတ်ချက်ချလိုက်မိတော့သည်။

"ဟား...ဟား...ဟား...အတော်လာတဲ့ ထန်ရှင် ပါလား၊ က အရေးကြီးတဲ့စာရွက်တစ်ရွက်စီကို ဆုတ်ဖြဲပြီးမြေအောက် ဂူထဲထည့်မှစ်ခဲ့တယ်၊ ဝင်ရဲရင်ဝင်ယူပေါ့ဆိုပြီး စိန်ခေါ် မဟုတ်လား၊ ငါ မဝင်ရဲဘူးလို့များ မင်းက ထင်နေ သလား"

ကွန်လုံဝမ်သည် အရှုးတစ်ယောက်ပမာ အကြီးအကျယ် တစ်ရယ်မောရင်း ပြောကြားနေလေ၏။

www.burmeseclassic.com



'မင်းက ငါ့ကိုစိန်ခေါ်တယ်၊ မင်း အပိုင်ကြွားတဲ့ အောက်ဂူထဲ ငါဝင်ရရင် ငါ ဒုက္ခရောက်လိမ့်မယ်လို့ စိ တယ်၊ ဟား...ဟား...ဟား...မင်းရဲ့မြေအောက်ဂူထဲမှာ ရေ က သေမင်းခလုတ်တွေ ငှားပြီး တပ်ဆင်ထားတာတော် ဝင်ရဲသကွ၊ ဟား...ဟား...ဟား'

နိုင်ချစ်နော်သည် ကွန်လုံဝမ်၏စကားများကြောင့် အ ငယ်စိတ်အေး သွား၏။

ဤအတိုင်း ဆိုပါက ကွန်လုံဝမ် နောက်ဆုတ်တော့ မဟုတ်ပေ။

စင်စစ် ကွန်လုံဝမ်ကြောက်ရွံ့နေခြင်းသာဖြစ်သည်။

သူ၏အကြောက်တရားကို ဤသို့ အော်ဟစ်ပြောကြား ဖြင့် ဖြေဖျောက်နေခြင်းသာ ဖြစ်သည်။

နိုင်ချစ်နော်သည် ပထမပိုင်း၌ ကွန်လုံဝမ်၏စိတ်ရင်းသ ရင်းမှန်ကို တွေး၍မပေါက်ချေ။

သို့သော် ဉာဏ်ကောင်းသူဖြစ်၍ ကွန်လုံဝမ်ကြောက်ရွံ့ ပြီဖြစ်ကြောင်းကို တဖြည်းဖြည်း တွေးလာနိုင်လေ၏။

'ဟင်း...ငါ တစ်သက်မှာ ကွန်လုံဝမ် ကြောက်တ တစ်ကြိမ်ပဲတွေ့ရသေးတယ်'

နိုင်ချစ်နော် မှားယွင်းခဲ့ပေသည်။



ကွန်လုံဝမ်သည် ထန်ရှင်နှင့်ဆုံတွေ့တိုင်း အမြဲကြောက်ရွံ့ခဲ့၏။

သူမ မတွေ့နိုင်၍သာ မသိခြင်း ဖြစ်ပေသည်။

ကွန်လုံဝမ်သည် အော်ဟစ်ရယ်မောနေရာမှ သင်္ချိုင်းဂူကို တစ်ပတ်ပတ်ပြန့်သည်။

'ထန်ရှင်...ထန်ရှင်၊ မင်းဟာ သူတစ်ပါးကိုကူညီတတ်တယ်၊ ကြင်နာတတ်တယ်၊ သနားတတ်တယ်လို့ဆိုတယ်၊ ဘယ်နှယ့် ငါ့ကျတော့ သတ်ဖို့ချည်း ကြိုးစားနေတာလဲ၊ မင်းဟာအသက်ရှိစဉ်ကလဲ ငါ့ကိုစိန်ခေါ်ခဲ့တယ်၊ သေတော့လဲစိန်ခေါ်ခဲ့တယ်၊ ငါကလဲ ဘယ်သူ့ကိုမှ ဘက်ရွေးတဲ့ကောင် မဟုတ်တော့ မင်း သိပ်ခက်နေတာ မဟုတ်လား'

သူသည် အရူးတစ်ယောက်ပမာ လှုပ်ရှားလိုက်၊ စကားပြောလိုက် လုပ်နေသည်။

နိုင်ချစ်နော်မူ အမှောင်ရိပ်ထဲမှသာ အေးဆေးစွာ စောင့်ကြည့်နေသည်။

'ဟေ့...ဘယ်သူလဲ'

ကွန်လုံဝမ်၏အော်ဟစ်မေးမြန်းသံကြောင့် နိုင်ချစ်နော်မှာ မှတ်တရက် ထိတ်သွားသည်။

ယွမ်ချောက် ဘာမပြော ညာမပြော ဝင်ရောက်လာခဲ့ပြီလော။

www.burmeseclassic.com

www.burmeseclassic.com



ယှမ်ရှောက် ဝင်ရောက်လာသျှင် တိုက်ခိုက်ရုံသာ ရှိတော့သည်။

ထို့ကြောင့် အတွင်းအားထုတ်ကာ အသင့်စောင့်နေလိုက်ရသည်

သူမသည်လည်း မျက်စိအလွှန်လျှင်၏။

သို့ရာတွင် ကွန်လုံဝမ်က မည်သူ၏အရိပ်အယောင်ကိုတွေ့၍ အော်ဟေါက်မှန်း သူမ လုံးဝမသိပါချေ၊

ခပ်တုန်တုန်ပြောကြားလိုက်သည့် စကားသံသည် လေထဲ၌ လွင့်မျောလာလေ၏။

ထိုသူ မည်သူနည်း။

'ဟား....ဟား....ဟား....ငါ အယ်သူလဲတဲ့လား၊ ငါ ပေါက်ကျိရှင်းပေါ့၊ တစ်ကိုယ်တော်အဘိုးအို ပေါက်ကျိရှင်းပေါ့'

ပေါက်ကျိရှင်း ဆိုသူမှာ သိုင်းလောက၌ ဓာတ်မြှုပ်သွားခဲ့သော သိုင်းသမားကြီးတစ်ဦး ဖြစ်၏။

ပေါက်ကျိရှင်း မည်သည့် အသက်အရွယ်ရှိသည်ကို မည်သူမျှမသိပါ။

ပေါက်ကျိရှင်းကိုလည်း မည်သူမျှ မသိမ်းပိုက်ကြပါ။

ကြားဖူးရုံသာ ကြားဖူးခဲ့သည်။



ယခုအခါ ကြားဖူးရုံသာရှိသော ပေါက်ကျိရှင်း ထွက်ပေါ်...ခဲ့လေပြီ။

နိုဗ်ချစ်နေ၁်သည် လွန်စွာ အံ့အားသင့်သွား၏။

'ကွန်လုံဝမ်ကို သတ်ဖြတ်ဖမ်းဆီးဖို့ အစီအစဉ် မလှယ်ရတဲ့...ထဲ ဘယ်က ပေါက်ကျိရှင်းက ဝင်ရှုပ်ရပြန်တာလဲ မသိဘူး'

သူမ လှမ်းကြည့်လိုက်သောအခါ လရောင်အောက်၌ တောင်...းကို တဒေါက်ဒေါက်ထောက်ကာ လှမ်းလျှောက် ဝင်လာ...သာ အဘိုးအိုတစ်ဦးကို တွေ့လိုက်ရလေ၏။

မုတ်ဆိတ်မွေးဖြူဖြူ၊ ဆံပင်ဖြူဖြူ၊ ဝတ်ရုံဖြူဖြူ ဝတ်ဆင်...ားသော ပေါက်ကျိရှင်းမှာ လရောင်အောက်၌ ကြောက်မက်...ယ် ကောင်းနေလေသည်။

ကွန်လုံဝမ်က အော်ဟစ် တားမြစ်လိုက်၏။

'ခင်ဗျား ရှေ့မတိုးနဲ့၊ အဲဒီနားမှာဟုင်ရပ်လိုက်စမ်း၊ ကျုပ်ဘယ်သူအောက်မေ့နေသလဲ'

'မင်းက ဘယ်သူလဲ'

'ကျုပ် ကွန်လုံဝမ်'

'ဟား....ဟား....ဟား၊ မင်း ကွန်လုံဝမ်ဆိုတာ ငါသိတ...ါ၊ တမင်မေးတာ၊ ကွန်လုံဝမ်က ထန်ရှင်ရဲ့ မဟာသင်္ချိုင်း...ား ဘာလာလုပ်နေရတာလဲ၊ မင်းနဲ့ ဘာဆိုင်တာမှတ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက တမှိုင်မှိုင်ယင်ပြီး ဆက်ပြောသည်။

'ငါ့ကို မင်း ကြောက်မနေစမ်းပါနဲ့၊ မင်းလဲ မုဆိုး၊ ငါ[...] မုဆိုးပဲ၊ မုဆိုးအချင်းချင်း ညီညွတ်ဖို့လိုတယ်'

ကွန်လုံမိကာ ခက်ထန်စွာ အော်ဟစ်လိုက်၏။

'အဘိုးကြီး ဘာတွေ လျှောက်ပြောနေတာလဲ၊ သေချင်[...] ပြီလား'

'ဟား...ဟား...ဟား၊ မင်းကများ ငါ့ကို ပြောရဲ[...] ရှိသေးသလား၊ အကယ်လို့ ဖိုနှစ်ယောက် ယှဉ်ပြိုင်တိုက်[...] ကြရင် ဘယ်သူ အရင်သေမယ်ဆိုတာ မသိနိုင်သေးပါ[...] ဒါပေမယ့် မင်းက ငါ့ထက် ဝါနုသေးတယ်'

'ဒါတယ်၊ ဒါပေမယ့် အသက်ကြီးတဲ့လူတွေ အရင်သေ[...] ချည်းပဲဗျ'

'ဟား...ဟား...ဟား၊ အမှည့်ဘဝင်းဝင်း အကင်းတ[...] ကြွေတဲ့ စကားကို မင်း မကြားဖူးဘူးလား၊ သေခြင်းတ[...] မှာ မျက်နှာလိုက်မှုဆိုတာ မရှိဘူး'

ကွန်လုံမိသည် သည်းမခံနိုင်တော့တာနဲ့ဖြင့်လက်ဝါးတစ်[...] ရိုက်ထုတ်သည်။

'ဝှန်း...'

'ကောင်းလိုက်တဲ့ လက်ဝါး'



ပေါက်ကျိုရှင်းသည် ကွန်လုံမိ၏ လက်ဝါးကို ခုခံလိုက်၏။

ကွန်လုံမိမှာ ပေါက်ကျိုရှင်းပါ နောက်ဆုတ်သွားကြရသည်။

ကွန်လုံမိသည် ပေါက်ကျိုရှင်း နောက်ဆုတ်သွားသည်ကို တွေ့ရသောအခါ သူ့ထက် အဆင့်မတန် ပညာသင်လွန်းသူ မဟုတ်ကြောင်း တွေ့ရသဖြင့် လွန်စွာ ပျော်မြူးသွားလေတော့၏။

ပေါက်ကျိုရှင်းက တဟားဟားရယ်ရင်း...

'အောင်မယ်... ကွန်လုံမိလို နာမည်ကြီးတာ အလကား ကြီးတာမှ မဟုတ်ဘဲ၊ ငါတော့ တကယ့်ရန်သူနဲ့ တွေ့နေပြီပဲ'

ကွန်လုံမိက နောက်ဆုတ်ပြီး...

'အဲဒါ အရေးကြီးတာပဲ၊ ကျုပ်ဟာ ခင်ဗျားရဲ့ ပြိုင်ဘက် မဟုတ်ဘူးလို့ဆိုရင် မြန်မြန်နောက်ဆုတ်သွားပေတော့၊ ကျုပ်ကလဲ ခင်ဗျားကို မသတ်ချင်ဘူး'

'ဟ...ငါက တမင် ဒီကို လာတာပဲကွ၊ မြောက်ဘက်က ဆင်းလာတဲ့အချိန် နည်းနည်းနောက်ကျသွားလို့ ခုမှရောက်လာတာ'

'ခင်ဗျားက ဘာကိစ္စရှိလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟား….ဟား….ဟား၊ တရုတ်တွေရဲ့ဂူသချိုင်းတွေအကြောင်းကို ငါက မင်းကို ရှင်းပြနေရဦးမှာလား၊ အခုဟာက သာမန်အရပ်သားတစ်ဦးရဲ့ ဂူသချိုင်းမဟုတ်ဘူးကွ၊ ဆရာကြီးကျိဖုန်းရဲ့တပည့်၊ သိုင်းလောကမှာ ဟိုးဟိုးကျော်ခဲ့တဲ့ ပညာရှိထာန်ရှင်ရဲ့ဂူသချိုင်းကွ'

အဘိုးအို ပေါက်ကျိရှင်းသည် သူ၏ မုတ်ဆိတ်ရှည်ကြီးကို ပွတ်သပ်ပြီး ရုတ်တရက် မေးလေ၏၊

'မင်းကကော ဘာလာလုပ်တာလဲ'

'ကျုပ်ကိစ္စကို ထုတ်ပြောမနေရမှာလား၊ ကျုပ် ကွန်လုံဝမ်က ခင်ဗျားကို သတ်ပစ်လိုက်ရင် အထဲက ဘာပစ္စည်းတိုမှ ခင်ဗျားရမသွားဘဲ ဖြစ်သွားလိမ့်မယ်'

'ခင်း စမ်းချင်စမ်းကြည့်လေ၊ ငါတော့ အဲဒီလို ဖြစ်နိုင်လိမ့်မယ်လို့ မထင်ဘူး'

'ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ်တို့ နှစ်ဦးနှစ်ဖက် အေးချမ်းနိုင်တဲ့ နည်းလမ်းကို စဉ်းစားကြစို့'

'ဝေးလံလေးမြား မကိုင်ဘဲ ဖြေရှင်းတဲ့နည်းသာ ရေရှည်အေးချမ်းနိုင်တဲ့နည်းပဲ၊ ဒီလိုလုပ်ပါ၊ ဂူထဲမှာ တွေ့သမျှပစ္စည်းကို တစ်ယောက်တစ်ဝက် ခွဲယူကြတာပေါ့'

ကွန်လုံဝမ် ခေတ္တစဉ်းစားသည်၊

ထို့နောက် ခေါင်းညိတ်သည်၊



'ကောင်းပြီ၊ ခွဲယူကြမယ်'

ပေါက်ကျိရှင်းက….

'ဒါပေမယ့် တကယ်ကို တရားမျှတရမယ်နော်၊ အကောက်ကြံရင်တော့ ငြိမ်းချမ်းရေးလမ်းစဉ်ဟာ ပျက်စီးသွားတော့ ရရှိပြီးတဲ့နောက် ပျက်ပြားပြီလို့ ကျုပ်ယူဆမယ်'

ကွန်လုံဝမ်က အေးစက်စက်ရယ်ပြီး….

'ကွန်လုံဝမ်ဟာ ဂိုဏ်းချုပ်ကြီး တစ်ယောက်ပဲ၊ ဘယ်တုန်းကမှ မမျှတတာ မလုပ်ဘူး၊ အထဲမှာ ကျောက်မျက်ရတနာတွေရှိရင် အားလုံးကို ခင်ဗျားကိုပဲ ပေးမယ်'

ပေါက်ကျိရှင်းက အေးစက်စက်ရယ်၏၊

'ငါ တစ်ဝက်ပဲယူမယ်'

'ကျုပ် အကုန်ပေးတာပဲ'

'မလိုချင်ဘူး၊ ရတနာလိုချင်ရင် သူဌေးသူကြွယ်အိမ်တစ်အိမ်အိမ် ဝင်လုရင် လွယ်လွယ်ကလေး ရနိုင်တာပဲ၊ အထဲကရသမျှပစ္စည်းကို မင်းတစ်ဝက် ငါတစ်ဝက်ပဲ'

ကွန်လုံဝမ်သည် အနည်းငယ် တွေးတောစဉ်းစားပြီးနောက် သဘောတူလေ၏၊

'ကောင်းပြီ၊ ကျုပ် သဘောတူတယ်၊ ဒါပေမယ့် အထဲကို ဝင်ရမယ့် လျှို့ဝှက်ခလုတ်တွေကို ကျုပ် လုံးဝမသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကျိုရှင်းက….

'ဒါနဲ့များ မင်းက အခွင့်အရေးပိုယူချင်ဆေးသလား၊ ဒီကိစ္စက မကောင်းပါဘူးကွ၊ ရှာဘတ်ရင် တွေ့ပါတယ်၊ မင်းကော ငါကော နှစ်ယောက်ရှာမယ်၊ ဒါဆိုရင် တွေ့မှာပေါ့'

ပေါက်ကျိုရှင်းသည် စကားဆုံးသည်နှင့် အုတ်ဂူကို ပတ်ပတ်လည် ရှာဖွေ၏။

မည်သည့်ခလုတ်မျှ ရှာမတွေ့ပေ။

ကွန်လုံဝမ်လည်း ဝင်၍ရှာဖွေသည်။ မတွေ့ပေ။

ပေါက်ကျိုရှင်းက….

'ဒီမှာ မတွေ့ဘူး၊ ဒါက ဟန်ပြဂူ သက်သက်ပဲ ဖြစ်ရမယ်၊ မြေအောက်ဂူရဲ့ အစပ်တွေကို လိုက်ရှာရမယ်'

'လုပ်လေ၊ ကျုပ်က ဒီမှာ မြေအောက်ဂူ ဆောက်တာပဲ သတင်းကြားတာ၊ အဝင်အထွက် တံခါးတွေရှိမယ့် နေရာကို ကျုပ်မသိဘူး'

ပေါက်ကျိုရှင်းသည် ဟန်ပြအုတ်ဂူအားမှ ဖယ်ခွာင်သွား၏။

မြေများ ပွထတ်နေသည့်နေရာကို သွားရောက်ကူးဖော်သည်။

ပေါက်ကျိုရှင်းက လှမ်းအော်၏။



'ဟေ့ ကွန်လုံဝမ်၊ ကျုပ်သို့ အဘိုးကြီးတစ်ယောက်က မြေကြီးကို ယက်တူးနေတဲ့အချိန်မှာ မင်းက အဲဒီမှာ အခန့်သားပြီနေမှာလားကွ'

ကွန်လုံဝမ်မှာ ကပျာကယာ ပြေးဆင်းလာရ၏။

ဂိုဏ်းချုပ်ကြီးတစ်ယောက် ဖြစ်သော်လည်း ပေါက်ကျိုရှင်းနှင့် ကလေးငယ်တစ်ဦးပမာ ဖြစ်နေရရှာသည်။

သူတို့နှစ်ဦးစလုံး အတွင်းအား ကောင်းကြသဖြင့် ပွထက်နေသည့် မြေများကို တစ်ခဏချင်း ဖယ်ရှားနိုင်ကြသည်။

မြေအောက်ဂူ တံခါးလည်း ပေါ်လာသည်။

သို့သော် လျှို့ဝှက်ခလုတ် မည်သည့်နေရာ၌ ရှိသည်ကိုမူ မည်သူမျှ မသိနိုင်ပါ'

'ဟော…ကွန်လုံဝမ်၊ ငါလို အဘိုးကြီးကို မင်းဂိုဏ်းသားအား အောက်မေ့ပြီး ရပ်ကြည့်နေတာလား၊ ကျောက်တံခါးပတ်လည်ကို လက်နဲ့စမ်းမှ လျှို့ဝှက်ခလုတ် တွေ့မှာမပေါ့ကွ၊ တစ်ယောက်တည်း ရှာနေရင် နောက်တစ်နှစ်တောင် ဒီမြေအောက်ဂူထဲ ဝင်နိုင်မှာ မဟုတ်ဘူး'

ကွန်လုံဝမ်မှာ မနေသာတော့ဘဲ မျှောင်ထဲ၌ လျှောက်၍ စမ်းသပ်ရပြန်တော့သည်။

'ချောက်'

ခလုတ် နှိပ်မိလေပြီ။

www.burmeseclassic.com



ခလုတ်ကို ရှာဖွေတွေ့ရှိသူမှာ ပေါက်ကျိုရှင်း ဖြစ်နေ၏။

'ဂျိမ်း....ဂျိမ်း....ဂျိမ်း'

ကျောက်တံခါးကြီးသည် တဂျိမ်းဂျိမ်း မြည်ဟည်းပြီး ပွင့်သွားလေ၏။

ကွန်လုံဝမ်သည် အလွန်ပါးနပ်သူ ဖြစ်၏။

'နောင်ကြီးပေါက်ကျိုရှင်း၊ ကျုပ်က ဒီမြေအောက်ဂူသင်္ချိုင်းအကြောင်း နောင်ကြီး ပေါက်ကျိုရှင်းလောက် မနှံ့စပ်ဘူး။ နောင်ကြီးပဲ ရှေ့ကလမ်းပြဝင်ပါလား၊ အထဲမှာ ဘာအန္တရာယ်မှတော့ ရှိဖို့မရပါဘူး'

ပေါက်ကျိုရှင်းက....

'ဒီဂူထဲ ငါလဲ ရောက်ဖူးတာ မဟုတ်ဘူး၊ မင်းလဲ သဏ္ဌာန်ရိပ်နဲ့ဝင်၊ ငါလဲ သတိထားမယ်၊ သေစရာရှိရင် နှစ်ယောက်စလုံး သေမှာပဲ'

သူတို့နှစ်ယောက်သည် မည်းမှောင်နေသော အပေါက်ထဲသို့ဝင် ပျောက်ကွယ်သွားကြလေတော့၏။

နိုင်ချစ်နေဘ်သည် ကင်းတဲထဲသို့ ဝင်၍ စစ်ဆေးလိုက်ရာ အတုံးအရုံး လဲကျနေသော ကျန်လုဂိုဏ်းသား ကိုးယောက်ကို တွေ့ရှိရလေ၏။



ထိုနေရာမှ ထွက်လာပြီး ပေါက်ကျိုရှင်းနှင့် ကွန်လုံဝမ်တို့ ဝင်သွားသည့် ဂူပေါက်ရှိရာသို့ ခပ်သွက်သွက် လျှောက်သည်။

ထိုအခါ သစ်ပင်ရိပ်များကြားမှ လူတစ်ဦး ခုန်ထွက်လာသည်။

နိုင်ချစ်နေဘ် လန့်သွားသည်။

ကွန်လုံဝမ်၏ စစ်ကူလာပြီဟု ထင်လိုက်မိသည်။

သို့သော်....

'လုံမလေး နိုင်ချစ်နေဘ်၊ ဘယ့်နှယ် ကျုပ်တို့ထက် စောပြီး ဒီရောက်နေတာလဲ'

အသံကား တုထန်ဟိုး၏ အသံ။

လှည့်ကြည့်သောအခါတွင် တုထန်ဟိုပင် ဖြစ်နေ၏။

နိုင်ချစ်နေဘ် ရင်အေးသွားသည်။

'ရှင်တို့လာတာ နောက်ကျတယ်'

'ကျုပ်တို့ မရပ်မနား ခရီးနှင်လာခဲ့ကြတာပဲ'

'ဆန်ကွမ်းချီကော'

'ဆန်ကွမ်းချီ ဟုတ်လား၊ သူ မရောက်သေးဘူးလား'

နိုင်ချစ်နေဘ်သည် ခေတ္တမျှ ဉာဏ်စားပြီး ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မသိပြီ၊ သူ ရောက်လာပြီရှင့်၊ သူ ရုပ်ဖျက်လာတာ အဖော်တူတာပဲ၊ အသံကအစ ပြောင်းထဲလာတယ်'

'အခု သူဘယ်မှာလဲ'

'မြေအောက် သင်္ချိုင်းဂူထဲကို ကွန်လုံဝမ်နဲ့ အတူဘူဝင်သွားပြီ'

'ဟင်'

'ဘာမှ မစိုးရိမ်ပါနဲ့၊ ဒီသင်္ချိုင်းဂူကို သူပဲ ဦးဆောင်ပြီး ဆော လုပ်ပြီး ဆောက်တာပါ၊ ဒီအထဲမှာ လျှောက်မရောင်းတွေ ဆ ထားတယ်လို့ သူပဲပြောခဲ့တာပဲ'

'မဟုတ်ဘူး လေ၊ သူ့ရှေ့က သွားနေတာနဲ့ ကွန်လုံ နောက်ကလိုက်ကြရင် မခက်ဘူးလား'

'ဟင့်အင်း...ကျွန်မတော့ ဒီလိုမထင်ဘူး၊ ကွန်လုံဝမ်ဟာ သင်္ချိုင်းဂူကို အင်မတန် ယုံသယရှိတယ်၊ ဆန်ကွမ်းချိုကို သ ဆိုက်ခြင်းအားဖြင့် ဂူထဲမှာ ဒုက္ခရောက်နိုင်တဲ့အချက်ကို သူ မှာ မဟုတ်ဘူး၊ သတ်ချင်းသတ်ရင် ဂူအပြင်ရောက်မှ သတ် တယ်'

'ဒါပေမယ့် ဆန်ကွမ်းချိုမှန်း ကွန်လုံဝမ်က သိနေ လား'



'မပြောနိုင်ဘူးလေ၊ ကွန်လုံဝမ်ဟာ အင်မတန် ပါးနပ်တယ်၊ ဆန်ကွမ်းချိုမှန်း သိနေပေမယ့်လည်း ဒီလိုပဲ မသိဟန် ဆောင်ပြီး လိုက်ချင် လိုက်နေမှာ'

'ဟုတ်တယ်၊ ဖြစ်နိုင်တယ်၊ ဒီလိုဆိုရင် ကျုပ်နောက်ကလိုက်သွား ဘာ အတော်ဆိုးတာပေါ့၊ လိုမလားရှယ်၊ ညီလေးဆန်ကွမ်းချို ယ်၊ ကျုပ်ရှယ်၊ ကွန်လုံဝမ်ကို ဝိုင်းတိုက်ရင် ကွန်လုံဝမ်ကို ကျုပ်တို့နိုင်နိုင်ပါတယ်'

နိုင်ချစ်နောက်က ခေါင်းခါလိုက်၏။

'မနိုင်နိုင်ပါဘူး'

သူမက ထန်ယန်ကုန်း သစ်တောအတွင်း၌ ယုံမ်ရှောက်၊ ဆန်ကွမ်းချိုနှင့် သူမတို့သုံးယောက်ဝိုင်း၍ တိုက်ခိုက်သော်လည်း အောင်မြင်ခဲ့ပုံကို ရှင်းပြ၏။

'ကွန်လုံဝမ်ရဲ့ သိုင်းပညာဟာ တကယ် မကောင်းပါဘူး၊ ကျွန်မတို့ တယ်လို့မှ မတတ်နိုင်ခဲ့ဘူး'

တုဘန်ဟိုက ရုတ်တရက်မေးလေ၏။

'ဆန်ကွမ်းချိုဟာ ထူးဆန်းတဲ့ ဓားသိုင်းတစ်မျိုးတတ်ထား တယ်၊ သူ ထုတ်မသုံးဘူးလား'

'ဟင့်အင်း...မသုံးဘူး၊ ဘာဓားသိုင်းလဲ'

တုဘန်ဟိုမှာ ပြောရခက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိသည် ဟူတန်းဂိုဏ်း၏ ထိုက်ကျိ ဓားသိုင်း… တတ်မြောက်ထားသည်။

'အင်း…ကြည့်ရတာ ဟူတန်းဂိုဏ်းအတွက် အကျိုးမဆော… ရသေးလို့ ဓီဓားသိုင်းကို ထုတ်မသုံးသေးတာနဲ့တူပါရဲ့၊ သ… ကြီးလဲကြီးပါပေ့ညီလေးရယ်'

တုထန်ဟိုသည် စိတ်ထဲမှကျိတ်၍ ရေရွတ်မိတော့သည်။

'လုံမလေး…အခု ကွန်လုံဝမ် တစ်ယောက်တည်းကိုပဲ … သလား၊ နောက်လိုက်တွေ တစ်ယောက်မှ မပါဘူးလား'

'မပါဘူး၊ ကျွန်မတော့ သူတစ်ယောက်တည်း တွေ့တ…'

'ကြည့်ရတာ ကွန်လုံဝမ်ဟာ သူတစ်ယောက်တည်း … မြင်းနှင်လာပုံရတယ်၊ ဒါကြောင့် နောက်လိုက်တွေ နောက်… ကျန်ရစ်ခဲ့တာပဲဖြစ်မယ်'

'ဖြစ်နိုင်ပါတယ်၊ ကျွန်မတို့တောင် ယှမ်ရှောက်နဲ့အရေး… ဆွက်လာရတာပဲ၊ နောက်မှာ ဂိုဏ်းချုပ်ကြီးနဲ့ ဆရာကြီး… လိုက်လာနေကြတယ်'

'ဟုတ်လား၊ ဒီလိုဆိုရင် လုံမလေးနဲ့ ကျုပ် မြေအော… သချိုင်းဂူထဲဝင်ကြရအောင်၊ ကွန်လုံဝမ်ကို တားဆီးထား… မယ်၊ ဆရာကြီးတွေလာတော့ ဝိုင်းတိုက်နိုင်တာပေါ့၊ နို့မို့… သူ လွတ်မြောက်သွားလိမ့်မယ်'



စင်စစ် တုထန်ဟို ဘာကယ်စိုးရိမ်သည့်အချက်မှာ ကွန်လုံဝမ် …သေစေရန် မဟုတ်ပေ။

ကွန်လုံဝမ်ကြောင့် ဆန်ကွမ်းချိ ဒုက္ခရောက်မည်ကို စိုးရိမ်…နေခြင်းသာ ဖြစ်သည်။

ဆန်ကွမ်းချိကို ဝင်၍ ကူညီနိုင်ရန် တစ်ဖက်လှည့် စကား… နိုင်ချစ်ခနဘ်အား ဖြားယောင်း သွေးဆောင်နေခြင်းသာ …ဖြစ်သည်။

နိုင်ချစ်ခနဘ်က ခေါင်းခါ၏။

'ပညာရှိထန့်ရှင်ဟာ ဒီမြေအောက်ဂူထဲမှာ ကျောက်မောင်း… အထပ်ထပ် ဆင်ထားတယ်၊ ဒါတွေကို ဆန်ကွမ်းချိ …ယောက်ပဲသိတယ်၊ ကျွန်မတို့ ဝင်သွားခြင်းအားဖြင့် ဆန်…မ်းချိဟာ ကွန်လုံဝမ်ကို လွတ်လွတ်လပ်လပ် မတိုက်ခိုက်နိုင်ဘဲ …သွားလိမ့်မယ်၊ ကျွန်မတို့ အပြင်ကပဲစောင့်သင့်တယ်'

တုထန်ဟိုမှာ သက်ပြင်းရှည်ကြီးမှုတ်ထုတ်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆၃)

### အနောက်အလ်ဘဖွဲ့ ခေါင်းဆောင်

'ကျွန်မတို့အနေနဲ့ မြေအောက်သချိုင်းဂူထဲက ဆန်ကုမ်းချီကို ခေါ်မှုကူစရာမလိုဘူး၊ ကွန်လုံဝမ်ကို ကူညီဖို့ လာမယ့်စစ်ကူတွေကို ဒီမြေပေါ်ကနေ ဖြတ်တောက်ပစ်ရမယ်'

တုထန်ဟို စိတ်ပျက်သွားသည်။

'ဒီလိုလဲ မဟုတ်သေးဘူးလေ'

'ဟုတ်ပါတယ်၊ ဆန်ကုမ်းချီက အသေခံတိုက်မယ့်လူဆိုတော့ သူ့ကို ခွင့်လွှတ်ထားရမယ်'

'တာ...သေချာသပါစေ ဆိုပြီလား'

'မှန်တယ်'

နိုင်ချစ်နေ့ဘက ပြတ်သားစွာ ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိအပေါ် သံးယဇဉ်ကြီးခါးသော တုထန်ဟို မှာ ငိုင်သွားသည်။

ထိုစဉ် သစ်ပင်ပေါ်၌ ကျွန်နေရစ်သည့် ယွမ်ရှောက်က လှမ်း၍ သတိပေး၏။

'လူလာနေပြီ'

နိုင်ချစ်နေ့က အသံနှိမ့်ပြီး....

'သူရဲကောင်းကြီးတုထန်ဟို၊ ခဏျဉ်းမြူပြီး ကျွန်မနောက် လိုက်ခဲ့ပါ။ ရန်သူကို အတွေ့ခံလို့မဖြစ်သေးဘူး'

သူတို့သည် ကင်းသမားများ နေထိုင်သည့် တဲအတွင်းသို့ လျှင်မြန်စွာ ပြေးဝင်သည်။

သူတို့ တဲထဲမှချောင်းကြည့်သောအခါ မုတ်ဆိတ်ရှည်ကြီး လေထဲ၌ လွင့်ရှားနေသည်။

ကွန်လုံဝမ်၏ ဂိုဏ်းတူဦးလေးကို တွေ့လိုက်ရသည်။

နောက်ကျော၌ ဓားရှည်ကြီးတစ်ချောင်းကို သိုင်းလွယ်ထားသည်။

သူသည် ထန်ရှုင်နှင့် ကွန်လုံဝမ်တို့၏ ဆရာဖြစ်သော ဆရာကြီး ကျိဖုန်း၏ ဂိုဏ်းတူညီဖြစ်၏။

သို့သော် စည်းကမ်းဖောက်ဖျက်သော သူ့အား ဆရာကြီး ကျိဖုန်းက ညီအဖြစ်မှ စွန့်ပယ်ခဲ့သည်။



သူသည် ဆရာကြီးကျိဖုန်းထက် များစွာ အသက်ငယ်သဖြင့် ထန်ရှုင်၊ ကွန်လုံဝမ်တို့နှင့် မတိမ်းမယိမ်း အသက်အရွယ်ရှိသည်။

သူသည် ကွန်လုံဝမ်၏သွေးဆောင် ဖြားယောင်းမှုကိုခံရပြီး ဆရာကြီးကျိဖုန်း၏သမီးကဲ့သို့ ကွန်လုံဝမ်နှင့် ပူးပေါင်းခဲ့သည်။

ကွန်လုံဝမ်သည် သူ၏ ဂိုဏ်းတူ ဦးလေးကိုပင် အရိုးစိမ့် အဆိပ်အပ် စိုက်ခဲ့ပြီး သူ့အသိုက်အ စေခိုင်းခဲ့သည်။

ထိုသူသည် ဘေးဘီကိုတစ်ချက်မျှ အကဲခတ်ပြီးနောက် ကင်းသမားတဲသို့ လှမ်းကြည့်သည်။

'ကျုပ်ကို ဘယ်လိုလူစားမျိုးမှတ်နေသလဲ၊ သူများကိုသာ လိမ်လို့ရမယ်၊ ကျုပ်ကိုတော့ လိမ်လို့မရဘူး၊ ပုန်းမနေကြနဲ့၊ မြန်မြန်ထွက်ခဲ့ကြ'

တုထန်ဟိုသည် သူ့ခါးမှ ကျားပွတ်ကြီးကို ဖြုတ်ချလိုက်သည်။

နိုင်ချစ်နေ့က ကမန်းကတန်း တားမြစ်လေ၏။

'သူရဲကောင်းကြီး၊ အခုအချိန်ဟာ စိတ်သိုက်မာန်ပါ လုပ်ရမယ့်အချိန် မဟုတ်ပါဘူး၊ ခဏသည်းခံပါ'

တုထန်ဟိုသည် သူ့စိတ်ကို ချုပ်တီးလိုက်ရ၏။

ထိုစဉ် ကွန်လုံဝမ်၏ဂိုဏ်းတူဦးလေးက ကင်းတဲကိုချက်ညှိုး ထိုးပြကာ....

www.burmeseclassic.com



'ဟောဟို တဲအိမ်ကို ရှာကြစမ်း'

မည်သည့်အချိန်က ရောက်နေမှန်း မသိသော သူ့တပည့် ဆယ်ယောက်သည် သူတို့၏ ခါးမျှားကို ဆွဲထုတ်ကာ တဲအိမ်ရှိရာသို့ ထိုးလာကြ၏။

နိုင်ချစ်နေဘ်နှင့် တုထန်ဟိုတို့သည် အခြေအနေအားလုံးကို ကောင်းစွာ မြင်နေရသည်။

သူမက တုထန်ဟိုအား တီးတိုးလှည့်ပြော၏။

'ကျွန်မတို့ ထွက်ကြမယ်၊ တတ်နိုင်သမျှ အချိန်ဆွဲပြီး စကားပြောမယ်၊ ဒါမှ ကျွန်မတို့ရဲ့ စစ်ကူတွေ ရောက်လာနိုင်မယ်၊ သူနဲ့ ကောင်းကြီး တုအာဆော့ ဒီတဲထဲမှာပဲ ခေတ္တပုန်းနေပါ'

တုထန်ဟိုက ခပ်မဆိတ်မင် နေလိုက်သည်။

နိုင်ချစ်နေဘ်သည် တဲအပြင်သို့ ထွက်သွားပြီး ကွန်လုံဝမ်၏ ဂိုဏ်းတူခြီးလေးဖြစ်သူအား ဂါရဝပြု နှုတ်ဆက်လေသည်။

'အား....နေကောင်းပါရဲ့လား'

အဘိုးကြီးသည် မုတ်ဝန်းကျင်ကို မျက်စိကစားပြီး....

'နင့်အဖေ ဘယ်မှာလဲ'

'ဘယ်သူလဲ ကျွန်မအဖေ'

'ဘယ်သူရှိရမှာလဲ၊ ဝမ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်ပေါ့ကွဲ'



'ကျွန်မနဲ့ ကွန်လုံဝမ်ဟာ သားအဖ မဟုတ်တော့ဘူး၊ ကျွန်မတို့နှစ်ယောက်မှာ သားအဖမေတ္တာ မရှိတော့ဘူး၊ တစ်ဦးကိုတစ်ဦးက သတ်ချင်တဲ့ ရန်သူ မုန်းတီးမှုမျိုးပဲ ရှိတော့တယ်'

အဘိုးကြီးက ရယ်၏။

'ဟား....ဟား....ဟား၊ နင် တယ်ပြီး သတ္တိကောင်းနေပါလား၊ ကွန်လုံဝမ် ခု ဘယ်မှာလဲ'

'ဆရာကြီးထန်ရှင်ရဲ့ မြေအောက်ဂူသချိုင်းထဲ ဝင်သွားပြီ'

'ဝင်ပေါက်က လွယ်လို့လား'

'ဘယ်လွယ်မလဲ၊ အထဲမှာလဲ ခလုတ်အထပ်ထပ်၊ ထောင်ချောက်အထပ်ထပ် ရှိနေတယ်၊ သူဝင်သွားနိုင်ပေမယ့် ပြန်ထွက်လာဖို့ကတော့ မလွယ်လှဘူး'

အဘိုးကြီးက ခါးရှည်ကို ဝှေ့ယမ်းပြီး သူ့တပည့်များအား အမိန့်ပေးလေ၏။

'ဒီကောင်မလေးကို ဖမ်းချုပ်လိုက်စမ်း'

ဝတ်စုံနက် ဝတ်ဆင်ထားသူ နှစ်ယောက်သည် နိုင်ချစ်နေဘ်အား ခုန်အုပ်လိုက်ကြ၏။

ထိုစဉ် ကင်းထဲ၏ ပြောင်းဖေါက်မှ လူရိပ်တစ်ခု ခုန်ပျံထွက်လာပြီး သူ့ခေါက်ထဲမှ ဓားရှည်း လေထဲလွှင့်ပျံသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှမ်း....'

'အား....'

ကျားပွတ်သည် နိုင်ချစ်နော်အား ခုန်အုပ်သည့် လူနှစ်ယောက်အနက် တစ်ယောက်၏ လည်ပင်းကို သွားပတ်သည်။

ဆွဲယူလိုက်သောအခါ ထိုလူမှာ လည်ပင်းပြတ်မတတ်ဖြစ်သွားသည်။

ကျန်တစ်ယောက်မှာမူ နိုင်ချစ်နော်၏ လက်ဝါးရိုက်ချက်ကြောင့် နောက်ပြန်ဆုတ်သွားရသည်။

နိုင်ချစ်နော်က ရယ်ပြီး....

'ဘယ့်နှယ်လဲ....ကျွန်မတို့ကို စိတ်ထင်တိုင်း ဖမ်းလို့ရမယ်ထင်နေသလား'

အဘိုးကြီးက....

'သယ်....သိပ်ပြီး မိုက်ရိုင်းတဲ့ မိန်းကလေး၊ ငါ့ကိုတောင် မလေးမစားနဲ့၊ နင့်ကို အရှင်ဖမ်းမိရင်....'

နိုင်ချစ်နော်က တခစ်ခစ်ရယ်ရင်း ဖြတ်၍ပြောလေ၏။

'ဘဘ....အထင်မှားနေပြီ၊ ဒီနေရာ ဘာနေရာလဲ သိလား၊ ကျွန်မသိသလောက် ဘဘဟာ ကွန်လုံဝမ် စေခိုင်းသမျှ လုပ်နေရတဲ့လူသာဖြစ်တယ်၊ ဒါကြောင့် ဘဘကို ကျွန်မ ခွင့်လွှတ်လိုက်မယ်၊ ဒီနေရာက အမြန်ဆုံး ထွက်ခွာသွားပါ'



အဘိုးကြီးသည် ဒေါသအမျက်ခြောင်းခြောင်း ထွက်သွားလေ၏။

သို့သော် သူ၌ ဆင်ခြင်တုံတရားရှိသည်။

စိတ်ကို ထိန်းသိမ်းနိုင်သည်။

နိုင်ချစ်နော်၏ ဝံ့ဝံ့စားစား ပြောရဲပုံကိုထောက်ချင့်ပြီး သူမ၌ တစ်ခုခု အားကိုးရှိနေပြီဟု တွက်ဆလိုက်၏။

သူသည် ပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်သည်။

'အို့ယန်ထုံ ဒီမှာရောက်နေပြီလား'

သူ၏စကားမှာ အဆက်အစပ် မရှိလှပေ။

သို့သော် အမှုးမြှင် အပင်သိသော နိုင်ချစ်နော်သည် ကွန်လုံဝမ်၏ဂိုဏ်းတွေဦးလေးစိတ်ထဲ၌ ဘာတွေးနေသည်ကို ချက်ချင်းရိပ်မိသည်။

သူမသည် ထန်ရှင်က အားကိုးလောက်အောင် ဉာဏ်ရည်ပြည့်ဝသူဖြစ်၍ ထိုမေးခွန်းကို မည်သို့ပြန်ဖြေရမည်ကို ဒက်ခနဲသိ၏။

'ဂိုဏ်းချုပ်ကြီး၊ အို့ယန်ထုံ ဒီမှာမရှိပါဘူး'

ဤကား သံသယ နှောင်ကြိုးတမျှင် ထပ်ရစ်လိုက်ခြင်းသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်လုံဝမ်၏ ဂိုဏ်းတူ ဦးလေးမှာ အလွန် ဉာဏ်များသူ ဖြစ်သည်။

နိုင်ချစ်နော်က အိုယန်ထို သည်နေရာမှာ ရှိနေပါတယ် ပြောလျှင် သူ့အား ခြိမ်းခြောက်ချင်၍ တမင်လည်ဆည်ပြော သည်ဟု ယူဆပြီး အယုံအကြည်ရှိမည် မဟုတ်ပေ။

နိုင်ချစ်နော်က အိုယန်ထို မရှိပါဟု ပြောသောအခါ သူ့ အား အစ်ပထဲရှိကလိုသဖြင့် မှိုလျက်နှင့်မရှိဟု လိမ်ညာသည်ဟု မှတ်ယူသွားသည်။

'ဟား...ဟား...ဟား။ အိုယန်ထို မရှိတဲ့နောက် နင်က ငါ့ကို မခန့်လေးစား ဆက်ဆံရသလား'

အဘိုးအိုက နိုင်ချစ်နော်ထံမှ စကားထပ်၍အစ်နေပြန်သည်။

'အို...ကျွန်ုပ်လုဂိုဏ်းထဲမှာ အဆင့်မြင့်သိုင်းသမားတွေအများ ကြီးရှိတယ်၊ အိုယန်ထိုဟာ ဂိုဏ်းချုပ်ဘာဝန် ယူထားပေမယ့် ကျွန်ုပ်လုဂိုဏ်းထဲမှာ သိုင်းပညာ အတော်ဆုံးလို့ မဆိုနိုင်ပါဘူး'

အဘိုးကြီးသည် ကျီးကန်းမျက်လုံးကဲ့သို့ သေးမတော်ဝန်းကျ တို ဂနာမငြိမ်စွာ လှည့်ပတ်ကြည့်သည်။

'နင့်စကားအရဆိုရင် ဒီပတ်လည်မှာ ထောင်ချောက်တွေ ဆင်ပြီးပြီ ဆိုပါတော့'

'မယုံရင် ဘဘ စမ်းကြည့်လေ၊ ကျွန်မ အပိုမပြောဘူး'



ထိုစဉ် သူတို့ရပ်နေသည့် မြေပြင်သည် တုန်ခါသွား၏။

မြေအောက်မှ တရုန်းရုန်း အသံများကိုလည်း ကြားလိုက် ရသည်။

ထိုအသံများကြောင့် နိုင်ချစ်နော် စိတ်အေးသွားမိ၏။

ဆန်ကုန်မြေလေးသည် ကျွန်လုံဝမ် သေဆုံးမည် ဆိုပါက သူ့ အသက်ကိုပါ စတေးပြီး ကျွန်လုံဝမ်ကို လုပ်ကြံမည့်သူ ဖြစ်သည်။

ထို့ကြောင့် သူမ၏နှုတ်မှ ထုတ်ဖော် ညည်းညူလိုက်မိ၏။

'ကျွန်လုံဝမ်တော့ ဂူထဲကကျောက်ခေါင်းတွေနဲ့ ဒုက္ခရောက် ပြီ၊ အသက်ရှင်လျက် ထွက်လာဖို့ မလွယ်တော့ဘူး'

ထိုညည်းညူသံကို အဘိုးကြီးကြားသည်။

'ထန်ရှင်ကသာ ကျွန်လုံဝမ်ကို သတ်ဖို့ အစီအစဉ်ရှိရင် ကျွန် လုံဝမ် လွတ်ထွက်လာဖို့ မလွယ်ဘူး'

မုတ်ဆိတ်ရှည် အဘိုးအိုသည် ကျွန်လုံဝမ်၏ အရည်အချင်း ကိုလည်းကောင်း၊ ထန်ရှင်၏ အရည်အချင်းကို လည်းကောင်း ကောင်းစွာသိသည်။

ထိုသူနှစ်ယောက်စလုံးသည် သူ၏ဂိုဏ်းတူ တူတော်များ တော်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်သည် မုတ်ဆိတ်ကို ပွတ်သပ်၍ ကျေနပ် နှစ်သ[illegible] ဟန်ဖြင့် တွေးတောနေသော အဘိုးအိုကိုကြည့်၍ တစ်စုံတစ်ခု[illegible] ထွင်းဖောက် သိမြင်လိုက်လေ၏။

သူ ထွင်းဖောက် သိမြင်မှု မှန်မမှန်ကို စတင် စကားဆိုတော့ သည်။

'ဘဘ'

'ဘာလဲ'

'တကယ်လို့ ကွန်လုံဝမ်သာ ဒီမြေအောက် သင်္ချိုင်းဂူထဲက[illegible] မြန်မထွက်နိုင်တော့ဘူးဆိုရင် ဘဘအနေနဲ့ အခွင့်ကောင်းတစ်[illegible] မွဲပေါ့နော်'

'ဘာ'

အဘိုးအို၏အသံက မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်လှသည်[illegible]

'နင့်စကားက ဘာစကားလဲ'

'ကွန်လုံဝမ်မရှိရင် ဘဘအနေနဲ့ တစ်စင် မထောင်နိုင်[illegible] လား'

မုတ်ဆိတ်ရှည် အဘိုးအိုက သူ့ မုတ်ဆိတ်ကြီး ခါယမ်းသ[illegible] အောင် ရယ်မောလေ၏။

'နင်ပြောတယ်...နော်၊ ကွန်လုံဝမ် ဒီ သင်္ချိုင်းဂူထဲက [illegible] ထွက်နိုင်တော့ဘူးဆိုရင်လို့၊ နင် တစ်ထစ်ချပြောနိုင်သလား



'သူ ဘာကယ် သေ မသေ ကျုပ်မ မပြောနိုင်ပေမယ့် ပညာရှိ ထန်ရှင် မသေခင်တစေ့ ကွန်လုံဝမ်ကို ဒီဂူထဲမှာ မြှုပ်မယ်လို့ [illegible]'

နိုင်ချစ်နော်၏ စကားမဆုံးမီ အဘိုးအိုက ဖြတ်ပြောလိုက် သည်။

'ထပ်မပြောနဲ့တော့၊ ထန်ရှင် ဒီစကားပြောရင် ကွန်လုံဝမ် [illegible]ာ ဒီဂူထဲမှာ သေရမယ်'

နိုင်ချစ်နော်သည် ပညာရှိထန်ရှင်အား ပို၍ လေးစား[illegible] သည်။

သေပြီးသူ၏ စကားကို သူ၏ ဂိုဏ်းတူဦးလေး တ[illegible] ထောင်မှ အလေးထား ယုံကြည်နေသည် မဟုတ်လော၊

'ဒါပေမယ့်'

နိုင်ချစ်နော်က စကားစသည်။

'ဘာ...ဒါပေမယ့်လဲ'

'ဘဘကိုယ်ထဲမှာ ကွန်လုံဝမ်ရဲ့ အရိုးစိမ့် အဆိပ်အပ်စိုက်[illegible] နေတယ် မဟုတ်လား'

'ဟား...ဟား...ဟား၊ ကွန်လုံဝမ်ဆိုတာ ငါ့တူပါ၊ သူက [illegible]ါကို ဘာဒုက္ခပေးနိုင်မှာလဲ၊ ငါက သူ့ အရိုးစိမ့် အဆိပ်အပ် [illegible]နေလို့ သူခိုင်းတာ လုပ်နေရတယ် ထင်အောင် ဟန်ဆောင် [illegible]နေတာပါ၊ တကယ်တော့ အဲဒီ အရိုးစိမ့် အဆိပ်အပ်ကို ငါ [illegible]တ်ပစ်ခဲ့တာ ကြာလှပြီ'

www.burmeseclassic.com

ကျွန်လိုဝမ်နှင့် ပေါင်းနေသူများမှာ အလွန်တရာ ဉာဏ်များလှသူများချည်း ဖြစ်၏။

ကျွန်လိုဝမ်သည် သူ့ဂိုဏ်းတူဦးလေး၏ လှည့်ပတ်မှုဇာတ်ကို ကောင်းကောင်း ခံခဲ့ရသည်။

သူက ဆက်ပြောသည်။

'ဟို...မြောက်ရိုင်း လွင်ပြင်မှာ တိုက်ခိုက်ခဲ့တဲ့ တိုက်ပွဲကို ငါ မမေ့နိုင်အားထားခဲ့တယ်၊ ထန်ရှင်ဟာ ငါ့အစီအစဉ် ချမြ... ...တင် တကယ့် အဓိကကျတဲ့ နေရာမှာ တပ်စွဲပြီး ငါတို့... ...ထားခဲ့တယ်၊ အဲဒီတိုက်ပွဲ အောင်မြင်ရင် ဝမ်ဂိုဏ်းရဲ့ ဂိုဏ်း... ပြန်မထူ ကျွန်လိုဝမ် မဖြစ်နိုင်တော့ဘူး၊ ငါဟာ ဝမ်ဂိုဏ်း... ပွဲပေါ်နေကြီး ဖြစ်လာမယ်၊ သိုင်းလောကကြီး တစ်ခုလုံး... ...ရဲ့ ဘေရောင်ကြီး ဖြစ်လာမယ်၊ တိုက်ပွဲ ရှုံးနိမ့်ခဲ့... ဘာ ငါလဲ အသာကလေး လျှိုခံနေလိုက်တယ်'

...ချစ်နှော်သည် ဂိုဏ်းတူဦးလေးဖြစ်သူ၏ အကြံအစည်... ...အလင်းဖြစ်သွားအောင် ဖော်ထုတ်နိုင်လိုက်မေသည်။

'အင်း...သူတို့ရဲ့ အကြံအစည်တွေကတော့ ကြောက်စ... ...ချည်းပဲ၊ ကျွန်လိုဝမ်လိုလူမျိုး နောက်တစ်ယောက် ရှိနေသေး... ပါကလား'

မှတ်ဆိတ်ရှည်အဘိုးကြီးသည် သူ့မုတ်ဆိတ်ရှည်ကြီးကို ပွ... ...သပ်ပြီး ဆက်ပြောနေလေ၏။

'ကျွန်လိုဝမ်ရဲ့ စိတ်ကူး စိတ်သည်းထွေ များနေတယ်၊ တချို့... ...ရာတွေ မှားနေမှန်း သိပေမယ့် ငါက ထောက်မပြဘူး၊ ...ခံပေးထားလိုက်တယ်၊ ဒါမှ ဒီကောင် ဒုက္ခရောက်မှာမတုတ်... ...'

...နိုင်ချစ်နှော်က ဖြတ်၍မေး၏။

'ဘာတွေမှားတာလဲ ဘဘ'

'အများကြီး မှားတယ်၊ အရေးကြီးဆုံး အမှားကတော့ ...လက်အောက်က လူတွေအားလုံးကို အဆိပ်အမျိုးမျိုးနဲ့ ထိန်း... ...ခုနိုင်းတဲ့အချက်ပဲ၊ ကြောက်ရွံ့မှုနဲ့ တစ်သက်လုံး အုပ်ထိန်း... ...နိုင်မယ်လို့ ထင်ရင် အဲဒီ ထင်တဲ့လူရဲ့အမှားပဲ၊ သူ အဆိပ်... သူ့ဂိုဏ်းသားတွေအားလုံး ကြောက်ရွံ့နေကြတယ်လို့ သူ... ...နေတယ်၊ ကျေလဲ ကျေနပ်နေတယ်၊ ငါသိလိုက်တော့ ...က အရိုးစိမ့် အဆိပ်အဖ် စိုက်ခဲ့မသေးတာပဲ'

သူ၏ မျက်လုံးများသည် အေးစက် တောက်ပြောင်လာ၏။

'သူထိန်းချုပ်ထားတဲ့ လူတွေထဲမှာ တကယ့် သိုင်းလူစွမ်း... ...ကောင်းတွေ ပါတယ်၊ ဒီလူစွမ်းကောင်းတွေဟာ သူ့ အမိန့်ကို ...နာခံကြပါတယ်၊ ဒါပေမယ့် သူတို့ဘဝမှာ အဆိပ်ကြောင့် ...ငါးကျွန်ဖြစ်နေကြပြီဆိုတာသိတော့ သူတို့ရဲ့အချည်အချင်းကို ...သည်ထက်မြင့်တက်အောင် ကြိုးစားကြတော့ဘူး၊ သူတို့ရဲ့ ...ပညာ အရည်အသွေးဟာ တက်မလာတော့ဘဲ တန့်ထား... ...ယ်၊ သိုင်းပညာဆိုတာ တခြားပညာတွေလိုပဲ ကျင့်သုံးတယ်

www.burmeseclassic.com

ဆိုတာမှမရှိဘဲ၊ နောက်ဆုံးတော့ ကွန်လုံဝမ်ဟာ အရေးအတွ
ကိုပဲ ပိုင်ဆိုင်တော့တယ်၊ အရည်အချင်းတွေကို ဆုံးရှုံးသွား
တယ်၊ အရေးအတွက်ကိုပဲပိုင်ဆိုင်ပြီး အရည်အချင်းကို ဆုံးရှုံး
လူဟာ ရေရှည်မတည်တံ့ဘူး၊ ခဏပဲလေ'

'ဒါဖြင့် ဘဘကိုယ်တိုင် ကွန်လုံဝမ်ကို ညာနေတာပေါ့'

'ဟား...ဟား...ဟား...ငါမညာလို့ဖြစ်မလား၊ ကွန်လုံ
ကို အရှိုးခံအတိုင်း ဆက်ဆံလို့မရဘူးဆိုတာ နင်လဲ သိသ

'ကွန်လုံဝမ်သာ လွတ်မြောက်လာရင်တော့ ကျွန်မ
အကြောင်းတွေကို...'

'ဟား...ဟား...ဟား...နင်ပြောတာတွေကို ဘယ်သူမှ
မှာ မဟုတ်ဘူး'

သူသည် ပဖ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်ပြီ

'ဟဲ့ ကောင်မလေး၊ နင့်ကို ငါတစ်ခုပြောမယ်'

'ဘာပြောမလို့လဲ'

'ခုလို အခြေအနေဟာ သိုင်းလောကကြီး တစ်ခုလုံးကို
လက်ဝါးကြီးအုပ်နိုင်မယ့် အခြေအနေဖြစ်နေပြီ၊ နင်သာ
ပူးပေါင်းလိုက်ရင် သိုင်းလောကကြီးတစ်ခုလုံး တစ်လနဲ့
လေးရက်အတွင်းမှာ ငါ့လက်အောက် ရောက်လာလိမ့်မယ်'

'ဘဘက ဘာစီစဉ်ထားလို့လဲ'



'နင်သဘောမတူဘဲနဲ့ ငါက ထုတ်ပြောလို့ဖြစ်မှာလား'

'ဟင်း...ဟင်း...ဟင်း...ကျွန်မစိတ်ထင်တော့ ဘဘက ကွန်
ဝမ်ယောင် ဆောင်ပြီး ဝမ်ဂိုဏ်းကို ဆက်ဦးစီးမှာမဟုတ်
ား၊ သူ့တပည့်တွေက...'

အဘိုးအိုက ဖြတ်ပြောလေ၏။

'သူ့တပည့်တွေကို ထည့်မပြောစမ်းပါနဲ့၊ ဒီလူတွေအားလုံး
ငါက အဆိပ်ဖြေပေးလိုက်မှာပါ၊ သူတို့ဟာ ငါ့ဆီမှာ
းမြောက်ဝမ်းသာ အမှုထမ်းကြလိမ့်မယ်'

ထိုအချိန်တွင် နာနာကြည်းကြည်း အော်လိုက်သည့် အသံ
းကို ကြားလိုက်ရ၏။

တုထန်ဟိုသည် အဘိုးအို၏လျှနှစ်ယောက်ကို ဖဏ်ရာ ပြင်း
စွာ ရရှိသွားစေခဲ့သည်။

နိုင်ချစ်နေဝ်က...

'ကျွန်မ သဘောမတူပါဘူး၊ ကျွန်မဟာ သစ္စာတရားတော်
ား သိုင်းသမားဖြစ်သွားပြီးအောက်လမ်းသိုင်းသမားမဟုတ်
တာဘူး၊ သိုင်းပညာနဲ့ တိုင်းပြည်ကိုဒုက္ခမပေးချင်ဘူး'

'ဒါဆိုရင်တော့ နင့်ဘာသာ ခံသမိန့်ပေးတာပဲ ငါ့အဆိုး
ုတ်တော့ဘူး'

'ဘာထင်နေလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



သူမသည် စူးရှဒေါသ လေချွန်သံကိုပြုလိုက်၏။

အဘိုးအိုကရယ်ရှင်း....

'ဒေါ်ကြာဘာသဘောလဲ၊ အချက်ပေးတာလား'

'ဟုတ်တယ်၊ ဒီတောင်တုန်းပတ်လည်မှာ ကျွန်မရဲ့ လူ... ရှိတယ်၊ ဘဘနဲ့ ဘဘလူတွေ ဘယ်လိုမှ မလွတ်မြောက်နိုင် ဘူး'

'ဟား....ဘား....ဟား....ငါဟာ ကိစ္စတစ်ခု ဆောင်ရွက်... ဘယ်တော့မှအရှမ်းမလုပ်ဘူး၊ ဒီတောင်ကုန်းရဲ့ပတ်လည်ကို စစ်ဆေးပြီးပြီ၊ ပုန်းအောင်းနေတဲ့ အရိပ်အယောင် တစ်... မရှိဘူး၊ ရှိရင် ငါတွေ့ခဲ့ရမှာပေါ့'

'ဘဘ မယုံဘူးဆိုပါတော့'

'မယုံဘူး'

'ကောင်းပြီ'

သူမသည် ယုမ်ရှောက် ပုန်းအောင်းနေသည့် သစ်ပင်... ရှိရာသို့လှမ်းကြည့်ပြီး....

'ယုမ်ရှောက်....လာ....လာ'

ယုမ်ရှောက်သည် ကြယ်ကြွေသကဲ့သို့ထိုးကျလာ၏။



တောတွင်းသား ယုမ်ရှောက်သည် ကိုယ်ဖော့ပညာတတ် ကျွမ်းသွားသဖြင့် ကျွန်းကို အတောင်တပ်ပေးသလို ပို၍အစွမ်း ထက်နေပေသည်။

မုတ်ဆိတ်ရှည်အဘိုးအိုသည် ယုမ်ရှောက်အား စူးရှစွာကြည့် နေသည်။

နိုင်ချစ်နော်က အဘိုးအိုအား လက်ညိုးထိုးပြပြီး....

'ယုမ်ရှောက်....အဲဒီအဘိုးကြီးကို ရှင်းပစ်လိုက်စမ်း'

ယုမ်ရှောက်သည် လုံးဝစကားမပြောဘဲ အဘိုးကြီးထံသို့ ခုန်ဝင်သွားသည်။

'ဝုန်း'

သို့သော် ယုမ်ရှောက်သည် အဘိုးကြီးထံသို့မရောက်မီ။

အဘိုးအို၏နောက်၌ ရပ်နေသည့်လူသန်ကြီးနှစ်ယောက်သည် လျှပ်တစ်ပြက် ရှေ့သို့ခုန်ဝင်လာပြီး ယုမ်ရှောက်နှင့်လတ်ဝ ါး ချင်း ယှဉ်ရိုက်လေ၏။

နိုင်ချစ်နော်သည် ရှန်သူ၏စစ်ကူများ ထပ်မံရောက်မလာမီ ယခုလက်ရှိရန်သူများကို နှိမ်နင်းထားရန် လိုသည်ဟု သဘော ပိုက်သည်။

'ယုမ်ရှောက် တိုက်'

'ဆရာကြီး ဧုထန်ဟိုတိုက်'

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ရှည် အဘိုးအိုနောက်မှ ပါလာသော လူဆယ်ယောက်ခန့်နှင့် နိုင်ချစ်နော်၊ တုသန်ဟို၊ ယွမ်ရှောက် တို့သည် အချကြမ်း တိုက်ခိုက်တော့၏။

ယွမ်ရှောက်သည် ကြောက်မက်ဖွယ် ကောင်းလောက်သော အင်အားဖြင့် တဟူးဟူးတိုက်ခိုက်ရာ ရန်သူနှစ်ယောက် လဲကျသေဆုံးသွား၏၊

ကျန်လူများမှာ နိုင်ချစ်နော်နှင့် တုသန်ဟိုတို့အား အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်နေကြသည်။

မုတ်ဆိတ်ရှည်အဘိုးအိုမူ သူ့လူများ သေဆုံးနေသည်ကို မတုန်မလှုပ် စောင့်ကြည့်နေလေ၏။

သူသည် ယခုအချိန်အထိ တိုက်ပွဲထဲသို့ မဝင်သေးပေ။

သူ့အမူအရာကလည်း တည်ငြိမ်အေးဆေးလှသည်။

ဤပွဲတွင် နောက်ဆုံး သူနိုင်မည်ဟု သိထားသည့်အလား ရှိနေသည်။

ကျန်လူများကို နိုင်ချစ်နော်၊ တုသန်ဟိုနှင့် ယွမ်ရှောက် တို့က အသေတိုက်ခိုက်ကြသော်လည်း ထိုလူများက ရှောင်တိမ်းနိုင်ကြသည်။

ထိုလူများ၏ သိုင်းပညာအဆင့်အတန်း မြင့်မားမှုကို နိုင်ချစ်နော်တို့ အသိအမှတ် ပြုကြရသည်။



ထိုစဉ် အဝေးမှ အော်သံဟစ်သံများကို ကြားလာရ၏။

'ဘယ်သူလဲ'

နိုင်ချစ်နော်က လှမ်းမေး၏။

ရောက်ရှိလာသောသူများမှာ အနက်ရောင် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူများ ဖြစ်ကြသည်။

အလွန်တရာ လျင်မြန်သော လူရိပ်တစ်ရိပ်သည် မုတ်ဆိတ်ရှည်လူကြီး၏ဘေးသို့ ခုန်ပျံရောက်ရှိလာ၏။

'အနောက်အလံအဖွဲ့ ခေါင်းဆောင် တုမောက် ရောက်ရှိလာပြီဖြစ်ကြောင်း သတင်းပို့ပါတယ်'

ကွန်လုံဝမ်၏အားအကိုးရဆုံးသော အလံအဖွဲ့ခွဲခေါင်းဆောင်လေးယောက်အနက် တစ်ယောက် ရောက်ရှိလာပေပြီ။

နိုင်ချစ်နော်၊ ယွမ်ရှောက်နှင့် တုသန်ဟိုတို့က အပြင်းအထန်တိုက်ခိုက်ကြသောကြောင့် ရန်သူရှစ်ယောက် သေပြေးရှင်ပြေး နောက်ဆုတ်သွားကြသည်။

သူတို့သုံးယောက်မှု ကျောချင်းယှဉ်ကပ်၍ ရပ်လိုက်ကြ၏။

နိုင်ချစ်နော်က တီးတိုးပြော၏။

'အဲဒီ အနောက်အလံအဖွဲ့ခွဲ ခေါင်းဆောင်ဟာ ကူပါရှိုလိုပဲ သိုင်းပညာ အဆင့်အတန်း မြင့်တယ်၊ ဒါပေမယ့် သူက ကူပါရှို

www.burmeseclassic.com



ထတ်ပိုပြီး မိုက်မိုက်ရှိင်းရှိင်း တိုက်တတ်တယ်၊ အဲဒီအုပ်စုနဲ့ဆိုင် တော့ ကျွန်မတို့ မလွယ်ဘူး’

ထို့နောက် လေတိုးသံ တဟူးဟူး ကြားရပြီး အနက်ရောင် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်သူ သုံးဆယ်ခန့် အပြေးအလွှားရောက် လာ၏။

အနောက်အလံအဖွဲ့ခေါင်းဆောင် တုမောက်သည် ရှေ့သို့ တိုးထွက်လာ၏။

ထိုအခါ ကျွန်မ တုမောက်သည်မျက်လုံးတစ်လုံးတည်းရှိကြောင်း သိရသည်။

ကျန်မျက်လုံးတစ်ဖက်မှာ ပျက်စီးနေသည်။

တုမောက်က....

‘သခင်မ....နေကောင်းပါရဲ့လား’

သူသည် နိုင်ချစ်နော်အား လမ်းချိုနှုတ်ဆက်လေ၏။

‘ဆရာတုတော နေကောင်းရဲ့လားရှင်’

ဘေးပတ်သည်တွင် အနက်ရောင် ဂိုဏ်းသား သုံးဆယ်ခန့် ဝန်းရံထားပြီး ဖြစ်နေသည်။

တုမောက်က....



‘သခင်မ သစ္စာဖောက်တယ်ဆိုတဲ့ သတင်းကို ကျုပ်ကြားသိ ခဲ့ပါတယ်၊ ပထမကတော့ မယုံနိုင်ခဲ့ဘူး၊ ဂိုဏ်းချုပ်ကြီးကို သစ္စာ ဖောက်တဲ့သူကို ကျုပ်မှ မမြင်ဖူးဘဲကိုး၊ ခုမှပဲ မျက်မြင်ကိုယ်တွေ့ ဖြစ်တော့ ယုံရတော့တယ်’

နိုင်ချစ်နော်က ရယ်၍ပြောသည်။

‘ဆရာတုမောက် မှားနေပြီ၊ ဘယ်မှာလဲ သခင်မ’

‘သခင်မက ကျုပ်ကို အကြောင်ရိုက်နေပြန်ပါပြီ’

‘မရိုက်ပါဘူး၊ သခင်မ နိုင်ချစ်နော်က သေသွားတာ ကြာ လှပြီ၊ အခု တွေ့နေရတဲ့ နိုင်ချစ်နော်က ကွန်လုံဝမ်ရဲ့သမီးမဟုတ် ဘူး၊ ကျွန်လုဂိုဏ်းရဲ့ တိုက်ခိုက်ရေး နည်းပညာမှူးပဲ’

တုမောက်က အေးစက်စက် ရယ်သည်။

‘ကောင်းတာယ်၊ သခင်မကို အရှင်ဖမ်းနိုင်ရင် ဂိုဏ်းချုပ် ကြီးက ကျုပ်ကို ဆုကြီးလာဘ်ကြီး ချီးမြှင့်မှာ သေချာနေပြီ’

‘ခစ်...ခစ်...ခစ်၊ ရှင့်ဆန္ဒ မပြည့်ဝမှာကိုပဲ ကျွန်မစိုးရိမ် တယ်၊ ဖြစ်ကယ်ဖြစ်နိုင်တာက ရှင့်အသက် အဆုံးပါသွားမယ့် ကိစ္စပဲရှင့်’

တုမောက်က ခေါင်းကို ခါယမ်း၏။

‘မဖြစ်နိုင်ဘူး’

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ကူပါချီ ဘာဖြစ်သွားတယ်ဆိုတာ ရှင်မကြားမိဘူးလား'

တုမောက်က ခေါင်းညိတ်၏၊

'ကြားပါတယ်၊ ကျုပ်တော့ ယုံတောင် မယုံနိုင်ပါဘူး၊ ဒါပေမယ့် ကျုပ်ကတော့ အဲဒီလို မဖြစ်နိုင်ပါဘူး'

တုမောက်သည် ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်၏၊

ပတ်လည်၌ လျှို့ဝှက်အစောင့်များ ရှိဟန်မတူပေ၊

သူက ယုံကြည်စိတ်ချစွာ ပြော၏၊

'သခင်မ....ကျုပ်ဇာ်နိုင်မယ် ထင်နေသလား'

စင်စစ် သခင်မများသည် အလံအဖွဲ့ခွဲ ခေါင်းဆောင်များနှင့် ပညာချင်းကွာလှသည် မဟုတ်ပေ၊

နိုင်ချစ်နော်က....

'ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးနေသလား'

စင်စစ် နိုင်ချစ်နော် စိတ်ပူနေသည်၊

တုထန်ဟိုနှင့် ယွှမ်ရှောက်တို့ အချိန်မီ ရောက်နေသဖြင့် စိတ်အေးရသော်လည်း ဂိုဏ်းချုပ်ကြီး အို့ယန်ထု တို့လူစု မရောက်သေးသဖြင့် တုမောက်တို့ကို တတ်နိုင်သမျှ အချိန်ဆွဲရမည်ကို သူမ သိနေသည်၊



ထို့ကြောင့် အချိန်ရသလောက်ဆွဲရန် စကားပြောနေ၏၊

တုမောက်က....

'သခင်မ....ကျုပ်နဲ့လက်ရည်တူတယ်လို့ထင်ရင်တစ်ပွဲတစ်လမ်းလောက် စမ်းကြည့်ကြရအောင်လား'

သူသည် စကားဆုံးသည်နှင့် နိုင်ချစ်နော်ထံ ခုန်ဝင်ကာ လက်ဝါးဖြင့် ရိုက်ချ၏၊

ထိုစဉ် ယွှမ်ရှောက်ကလျှပ်တစ်ပြက်ခုန်ဝင်လာပြီး တုမောက် လက်ဝါးကို တားလိုက်သည်၊

တုမောက်သည် ယွှမ်ရှောက်နှင့် တစ်ကြိမ်တစ်ခါမျှ မတိုက်ခိုက်ခဲ့ဖူးပေ၊

ဤရုပ်ဆိုးဆိုး လူငယ်ကလေး၏ ပြင်းထန် ကြီးမားသော အတွင်းအားကို တွေ့လိုက်ရသောအခါ အလွန်တရာ အံ့အားသင့်သွားလေ၏၊

သူ့ကိုယ်တိုင် ခြေသုံးလှမ်း နောက်ဆုတ်ပေးလိုက်ရသည်၊

နိုင်ချစ်နော်သည် တုမောက် ရှက်ရမ်းရမ်းမည် စိုးသဖြင့် ယွှမ်ရှောက်အား ကပျာကယာအော်ဟစ်ဆုတ်ခိုင်းလိုက်ရသည်၊

'ယွှမ်ရှောက်၊ ရှင် ဆုတ်လိုက်၊ ဆရာတုမောက် ဘယ်လောက်စွမ်းသလဲဆိုတာ ကျွန်မ စမ်းကြည့်မယ်'

နိုင်ချစ်နော်၏ အယူအဆမှာ မှန်ကန်သည်၊

www.burmeseclassic.com

www.burmeseclassic.com



တုမောက်က တဟားဟားရယ်ပြီး...

'ညီလေး ဟန်တောင်ကိုး၊ ဒီသခင်မတစ်တော့ ငါ့ဖက်က မလွှတ်ပါဘူး။ ညီလေးကတော့ ဟို လူဆိုးနှစ်ယောက်ကို ထိန်း ထားလိုက်စမ်းပါ'

တိုက်ပွဲကို စိတ်မရှည်စွာ စောင့်ဆိုင်းနေရသည်။

ယွမ်ရှောက်သည် တုမောက်၏ စကားမဆုံးမီမှာပင် ဟန် တောင်ရှိရာသို့ ခုန်ဝင်တိုက်ခိုက်လေတော့၏။

လက်သီးလေတိုးသံက တဝှီးဝှီး မြည်လာပြီးနောက် ဟန် တောင်မှာ ဆက်တိုက်ပင် ခြေဝါးလှမ်းမျှ နောက်ဆုတ်ပေး ရတော့သည်။

တုထန်ဟိုက...

'လုံမလေး...ကျုပ်တို့ မတိုက်သင့်သေးဘူး၊ အခုနေ နောက် ဆုတ်ထားရင် ကောင်းမယ်'

တုထန်ဟို သတိပေးမှားသွား၏။

တုထန်ဟို၏ စကားဆုံးသောအခါ တုမောက်သည် အ အနေကို ချက်ချင်းရိပ်မိသွားပြီး သူ့နောက် လိုက် များ အ ဝိုင်းဝန်းတိုက်ခိုက်ရန် အမိန့်ပေးလေတော့၏။



အကျိုးနက်များသည် လက်နက်အသီးသီးဆွဲထုတ်ကာ တုထန် ဟိုနှင့် ယွမ်ရှောက်နှင့် နိုင်ချစ်နော်တို့အား ဝိုင်းတိုက်လေတော့၏။

ဟန်တောင်နှင့် ယွမ်ရှောက်က တစ်တွဲ၊ နိုင်ချစ်နော်နှင့် တုမောက်က တစ်တွဲ တိုက်ကြသကဲ့သို့ တုထန်ဟိုကလည်း လိပ် ပြာကလေးပမာ လူးလာဆန်ခတ် ပြေးလွှားလျက် ကိုယ်ကျုပ် အကျိုးနက်များကို ခုခံတိုက်ခိုက် နေရတော့သည်။

ကွမ်းတစ်ယာညက်လောက် ကြာသောအခါတွင် တုထန်ဟို ထံမှ အင့်ခနဲအသံတစ်ချက် ထွက်လာ၏။

ဘယ်ဘက်ပခုံးစွန်းတွင် ဓားတစ်ချက် ထိသွားသည်။

သွေးများ ပန်းထွက်လာရာ အကျီတစ်ခုလုံး ရဲရဲနီသွားလေ တော့၏။

နိုင်ချစ်နော်သည် ကမန်းကတန်း လှည့်ကြည့်သည်။

တုထန်ဟို ဒဏ်ရာကြီးမှန်း သိသော်လည်း တောင်မင်းကို မြောက်မင်းမကယ်နိုင်သကဲ့သို့ ဘာမျှမလုပ်နိုင်ဘဲ ရှိနေသည်။

'ယွမ်ရှောက်...ဆရာကြီးတုထန်ဟိုကို စတတ်နိုင်သမျှ အကာ အကွယ်ပေး'

နိုင်ချစ်နော်အနေဖြင့် ထိုမျှသာ အမိန့်ပေးနိုင်တော့သည်။

'ဆရာကြီး တုထန်ဟို...ဇွဲတင်းထားပါ၊ မကြာခင် ကျုပ်တို့ အကူအတွ ရောက်လာတော့မှာပါ'

www.burmeseclassic.com

 www.burmeseclassic.com

တန်းတူ ယှဉ်နိုင်ပါလျက်နဲ့ သခင်မက ဘာဖြစ်လို့ နောက်ဆုတ်နေရတာလဲ'

နိုင်ချစ်နေဘ်သည် တုမောက်၏ လက်ဝါးကို တားဆီးပြီး တခစ်ခစ်ရယ်လိုက်၏။

'ဆရာတုမောက်ကို ကျွန်မ လှည့်စားလို့မရပါကလား၊ ဆရာတုမောက်နဲ့အတူ ဒီလူတွေ ပါလာတစ္စလား'

'ဒါက သခင်မကိစ္စ မဟုတ်ပါဘူး'

သူတို့နှစ်ယောက်သည် လေတိုးသံ တဟူးဟူး ထွလောက်အောင် တိုက်ခိုက်နေကြတော့သည်။

ကွန်လုံဝမ်၏ ဦးလေးတော်သူ မုတ်ဆိတ်ရှည်အဘိုးအိုကား ကျွဲသေရေးရှင်ရေး တိုက်ပွဲကို ဂရုမစိုက်ချေ။

ကွန်လုံဝမ်တို့ ဝင်သွားသည်ဟုဆိုသော ဂူပေါက်ဝဆီသို့သာ စူးစိုက်၍ ကြည့်နေသည်။

ထိုအချိန်မှာပင် သူတို့ရပ်နေကြသည့် မြေပြင်သည် လျှောလှုပ် တော်လဲသံကဲ့သို့ တဝုန်းဝုန်း မြည်ဟည်းလာလေတော့၏။

လျှောင်လှုပ်ခြင်းပေလော။

❖

အခန်း (၁၆၄)

မဟာသချိုင်းဂူပေါ်မှ တိုက်ပွဲ

တဝုန်းဝုန်း မြည်ဟည်းသံနှင့်အတူ သဲမှုန် ဖုန်မှုန်များ မြေပေါ်သို့ လွင့်ပျံတက်လာ၏။

တုမောက်သည် သူ၏တိုက်ကွက်များကို အလျှင်အမြန် ပြန်ရုပ်သိမ်းလိုက်၏။

'သခင်မ'

သူက အရေးတကြီး လှမ်းခေါ်၏။

'ဘာလဲ....ဆရာတုမောက်'

'ကျေးဇူးပြုပြီး ပြောပြစမ်းပါ၊ ဒါက ဘယ်လို ဖြစ်နေတာ၊ သဘာဝငလျှင်လှုပ်တာလား'

နိုင်ချစ်နေဘ်က စိတ်ပူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျောက်မှောင်းထွေရဲ့ အင်အားက ဒီ လောက် တော
ပြင်းထန်တာပဲလား၊ ဒါဆိုရင် ဆန့်ကျင်းချိပါ မြေအော
သချိုင်းထဲမှာ သင်္ဂြိုဟ်ပြီးသား ဖြစ်ပြီ'

ထိုစကားများကို နိုင်ချစ်နော် ထုတ်ဖော် မပြောပါ။

စိတ်ထဲမှာ ရေရွတ်နေခြင်းသာ ဖြစ်ပါသည်။

တုမောက်သည် နိုင်ချစ်နော်ထံမှ အဖြေမရသဖြင့် ပတ်ဝန်း
ကျင်ကို သတိနှင့် လှည့်ပတ် ကြည့်နေမိတော့သည်။

ကွန့်လုံဝမ်၏ ဦးလေးတော်စူအသည် ဟက်ဟက်ပက်ပ
ရယ်လိုက်လေ၏။

'ဒီလိုကိုး'

သူသည် မြေပြင် ပြင်းထန်စွာ တုန်လှုပ်ခြင်းကြောင့်
အောက် ကျောက်တုံးခဲများ ပွင့်သွားခြင်းကို အခွင့်ကော
ယူလျက် မြေအောက်ဂူသချိုင်းအတွင်းသို့ လျှပ်တစ်ပြက်
ထွက် ပြေးဝင်သွားတော့သည်။

တုမောက် အံ့အားသင့်သွား၏။

'ဆရာကြီး ဘယ်ပျောက်သွားတာလဲ'

'ဒီအောက်မှာ ပညာရှိအန်ရှင်ရဲ့ မဟာသချိုင်းဂူ ရှိနေတ
ကွန်လုံဝမ်တစ်ယောက်တည်း ထန်ရှင်ရဲ့ပစ္စည်းတွေကို ရသွာ
သူ ဆိုပ်စိုးရိမ်နေတယ်၊ ရှင် သဘောပေါက်ရဲ့လား'

'ပညာရှိအန်ရှင်ရဲ့ပစ္စည်းက ဘာပစ္စည်းတွေမို့ လို့လဲ'



'သူ့ ပစ္စည်းတော့ မတွေ့တော့ပါဘူး၊ သူ့ဆရာကြီး ကျိဖုန်းရွှ
စ္စည်းသို့ ပြောတယ်၊ သိုင်းအတတ်၊ ဆေးအတတ်၊ အဆိပ်
အတတ်၊ ဝက်ပါအတတ်နဲ့၊ တိုက်ပွဲနည်းပရိယာယ် မျိုးစုံပါတဲ့
ကျမ်းကြီး လို့ပြောတာပဲ'

တုမောက်သည် တဟားဟား အော်ရယ်လေတော့၏။

'တကယ်ပက်မောစရာပဲ၊ ကျုပ်ကတော့ တစ်ယောက်တည်း
ကိုမြိုက်မဲမဲမဝင်ဘူး၊ သခင်မကိုဖမ်းပြီး ခေါ်တော့ခံလုပ်ခိုင်းပြီးမှ
မယ်၊ လမ်းပြအဖြစ် သခင်မကို ဖမ်းမယ်'

ထို့နောက် နိုင်ချစ်နော်နှင့် တုမောက်တို့ အပြင်းအထန်
ပြိုင် တိုက်ခိုက်ကြလေတော့၏။

သည်တစ်ကြိမ်တွင်မူ အင်အားကို ချိန်ချမတိုက်တော့ပေ။

တစ်ယောက်နှင့် တစ်ယောက် အသေအကြေ တိုက်ခိုက်ကြ
တော့၏။

ယွမ်ရှောက်သည် ကြောက်ခမန်းလိလိတိုက်ခိုက်နေကြသည့်
တိုက်ပွဲကိုကြည့်ပြီး နိုင်ချစ်နော်အတွက် စိတ်ပူလာ၏။

ထို့ကြောင့် တုစာန်ဟိုအား လှမ်း၍တိုင်ပင်သည်။

ခုနေ ကျွန်တော်က အစ်မသေးနိုင်ချစ်နော်အတွက် ကူ
လို့ဖြစ်ပါ့မလား'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော် အချိန်ဆွဲ တိုက်ခိုက်နေခြင်း ဖြစ်ကြောင်း တာ့မောက်၏တိုက်ကွက်များသည် နိုင်ချစ်နော်အား ဒုက္ခရော ရစေမည်မဟုတ်ကြောင်း ရှင်းပြနေလျှင် အရှည်ကြီး ရှင်းပြနေ မည်ဖြစ်၍ တုထန်ဟိုက တိုတိုတုတ်တုတ်ပင် ပြောလိုက်သည

'ဝင်မတိုက်နဲ့၊ သူခုခံနိုင်တယ်'

'သခင်မလေး ခံစစ်ဖြစ်နေတယ်၊ ခုခံနိုင်တယ်လို့ မပြော ဘူး'

'မင်းရဲ့ အစ်မလေးက မတိုက်ချင်လို့ပါ၊ မင်းစောင့်ကြ ပါ၊ သူမဖြုံပါဘူး'

'ဟုတ်ကဲ့...ကျွန်တော် စိုးပူသွားလို့ပါ'

'မပူနဲ့၊ စောင့်ကြည့်နေ'

'ဟုတ်ကဲ့'

တာ့မောက်နှင့် နိုင်ချစ်နော်တို့ အပြင်းအထန် တိုက်ခို တိုက်ခိုက်နေ၏။

တာ့မောက်၏မျက်လုံးများမှာ ရဲရဲတောက်နီလာသည်။

'သခင်မ၊ ခင်ဗျားရဲ့သိုင်းပညာဟာ ကျူးဖင်ထားတာ မြင့်မားနေတာပဲ၊ ကျုပ်ရဲ့အဆိပ်လက်ဝါးကို ခုခံနိုင်ပါမ

နိုင်ချစ်နော်သည် လှစ်နေအောင် ပါးသူဖြစ်၏။



တာ့မောက်သည် အဆိပ်လက်ဝါး သိုင်းပညာ၌ အလွန် နာမည်ကြီး၏။

ယခုကဲ့သို့ တည့်တည့်လင်းလင်း ဖွင့်ပြောသည့် အတွက်ပင် တာ့မောက်ကို ကျေးဇူးတင်ဖို့ ကောင်းနေပေပြီ။

သို့သော်...

'ရှင့်အဆိပ်လက်ဝါးအကြောင်း ကျွန်မ ကြားသိထားတာ ကြာပြီပဲ၊ ကျွန်မတော့ ဘာမှထူးခြားမယ် မထင်ဘူး'

'ထူးမယ်မထင်ရင် တိုက်ကြည့်ကြရအောင်'

'စမ်းရင် စမ်းကြည့်လေ၊ ကျွန်မကတော့ ဘာလက်ဝါးကိုမှ မကြောက်ဘူး'

ထိုစဉ် အခဝးမှ အသံတစ်သံ လွင့်ပျံ ရောက်ရှိလာလေ၏။

'အစ်ကိုကြီးတာ့မောက်၊ သခင်မရဲ့ အလိမ်အညာ မမိစေနဲ့၊ သတိထား'

အသံဆုံးသည်နှင့် လူလည်း ရောက်ရှိလာလေ၏။

ရုပ်ရည်သန့်ပြန့်သော လူငယ်တစ်ယောက် ဖြစ်နေ၏။

သူ့လက်ထဲ၌ ခေါက်ယပ်တောင်တစ်ချောင်း ပါသည်။

ထိုသူကား အဖြူအလံ အဖွဲ့ခွဲခေါင်းဆောင် ဟုန်ကောင် တည်း။

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုက အံကြိတ်၍ပြော၏။

'လုံမလေး…စိတ်သာချပါ။ ဒီဒဏ်ရာရတာနဲ့ ကျုပ် အရှုံးမပေးဘူး။ ကျုပ်ခန္ဓာကိုယ်ထဲက အသက်မထွက်သေးသမျှ ကျုပ်လက်က ရန်သူကို အမြဲခုခံနေမှာပါ'

သို့သော် တုထန်ဟိုမှာ စောစောကလို မခုခံနိုင်တော့ပေ။

တစ်ဆုတ်တည်း ဆုတ်နေရတော့သည်။

ဆုတ်နေခိုက်မှာပင် နောက်ထပ် ဒဏ်ရာနှစ်ချက် ထပ်မံရရှိသွားလေ၏။

နိုင်ချစ်နော်သည်လည်း တုမောက်၏ လက်ဝါးတစ်ချက် အရှိုက်ခံလိုက်ရသည်။

သူမတစ်ကိုယ်လုံး တုန်ခါသွားသည်။

သို့သော် မာန်တင်း၍ ပြန်လှန်ခုခံနေသည်။

နိုင်ချစ်နော် ဒဏ်ရာရသွားသည်ကို ယွမ်ရှောက် ရိပ်မိလိုက်၏။

ထိုအခါ သူသည် ဒေါသအမျက်ခြောင်းခြောင်း ထွက်လာပြီး ဆယ်ဆတိုးလာသော အင်အားဖြင့် တရကြမ်း တိုက်ခိုက်တော့သည်။

'ဝုန်း….'



ဟုန်းတောင်မှာ ယွမ်ရှောက်၏ လက်ဝါးဒဏ် ခံလိုက်ရပြီး လွင့်ထွက်သွားလေတော့၏။

'ဝုန်း….'

နောက်တစ်ကြိမ် လွင့်စဉ်သွားသူမှာ တုမောက်ဖြစ်သည်။

တုမောက်သည် အလဲလဲ အပြိုပြို ထရပ်လိုက်ပြီး သူ့အား ကြားဖြတ် တိုက်ခိုက်လာသူကို အလန့်တကြား ကြည့်လိုက်၏။

'ခင်ဗျား ဘယ်သူလဲ'

ကြားဖြတ်တိုက်ခိုက်လာသူက သူ့အား အေးစက်စက် ကြည့်နေသည်။

သည့်တိုက်ပွဲသည် သူ့အဖို့ ကလေးကလား၊ ကလေးကစား စရာတိုက်ပွဲ ဖြစ်နေပုံရသည်။

အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အဘိုးကြီးက အေးစက်စက် ပြောလေ၏။

'ကျုပ်နာမည်က ကျန့်စီမွန်ပဲ၊ တုမောက်ရဲ့ အဆိပ်လက်ဝါး သိပ်ပြင်းထန်တယ်လို့ ကျုပ် ကြားဖူးထားတယ်၊ အခုတော့ ဘယ်မှာ အသုံးကျလို့လဲ'

ကျန့်စီမွန်၏ လက်ဝါးမှာ အလွန်တရာ ပြင်းထန်လှ၏။

ကျောက်တောင်ပင် အက်ကွဲသွားနိုင်သောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တုမောက်က တဟားဟားရယ်ပြီး....

'ညီလေး ဟုန်တောင်ကိုး၊ ဒီသခင်မုကတော့ ငါ့လက်က မလွတ်ပါဘူး။ ညီလေးကတော့ ဟို လူဆိုးနှစ်ယောက်ကို ထိန်း ထားလိုက်စမ်းပါ'

တိုက်ပွဲကို စိတ်မရှည်စွာ စောင့်ဆိုင်းနေရသည်။

ယွမ်ရှောက်သည် တုမောက်၏ စကားမဆုံးမီမှာပင် ဟုန် တောင်ရှိရာသို့ ခုန်ဝင်တိုက်ခိုက်လေတော့၏။

လက်သီးလေတိုးသံက တရှိုးရှိုး မြည်လာပြီးနောက် ဟုန် တောင်မှာ ဆက်တိုက်ပင် ခြေငါးလှမ်းမျှ နောက်ဆုတ်ပေး… ရတော့သည်။

တုထန်ဟိုက....

'လုံမလေး...ကျုပ်တို့ မတိုက်သင့်သေးဘူး၊ အခုနေ နောက် ဆုတ်ထားရင် ကောင်းမယ်'

တုထန်ဟို သတိပေးမှာသွား၏။

တုထန်ဟို၏ စကားဆုံးသောအခါ တုမောက်သည် အချ… အနေကို ချက်ချင်းရိပ်မိသွားပြီး သူ့နောက် လိုက်များ အ… ဝိုင်းထန်းတိုက်ခိုက်ရန် အမိန့်ပေးလေတော့၏။



အကျီနက်များသည် လက်နက်အသီးသီးဆွဲထုတ်ကာ တုထန် ဟို၊ ယွမ်ရှောက်နှင့် နိုင်ချစ်နော်တို့အား ဝိုင်းတိုက်လေတော့၏။

ဟုန်တောင်နှင့် ယွမ်ရှောက်က တစ်တွဲ၊ နိုင်ချစ်နော်နှင့် တုမောက်က တစ်တွဲ တိုက်ကြသကဲ့သို့၊ တုထန်ဟိုကလည်း လိပ် ပြာတလေးပမာ လှုးလာဆန်ခတ် ပြေးလွှားလျက် ကိုယ်ကျပ် အကျီနက်များကို ခုခံတိုက်ခိုက် နေရတော့သည်။

ကွမ်းတစ်ယာညက်လောက် ကြာသောအခါတွင် တုထန်ဟို ထံမှ အင့်ခနဲအသံတစ်ချက် ထွက်လာ၏။

ဘယ်ဘက်ပခုံးစွန်းတွင် ဓားတစ်ချက် ထိသွားသည်။

သွေးများ ပန်းထွက်လာရာ အကျီတစ်ခုလုံး ရွဲရွဲစိုသွားလေ တော့၏။

နိုင်ချစ်နော်သည် ကမန်းကတန်း လှည့်ကြည့်သည်။

တုထန်ဟို ဒဏ်ရာကြီးမှန်း သိသော်လည်း တောင်မင်းကို မြောက်မင်းမကာယ်နိုင်သကဲ့သို့ ဘာမျှမလုပ်နိုင်ဘဲ ရှိနေသည်။

'ယွမ်ရှောက်...ဆရာကြီးတုထန်ဟိုကို စောင့်နိုင်သမျှ အကာ အကွယ်ပေး'

နိုင်ချစ်နော်အနေဖြင့် ထိုမျှသာ အမိန့်ပေးနိုင်တော့သည်။

'ဆရာကြီး တုထန်ဟို...စိတ်ချထားပါ၊ မကြာခင် ကျွန်မတို့ အကူတွေ ရောက်လာတော့မှာပါ'

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ကြည်လင်သော ကျယ်လောင်သော အသံ တစ်ယံကို နိုင်ချစ်နေဘ်တို့ အားတက်ဖွယ် ကြားလိုက်ရတော့ သည်။

'ဒီနေ့ တိုက်ပွဲဟာ သိုင်းလောကတစ်ခုလုံးနဲ့ ပတ်သက်နေ တယ်၊ ထောက်ထားဖို့ ညှာတာဖို့ အမှုမလိုဘူး၊ အပြတ်အသတ် တိုက်ခိုက်ကြပါ'

ထိုအသံကား ကျွန်လုဂိုဏ်းချုပ်ကြီး အိုယန်ထုံ၏ အသံ တည်း။

နိုင်ချစ်နေဘ်တို့အတွက် စစ်ကူများ ရောက်ရှိလာပေပြီ။

အိုယန်ထုံထို့ အချိန်မီ ရောက်ရှိလာ၍သာ တော်တော့သည်။

တုထန်ဟို၏ ကျားပွတ်သည် တဟူးဟူး မြည်နေသော်လည်း လူကိုယ်တိုင်မှာမူ မျက်လုံးများ မြာစေနေပေပြီ။

ဆူဘေးမှ အကျိန္တစ်များမှာလည်း တစ်ယောက်ပြီး တစ် ယောက် လဲကျလျက်ရှိနေသည်။

ထိုနှံ့မုဆရာတော်၊ တာ်မုဆရာတော်နှင့် ဂိုဏ်းချုပ်ကြီး ယွင် ကြိုးလုံတို့သည် တုထန်ဟိုအား ဝိုင်းတိုက်နေသူများကို ကောက်ပင် ရိတ်လှီးသည့်ပမာ တစ်ယောက်ပြီးတစ်ယောက် အပြတ်အသတ် ရှင်းလင်းသုတ်သင်ပစ်လိုက်ကြသည်။

တာ်မုဆရာတော်သည် တိဗက် ကျားပွတ်ဘုရင်ကြီးအား ကြင်နာစွာ ဖော်မပေးရင်း...



'ဒုက္ခကြီး...ဘာမှမပူနဲ့တော့၊ကျုပ်တို့အားလုံး ရောက်လာ ကြပြီ၊ ဒုက္ခကြီးလဲ သိပ်ပင်ပန်းနေပြီ၊ သစ်ပင်တစ်ပင်အောက် မှာ ခဏအနားယူလိုက်ပါတော့'

တုထန်ဟိုသည် စစ်ကူများ ရောက်လာပြီကို သိလိုက်ရသဖြင့် အားလျော့လိုက်ရာ တစ်ကိုယ်လုံး ပျော့ခွေကျသွားသည်။

တာ်မုဆရာတော်နှင့် ထိုနှံ့မုဆရာတော်တို့သည် တုထန်ဟို အား တစ်ဖက်တစ်ချက် တွဲထူရင်း သစ်ပင်တစ်ပင်၏ ပင်စည် အောက်၌ ချမှီပေးလိုက်လေ၏။

တာ်မုဆရာတော်က ဒဏ်ကြေဆေးတစ်လုံးကို တိုက်ကျွေး သည်။

ထို့ပြင် တုထန်ဟို၏ အိပ်စေသောအကြောကို လက်ညှိုးဖြင့် ထောက်လိုက်၏။

တုထန်ဟိုမှာ အိပ်ပျော်သွားတော့သည်။

သူ့လက်ထဲမှ ကျားပွတ်ကိုမူ မနည်းကြီး ဖြေယူကြရ၏။

တာ်မုဆရာတော်သည် ကျွန်လုဂိုဏ်းသားနှစ်ဦးကို လှမ်း ခေါ်လိုက်၏။

'ဟေ့...မင်းတို့နှစ်ယောက် သူ့ကို စောင့်ရှောက်ပေးကြ သူ့ကို ဘယ်သူမှ အနှောင့်အယှက်မပေးစေနဲ့'

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲကြီးတစ်ခုလုံးတွင် ကျန်စီမွန်၊ တုမောက်ယွမ်ရှောက်နှင့် ဟုန်တောင်တို့သာ သဲသဲမဲမဲ တိုက်ခိုက်နေကြတော့သည်။

လေးယောက်စလုံး သိုင်းလောက၏ ထိပ်သီးသူရဲကောင်းချည်းသာဖြစ်၍ ပြိုင်ပွဲကို ကြည့်နေရသူများအဖို့ လွန်စွာ သည်းထိတ်ရင်ဖို ဖြစ်ကြရသည်။

အိုယန်ထု သည် နိုင်ချစ်နေ့ဘ်အနီးသို့ ကပ်သွားပြီး မေးမြန်းစုံစမ်းလိုက်၏။

'မိန်းကလေး....ဒီကို ကွန်လုံဝမ် ရောက်လာခဲ့ပြီလား'

'မြေအောက် သင်္ချိုင်းဂူထဲ ဝင်သွားပြီ'

'ဆန်ကွမ်းချီကော....'

'ဆန်ကွမ်ချီက ဦးဆောင်ဝင်သွားတာပဲ၊ ဆောဆောကတော့ လျှင်လျှပ်သလို မြည်တည်းသွားတယ်၊ ကျောက်မောင်းတွေ ပြုတ်ကုန်ပြီလို့ ထူဆရတယ်'

'ကွန်လုံဝမ် အဖော်ခေါ်သွားသေးသလား'

'အဖော်မပါဘူး၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီးတို့ နေ့ခက်ကနေတဲ့အချိန်မှာ ကွန်လုံဝမ်ရဲ့ ဂိုဏ်းတူဦးလေး ရောက်လာတယ် လျှင်လျှပ်သလို ဖြစ်တုန်းမှာ မြေအောက် ကျောက်တံခါးတွေ ပွင့်သွားပုံရတယ်၊ အဲဒီအချိန်မှာ ကွန်လုံဝမ်ရဲ့ ဂိုဏ်းတူဦးလေး ပြေးဝင်သွားတယ်'



'ဒါကြောင့် အထဲမှာ ကွန်လုံဝမ်တို့က နှစ်ယောက်၊ ဆန်ကွမ်းချီက တစ်ယောက် ဖြစ်နေတာပေါ့'

အိုယန်ထိုက ခေတ္တစဉ်းစားပြီး....

'အင်း...ဒါဆိုရင် ကျုပ်တို့နိုင်ပါပြီ၊ အခု မြေပေါ်မှာရှိနေတဲ့ တုမောက်နဲ့ ဟုန်တောင်တို့ကို ရှင်းပြီးရင် မြေအောက်က တက်လာမယ့် ကွန်လုံဝမ်ကို စောင့်ဖို့ပဲရှိတော့တယ်၊ ကွန်လုံဝမ် ဘယ်လောက်ပဲ အဆင့်မြင့်မြင့် ကျုပ်တို့လူစုကိုထိုးဖောက်ထွက်ဖို့ မလွယ်တော့ပါဘူး'

နိုင်ချစ်နေ့ဘ်က....

'အထဲမှာ ပညာရှိထန်ရှင်က ဘာလက်နက်တွေ သိမ်းထားမှန်း မသိနိုင်ဘူး၊ အဲဒီလက်နက်ကို ကွန်လုံဝမ်ရသွားမှာ စိုးရတယ်'

အိုယန်ထိုက ခေါင်းခါ၏။

'ပညာရှိထန်ရှင်ရဲ့ ကျောက်စိမ်းခေါင်းတလားကို ဆန်ကွမ်းချီနဲ့ ကျုပ်တို့နှစ်ယောက်ပဲ မြေအောက် ဂူသင်္ချိုင်းထဲ ဂူသွင်းခဲ့တာပါ၊ ထူးခြားတဲ့ ပစ္စည်းဆိုလို့ ဘာတစ်ခုမှ မရှိပါဘူး၊ ကွန်လုံဝမ်က အထင်ကြီးပြီး သူ့သင်္ချိုင်းသူ လာတူးတာပါ'

'ဒါဖြင့်'

'ပညာရှိထန်ရှင်တာ ဂူသင်္ချိုင်းတို့ ကြီးကြီး ကျယ်ကျယ် ဆောက်ပြီး လျှို့ဝှက်ခိုင်းတာဟာ ပရိယာယ် ဆင်တာပဲ၊

www.burmeseclassic.com



ဒါမှ ဒီအထဲမှာ အရေးကြီးတဲ့ပစ္စည်း တစ်ခုခု ရှိနေတယ်လို့ ကွန်လုံဝမ် ယူဆမှာပေါ့၊ အင်း နောင်ကြီးထန်ရှင်ဟာ ကွန်လုံဝမ်ထက် အမြဲတမ်းတစ်ကွက်စောပြီး တွေးတတ်တာပဲကိုး'

ဝုန်း'

လေတိုးသံ ဝုန်းခနဲ ပေါ်လာသဖြင့် အသံကြားရာသို့ အို့ယန်ထုနှင့် နိုင်ချစ်နော်တို့ လှမ်းကြည့်လိုက်၏။

ကျွန်စီမွန်သည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လာ၏။

ခက်ရာပြင်းထန်စွာရရှိပြီး ဆုတ်ခွာလာသည့်ပုံစံမျိုးဖြစ်နေသည်။

အို့ယန်ထုသည် တုမောက်အား အရေးတကြီးလှမ်းကြည့်လိုက်၏။

တုမောက်မှာ ဝမ်းဗိုက်ကိုဖိရင်း ထိုနေရာ၌ပင် ရပ်နေသည်။

ထို့နောက် တဖြည်းဖြည်း ဒူးခေါက်ဆိုင်ကျသွားလေ၏၊

'ဟင်'

အို့ယန်ထုသည် တုမောက်ကိုသာ အရေးတကြီးလှမ်းကြည့်သည်။

'ဝေါ့'

တုမောက်၏နှုတ်မှ နီရဲသောသွေးများ ပန်းထွက်လာသည်၊



ထို့နောက် မြေကြီးပေါ်သို့ မှောက်ခုံကြီး လဲကျသွားလေတော့၏။

လူမိုက်ကြီးတစ်ယောက်သော့ တစ်ဇာတ် သိမ်းသွားခဲ့ပြန်လေပြီ။

ထိုအချိန်တွင် ကျွန်စီမွန်သည် သူ့ကိုယ်သူ ခိုင်ခိုင်မြဲမြဲရပ်နေနိုင်လေပြီ။

သူသည် တဟားဟားရယ်ပြီး တုမောက်ကိုကြည့်နေလေ၏။

အောင်နိုင်သူ၏ ရယ်သံသည် ဤသို့ပင် ကျယ်လောင်လှပေသည်။

ကျွန်စီမွန်သည် ဂိုဏ်းချုပ်ကြီး အို့ယန်ထုအား လက်သီးနှစ်ဖက်ဆုပ်လျက် ဂါရဝပြုလေ၏။

'ဂိုဏ်းချုပ်ကြီး၊ ခင်ဗျားတို့ဂိုဏ်းဟာ ကျုပ်သမီးလေးရဲ့ အသက်ကို ကယ်တင်ပေးခဲ့ကြတယ်၊ အဲဒီ ကျေးဇူးအတွက် ကွန်လုံဝမ်ရဲ့ လက်ရုံးတစ်ယောက်ကို ကျုပ် သတ်ပေးလိုက်ပြီ၊ ကျုပ်နဲ့ ကျုပ်သမီးလေး အေးချမ်းရာကို သွားတော့မယ်၊ ကျုပ်ကို ခွင့်လွှတ်ပေးတော့'

ကျွန်စီမွန်သည် ဂိုဏ်းချုပ်ကြီးအို့ယန်ထုအား ဂါရဝပြုပြီးသည်နှင့် ချက်ချင်းပင် လှည့်ထွက်ပြေးသွားတော့သည်၊

သူ၏ ကိုယ်ဖော့ပညာမှာ အလွန်တရာကောင်းမွန်လှသဖြင့် သစ်ပင်များအတွင်း ပျောက်ကွယ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အို့ယန်ထုမှာ ကျန်စီမှန် ဤသို့ နှုတ်ဆက်သွားလိမ့်မည်ဟု လုံးဝထင်မထားသဖြင့် ငေးကြောင် ကျန်ရစ်သည်။

'သူ့ရဲ့ကောင်းကြီး ကျန်စီမှန်'

သူ သတိရ၍ အော်လိုက်သည့် အချိန်တွင် နိုင်ချစ်နော်က နူးညံ့သိမ်မွေ့စွာ ဆတ်ပေးတားမြစ်လေ၏။

'ဂိုဏ်းချုပ်ကြီး...သူ့ကို သွားခွင့်ပေးလိုက်ပါတော့'

အို့ယန်ထုက...

'ကျုပ်က သူ့ကိုမတားချင်ပါဘူး၊ ဒါပေမယ့် တုမောက်နဲ့ တိုက်တုန်းက သူဒဏ်ရာရထားပုံရတယ်'

နိုင်ချစ်နော်က ခေါင်းညိတ်၏။

'ဟုတ်ပါတယ်၊ သူ ဒဏ်ရာရလိုက်တာကို သူ ထုတ်မပြောချင်ပါဘူး၊ ဂိုဏ်းချုပ်ကြီးကပြန်ခေါ်ရင် သူ့ဒဏ်ရာကို ထုတ်ပြရလို့ အနေခက်နေပါဦးမယ်'

'သူ မကုနိုင်မှာစိုးတယ်'

'စိတ်မပူပါနဲ့ဂိုဏ်းချုပ်ကြီး၊ သူ့အတွင်းအားက အင်မတန်ကောင်းမွန်ပါတယ်၊ သူ့ဘာသာ ကုနိုင်ပါလိမ့်မယ်'

ဂိုဏ်းချုပ်ကြီးအို့ယန်ထုသည် ကျန်စီမှန်ထွက်ပြေးသွားရာဘက်သို့ မျှော်ကြည့်ပြီး ကြည်လင်သော အသံဖြင့် အော်ပြောလိုက်၏။



'သွားပေရော့ နောင်ကြီးကျန်၊ ကျုပ် အို့ယန်ထု လိုက်မပို့နိုင်တဲ့အတွက် ခွင့်လွှတ်ပေတော့'

အတွင်းအားနှင့် ပြောလိုက်သော အသံဖြစ်၍ ခရီးတာ အတော်ဝေးဝေးသို့ ကြည်လင်သောအသံသည် ပေါက်ရောက်သွားမည်မှာ သေချာလှသည်။

ထိုအသံကို ကျန်စီမှန်ကြားသွားသည်ကို သူတို့အားလုံးပင် ချက်ချင်းသိကြရသည်။

အဘယ့်ကြောင့်ဆိုသော် အတိုးအို့ ကျန်စီမှန်၏ ပြန်လည်နှုတ်ဆက်သည့်အသံကို သူတို့အားလုံး ပီသကြည်မြစွာ ကြားလိုက်ရသောကြောင့်ပေတည်း။

'ဂိုဏ်းချုပ်ကြီး၊ ကျုပ်အတွက်နဲ့ထပ်ပြီး ဒုက္ခမရှာပါနဲ့တော့၊ ကျုပ် အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျား၊ ကျုပ်သွားပြီ'

ထိုအချိန်တွင် ဟုန်တောင်သည် ယွမ်ရှောက်၏ တိုက်ကွက်များကို အလူးအလဲခံနေရသည်။

တိုက်ပွဲကြာလေ ယွမ်ရှောက်၏ လှုပ်ရှားမှုများက မြန်ဆန်လေဖြစ်နေသဖြင့် ဟုန်တောင်မှာ အားပြတ်သလိုဖြစ်လာသည်။

သူ့လက်ထဲမှ ခေါက်ယပ်တောင်မှာ နွေးကွေးလေးလှုပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ဟုန်တောင် သေးဖျက်နေခဲ့လေပြီ။

စားမောက်ခေသဆုံးသွားသည်ကို သူသိရှိ၏။

သို့သော် ယွမ်ရွှောက်က အဆက်မပြတ် တိုက်ခိုက်နေသော ကြောင့် ထွက်ပြေး၍မရတဲ့ ဖြစ်နေခဲ့ရသည်။

'ရှီ....'

ယွမ်ရွှောက်၏ ရှည်လျားသောလေချွန်သံ ကြားလိုက်ရပြီ နောက် ဟုန်တောင်၏ ယပ်တောင်မှာ လေထဲသို့ လွင့်ထွက် သွား၏။

ယွမ်ရွှောက်၏လက်သီးများသည့် အရိပ်ပေါင်း အထပ်ထပ် ထွက်ပေါ်လာပြီး လေသံတဟူးဟူးထွက်သွား၏။

ကျူမှုများပြားသော ပြင်းထန်သောလက်သီးများတစ်ရှိန်ထိုး ဝင်လာသောအခါ ဟုန်တောင်မှာ မည်သို့မျှ မတားဆီးနိုင် တော့ပေ။

တားဆီးလျှင်လည်း လေမုန်တိုင်းကို လက်ဝါးဖြင့်ကာသလို သာ ရှိပါလိမ့်မည်။

ဟုန်တောင်သည် ခုန်ဆုတ်ရန် ကြိုးစားသော်လည်း သူ့ အတွက် အချိန်မရတော့ပေ။

သုံးလေးကိုက်ခန့်အကွာအထိ လွင့်စဉ်သွားရရှာတော့သည်။



အိုယန်ထုံက ယွင်ကြိုလုံအား လှည့်၍ပြောလိုက်၏။

'နောင်ကြီး ယွင်ကြိုလုံ၊ ဟောဒီ သူငယ်ဟာ နောက်ဆယ်နှစ် လောက်ကြာရင် သိုင်းလောကရဲ့ မကိုင်ငြိဦးသျှောင် ဖြစ်မှာ သေချာတယ်'

ယွင်ကြိုလုံက ပြုံး၍ခေါင်းခါ၏။

'ဟင့်အင်း...လာမယ့် ဆယ်နှစ်အတွင်းမှာ သူဟာ သိုင်း စကြာရာဇ် မဖြစ်နိုင်ပါဘူး။ မွေးရာပါ ကြံ့ခိုင်သန်စွမ်းမှုကြောင့် ပညာစွမ်း ထက်နေမယ့် တကယ် နူးညံ့တဲ့ ပရိယာယ်ပိုင်း တွေမှာ သူဟာကျွမ်းကျင်နိုင်မှာ မဟုတ်ပါဘူး။ နောင်ဆယ်နှစ် အတွင်းမှာ သိုင်းစကြာရာဇ်ဖြစ်မယ့် လူ တစ်ယောက် ကို တော့ ကျွန်တော် တွေ့ထားပါတယ်'

အိုယန်ထုံ အံ့ဩသွားလေ၏။

'ဟင်း....ကျုပ်တို့မသိတဲ့ သိုင်းလူစွမ်းကောင်းတွေ ထပ်ပေါ် သေးလားဗျာ'

ယွင်ကြိုလုံက ခေါင်းခါ၏။

'ဟင့်အင်း....အဲဒီလူငယ်ကို ကိုယ်တိုင်ကြီး သိပါတယ်ဗျာ၊ ဟောဟို မြေအောက် သင်္ချိုင်းဂူထဲ ဝင်သွားတဲ့ ဆန်ကွမ်းချီ ပဲ'

အိုယန်ထုံက ခေါင်းယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ယူက အေးချမ်းသိမ်မွေ့လွန်းပါတယ် ခင်ဗျာ၊ ဖြစ်နိုင်မယ် မထင်ဘူး'

ယွင်ကြိုလိုက ရယ်၍ပြော၏။

'မထင်ပါနဲ့ ဂိုဏ်းချုပ်ကြီး၊ အခု ကြည့်ပါလား၊ ဒီသူငယ် ဘယ်မှာ အေးချမ်းနိုင်လို့လဲဗျာ၊ လူဆိုတာ ပတ်ဝန်းကျင် လို့ဆော် တိုက်တွန်းရာကို မတတ်သာဘဲ လိုက်မျောကြရ ပါ၊ ကျုပ် ဗေဒင်ဟောလိုက်ပါမယ်၊ နောင်ဆယ်နှစ်မှာ သိုင်း လောကရဲ့ မကိုက်ငှုံဦးသျှောင် ဖြစ်မယ့် သူငယ်တစ်ယောက် မြေအောက်မှာ ရောက်နေတဲ့ ဆန်ကွမ်းချီပါပဲ၊ တစ်ခုတော့ ခြွင်းချက် ရှိတာပေါ့လေ၊ မြေပေါ်ကို အသက်ရှင်လျက် ပြန် တက်လာနိုင်ခဲ့ရင် ဆိုပါတော့'

ထိုအချိန်တွင် ဟုန်တောင်သည် မြေပေါ်၌ လူးလိမ့်လျက် ရှိနေ၏။

မကြာမီ လူးလိမ့်နေသော ဟုန်တောင် တစ်ယောက် ငြိမ် သက်သွားလေ၏။

ဟုန်တောင်နှင့် အပြင်းအထန် တိုက်ခိုက်ခဲ့သော ယွမ်ရှော မှာမူ လုံးဝ ပင်မန်းဟန်မရှိပေ။

နောက်တစ်ပွဲ ဆက်လက် ယှဉ်ပြိုင်ရန်အတွက် တက် ကြွကြွ ရှိနေပြန်လေ၏။



မဟာသချိုင်းဂူ၏ မြေပြင်ပေါ်မှ တိုက်ပွဲမှာမူ ပြီးစီးသွားခဲ့ လေပြီ။

မြေအောက် သချိုင်းဂူအတွင်း၌မူ မည်သို့ ဖြစ်ပျက်နေသည် ကို မည်သူမျှ မသိနိုင်ကြပေ။

ထိုအခိုက်မှာပင် နိုင်ချစ်နော်က စစ်ကူရောက်လာသည့် ဝါ ဉ်ကြီး သိုင်းသမားကြီးများ အားလုံးကို စုဝေးရန် ဖိတ်ခေါ် လေသည်။

ထိန်မုဆရာတော်၊ တက်မုဆရာတော်၊ မိမုဆရာတော်၊ ဂိုဏ်း ချုပ်ကြီး ယွင်ကြိုလို၊ ဆန်ကွမ်းချီ၏ လက်ဦးဆရာ ရဲယိုဖိန်၊ ဆရာကြီး ကျင်ရွှယ်တောက် အစရှိသည့် ဝါစဉ်ကြီးသိုင်းသမား ကြီးများသည် အိုယန်ထု နှင့် နိုင်ချစ်နော်တို့ အနီးသို့ ချဉ်းကပ် လာကြလေ၏။

သူတို့သည် နိုင်ချစ်နော်၏ ဉာဏ်စွမ်း၊ ပရိယာယ်စွမ်း နှင့် တော်သက်၍ ယုံကြည် လေးစားကြပြီးဖြစ်၍ ယခု ပြောမည့် စကားသည် အချည်းနှီးစကား မဖြစ်နိုင်ကြောင်း နားလည် သဘောပေါက်ပြီး ဖြစ်ကြသည်။

နိုင်ချစ်နော်သည် သိုင်းလောက၏ ထိပ်သီး သိုင်းဆရာကြီး များကို တစ်ချက် ဝေ့ကြည့်ပြီး...

'ဂိုဏ်းချုပ်ကြီး၊ ဆရာတော်ကြီးများနဲ့ ဆရာ့ဆရာကြီးများ နှင့်၊ ကျွန်မအနေနဲ့ ဆရာကြီးများကို မိကျောင်းမင်း ခေါ်ခြင်းဖြ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ စကားမျိုး မပြောချင်ပါဘူး၊ ဒါပေမယ့် အင်မတ
အရေးကြီးထဲ့အချိန်မို့ ဆရာကြီးတို့ကို ဒီစကားပြောရတဲ့အတွ
ခွင့်လွှတ်ပါလို့ တောင်းပန်ချင်ပါတယ်'

အိုယာန်ထုံက အေးဆေးစွာ ပြောသည်။

'ကိစ္စမရှိပါဘူး မိန်းကလေး၊ ကျုပ်တို့ အားလုံးက မိန်
ကလေး စေတနာကိုသဘောပေါက်ထားပြီးသားပါ၊ ပြောစ
ရှိတာကိုသာ ပွင့်ပွင့်လင်းလင်း ပြောပါ'

နိုင်ချစ်နော်က အားလုံးကို ဂါရဝပြုလိုက်သည်။

'အခုရောက်နေတဲ့ ဆရာကြီးများဟာ တကယ့် ထိပ်သ
အကျော်အမော်ကြီးတွေချည်းဆိုတာ ကျွန်မ ကောင်းကော
ကြီး သိပါတယ်၊ ဒီအကျော်အမော်ကြီးတွေကို ကျော်လွှားပြ
ကွန်လုံဝမ် လွတ်ထွက်သွားဖို့ဆိုတာ မလွယ်ပါဘူး၊ ဒါပေမယ

သူမက စကားကို ခေတ္တဖြတ်ထားလိုက်၏။

သူမ၏ စကားကို အလေးအနက် နားထောင်စေလိုသဖြ
ဤသို့ ဖြတ်ထားလိုက်ခြင်း ဖြစ်ပေသည်။

'ဒါပေမယ့်....ကွန်လုံဝမ်ဟာ နောက်ဆုံး ထွက်ပေါက်မရ
အခါမှာ ဆရာကြီးတို့ မသိသေးတဲ့၊ ကျွန်မတို့ မသိသေး
လျှို့ဝှက်လက်နက်တွေနဲ့ အရှုံးအမှူး လျှောက်လုပ်မှာ စိုးရိမ်
ပါတယ်၊ ကျွန်မဟာ သူ့ရဲ့မွေးစားသမီးဖြစ်ခဲ့လို့ သူ့အကြော
ကောင်းကောင်းသိနေပါတယ်၊ သူ့ကို ငါတို့တော့ ပိုင်ပြ



အားအေးလေး ဖမ်းနိုင်ပြီဆိုတဲ့ အသိမျိုးနဲ့ မဖမ်းဆီးကြပါနဲ့၊ အဲဒီလိုဖမ်းရင် ဆရာ့ ဆရာကြီးတွေအားလုံး ကိုယ်ကျိုးနည်းကုန်ပါလိမ့်မယ်'

ထိန်မူဆရာတော်က ခေါင်းတဆတ်ဆတ် ညိတ်လေ၏။

'အင်မတန် ဆီလျော်ကန့်သင့်မြတ်တဲ့ စကားပါပဲ၊ ကျုပ်တို့ အားလုံး သတိထားသင့်တယ်'

အိုယာန်ထုံက ဖြတ်၍မေးလေ၏။

'မိန်းကလေး....ကျုပ်တို့မသိနိုင်တဲ့ နောက်ဆုံးလက်နက်တွေ ဘာတွေ သူ့ကိုယ်မှာ တပ်ဆင်ထားချင်ထားမယ်၊ မိန်းကလေး ရိပ်မိနိုင်သလား'

နိုင်ချစ်နော်က ခေါင်းကိုခါယမ်းလိုက်၏။

'ကျွန်မကတော့ ကွန်လုံဝမ်ကို လုံးဝမယုံဘူး၊ ကွန်လုံဝမ်ဟာ မနိုင်နိုင်ရာနဲ့တော့ ဒုက္ခပေးဦးမှာပဲ၊ ကျွန်မတို့အားလုံး သတိထားရင်တော့ ဘေးမဖြစ်နိုင်ဘူးပေါ့'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည် မြေပြင်ပေါ်၌ ပြန့်ကြဲနေသော အလောင်းများကို ဖယ်ရှားပစ်လိုက်သည်။

ကွန်လုံဝမ် တက်လာလျှင် ထွက်ပေါက်မရှိ ပိတ်ဆို့နိုင်ရန် စီစဉ်သည်။

အိုယန်ထုံက နိုင်ချစ်နော်အား တိုင်ပင်၏။

www.burmeseclassic.com

www.burmeseclassic.com



'မိန်းကလေး....အခုအတိုင်းဆိုရင် မြေအောက် သချိုင်းဂူ တံခါး ပွင့်နေပြီပဲ၊ ဆန်ကွမ်းချိုကို ဝင်ကူညီရင် မကောင်းဘူးလား'

'မကောင်းဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆန်ကွမ်းချို တစ်ယောက်ပဲ ဘယ်နေရာမှာ ကျောက်မောင်းရှိတယ်၊ ဘယ်နေရာမှာ ကျောက်ခလုတ်ရှိတယ်၊ ဘယ်နေရာမှာ ပိတ်လှောင်ထားတဲ့ အလုပ်သမားတွေ ရှိနေတယ်ဆိုတာကို သိတယ်၊ ကျွန်လုံ့ဝမ် တိုက်ခိုက်ရင် သူကြည့်ရှောင်သွားမှာပဲ၊ ကျွန်မတို့ ဝင်ရှုပ်ရင် သာ သူဘာလုပ်ရမှန်းမသိဘဲ ဒုက္ခရောက်သွားနိုင်တယ်'

'ဒါဖြင့် ကျုပ်တို့....'

'ကျွန်မတို့အနေနဲ့ ဒီဂူသချိုင်းပတ်ပတ်လည်က သစ်ပင်တွေနောက် ဝင်ခိုနေလိုက်ရုံပဲ၊ အချိန်တန်ရင် ကွန်လုံ့ဝမ်ထွက်လာပါလိမ့်မယ်'

'ကောင်းပြီ'

အိုယန်ထုံက မဟာသချိုင်းဂူ ပတ်ပတ်လည်၌ ဝါစဉ်ကြီး သိုင်းဆရာကြီးများကို နေရာချထားပေးလိုက်၏။

အားလုံး ငြိမ်ငြိမ်သက်သက် ဝပ်လျှိုးနေလိုက်ကြသဖြင့် ကြီးမားသော မဟာသချိုင်းဂူကြီး၏ ပတ်ဝန်းကျင်၌ လူတစ်ယောက်မျှ မတွေ့သလို တိတ်ဆိတ်သွားလေတော့၏။

အခန်း (၁၆၅)

သေးကြေး

ညသည် နက်မှောင်လာ၏။

အမှောင်ဆုံး အချိန်ကာလလွန်လျှင် အလင်းရောင် ရောက်သည်ဟု ဆိုရိုးစကားရှိသည့်အတိုင်း ပိုးပုရစ်သံတို့ဖြင့် စီစီညံနေသော တောအုပ်ကြီး၏ အရှေ့ဘက်တွင် ရောင်နီမျိုးလာတော့သည်။

သစ်ပင်များနောက်ကွယ်၌ နေရာယူပုန်းလျှိုးနေသူများသည် နေ၏ အလင်းရောင် မြင့်တက်လာသည်နှင့်အမျှ ပို၍ ဂရုစိုက်ပုန်းအောင်းရတော့သည်။

ညအမှောင်ထဲ ပုန်းရသည်မှာ လွယ်သည်။

အလင်းထဲ ပုန်းရသည်မှာ မလွယ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဝါစဉ်ကြီး သိုင်းသမားချည်းသာဖြစ်၍ သူတို့၏ သက်နှုန်း တစ်စွန်းတစ်စ သို့မဟုတ် အကျီသက်စ တစ်စွန်းတစ်စ ကိုပင် မည်သူမျှ မမြင်နိုင်အောင် ပုန်းခအောင်းနိုင်ကြပေသည်။

နေမင်းကြီး အခေတ် မြင့်တက်လာသည့်တိုင် ကွန်လုံဝမ်၏ လှုပ်ရှားမှု အနည်းငယ်မျှ ထွက်မပေါ်မလာသဖြင့် အားလုံး စိတ်မရှည်သလို ဖြစ်လာကြသည်။

ကွန်လုံဝမ်ကော၊ သူ၏ဂိုဏ်းတူဦးလေးကော၊ ဆန်ကွမ်းချီ ကော တစ်ပြိုင်တည်း သေဆုံးသွားကြပြီလော ဟူ၍ပင် အောက် လိုက်မိကြသည်။

အိုယန်ထု နှင့်နိုင်ချစ်နော်တို့သည်ပင်စည်ကြီးတစ်ပင်နောက် နား၌ တွတ်တူပုန်းအောင်းနေကြသဖြင့် တီးတိုးတိုင်ပင်၍ရသည်။

အိုယန်ထု က....

'မိန်းကလေး.... အခြေအနေ မကောင်းဘူး၊ ဝင်ကြည့်ရင် ကောင်းမယ်ထင်တယ်'

နိုင်ချစ်နော်ကလည်း တီးတိုးပြန်ပြောသည်။

'မလုပ်နဲ့ ဂိုဏ်းချုပ်ကြီး၊ နေလုံးကြီး စုံးစုံးမြုပ်သွားတဲ့ အချိန်အထိ စောင့်ကြည့်ပါဦး၊ ညမှောင်သွားမှ ထွက်မလာရင် တော့....'

သူတို့၏ စကားသံမှ မဆုံးသေးမီ မြေအောက်သချိုင်းဂူကြီး သည် တဝုန်းဝုန်း တုန်လှုပ်လာပြန်လေ၏။



အိုယန်ထု က သက်ပြင်းချလိုက်၏။

'ဒီလောက် ထုနဲ့ ထည်နဲ့ လုပ်ထားတဲ့ မြေအောက်ဂူကြီး တောင် ဒီလောက် လှုပ်ရှားတယ်ဆိုတော့ အထဲမှာရှိတဲ့ လူတွေ တော့ လုံးဝ မလွယ်တော့ဘူး'

အိုယန်ထု ၏ စကားကို ကြားလိုက်ရသောအခါ နိုင်ချစ် နော်၏ မျက်ဝန်းအစုံမှ မျက်ရည်ဖြိုင်ဖြိုင် စီးကျလာတော့သည်။

ပထမအကြိမ် မြေအောက်သချိုင်းကြီး တုန်ခါကတည်းက ဆန်ကွမ်းချီတစ်ယောက် သေရှာပြီဟု ယူကျုံးမရဖြစ်ပြီး ရင်ကွဲ မတတ် ခံစားခဲ့ရသည်။

သို့သော် သူမသည် စိတ်မာန်တင်း၍ စောင့်ခံထားခဲ့သည်။ ယခုတစ်ကြိမ်တွင်မူ သူမမှာ စောင့်ခံခြင်းမပြုနိုင်ရှာတော့ပေ။

အိုယန်ထု သည် နိုင်ချစ်နော် မျက်ရည်ကျခရသည့် အဖြစ်ကို ချက်ချင်း တွေးမိ၏။ သူလည်း စိတ်မကောင်း ဖြစ်သွားသည်။ ဤမိန်းကလေးသည် ဆန်ကွမ်းချီအပေါ်၌ အလွန်တရာ နက် ရှိုင်းသော မေတ္တာဖြင့် ချစ်ခင်လေရှာသကားဟု တွေးတော မိ၍ ယူကျုံးမရ ဖြစ်မိသည်။

အိုယန်ထု က နှစ်သိမ့်လိုက်သည်။

'မိန်းကလေး.... ဆန်ကွမ်းချီကတော့ သေချင်မှ သေမှာပါ၊ သူက မြေအောက်သချိုင်းဂူ အနေအထားကို သိထားတဲ့လူပဲ'

www.burmeseclassic.com



ထိုသို့ နှစ်သိမ့်ကာမှ ပိုဆိုးတော့သည်။ ဂိုဏ်းချုပ်ကြီး မသိလေရော့သလား။ နိုင်ချစ်နေဝ်နှင့် ဆန့်ကျင်ဘက်ဖြစ်ချိတ်သော ဘ၀သည် မျှဉ်းပြိုင်နှစ်ကြောင်းကဲ့သို့ မည်သည့်အခါမျှ ဆုံနိုင်မည့်ဘ၀မျိုး မဟုတ်ပါပေ။ နိုင်ချစ်နေဝ် မျက်ရည်ပိုကျလာ၏။

အတန်ကြာမှ နိုင်ချစ်နေဝ်သည် သူ့မျက်ရည်များကို အင်္ကျီစဖြင့် သုတ်ပစ်သည်။ ဂိုဏ်းချုပ်ကြီး အိုးယန်ထုံ အား တောင်းပန်သည်။

'ကျွန်မကြောင့် ဂိုဏ်းချုပ်ကြီး စိတ်အနှောင့်အယှက်ဖြစ်ရင် ခွင့်လွှတ်ပါ။ မိန်းကလေးဆိုတာ တကယ်တော့ မိန်းကလေးပဲရှင့်'

'ကျုပ်နားလည် သဘောပေါက်ပါတယ် မိန်းကလေးရယ်'

'ဂိုဏ်းချုပ်ကြီးကို ကျွန်မ ကြိုတင်ပြီး ခွင့်တောင်းထားစရာတစ်ခု ရှိပါတယ်'

'ဘာများလဲ မိန်းကလေးရယ်'

ကျွန်လုံဝမ်ရဲ့ကိစ္စ အေးချမ်းသွားတဲ့အခါ ကျွန်မကို ဂိုဏ်းထဲက ထွက်ခွာခွင့်ပြုဖို့ပါပဲ'

'ဪ...မိန်းကလေးရယ်'

ဂိုဏ်းချုပ်ကြီး အိုးယန်ထုံက ညည်းတွားလိုက်သည်။

ထို့နောက်....



'မိန်းကလေး ကျုပ်ကိုကြည့်စမ်းပါ၊ ကျုပ်ဟာ လိမ်ညာကောက်ကျစ်တဲ့လူ၊ မရိုးမဖြောင့်တတ်တဲ့လူလို့ ထင်မြင်စရာ ရှုပ်လက္ခဏာများ ရှိပါသလဲဗျ မိန်းကလေးရယ်'

'လုံးဝ မထင်မိပါဘူးရှင်'

ဂိုဏ်းချုပ်ကြီးအိုးယန်ထုံက သက်ပြင်းချလိုက်၏။

'ကျုပ်ဟာ တစ်သက်လုံး မတော်မတရားတဲ့ အလုပ်မှန်သမျှ သေးသည် ကြီးသည် မဟုတ်တာ ဘာဆိုဘာမှမလုပ်ခဲ့ပါဘူး။ ဒါပေမယ့်...'

နိုင်ချစ်နေဝ်သည် အလွန်တရာစိတ်ဝင်စားသွား၏။

'ဒါပေမယ့် ကျုပ်ကိုယ်တိုင် ရှင်းမပြတတ်တဲ့ ကိစ္စ တစ်ခုကြောင့် ကျုပ်ဟာ ဒီဂိုဏ်းချုပ်ရာထူးကို မရိုးမသား ဆက်ခံခဲ့တယ်လို့ အချို့က ယူဆခဲ့ကြပါတယ်၊ ကျုပ်ဟာ ဒီဂိုဏ်းချုပ်ရာထူးကို တကယ်ပဲ မမက်မောခဲ့ပါဘူး၊ နောင်ကြီးထန်ရှင်ကို ဂိုဏ်းချုပ်ရာထူး ဆက်ခံဖို့ တိုက်တွန်းခဲ့ပေမယ့် နောင်ကြီးထန်ရှင်က လက်မခံခဲ့ဘူး၊ အခုနောက်ပိုင်းမှာ ဂိုဏ်းချုပ်ရာထူး ဆက်ခံမယ့်လူတစ်ယောက်ကို တွေ့ခဲ့ပါတယ်၊ အဲဒီလူကတော့ မိန်းကလေးပါပဲ'

'ရှင်'

နိုင်ချစ်နေဝ်မှာ စကားမပြောနိုင်လောက်အောင် အံ့အားသင့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ဟာ ဒီသစ်ပင် မပျော်ပိုက်ခဲ့တာ ကြာပါပြီ၊ သစ်တစ်ပင် အောက်သွားပြီး တစ်ကိုယ်တည်းပဲ တရားအားထုတ်ချင်ပါတော့တယ်'

အတန်ကြာမှ နိုင်ချစ်နေဘ်စကားပြောနိုင်သည်။

'ဂိုဏ်းချုပ်ကြီးရဲ့ စေတနာကို ကျေးဇူး တင်ပါတယ်ရှင်၊ တကယ်လို့ ဆန်ကုမ်းချို အသက်ရှင် လွတ်မြောက်လာရင် သူ့ကို တမ်းလှမ်းဖို့ သင့်ပါတယ်'

ဂိုဏ်းချုပ်ကြီး အို့ယန့်ထုံက ခေါင်းခါ၏။

'ဒီသူငယ်ကို ဂိုဏ်းချုပ်ကြီးယှင်ကြိုလိုက တော့ အတော်ကို သဘောကျနေတယ်၊ ကျုပ်ကတော့ အားဆေးလွန်းတယ်လို့ ထင်တယ်၊ ကျွန်လှုဂိုဏ်းဟာ တရုတ်ပြည် တစ်နံတစ်လျား ကျယ်ဝန်းလှပါတယ်၊ သူအုပ်ချုပ်နိုင်မယ် မထင်ဘူး'

'ကျွန်မကတော့ မလွယ်ပါဘူးရှင်၊ ဒီကိစ္စ ပြီးတဲ့နောက် ယွမ်ရှောက်ကိုလက်ထပ်ဖို့ ကျွန်မကတိပေးပြီးပြီ၊ ဒါကြောင့်....'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံမှာ ဟင်ခနဲ ဖြစ်သွားသည်။

'မိန်းကလေး၊ မင်း ယွမ်ရှောက်ကို တကယ် ယူမှာလား ကွယ်'

'ကျွန်မ ကတိပေးပြီးပါပြီ'



အို့ယန်ထုံသည် စကားဆက်မပြောတော့ပေ၊ အတန်ကြာမှ....

'အင်း...ယွမ်ရှောက်ဟာ မိန်းကလေးရဲ့ထိန်းကျောင်းမှုအရ ဆိုရင် တကယ့်ကို သိုင်းလောကရဲ့ မကိုဋ်ဦးသျှောင် ဖြစ်နိုင်ပါတယ်၊ မင်းနဲ့ ယွမ်ရှောက် ပူးပေါင်းပြီး ဂိုဏ်းချုပ်ရာထူးကို ဆက်ခံနိုင်မှာလား'

နိုင်ချစ်နေဘ်က မချိပြုံးပြုံးသည်။

'ကျွန်မတို့နှစ်ယောက်ဟာ လူသူမရှိတဲ့ တောထဲတောင်ထဲမှာ သွားနေကြဖို့ ဆုံးဖြတ်ပြီးပါပြီရှင်'

အို့ယန်ထုံမှာ သက်ပြင်းရှည်ကြီးသာ ချမိတော့သည်။

'အင်းလေ၊ မိန်းကလေးက ဒီလောက်ငြင်းဆန်နေမှတော့ ငါက အတင်းအဓမ္မတိုက်တွန်းလို့ ဘယ်ကောင်းတော့မလဲ'

နိုင်ချစ်နေဘ်က ရှင်းပြသည်။

'ဂိုဏ်းချုပ်ကြီးဟာ ကျွန်လှုဂိုဏ်းကို နှစ်ပေါင်း များစွာ အုပ်ချုပ်ခဲ့တာပဲ၊ တစ်ယောက်နဲ့ တစ်ယောက် အထင်မှားမှုရှိတာတွေကို ရှင်းပြလို့မရဘူးလား'

'အဲဒါ ခက်တာပေါ့ကွယ်၊ တချို့ ကိစ္စတွေက ရှင်းပြရန် မတန် ခက်ပါတယ်၊ ရှင်းမှ ပိုရှုပ်တဲ့ကိစ္စတွေ ရှိတတ်တယ် ဆိုတာ မိန်းကလေးလဲ သိသားပဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မြေအောက်ဂူအဝင်အဝဖြစ်နိုင်သည့် နေရာသို့ လှမ်းကြည့်မိကြသည်။ ထိုစဉ် လူရိပ်တစ်ခု လျှပ်တစ်ပြက် ခုန်ထွက်လာသည်။ ထိုလူမည်သူနည်း။ ကွန်လုံဝမ်လော။ ကွန်လုံဝမ်၏ ဂိုဏ်းတူဦးလေးလော။ ထိုသူ၏တစ်ကိုယ်လုံး သွေးခြင်းခြင်းနီနေသည်။ ရင်ခွင်ထဲ၌ ဘူးတစ်ဘူးပိုက်ထားသည်။

နိုင်ချစ်နေဘ်က အလန့်တကြား ရေရွတ်လေ၏။

'ဒါ...ဒါ ကွန်လုံဝမ်ပဲ'

ဂိုဏ်းချုပ်ကြီးအိုယန်ထုမှာ ဆံပင်များ ထောင်သွားသလို ခံစားမိလိုက်၏။ ရန်သူတော်ကြီးလွတ်မြောက်ခဲ့လေပြီ။ မီးကုန်ယမ်းကုန် တိုက်ခိုက်ရပေတော့မည်။

ဂိုဏ်းချုပ်ကြီးအိုယန်ထုသည် လျှပ်တစ်ပြက်ခုန်ထွက်သွားလေ၏။ နိုင်ချစ်နေဘ်သည် အိုယန်ထုနှင့် တိုင်ပင်ထားခြင်း မရှိပါပဲလျက် အိုယန်ထုနှင့်အတူ ပြိုင်တူခုန်ထွက်သွားလေ၏။

ဂိုဏ်းချုပ်ကြီးအိုယန်ထုက အော်လိုက်၏။

'ကွန်လုံဝမ် ရပ်လိုက်စမ်း'

အိုယန်ထုနှင့် နိုင်ချစ်နေဘ်တို့သည် ကွန်လုံဝမ်၏ ရှေ့ ပိတ်ဆို့ရပ်လိုက်၏။

ကွန်လုံဝမ်က တဟားဟားရယ်သည်။



'မင်းတို့ နှစ်ယောက်တည်းနဲ့ ငါ့ကို တားနိုင်မယ်များ ထင်နေကြသလား။ ဒါ အိပ်မက်မက်နေတာ မဟုတ်ဘူး။ ကောင်းကောင်း သိထားကြ။ မြန်မြန်နောက်ဆုတ်ရင် မင်းတို့ အသက်ချမ်းသာရာရမယ်'

နိုင်ချစ်နေဘ်က တည်ငြိမ်စွာ ပြောလိုက်သည်။

'ဝမ်ဂိုဏ်းချုပ်ကြီး၊ ရှင့်ရဲ့ လက်ရုံး နှစ်ယောက် ဖြစ်တဲ့ တုမောက်ကိုလဲ သေသွားပြီ၊ ဟုန်တောင်လဲ သေသွားပြီ၊ ရှင့်ရဲ့ လက်ရွေးစင် ကိုယ်ရံတော် တစ်ရာငါးဆယ်ကိုလဲ ဆန်ကွမ်းချီက ထိန်းသိမ်းထားပြီးပြီ၊ ရှင့်စံတော်အိမ်ကိုလဲ ဝိုင်းထားပြီးပြီ၊ ရှင့်ဉာဏ်စွမ်း ဘယ်လောက်ပဲ ကောင်းနေပါစေ၊ ရှင့်သိုင်းပညာ ဘယ်လောက်ပဲ ကောင်းပါစေ၊ ဒီပတ်ဝန်းကျင်မှာ ဝိုင်းထားတဲ့ သိုင်းလူစွမ်းကောင်းတွေရဲ့ လက်ထဲက ရှင် မလွတ်နိုင်တော့ဘူး'

ကွန်လုံဝမ် ရုတ်တရက်ငိုင်သွားသည်။

သူ့ပတ်ဝန်းကျင်၌ လှုပ်ခနဲ လှုပ်ခနဲ လူရိပ်များ လှုပ်ရှားသွားသည်ကို တွေ့လိုက်ရသဖြင့် သေချာစွာ လှည့်ပတ်ကြည့်မိသည်။

သူ့အား အဆင့်မြင့် ထိပ်သီးသိုင်းသမားများ တကယ်ပဲ ဝိုင်းပတ်ထားခဲ့ကြလေပြီ။

အပြာရောင် ဝတ်ရုံရှည်ကြီး ဝတ်ဆင်ထားသည့် လူကြီးသည် သူ၏လက်နှစ်ဖက်ကိုဆုပ်ကာ ကွန်လုံဝမ်အား ဂါရဝပြုနှုတ်ဆက်စကား ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကွန်လုံဝမ်၊ တစ်ချိန်တုန်းက မိတ်ဟောင်းဆွေဟောင်း ယှဉ်ကြိုလုံဆိုတဲ့ လူအစ်ယောက်ကို မှတ်မိပါရဲ့လား'

ထုတ်မှ ဆရာတော်က သူ၏ ခေါင်ဖော့ကို မြင်းဆန်စွာ ထောက်ရင်း....

'ဆရာကိုသတ်တဲ့ သစ္စာဖောက်၊ အခု ပြေးလို့ လွတ်မယ်လို့ ထင်နေသေးသလား'

မှတ်ဆိတ်ရှည်များ၊ ဆံရှည်များ ဖုံးလွှမ်းနေသည့် ထိန်မူဆရာတော်ကြီးသည် ရှေ့သို့ တစ်လှမ်း လှမ်းတက်လာ၏။

'ဆယ်နှစ်ဆယ်မိုး မြေအောက်အကျဉ်းထောင်ထဲမှာနေခဲ့ရတဲ့ အကြွေးကို ကျုပ်တို့ ဘယ်နည်းနဲ့ ပြန်ဆပ်သင့်သလဲ ကွန်လုံဝမ်'

ဆရာကြီး ကျင်ရှယ်တောက်ကလည်း အေးစက်သော မျက်လုံးကြီးများဖြင့် စောင့်ကြည့်နေ၏။

ဆန်ကျွမ်းချီ၏ လက်ဦးဆရာရဲယီဖိန့်က အံကြိတ်ပြီး ကြုံးဝါးလိုက်သည်။

'ကျုပ်ရဲ့ ညီတော်လေးယောက်ရဲ့ အသက်ဖိုးပြန်ရရင် ကျုပ်ကျေနပ်ပြီ၊ ဒီလိုမဟုတ်လို့ကတော့...'

ဂိုဏ်းချုပ်ကြီး အိုယန့်ထုံက တည်ကြည် လေးနက်သော အသံဖြင့် ပြောလိုက်လေ၏။

'ကွန်လုံဝမ်၊ ခင်ဗျားတစ်သက်မှာ လူသတ်ခဲ့ပေါင်း များလှပါပြီ၊ ဘယ်ရွေ့ဘယ်မျှ သတ်ခဲ့တယ် ဆိုတာကိုတောင် ခင်ဗျား မှတ်မိတော့မယ်မထင်ဘူး၊ ဒီကနေ့ဟာ ခင်ဗျားဘဝရဲ့ နိဂုံးချုပ်နေ့ပဲ၊ ခင်ဗျားအာဃာတ ဂုဏ်သရေရှိစွာ သတ်သေမလား၊ ကျုပ်တို့ကပဲ ခွေးသတ်ဝက်သတ်သတ်ပြီး ဆုံးမရမှာလား'



ရဲယီဖိန့်က လျှင်မြန်စွာ ဝင်ပြော၏။

'ကျုပ်ညီတွေကို အဆိပ်ကျွေး သတ်ထားတဲ့ လူကို သူ့တာသာ အသေမခံနိုင်ဘူး'

တစ်ကိုယ်လုံး သွေးခြင်းခြင်း နီခနေသော ကွန်လုံဝမ်သည် တစ်ချိန်လုံး ငြိမ်သက်စွာ ရပ်နေ၏၊ လုံးဝမလှုပ်ရှားပါ၊ သားရေတုမျက်နှာ တပ်ဆင်ထားသည့်အတွက် သူ့မျက်နှာ အမူအရာကို မည်သူမျှ အရိပ်အယောင်ဖမ်း၍ မရပေ။

ထိုစဉ် သူသည် သူ့ သက်ထဲမှ ဘူးကို ဗုန်းခနဲပစ်ချလိုက်၏၊ စဉ်ချစ်နေခဲ့က ကွန်လုံဝမ်အား အထူးသတိထားရမည်ဟု ပြောထားသည့်အတွက် လူအားလုံး ရှဲခနဲ နောက်ဆုတ်သွားကြ၏။

ထိုအခွင့်အရေးကိုယူပြီး ကွန်လုံဝမ်သည် မူလမြေအောက်ချိုင်းဂူအပေါက်ထဲသို့ ပြန်သည် လိုမှဆင်းသွားသေးတော့၏။

အိုယန့်ထုံက တောက်ခေါက်လိုက်၏။

'မြွေခွေး....တကယ့်မြွေခွေးပဲ'

အိုယန့်ထုံသည် ထိုဘူးကို ထွက်တောက်ရန် ဟန်ပြင်လိုက်၏။

'ဂိုဏ်းချုပ်ကြီး မလုပ်နဲ့'

အိုယန့်ထုံက လှည့်ကြည့်၏။

'မိန်းကလေး မစိုးရိမ်ပါနဲ့၊ ဒါက ကျုပ်တို့ကြောက်အောင် ခြိမ်းတဲ့ ထွင်လုံးပါ'

'မဟုတ်ဘူး၊ ဒီဘူးကို သူ ဘယ်လို ယူဆတယ် ဆိုတာတော့ ကျွန်မ မသိဘူး၊ ဝင်သွားတုန်းက ဒီဘူး မပါဘူး၊ ဒါပေမယ့် ဘူးဟာ အန္တရာယ်ဘူးဆိုတာတော့ ကျွန်မ သိနေတယ်

www.burmeseclassic.com



'ဒါဖြင့် မိန်းကလေး ဘယ်လိုလုပ်ချင်သလဲ'

'ဂိုဏ်းချုပ်ကြီး ခဏစောင့်ပါ၊ အားလုံး သစ်ပင် ပင်စည် အကွယ်မှာ ရပ်နေကြပါ၊ ကျွန်မ ခဲနဲ့ပစ်ကြည့်မယ်'

နိုင်ချစ်နော်သည် နှစ်ကြိမ်တိတိ ခဲနှင့်ပစ်ပေါက်၏၊ မည်သို့ မထူးခြားပေ။

သူမက ညည်းညည်းညူညူ ပြော၏၊

'ကျွန်မလဲ သံသယတွေ သိပ်များနေပြီနဲ့ တူပါရဲ့ရှင်'

'ကဲ...ဒါဖြင့် ကျုပ် သွားကြည့်လိုက်မယ်'

ဂိုဏ်းချုပ်ကြီးအိုယန်ထု ပင်စည် အကာအကွယ်မှ ထွက်ခဲခဲတွင်....

'ဖုန်း'

'ဝုန်း'

ထိုဘူးကလေးသည် ကျယ်လောင်သောအသံဖြင့် မြည်ဟည်း ပေါက်ကွဲသွားလေ၏၊ ယမ်းထုပ်များ ထည့်ထားသည့် ကလေးပင်တည်း၊ ကံကောင်းလေစွ၊ မီးခိုးများ ပြယ်လွင့်သွား သောအခါ....

'မိန်းကလေး ကယ်တင်တဲ့အသက်ပဲ ကျုပ်တို့မှာ ရှိပါတော့ တယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထုက ဂရုဝမ္မပြီး ကျေးဇူး စကား ပြောသည်၊ နိုင်ချစ်နော်က ခေါင်းခါ၏၊

'ကိစ္စမရှိပါဘူးရှင်၊ ကဲ...ဒီတစ်ခါတော့ မြေအောက် ဝင်ဖို့ လိုလာပြီ၊ ဂိုဏ်းချုပ်ကြီးက အပေါ်က စိမ်ခန့်ခဲ့ ကျွန်မ အတွင်းကိုဝင်မယ်'



'ဟာ....ဘယ်ဖြစ်မလဲ၊ ဒါကသေတွင်းထဲ ဆင်းရတဲ့အလုပ်ပဲ၊ ကျုပ်လို အကြီးအကဲက မဆင်းဘဲ မိန်းကလေးကို ဆင်းခိုင်းလို့ ဘယ်ကြားကောင်းပါ့မလဲ၊ ခေါင်းဆောင်ဆိုတာ အနာခံစရာ ရှိရင် ရှေ့ဆုံးက အနာခံရမယ်'

နိုင်ချစ်နော်နှင့် အိုယန်ထုတို့သည် မြေအောက်သချိုင်းဂူထဲ သို့ ဝင်ရန် ပြင်းခုံနေကြသည်၊

ထိုစဉ် ယွမ်ရှောက်က ရုတ်တရက် ပြောလာလေ၏၊

'ခင်ဗျားတို့အားလုံး ဘယ်သူမှ ဝင်ဖို့မလိုတော့ဘူး၊ မကြာ ခင် ကျွန်တော့်အစ်ကိုကြီး ထွက်လာတော့မယ်'

အိုယန်ထုနှင့် နိုင်ချစ်နော်တို့သည် မြေအောက်သချိုင်းဂူဝ သို့ လှမ်းကြည့်မိကြ၏၊ ထူးဆန်းသော လေချွန်သံသည် မြေအောက်ဂူထဲမှ တစ်ချက်တစ်ချက် ထွက်ပေါ်နေသည်၊

'ဖုန်း၊ ဝုန်း....ဝုန်း'

မြေအောက်ဂူသချိုင်းကြီး၏ လေးဘက်လေးတန်မှ ဖုန်မှုန့် များ၊ မီးခိုးလုံးများ ပွင့်ကန်ထွက်လာကြသည်၊ မီးတောက်များ ကိုလည်း တွေ့ရသည်၊

နိုင်ချစ်နော်သည် စိုးရိမ်ပူပန်မှုဖြင့် သချိုင်းဂူဝသို့ ပြေးဝင် ရန် ဟန်ပြင်မိသည်၊ ထိုအခိုက်မှာပင် လူရိပ်တစ်ရိပ် လှစ်ခနဲ လိမ့် ထွက်လာလေ၏၊ ထိုသူကား ကွန်လုံဝမ်ပေတည်း၊

သူသည် ပက်လက်ပိုင်းထားသော ဝါစဉ်ကြီး၊ သိုင်းသမား များကို မီးတောက်မတတ် မျက်လုံးများဖြင့်ကြည့်ပြီး ကြုံးဝါး လိုက်၏၊

www.burmeseclassic.com



'ငါ ဒီကလွတ်မြောက်သွားရင် ပထမဆုံး ကျုန်လုကိုကျားသား
တွေကို တစ်ယောက်မကျန်သတ်မယ်၊ နောက်မှ အခု ပိုင်းထားတဲ့
ခွေးလေခွေးလွင့်တွေကို သတ်မယ်'

အိုယန်ထုံက ရယ်၍ပြောလေ၏။

'မင်း ဒီက လွတ်မြောက်ဖို့ စိတ်ကူးရဲသေးသလား'

နိုင်ချမ်နော်သည် ဆန်ကွမ်းချီ ထွက်လာသည်ကို မတွေ့ရ
သဖြင့် ယွမ်ရှောက်အား လှမ်းမေးလေ၏။

'ခုနက ရှင်ပြောတာ ရှင့်အစ်ကိုကြီး ထွက်လာတော့
မယ်ဆို'

ယွမ်ရှောက်က နှဲဝတီမ်တောင်ဖြင့် ပြန်ပြောသည်။

'ကျွန်တော် ကြားလိုက်ရတဲ့ လေချွန်သံဟာ အစ်ကိုကြီး
လေချွန်သံပါ၊ ကျွန်တော် မမှားနိုင်ပါဘူး၊ ဒါဖြစ်လို့...'

ယွမ်ရှောက်၏စကားမဆုံးမီ မီးရှုးလုံးများကြားမှ
တစ်ယောက် လှိမ့်ထွက်လာသည်။

မျက်နှာကား အဖြူတစ်စက် အညိုတစ်ဝက် ဖြစ်နေရုံမျှ
မှတ်ဆိတ်များကလည်း ကွက်ကြားကွက်ကျား ဖြစ်နေသည်။
လက်ထဲတွင် ရွှေရောင်တဖိတ်ဖိတ်လက်နေသော ဓားတစ်ချောင်း
ပါရှိလာသည်။

ယွမ်ရှောက်၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။



'ဒါ ဘယ်သူလဲ၊ ငါ့ထက်တောင် ရုပ်ဆိုးနေပါကလား'

နိုင်ချစ်နော်က ကမန်းကတန်း ဝင်ပြောလေ၏။

'သူက ရှင့်အစ်ကိုကြီးမဟုတ်ပေါ့ရှင်'

'မဟုတ်ဘူး၊ သူ ကျုပ်အစ်ကိုကြီး မဟုတ်ဘူး'

နိုင်ချစ်နော်နှင့် ယွမ်ရှောက်တို့ ငြင်းခုံနေစဉ် ဒုဟီယ ထွက်
လာသူက ကွန်လုံဝမ်အား ရင်ဆိုင်၍ လှမ်းပြောနေသည်။

'ကွန်လုံဝမ်၊ ကျုပ်နဲ့အဘော်ကလေးလဲ တိုက်ခိုက်ပြီးနေပြီ၊
ကျုပ် ဘယ်သူဆိုတာကော ခင်ဗျား သိရဲ့လားဗျ၊ ဟား...ဟား...
ဟား'

ကွန်လုံဝမ်က မျက်နှာသေကြီးဖြင့် ရယ်မောလေ၏။

'ဟား...ဟား...ဟား၊ ငါက သူများအပေါ်မှာ အမြဲတမ်း
ခေါင်းတုံးပေါ်ထိပ်ကွက်လာတဲ့ လူပဲ၊ မင်း ဆန်ကွမ်းချီ ဖြစ်
တယ်ဆိုတာ ငါ အစောကြီးကတည်းက သိတယ်'

ဆန်ကွမ်းချီ စိတ်ခေတ် ကျသွားသည်။ သူ့မျက်နှာပေါ်မှ
အရာများကို ဖယ်ရှားပစ်လိုက်သောအခါ ဆန်ကွမ်းချီ၏ မူလ
ရုပ်ရည် ပေါ်လာသည်။

ကိုကျားချုပ်ကြီး အိုယန်ထုံက အချက်ပြလိုက်သဖြင့် ဝါခေဉ်
ကြီး သိုင်းသမားကြီးများက စက်ဝိုင်းကို ကျဉ်းပစ်လိုက်ကြ
သည်။ ဆန်ကွမ်းချီတမူ မြေအောက်သချိုင်းဂူလမ်းသို့ ကွန်လုံ
ဝမ် ဖြတ်မဝင်နိုင်ရန် လမ်းခုလတ်မှ ဖြတ်တောက် တားဆီး
လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိုယန်ထု က....

'ကဲ....ကွန်လုံဝမ်၊ မင်းဘာသာ အဆုံးစီရင်မှာလား၊ ငါတို့က စီရင်ပေးရမှာလား'

ကွန်လုံဝမ်သည် ပတ်ဝန်းကျင်ကို မျက်စိ ကစားလိုက်၏။ ဝိုင်းထားသူ သိုင်းသမားတိုင်း သူ့လောက်နီးပါး သိုင်းပညာကောင်းသူချည်းဖြစ်ကြောင်း သိလိုက်သည်။ သူ လွတ်မြောက်ရေးမှာ မလွယ်တော့ကြောင်း ရိပ်မိလိုက်သည်။

သူသည် သိုင်းလောက၌ အဖော်မပါ တစ်ကိုယ်တည်းကြီးစိုးခဲ့သောသူဖြစ်သည်။ ယခု သူ့ဘေးတွင် ကိုယ်ရံတော်တစ်ဦးမျှ မရှိသဖြင့် သူ့သဘောအရ စိတ်ဓာတ်ကျရန် အကြောင်းမရှိချေ။ သို့သော် တကယ်တမ်း အခက်အခဲကြုံလာသောအခါတွင်မူ အလွန့်ဟုန်ရာကြံ့ခိုင်သော ကွန်လုံဝမ်သည်ပင်လျှင် စိတ်ဓာတ်ကျလာလေတော့၏။ ကွန်လုံဝမ်က နိုင်ချစ်နော်အား လှမ်းမေး၏။

'တုမောက်နဲ့ ဟုန်တောင်'

သူ့စကားမဆုံးမီ နိုင်ချစ်နော်က ယွမ်ရှောက်အား လှမ်း၍ အမိန့်ပေးလိုက်၏။

'ယွမ်ရှောက်....တုမောက်ရဲ့ အလောင်းနဲ့ ဟုန်တောင်ရဲ့ အလောင်းကို ယူပြလိုက်စမ်းပါ'

ယွမ်ရှောက် ခုန်ထွက်သွား၏။ အလောင်း နှစ်လောင်းကို ကွန်လုံဝမ်၏ရှေ့သို့ ပစ်ချပေးလိုက်သည်။

ကွန်လုံဝမ်သည် ထိုအလောင်းများကို ကြည့်၍ ရယ်မောလေ၏။ စင်စစ် ရယ်သံသည် ရယ်သံ မပီသလှပါ။ ပထမဆုံး



အကြိမ် ကြေကွဲစွာရယ်သည့် အသံဖြစ်ကြောင်း နိုင်ချစ်နော်က ကောင်းစွာ သိပါသည်။ အိုယန်ထုက....

'ကွန်လုံဝမ်....မင်းဟာ ငါ့ထက် ပညာသာသယောင် ရှိပါတယ်။ ဒါပေမယ့် မင်းနဲ့ ငါဟာ ခေတ်ပြိုင်ပဲ၊ ဒီတော့ နောက်ဆုံးပြိုင်ပွဲကို မင်းနဲ့ငါနဲ့ ယှဉ်ပြိုင်မယ်၊ သေရွာကို နှစ်ယောက်အတူ သွားရအောင် ငါတိုက်ပါ့မယ်'

'ဂိုဏ်းချုပ်ကြီး၊ မလုပ်နဲ့'

နိုင်ချစ်နော်က အော်သည်။

ကွန်လုံဝမ်က သူ၏ဓားရှည်ကို ဆွဲထုတ်လိုက်သည်။

'သူများတွေက မင်းစိတ်ထဲက အခြေအနေကို ဘယ်လိုရှိမှန်း သိကြပေမယ့် ငါကတော့သိတယ်၊ ကဲ....ထက်နက် ထုတ်တော့'

အိုယန်ထုံအသည် မည်သည့်အခါမျှ ထက်နက်ကိုင်သူ မဟုတ်၍ သူ့တွင် ဓားမရှိပေ။ နောက်သို့လှည့်၍ ဓားငှားသည်။

'ဘယ်သူ့ဆီမှာ ဓားပါသလဲ'

အိုယန်ထုနှင့် အတူ ပါလာသော သိုင်းဆရာကြီးများမှာ အားလုံး ဝါစဉ်ကြီး သိုင်းသမားများသာဖြစ်၍ မည်သူကမျှ ထက်နက်မကိုင်ကြပေ။ ဒဏ်ရာရနေသော တုထန်ဟိုတစ်ယောက်သာ ကျာပွတ်ကိုင်သည်။ ယခု အိုယန်ထုက ဓားလှည့်ငှားသောအခါ မည်သူမျှ ပေးရန် မရှိကြပေ။

ဘက်မူ ဆရာတော်သည် အိုယန်ထုနှင့် မိတ်ဆွေကောင်းချာအဖြစ် ပေါင်းခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



အိုးယန်တုံ အသက်စွန့်တိုက်တော့မည့် ကိစ္စကို လုံးဝသဘောမတူချေ။ ထို့ကြောင့် အမန်းကတန်း ရှေ့သို့တက်လာ၏။

'ဂိုဏ်းချုပ်ကြီး၊ သူက လူသတ်သမား သက်သက်ပါ။ ကျုပ်နဲ့ပဲ တိုက်မယ်'

ဆရာတော်သည် ကောင်းဆုံးသည်နှင့် သူ့ ဒေါင်ဝှေးဖြင့် ဝင်တိုက်တော့သည်။ ကွန်လုံဝမ်က ဓားကို ခပ်စောင်းစောင်း ခံပေးပြီး တောင်ဝှေးကို လမ်းလွှဲပေးလိုက်သည်။

သို့သော် တောင်ဝှေးရိပ်များက ကွန်လုံဝမ်၏ ပတ်လည်၌ တရိပ်ရိပ်လည်နေသည်။ တက်မုဆရာတော်သည် ရှိသမျှအတွင်းအားနှင့် ရှိသမျှပညာကို အကုန်ထုတ်သုံးနေသဖြင့် ကွန်လုံဝမ်နှင့် လက်ရည်တူနေလေ၏။ နိုင်ချစ်နော်က စိတ်မာန် တက်ကြွဖွယ်ရာ အော်ဟစ်လို့ ဆော်လိုက်သည်။

'ဆရာကြီးတို့၊ ဆရာကြီးတို့ အခု ရောက်လာတာဟာ ကွန်လုံဝမ်နဲ့ တစ်ယောက်ချင်း ယှဉ်ပြိုင်နေတဲ့ သိုင်းပြိုင်ပွဲကိုကြည့်ဖို့ လာကြတာလား။ လူတိုင်း၊ လူတိုင်း ကွန်လုံဝမ်ဆီက အကြွေးတောင်းဖို့ရှာနေတာ၊ အခု တောင်းကြပါတော့လား။ အားလုံး ဝင်ယူကြပါတော့လား၊ သိုင်းလောက ထုံးစံအရ ပညာခန်းကြောင့် ပြိုင်ရတဲ့ သိုင်းပြိုင်ပွဲ မဟုတ်ဘူး'

'ဟုတ်တယ်…ဟုတ်တယ်၊ ကွန်လုံဝမ်ဟာ ကျုပ်တို့ကို သိုင်းလောက ထုံးစံမဟုတ်ဘဲနဲ့ လုပ်ကြံသတ်ဖြတ်ခဲ့တယ်၊ ဒီအကြွေးကို တောင်းရမယ်'



ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံသည် အော်ဟစ်ပြီး တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်သွားလေတော့၏။

တက်မုဆရာတော်နှင့် ယွင်ကြိုလုံတို့ နှစ်ဦးပေါင်း တိုက်ခိုက်သည့်တိုင်အောင် ကွန်လုံဝမ်က ကြံ့ကြံ့ခံနိုင်နေခဲ့ပေသည်။

ယွင်ကြိုလုံက ကွန်လုံဝမ်ကို ဒေါသထွက်မည်ဆိုလျှင် အမှန်ဒေါသထွက်လောက်သည်။ သူ့ တိုင်ပတ်တုန်းကြီးများနှင့် ပညာပြိုင်ရန် စိန်ခေါ်သောအခါ ကွန်လုံဝမ်နှင့်တကွ အခြားသောသိုင်းသမားကြီးများကိုပါ ပင့်ဖိတ်ခဲ့သည်။

ကွန်လုံဝမ် ရောက်ရှိလာပါ၏။ သို့သော် သူသည် သိုင်းဆရာကြီးများ၊ တိုင်ပတ်တုန်းကြီးများနှင့် သူ့ကိုပါ သတ်ဖြတ်ထွက်သွားသည်။ သူကိုယ်တိုင် သေချင်ယောင်ဆောင်ခဲ့၍ အသက်မှင်လွတ်မြောက်လာခြင်း ဖြစ်ပေသည်။

'ဝုန်း'

ယွင်ကြိုလုံ၏ လက်ဝါးတစ်ချက်သည် ကွန်လုံဝမ်၏နံစောင်းသို့ ဝင်သွား၏။ ရှောင်လိုက်သော်လည်း မလွတ်ပေ။ နံရိုးတစ်ချောင်းကျိုးသွားသည်။ သို့သော် ထိုအချက်ကို သိုင်းသမားကြီးများ မသိကြပေ။ ယွင်ကြိုလုံက ဘာအားဘာ စွာ ပြောလေ၏။

'ဆရာတို့…ကျုပ်ရဲ့မိတ်ဆွေ သိုင်းသမားကြီးတွေရဲ့ အသက်ကြွေးဆပ်ဖို့ ကျုပ်တစ်ယောက်တည်း တိုက်ပါရစေ၊ ခင်ဗျားတို့ တစ်ယောက်မှဝင်မကူကြပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်သည် ကောင်းကင်ကိုမော့ကြည့်၏။ နေလုံးကြီးသည် အနောက်ဘက်သို့ တိမ်းစောင်းစ ပြုလာလေပြီ။ ထို့ကြောင့် ဂိုဏ်းချုပ်ကြီးအို့ယန်ထု အနီးသို့ ချဉ်းကပ်သွားပြီး တီးတိုးပြောလေ၏။ အို့ယန်ထု က ခေါင်းတဆတ်ဆတ်ညိတ်သည်။

ယွင်ကြိုလုံနှင့် ဘက်မှ ဆရာတော်တို့သည် ကွန်လုံဝမ်ကို အကြိတ်အနယ် ယှဉ်ပြိုင်ရဆဲရှိသေးသည်။ ကွန်လုံဝမ်၏ လက်ထဲမှ ဓားသည် အရောင်တဝင်းဝင်းဖြင့် ရန်သူနှစ်ဦး၏သေကွင်းများဆီသို့ တိုးဝင်သွားလျက် ရှိနေ၏။

အို့ယန်ထု က အော်ဟစ်ပြောကြားလိုက်သည်။

'ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံ၊ ကွန်လုံဝမ်ဟာ ဒီနေ့ လွတ်မြောက်သွားခဲ့ရင် ကျုပ်တို့ဟာ ရန်သူဘော်ကြီးအတွက် အစကနေ ပြန်ပြီပြင်ဆင်ကြရလိမ့်မယ်၊ အဆုံးသတ်ခါနီးလေး ကျမှ သိုင်းလောကစည်းကမ်းအတိုင်းလုပ်နေရင် သိုင်းလောကသားတွေအားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်'

ရဲယီဖိန်ကလည်း ဝင်ပြောသည်။

'ဒါ မှန်တယ်၊ ဒီလိုရက်စက်တဲ့ လူသတ်သမားကို သိုင်းလောကစည်းကမ်းအတိုင်း ယှဉ်ပြိုင်ဖို့မလိုပါဘူး၊ ကျုပ်တော့ ဝင်တိုက်ပြီ'

ရဲယီဖိန်က ဝင်တိုက်သောအခါ ထိန်မုဆရာတော်၊ ဆရာကြီး ကျောင်ရွှယ်တော၏၊ စိမုဆရာတော်တို့ပါ ဝင်တိုက်ကြတော့၏။



ကွန်လုံဝမ်မှာ တစ်သက်လုံး သူတစ်ပါးအား ဒုက္ခပေးခဲ့သည့် ဝဋ်ဒုက္ခကို ယခုမှ ရေရေလည်လည် ပြန်ခံရတော့သည်။

သူ့အား ဝိုင်းတိုက်နေသူများမှာ စွမ်းရည် မြင့်မားသော သိုင်းသမားကြီးများဖြစ်၍ ကွန်လုံဝမ်မှာ လက်ဝါး ဘက်ချက် မဟုတ် တစ်ချက်' အထိခံနေရသည်။ ထိုစဉ် သူသည် အတွင်းအိတ်ထဲသို့ လက်နှိုက်လိုက်၏။ ကွန်လုံဝမ်အား မျက်ခြည်မပြတ် စောင့်ကြည့်နေသော နိုင်ချစ်နော်က အရေးတကြီး အော်သည်။

'အားလုံး သတိထား၊ သူ လက်နက်ပုန်းသုံးလိမ့်မယ်'

အို့ယန်ထု သည် တိမ်ဖောက် လက်ညှိုးသိုင်းဖြင့် အိတ်နှိုက်နေသော ကွန်လုံဝမ်၏ လက်ကို ထိုးလိုက်သည်။ လက်ဖျံရိုးကြေသွားသဖြင့် ကွန်လုံဝမ်၏လက်မှာ အိတ်ထဲမှ ပြန်မထုတ်နိုင်ဘဲ ဖြစ်သွား၏။

ဤကား အခွင့်အရေးပင်တည်း။ ယွင်ကြိုလုံသည် 'ပန်းကုံးကိုင်းဆက်' သိုင်းပညာဖြင့် လျှပ်တစ်ပြက် ကွန်လုံဝမ်၏ဓားကို လုယူလိုက်သည်။ ဓားမှာ ယွင်ကြိုလုံ၏ လက်ထဲသို့ ပါရှိသွားလေတော့၏။ သိုင်းလောက၌ မိမိ၏ လက်နက် သူတစ်ပါး လက်ထဲသို့ ပါရှိသွားလျှင် ရှုံးနိမ့်ခြင်းပင်ဖြစ်သည်။ ထိုစဉ် ရဲယီဖိန်၏ခြေတန်ချက်က ကွန်လုံဝမ်၏ ခြေသလုံးကို ပြင်းထန်စွာ ခတ်မိသွားပြန်သည်။

ကွန်လုံဝမ်၏ ခြေထောက်ရိုး ကျိုးသွားသည်။ သို့သော် သူသည် အလွန်တရာမာန်ကြီးသူဖြစ်၍ ကြံ့ကြံ့ခံရင်း ခုခံနိုင်

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ အိုယန်ထူက ကွန်လုံဝမ်အား၊ အပိုင်ထိုးသတ်ရန် မျက်နှာချင်းဆိုင်ခုန်ဖင်၏၊ ထိုစဉ် ကွန်လုံဝမ်သည် လက်ဖျံ ရိုးကြေသွားသည့်လက်ကို ရုတ်ခြည်းဆွဲထုတ်လိုက်သည်။

'ဂိုဏ်းချုပ်ကြီး နောက်ဆုတ်'

အိုယန်ထူသည် ကွန်လုံဝမ်အား ထိုးသွင်းသည့်လက်သီးကို အမြန်ရုပ်သိမ်းလိုက်ရ၏။ နိုင်ချစ်နော်က ဆတ်ကိုက်အော်သည်။

'ဆရာကြီးတွေအားလုံး၊ အားလုံးအမြန်ဆုံးနောက်ဆုတ်ကြ'

ဝါစဉ်ကြီး ဆရာကြီးများသည် လှစ်နေအောင် ပါးသူများဖြစ်ရာ လျှပ်တစ်ပြက် ဆယ်ပေနီးပါးအထိ ခုန်ထွက်သွားကြလေ၏။ သူတို့သည် နိုင်ချစ်နော်၏စကားကို ကောင်းစွာယုံကြည်သည်။ ဤမိန်းကလေးသည် ကွန်လုံဝမ်၏ဆိုးညစ်ယုတ်မာမှုကို ကြိုတင်မရိပ်မိဘဲနှင့် သူတို့အား ဤသို့သတိပေးလိမ့်မည် မဟုတ်ချေ။

ထိန်မုး၊ တတ်မုးစိမ့်၊ ကျင်ရှယ်တောက်၊ ရဲယိဖိန်း၊ ယွမ်ရှောက်နှင့် နိုင်ချစ်နော်တို့သည် ကွန်လုံဝမ်အား ပတ်ပတ်ပုံသဏ္ဍာန် ဝိုင်းထားလိုက်ကြ၏။ ကွန်လုံဝမ်၏ကျောဘက်တွင် ဆန်ကွမ်းချိုရှပ်နေ၏။

# အခန်း (၁၆၆)

## ထူးဆန်းသော ပွဲလွှသံ

ကွန်လုံဝမ်သည် သူ့ရန်သူများ ဆုတ်ခွာသွားသည်ကို ငေးကြောင်ကြည့်နေသည်။ သူသည် မြေပေါ်၌ ခြေတစ်ချောင်းကိုသာ အားပြုရပ်နေရသည်။ သူ့မျက်လုံးများက မီးကျီးခဲလို ခဲရဲနီနေသည်။

နိုင်ချစ်နော်သည်ကွန်လုံဝမ်၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ် အကဲခတ်နေသည်။ ယခုအချိန်သည် အလွန်ကနဦး အခြေးကြီးနေပြီဖြစ်၍ ကွန်လုံဝမ်၏လှုပ်ရှားမှုတစ်ခုချက်သည် အသက်ဆယ်သက်နှင့် ညီနေသည်။

ထိုစဉ် ကွန်လုံဝမ်သည် ခြေတစ်ချောင်းတည်းကို အားပြုခုန်ထောက်လျက် အိုယန်ထူအား ခုန်အုပ်လိုက်သေး၏။

'ဂိုဏ်းချုပ်ကြီး၊ မခုခံနဲ့၊ အနားကပ်မခံနဲ့'

နိုင်ချစ်နော်သည် အရေးတကြီးလှမ်းအော်လိုက်လေ၏။

အိုယန်ထူနှင့် ဝါစဉ်ကြီး သိုင်းသမားကြီး အားလုံးသည် အသေအလဲနောက်ဆုတ်လိုက်ကြပြန်၏။ ကွန်လုံဝမ်သည်နောက်ထပ်ခုန်နိုင်စွမ်း မရှိတော့ပေ။ မီးစာကုန် ဆီခန်းဆကဲ့သို့ တင်းထားသည့်အားမာန်များ လျော့ကျ ကွယ်ပျောက်သွားသည်။ မြေကြီးပေါ်သို့ လဲကျသွားတော့သည်။ တစ်ခေတ်တစ်ယောက် အဆိုးတွင် သနေ့ဆောင်နိုင်သည့် ကွန်လုံဝမ်တစ်ယောက်တွေ သုံးဝဂရုဖွယ်ရာ မြေပေါ်၌လဲကျလျက်ရှိနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီသည် ကွန်လုံဝမ်အား ကျော့ရှောင်ပြီး ဂိုဏ်းချုပ်ကြီး အိုယန်ထုံအား ဂါရဝပြု အစီရင်ခံလေ၏။

'ဂိုဏ်းချုပ်ကြီး ကံကောင်းထောက်မလို့ ကျွန်တော်အသက်မပျောက်ခဲ့ပါဘူး။ နောက် ဝင်လာတဲ့ ကွန်လုံဝမ်ရဲ့ ဂိုဏ်းတူ ဦးလေးတွေ ကျောက်မောင်းပိပြီး သေသွားပါပြီ၊ ကွန်လုံဝမ်ကတော့ အထူး ကံကောင်းတဲ့လူမို့ ကျွန်တော့် ထက်တောင် မြေအောက်ဂူထဲက အရင်ထွက်နိုင်ခဲ့ပါတယ်'

'မောင်ရင့်ကို တစ်ခုမေးပါရစေ၊ ပညာရှိထန်ရှင်ရဲ့ ကျောက်စိမ်းခေါင်းထဲမှာ တကယ်ကော တိုက်ခိုက်နည်းပရိယာယ်ကျမ်း ရှိခဲ့သလား၊ မောင်ရင် ထည့်ထားခဲ့သလား'

ဆန်ကွမ်းချီက ခေါင်းခါ၏။

'မရှိပါဘူး၊ နောင်ကြီး ထန်ရှင်သေတော့ အားလုံးကို ကျွန်တော် ရှာဖွေတာပါပဲ၊ ဘာကျမ်းမှ မတွေ့ပါဘူး'

ယွင်ကြိုလုံက ဝင်မေး၏။

'မြေအောက် သင်္ချိုင်းဂူထဲမှာ မောင်ရင်နဲ့ တိုက်ခိုက်ခဲ့ကြသေးသလား'

'ကျွန်တော် ရှောစားချက် နှစ်ချက်မိသွားတယ်၊ ဒါကြောင့် သူ့တစ်ကိုယ်လုံး သွေးခြင်းခြင်း နီနေတာပေါ့'

နိုင်ချစ်နော်က....

'ဆန်ကွမ်းချီ...ဟို အရှင်လတ်လတ်မြေမြှုပ်ထားတဲ့ အလုပ်သမားနှစ်ယောက်ကော'

'သူတို့လဲ ထွက်ပေါက်ရနေပါပြီ'

'ပညာရှိထန်ရှင်ကစာသဘောနဲ့သူတို့ကိုမြေမြှုပ်ပစ်ခဲ့တာလဲ'



'မြေမြှုပ်တာ မဟုတ်ပါဘူး၊ မြေအောက်ခန်းမှာ ခေတ္တခဏ ထည့်ထားခဲ့တာပါ၊ စားရေးရိက္ခာ အပြည့်ပဲ၊ ဒီသင်္ချိုင်းဂူ ဆောက်တဲ့အတောင်း ပျို့နှံအောင်လုပ်တဲ့သဘော၊ ကွန်လုံဝမ်က ဒီသင်္ချိုင်းဂူကြီးကို ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်တဲ့ သဘောပါပဲ၊ အခု အလုပ်သမားတွေ မြောက်ဘက်ထွက်ပေါက်က လွတ်မြောက်နေကြပါပြီ'

ယွင်ကြိုလုံက ထဲကျနေသော ကွန်လုံဝမ်အား လှမ်းကြည့်ပြီး ပြောလိုက်၏။

'ကွန်လုံဝမ် လဲနေတာကြာပြီ၊ လုံးဝ မလှုပ်ဘူး၊ အိပ်မျှား ပျော်သွားသလား မသိဘူး'

အိုယန်ထုံက....

'ကွန်လုံဝမ် ခြေကုန်လက်ပန်း ကျနေတုန်း အရှင်ဖမ်းရင် ကောင်းမယ်'

သူသည် စကားဆုံးသည်နှင့် ရှေ့သို့ လျှောက်လာလေ၏။

နိုင်ချစ်နော်က အရေးတကြီး တားဆီးရပြန်သည်။

'ဂိုဏ်းချုပ်ကြီး...အတင့်မရဲပါနဲ့'

ထိုအချိန်မှာပင် လုံးဝ ငြိမ်သက်နေသည့် ကွန်လုံဝမ်သည် ပြုန်းခနဲ ထထိုင်လိုက်၏။ သူ့လက်ထဲမှ ဆေးဘူးကလေးကို ဖွင့်၍ အထဲမှ ဆေးလုံးအလေးများကို တစ်ပြုံလုံး ပါးစပ်ထဲ ပစ်ထည့်လိုက်ပြီး မျိုချပစ်လိုက်သည်။

ကွန်လုံဝမ်အဆိပ်သောက်သည်ဟု အားလုံးက ထင်ကြသည်။ သို့သော် မည်သူမျှ တပ်အပ်သေချာ မသိကြပေ၊ အိုယန်ထုံက နောက်သို့ပြန်ဆုတ်လာပြီး နိုင်ချစ်နော်အား တီးတိုးမေး၏။

www.burmeseclassic.com

www.burmeseclassic.com



'မိန်း၊ကလေး...ကွန်လုံဝမ် အဆိပ်သောက်တာလား'

နိုင်ချစ်နေဝိကာ ခေါင်းခါ၏။

'သူ့လိုလူမျိုးလား အဆိပ်သောက်မှာ၊ ဘယ်တော့မှ အဆိပ် မသောက်ဘူး၊ ကျွန်မတို့အားလုံး ပိုပြီး သတိထားကြရမယ်'

ထိုစဉ် ယွင်ကြိုလုံက ဝင်၍ ရှင်းပြလေ၏။

'ကျုပ် ကြားဖူးထားတဲ့ ဆေးတစ်မျိုး ရှိတယ်၊ ဒီဆေးက သောက်လိုက်ရင် ခန္ဓာကိုယ်ထဲမှာရှိတဲ့ သိုဝှက်ထားတဲ့ ခွန်အား တွေ အကုန်ထွက်လာနိုင်တယ်လို့ ဆိုတယ်၊ ဒါပေမယ့် ဒီဆေးကို ဘယ်သူမှမမြင်ဖူးပါဘူး၊ ယုံတမ်းပုံပြင်လောက်ကြားဖူးခဲ့တာပါ'

ဟား...ဟား...ဟား၊ ယွင်ကြိုလုံ၊ မင်း တော်တယ်၊ အဲဒီ ဆေးကို မင်း ကြားဖူးတာ ဂုဏ်ယူ၊ မမြင်ဖူးတဲ့ အတွက်တော့ အမြစ်သင်ကြ'

ကွန်လုံဝမ်က တဟားဟားရယ်ချင်း ပြောသည်။ ယွင်ကြို လုံက အံ့အားသင့်သည့် လေသံဖြင့် မေးလိုက်သည်။

'ဒါဖြင့်စောစောကမင်းသောက်လိုက်တာအဲဒီဆေးပဲလား'

ကွန်လုံဝမ်က ကျေနပ်စွာ ခေါင်းညိတ်၏။

'ဒီ ဆေး နည်း ကို ငါရထားတာ ကြာပြီ၊ ဆေးတစ်လုံး သောက်ရုံနဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အင်အားတွေ အကုန် ထွက် လာနိုင်တယ်'

'အခု မင်း ဆေးလုံးတွေ အကုန်သောက်လိုက်ပြီ၊ အကုန် သောက်လိုက်လို့ မင်း ပိုပြီးအားရှိလာမယ်လို့ ထင်နေသလား၊ တန်ဆေး လွန်ဘေးတဲ့ကွ'



ယွင်ကြိုလုံ၏စကားကို ကွန်လုံဝမ်က ဂရုမစိုက်ပေ။ သူ့ အကြည့်သည် အိုယုန်ထု ထံသို့ ရောက်ရှိသွား၏။

'ဟေ့...အိုယုန်ထုံ၊ မင်းနဲ့ငါနဲ့ဟာ သိုင်းလောကထဲမှာဖြိုင် ရပ်ခဲ့တာ ဆယ်နှစ်မကတော့ဘူး၊ ဒါပေမယ့် ငါ့နှစ်ယောက်ရဲ့ တိုက်ပွဲဟာလဲ တိတိကျကျ မရှိခဲ့ဘူး၊ ငါဟာ အခု ဒဏ်ရာ အများကြီးရနေတယ်၊ ငါနဲ့ တစ်ယောက်ချင်း တိုက်ရဲရဲ့လား'

ဆန်ကွမ်းချီသည် အားဖြည့်ဆေးအစွမ်းဖြင့် ဂိုဏ်းချုပ်ကြီး အိုယုန်ထု အား စိန်ခေါ်ခြင်းဖြစ်ကြောင်း ရိပ်မိသဖြင့် ကမန်းကြ ကတန်း ဝင်တားသည်။

'ဒီတိုက်ပွဲဟာ ဘယ်နည်းနဲ့မှ စစ်မှန်တဲ့ တိုက်ပွဲမဖြစ်နိုင်ဘူး၊ ခင်ဗျားရဲ့ ပင်ကိုစွမ်းအားမှ မရှိတော့ဘဲ၊ ဆေးစွမ်းအားနဲ့တိုက် တဲ့ အရှုံးအနိုင်ဟာ တရားမဝင်ဘူး'

ကွန်လုံဝမ် အကြီးအကျယ် ဒေါသထွက်သွား၏။

'ကောင်းပြီ၊ မင်းကိုသတ်ပြီးမှ သူတို့ကို သတ်လဲ ငါ့အဖို့ နောက်မကျသေးပါဘူး'

သူသည် စကားဆုံးသည်နှင့် ဟုံသြဖွယ်ကောင်းလောက်သည့် လျှင်မြန်မှုဖြင့် ဆန်ကွမ်းချီကို ခုန်အုပ်လေ၏။

ထိုအချိန်တွင် ဆန်ကွမ်းချီသည် သူ့ ရှေ့ဘေးကို နိုင်ချစ်နေဝ် ထံသို့ ပြန်လည်ပေးအပ်ပြီးဖြစ်၍ လက်ချည်းသက်သက်သာ ရှိ နေတော့သည်၊ ခါးကြားထဲ၌မူ ပလ္လေသံရှင် အတိုအိုးနှစ်ထပ် ထိုးပနေလှရှိ၏။ ဆန်ကွမ်းချီသည် ကွန်လုံဝမ်နှင့် အကြိမ်အနည်း ငယ်များ တိုက်ခိုက်ပြီးဖြစ်၍ ကြောက်ရွံ့ခြင်း မရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကွန်လုံဝမ် ခုန်ဝင်လာသောအခါ လက်ဝါးဖြင့် ဆီးရိုက်လေ၏။

'ဝုန်း...'

လက်ဝါးနှစ်စုံသည် ပြင်းထန်သော အဟုန်ဖြင့် ထိတွေ့ပြီး ကြောက်မက်ဖွယ်ရာ လေတိုးသံပင် မြည်ဟည်းသွား၏။ ဆန်ကွမ်းချိကိုတိုင် ဒေါက်ကိုက်မျှလွင့်စဉ်ထွက်သွားသည်။ နိုင်ချစ်နော်သည် အရေးတကြီး လှမ်းအော်၍ သတိပေးပြန်လေ၏။

'အားလုံးသတိထားကြ၊ ဆန်ကွမ်းချိဟာ ဘယ်တုန်းက ကွန်လုံဝမ်ကို ဒီလို အရှုံးမပေးခဲ့ဘူး၊ ကွန်လုံဝမ်စားထားတဲ့ ဆေးတွေ ဆေးစွမ်းပြနေပြီ'

ကွန်လုံဝမ်သည် ဒေါသကြီးလာပြီး အိုယန်ထုံထံသို့ ခုန်ဝင်ပြန်သည်။ ကွန်လုံဝမ်မှာ ဆေးစွမ်းကြောင့် အလွန်တရာ လျင်မြန်လာသဖြင့် အိုယန်ထုံမှာ လွှဲချရှောင်တိမ်းရန်မလွယ်ဖြစ်သွား၏။ ထိုသို့ လွှဲချ ရှောင်တိမ်းပေးလိုက်ရလျှင်သည်း ဂိုဏ်းချုပ်ကြီးဆိုသည့် ဂုဏ်သိက္ခာမှာ ရေစုန်မျောပေတော့မည်။

ယွင်ကြိုလုံသည် ထိုအချက်ကိုရိပ်မိသဖြင့် မာန်သွင်း အော်ဟစ်ကာ လျှပ်တစ်ပြက်ခုန်ဝင်ပြီးလက်ဝါးဖြင့်ကာလိုက်လေ၏။

'ဝုန်း'

ယွင်ကြိုလုံသည်လည်း ဆန်ကွမ်းချိကဲ့သို့ပင် လွင့်ထွက်သွားပြန်သည်။ ယွင်ကြိုလုံသည် မြေကြီးပေါ် လေးငါးပတ် လိမ့်သွားရာမှခုန်ထလိုက်သည်။

'ကွန်လုံဝမ်ကို သတိထားကြ၊ သူ့အင်အားမှာ အဆမတန် တိုးတက်နေပြီ၊ ပေါ့ဆရင် အသက်ပါပါသွားလိမ့်မယ်'



အိုယန်ထုံသည် ယွင်ကြိုလုံ လိမ့်သွားသည်နှင့် ကွန်လုံဝမ်အား မိုးနဂါးလက်သီးထိုးကွက်ဖြင့် လျှပ်တစ်ပြက်ဝင်ထိုးလိုက်သည်။ ကွန်လုံဝမ်က ထိုလက်သီးကို လက်ဝါးဖြင့် ဖမ်းဆုပ်ပြီး တွန်းထုတ်လိုက်ရာ အိုယန်ထုံသည် လေထဲ၌ ကျွမ်းနှစ်ပတ် ပစ်ထွက်သွားရလေ၏။

ထိုအချိန်မှစ၍ ကွန်လုံဝမ်သည် သူ့ပတ်လည်မှသိုင်းသမားများကို အရှုံးအမူး မနားတမ်း တိုက်ခိုက်လေတော့၏။ ဝါစဉ်ကြီးသိုင်းသမားများနှင့် ယှမ်ရှောက်နိုင်ချစ်နော်တို့သည် အခြေအလဲ ရှောင်တိမ်းကြရသည်။ ကွန်လုံဝမ်၏တိုက်ခိုက်မှု မည်မျှပြင်းထန်သနည်းဆိုသော် တန်ရှူး၏ မဟာသချိုင်းဂူ မြောက်ဘက် လပ်ကူးမုဒ်ကိုင်ငယ်အစ်ခုတိုက်ခတ်နေသကဲ့သို့ ဟုဟုဟူးမြည်နေသည်အထိ ဖြစ်ခဲ့ရလေသည်။

'အားလုံးရှောင်ကြ ရှားကြ၊ ဘယ်သူမှ ထိပ်တိုက်မခံကြနဲ့'

နိုင်ချစ်နော်သည် ရှောင်ရင်းတိမ်းရင်းမှ ကျယ်လောင်စွာ အော်ဟစ်သတိပေးနေရသည်။ ကွန်လုံဝမ်သည် ချားရဟတ်ကဲ့သို့ အဆက်မပြတ်တိုက်ခိုက်နေရာမှ တဖြည်းဖြည်း နှေးကွေးလာ၏။ ဝါစဉ်ကြီးသိုင်းသမားကြီးများသည် ဓားစောကလေးတက် ဖရဲ့ မရှောင်တိမ်းကြတော့ပေ။

ထိုစဉ် ကွန်လုံဝမ်သည် ရုတ်တရက် ရပ်သွားလေ၏။

သိုင်းသမားကြီးများသည် ကွန်လုံဝမ်အား တိုက်ခိုက်ရန် သတိမရကြတော့ပေ။ သူတို့အား ကြောက်ခမန်းလိလိ တိုက်ခိုက်နေရာမှ ရုတ်တရက် ရပ်ဆိုင်းသွားသည့် သိုင်းဘုရင်ကြီးကို တအံ့တသြ ငေးကြည့်နေမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဂုတ်....ဂုတ်....ဂုတ်....ဂုတ်'

ကျွန်လုံဝမ်သည် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာပြီးနောက် မေးချွင်းရိုက်လာတော့သည်။ မေးရိုက်သံကျယ်လောင်လာသဖြင့် သိုင်းသမားကြီးများအားလုံး ထိုမေးရိုက်သံကို ကြားနေကြရသည်။

ကျွန်လုံဝမ်၏မျက်နှာ၌မျက်နှာဖုံးတပ်ထားသဖြင့် တကယ်တမ်း မည်သို့ခံစားနေရသည်ကို မသိရှိနိုင်သော်လည်း ခန္ဓာကိုယ်တဆတ်ဆတ် လှုပ်နေပုံကို ကြည့်ရခြင်းအားဖြင့် အလွန်တရာမှနာကျင်ပုံရကြောင်း ခန့်မှန်းသိရှိနိုင်လိုက်ကြသည်။

နိုင်ချစ်ခနော်က သံဝေဂရစွာ ပြောလိုက်သည်။

'သူဟာ သူ့ဘဝသက်တမ်းတစ်လျှောက်လုံး သူတစ်ပါးကို ဒုက္ခပေးဖို့ပဲကြံခဲ့တယ်၊ သူတစ်ပါးကို အဆိပ်ခတ်ပြီး စေခိုင်းခဲ့တယ်၊ နောက်ဆုံးတော့ သူကိုယ်တိုင် အားဖြည့်ဆေးကိုအသုံးလွန်ပြီး အဆိပ်ဝေဒနာခံစားရသလို ခံစားနေရရှာပြီ'

ကျွန်လုံဝမ်၏ ခန္ဓာကိုယ်သည် တဆတ်ဆတ် တုန်နေရာမှ တဖြည်းဖြည်းတည်ငြိမ်လာသည်။ သူ့မျက်လုံးအစုံသည် ဂိုဏ်းချုပ်ကြီး အိုယန်ထု ရှိရာသို့ ရောက်ရှိလာ၏။ ဆန်ကွမ်းချိက ယွမ်ရှောက်အား အရေးတကြီး အော်လိုက်၏။

'ညီလေးယွမ်ရှောက်၊ဂိုဏ်းချုပ်ကြီးနားကို အမြန်ဆုံးလာခဲ့ ကျွန်လုံဝမ်တိုက်ခိုက် ငါတို့ဝိုင်းခုခံရမယ်'

ယွမ်ရှောက်သည် ချက်ချင်းပင် အိုယန်ထု ဘေးသို့ရောက်လာ၏။ ဆန်ကွမ်းချိ ပြောသည့်အတိုင်းပင် ကျွန်လုံဝမ်သည် အိုယန်ထု ထံသို့ ခုန်ဝင်လာပြန်၏။



အိုယန်ထု၊ ယွမ်ရှောက်၊ ဆန်ကွမ်းချိတို့သည် သူတို့အတွင်းအားများကို အကုန်ထုတ်၍ လက်ဝါးသုံးချိုဖြင့် ပြိုင်၍ခုခံလိုက်ကြရသည်။

'ဝုန်း'

သုံးယောက်စလုံးလွင့်ထွက်သွားကြရပြန်သည်။ ကျွန်လုံဝမ်ကမူ မူလက အိုယန်ထု ရပ်နေသည့်နေရာ၌ ခိုင်ခိုင်မြဲမြဲရပ်နေသည်။ ရဲယိဖိန်သည် လျှပ်တစ်ပြက်ခုန်ဝင်လာကာ ကျွန်လုံဝမ်အား လက်ဝါးဖြင့်ဝင်ရိုက်၏။ ကျွန်လုံဝမ်က ကြောက်ခမန်းဖွယ်ရာ အသံဖြင့် အော်ဟစ်လိုက်သည်။

'သွားစမ်း'

ရဲယိဖိန်မှာ လေထဲ၌ သစ်ရွက်တစ်ရွက် လွင့်သွားသည့်ပမာ လွင့်စဉ်ထွက်သွားသည်။ မြေပြင်သို့ ဝုန်းခနဲကျသွားပြီး ဖဝါးခနဲ သွေးများထိုးအန်လေတော့၏။ ပြင်းထန်သော အတွင်းဒဏ်ရာရရှိသွားခဲ့လေပြီ။

ထိန်မုဆရာတော်၊ တက်မုဆရာတော်၊ စိမုဆရာတော်နှင့် ဆရာကြီးကျင်ရှယ်တောက်တို့မှာလည်း ကျွန်လုံဝမ်၏ ကြီးမားသောစွမ်းအင်ကို တွေ့ရသောအခါ ဝင်ရကောင်းနိုးနိုး၊ စောင့်ကြည့်ရကောင်းနိုးနိုး တွေဝေသွားကြရလေ၏။

နိုင်ချစ်ခနော်က အားလုံးကို သတိပေးသည်။

'ဆရာတော်တို့ ဝင်မတိုက်ကြပါနဲ့၊ ယောင်ပြတိုက်ခိုက်ပြီး ရှောင်တိမ်းရုံ ရှောင်တိမ်းကြပါ၊ သူ့ကို အားကုန်အောင် လုပ်ကြပါ'

'မှန်တယ်'

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်တည်း ခရွတ်ကြပြီး ကွန်လုံဝမ်အား တစ်ယောက် တစ်လက်ကိုင်းတိုက်ကြတော့သည်။ သို့သော် မည်သူမျှ ကွန်လုံဝမ်နှင့် ထိပ်တိုက်အထိမခံကြပေ။ ကွန်လုံဝမ်မှာ တစ်နေရာတည်း၌ ရပ်မနေနိုင်တော့ဘဲ စက်ဝိုင်းပုံမှာလှည့်၍ ခုခံနေရတော့သည်။

ကွမ်းတစ်ယာညက်ခန့် ကြာလာသောအခါတွင် ကွန်လုံဝမ်၏ခန္ဓာကိုယ်၌ ကြီးမားသော ဒဏ်ရာများ ရရှိသွားတော့သည်။ မကြာမီ ကွန်လုံဝမ်သည် ပထမတစ်ကြိမ်တုန်းကလို ဓမ်းချောင်း တကတ်ကတ် ရိုက်သာပြန်တော့သည်။

'အားလုံး နောက်ဆုတ်ကြ'

နိုင်ချစ်နော်၏ သတိပေးသံကြောင့် သိုင်းသမားကြီးများ အားလုံး နောက်ဆုတ်သွားကြသည်။ ကွန်လုံဝမ်၏ ခန္ဓာကိုယ်မှာ မူလပုံစံအတိုင်း အဖျားတက်သလို တုန်ယင်လာပြန်၏။ သိုင်းသမားကြီးများ အားလုံး မျက်မှောင်ကုတ်၍ ကြည့်နေကြ၏။ မိမိထံ ခုန်ဝင်လာပါက ခုခံရန်လည်း အဆင်သင့် ပြင်ထားကြလေသည်။

သို့သော် ယခုတစ်ကြိမ်တွင်တော့ ကွန်လုံဝမ် ခုန်ဝင်မလာနိုင်တော့ပေ။ သူ၏မျက်လုံး၊ နှာခေါင်း၊ နားရွက်နှင့် ခန္ဓာကိုယ် မွေးညင်းပေါက်များမှနေ၍ နီရဲသော သွေးများ ယိုစီးကျလာသည်။ လည်တဆတ်ဆတ် ပို၍ တုန်ယင်လာသည်။

'ဂါ...ဂါ...ဂါ'

အံ့သြဖွယ် ကောင်း လောက် အောင် ဖွင့် ကွန်လုံဝမ်ထံမှ အော်သံပေါ်လာ၏။

'ဝုန်း'



တစ်ခေတ်တွင် တစ်ယောက် ဆိုရသောလောက် ကောက်ကျစ် ယုတ်မာရာတွင် စံနမူနာတင်လိုက်သော သိုင်းဇကာရာဇ်ရှူးကြီး သည် မြေကြီးပေါ်သို့ ဝုန်းခနဲ ပြိုလဲကျသွားကာ တစ်ချက်မျှ အကြောဆွဲပြီး သေဆုံးသွားလေတော့၏။

'ဖခင်ဂိုဏ်းချုပ်ကြီး'

နိုင်ချစ်နော်ထံမှ ကြေကွဲဖွယ်ရာအသံသည် ပဲ့ဝန်းကျင်တစ်ခု လုံးကို လွှမ်းခြုံသွား၏။ သူ၏မျက်ဝန်းအစုံမှ မျက်ရည်ဖြိုင်ဖြိုင် ကျလာသည်။ သူသည် ဖြည်းညှင်းစွာ ဒူးထောက် ထိုင်ချပြီး နောက် သူ၏ မွေးစားဖခင်ကြီး၏ အလောင်းကို နောက်ဆုံး အကြိမ် ကန်တော့နေရှာလေတော့၏။

သိုင်းသမားကြီးများသည် နိုင်ချစ်နော်အား သနားကြင်နာစွာ ဝိုင်းကြည့်မိကြသည်။ အတန်ကြာမှ အိုယန်ထုံက သက် ပြင်းချပြီး ပြောသည်။

'အင်း...နောက်ဆုံးမှာတော့ နောင်ကြီး ထန်ရှင်ဟာ သူ့ ပြိုင်ဘက် ကွန်လုံဝမ်ကို သူ့သချိုင်းနေရာဆီ ခေါ်ပြီး အသေ သတ်လိုက်တာပါပဲ'

ထိုအချိန်မှာပင် မဟာသချိုင်းဂူ၏ မြောက်ဘက်ဂူပေါက်မှ လူများ တဝေါဝေါ ပြေးထွက်လာကြတော့သည်။ သူတို့သည် ထန်ရှင်၏ဂူသချိုင်းကြီးကို ကြောက်လန့်ဟန်ဖြင့် ဘောင်ဘောက် သို့ တစ်ရှိန်ထိုး ဆင်းပြေးကြသည်။

ဆန်ကွမ်းချီက အားလုံး ရှင်းပြလိုက်သည်။

'နောင်ကြီးထန်ရှင်ဟာ အလုပ်သမားနှစ်ရာကို သတ်ဖြတ် ခဲ့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



တက်မှုဆရာတော်သည် တိဗက်ကျောမှတ်ဘုရင်ကြီး တုထန်ဟ် ၏ အနကြောကို ဖြေပေးပြီး လူအုပ်စုကြီးဆီသို့ ခေါ်ဆောင်လာ၏။ ဆရာကြီး ရဲယိဖိန်ကို တက်မှုဆရာတော်က ဒက်ကြေ ဆေးတစ်လုံး တိုက်ပြီး အတွင်းအားဖြင့် ကုသပေးသည်။

သိုင်းသမားကြီးများ စုံညီစွာ ရပ်မိကြသောအခါ အို့ယန် တို့က နိုင်ချစ်နော်၏ ဉာဏ်ရည်ကို ချီးကျူးစတား ပြောကြား လေ၏၊ သိုင်းသမားကြီးအားလုံးက နိုင်ချစ်နော်၏ စွမ်းရည် ကို လေးစားသောအားဖြင့် ဦးညွှတ် ဂါရဝပြုကြသည်။

သူတို့ ဝိုင်းဝန်း ချီးကျူးနေသည့် နောက်နားၔ ရပ်နေသူ မှာ ဆန်ကွမ်းချီဖြစ်ပါ၏။ သူသည် နိုင်ချစ်နော်ကိုလည်းကောင်း၊ နိုင်ချစ်နော်၏ ဘေးနားၔ တပြုံးပြုံးဖြင့် ရပ်နေသည့် ယွမ် ရှောက်ကိုလည်းကောင်း၊ သူ့အား သိုင်းလောကကြီးအတွင်း ရောက်ရှိလာအောင် အမှတ်မထင်ခေါ်သွင်းလာခဲ့သည့် နေဝင် ကြီးတုထန်ဟိုကိုလည်းကောင်း မဆွဲမြည့်သော မျက်လုံးများ ဖြင့် ငေးကြည့်နေမိလေ၏။ ထိုစဉ် ဆရာကြီး ရဲယိဖိန်သည် သူ့ တပည့် ဆန်ကွမ်းချီကို ရုတ်တရက် သတိရလာပြီး….

'ဆန်ကွမ်းချီ'

'ကျွန်တော် ဒီမှာရှိပါတယ်ဆရာ'

'မင်း ဘာမှ မဖြစ်ပါဘူးနော်'

ဆန်ကွမ်းချီက ကြေကွဲစွာ ပြုံးလိုက်မိသည်။

'ကျွန်တော် ဘာမှ မဖြစ်ပါဘူးဆရာ'

သူသည် ဂိုဏ်းချုပ်ကြီး အို့ယန်ထု ရှေ့သို့ သွားရောက်ပြီး ဦးညွှတ် ဂါရဝပြုလေ၏။



'ဂိုဏ်းချုပ်ကြီး….နောင်ကြီးထန်ရှင်ကို ကျွန်တော်ပေးခဲ့တဲ့ ကတိ ကျေသွားပါပြီနော်'

အို့ယန်ထုသည် ဝမ်းပန်းတသာ ဆန်ကွမ်းချီ၏ ပခုံးကို ကိုင်၍ ပြော၏။

'ကျေပါတယ် မောင်ရယ်၊ ကျေပါတယ်'

သူသည် နိုင်ချစ်နော်ကိုလည်းကောင်း၊ ထိန်မုဆရာတော်ကို လည်းကောင်း၊ တက်မှု ဆရာတော်ကို လည်းကောင်း၊ မိမှ ဆရာတော်ကို လည်းကောင်း၊ ဂိုဏ်းချုပ်ကြီး ယွင်ကြိုလိုက်ကို လည်းကောင်း၊ ဆရာကြီး ရဲယိဖိန်ကိုလည်းကောင်း၊ ဆရာကြီး ကျင်ရှယ်ဘောက်ဆိုလည်းကောင်း တစ်ဦးစီ တစ်ဦးစီ ရိုသေ လေးစားစွာ လိုက်၍ ဂါရဝပြုသည်။

ဆန်ကွမ်းချီ၏ အပြုအမူ ထူးဆန်းနေသဖြင့် ဆရာကြီးများ သည် ဝိုင်းကြည့်နေမိကြသည်။

ထို့နောက် ဆန်ကွမ်းချီသည် ယွမ်ရှောက်ထံသို့ သွားပြီး ရင်ချင်းကပ် ဖက်လိုက်သည်။ ယွမ်ရှောက်သည် သူ့အစ်ကိုကြီး ၏ ထူးခြားသော အပြုအမူကို ရိပ်မိသွားဟန်ဖြင့် ငိုသံပါကြီး ဖြင့် အော်ဟိုက်သည်။

'အစ်ကိုကြီး ဘယ်မှ မသွားရဘူး'

ဆန်ကွမ်းချီ၏ မျက်ဝန်းအစုံမှ မျက်ရည်များ ဖြိုင်ဖြိုင်စီးကျ လာသည်။ သူသည်ယွမ်ရှောက်အားဖက်ထားရာမှလွှတ်လိုက်ပြီး တဖြည်းဖြည်း နောက်ဆုတ်လာ၏။ သိုင်းသမားအုပ်စုကြီးသည် မျက်ရည်ဖြိုင်ဖြိုင် စီးကျနေသော ဆန်ကွမ်းချီ ဘာပြောတော့ မည်ကိုရိပ်မိလာကြသဖြင့် သူတို့လည်းစိတ်ထိခိုက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီးများခင်ဗျာ....နောင်ကြီးထန်ရှင်က ပေးအပ်ခဲ့တဲ့ တာဝန်ကို ကျွန်တော် ကျေပွန်စွာ ထမ်းဆောင်ပြီးခဲ့ပါပြီ၊ ကျွန်တော့်အပေါ် စောနာ၍ စောင့်ရှောက်ခဲ့ကြတဲ့ ဆရာကြီးများရဲ့ ကျေးဇူးကို ကျွန်တော် အမြဲ သတိရနေပါမယ်ခင်ဗျာ၊ အခု ကျွန်တော့်ကို သွားခွင့်ပြုပါတော့'

ဆန်ကွမ်းချို'

အိုယန်ထုံက လှမ်းအော်၏၊

'မောင်ရင် ဘယ်ကိုသွားမှာလဲ၊ မသွားရဘူး'

ထိန်မုဆရာတော်က ကြေကွဲစွာ လှမ်းဟ၏၊

'ကျေးဇူးရှင်ကလေး ဒကာလေးဟာ ကျုပ်နဲ့ ဒကာကြီး ကျူရှယ်တောက်ကို နေရာချအောက်၊ လာရောင်အောက် ပြန်ပို့ပေးခဲ့တဲ့ လူပါ၊ ဒကာလေး ဘယ်သွားမလဲ၊ ကျုပ်တို့ ပြန်ပြီး စောင့်ရှောက်ပါရစေ'

ဆန်ကွမ်းချိုသည် တိဗက်ကြီး တုထန်ဟိုအား ရိုသေစွာ ကြည့်ပြီး လှမ်းပြောလေ၏၊

'အစ်ကိုကြီး....ဟူတန်းကိုးကားက ရန်ရှယ်ချယကြီးကို ကျွန်တော် ဘယ်လိုကတိပေးခဲ့ရတယ် ဆိုတဲ့အကြောင်း တစ်ခါလောက် ရှင်းပြလိုက်ပါနော်၊ ကျွန်တော့်အပေါ် ညီကလေးအရင်းလို စောင့်ရှောက်ခဲ့တဲ့ အစ်ကိုကြီးရဲ့ ကျေးဇူးတို့ ညီလေး မမေ့ဘူးဆိုတာ ညီလေး ပြောခဲ့ပါရစေ'

ထိုအချိန်တွင် နိုင်ချစ်နော်၊ ယွမ်ရှောက်နှင့် တုထန်ဟိုတို့မှာ မျက်ရည်ဖြိုင်ဖြိုင် ကျနေလေပြီ၊



ဆန်ကွမ်းချိုသည် အားလုံးကို နောက်ဆုံးအကြိမ်ဂါရဝပြုပြီး ကျောခိုင်း လှည့်ထွက်သွားတော့၏၊

'ညီလေး....'

တုထန်ဟိုက ဆို့နစ်စွာ လှမ်းခေါ်လိုက်ရာ ဆန်ကွမ်းချို တုံ့ခနဲ ရပ်သွားကာ လှည့်ကြည့်သည်၊

'ဘာလဲ အစ်ကိုကြီး'

'ငါလဲ တစ်ကိုယ်တည်း အထီးကျန်သမားပါပဲ ညီလေးရယ်၊ ငါ ညီလေးနဲ့ လိုက်ခဲ့ပါမယ်'

ဆန်ကွမ်းချိုက ကြေကွဲစွာ ပြုံးလိုက်၏၊

'အစ်ကိုကြီးလဲ အထီးကျန်သမားပဲ၊ ညီလေးလဲ အထီးကျန်သမားပဲ၊ အထီးကျန်သမားဆိုတာ တစ်ယောက်ချင်းပဲ ရှိရမယ်၊ ဒါမှလဲ သဘာဝကျတယ်၊ ကျန်တဲ့ သိုင်းလောကရဲ့ကိစ္စတွေကို ကျန်တဲ့ ဆရာကြီးတွေက လုပ်ဆောင်ကြပါလိမ့်မယ်၊ အစ်ကိုကြီးလဲ ညီလေးတို့နဲ့ မတွေ့ခင်ကလိုပဲ တစ်ယောက်တည်း လှည့်ပါတော့၊ ညီလေးလဲ ရန်ရှယ်ချယကြီးကို ပေးခဲ့တဲ့ကတိ ကျေပြီးရင် အစ်ကိုကြီးလိုပဲ တစ်ယောက်တည်း လှည့်ပါတော့မယ်'

ယွမ်ရှောက်က ကြေကွဲစွာ လှမ်းဟသည်၊

'အစ်ကိုကြီး.... ကျွန်တော်တို့ကို ဒီအတိုင်းပဲ ထားခဲ့တော့မှာလား၊ ကျွန်တော်တို့က အစ်ကိုကြီးကို တစ်ယောက်တည်း....'

ဆန်ကွမ်းချိုက လက်ကာ၍ တားလိုက်၏၊ တုထန်ဟိုကိုလည်း လှမ်းကြည့်သည်၊ ထို့နောက် သူ့ခါးထဲမှ နှစ်ထပ်ပိုက်ဝဆွဲနက်ကလေးကို ထုတ်ယူ မြှောက်ပြလိုက်၏၊

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီး တုထန်ပို...ညီလေးရဲ့စကား မှားသွားတယ်၊ ညီလေးဟာ အစ်ကိုကြီး ထင်သလို အထီးကျန်သမား မဟုတ်ပါဘူး၊ ဒီပုလွေကလေးဟာ အဘဆရာကြီးက ကျွန်တော့်ကို ပေးခဲ့တဲ့ အဖော်ပါပဲ၊ ကဲ...အားလုံးကို နှုတ်ဆက်ပါတယ်'

ဆန်ကွမ်းချီသည် ပလွေနက်ကလေးကို ကိုင်၍ စိုက်စိုက် စိုက်စိုက်ဖြင့် လျှောခိုင်းလွှက်ခွာသွားလေတော့၏။

ကျန်ရစ်သူ သိုင်းသမားကြီးများသည် စကားတစ်လုံးမျှ မပြောနိုင်ဘဲ ဆန်ကွမ်းချီ မှုန်ဝါးပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေမိကြလေ၏။

❀

သိုင်းလောကမှ သိုင်းသမားများ လုံးဝ မရိပ်မိ မသိရှိလိုက်သော သတင်းတစ်ခုသည် ကောရုစ်ကြီး ရှီဟွမ်တီ၏ နန်းတော်အတွင်းသို့ ရောက်ရှိသွားခဲ့သည်၊ ကောရုစ် ရှီဟွမ်တီ၏ အမိန့်အရ တပ်မှူးကြီး ကျန်ကိုင်မော့သည် မည်သည့်အချိန်၌ လာပို့မည်မှန်းမသိသော သတင်းတစ်ခုကို နှစ်ပေါင်းများစွာ စောင့်ဆိုင်းနေခဲ့ရ၏။

လာပို့သောသတင်းမှာ ကောရုစ်ကြီး၏ တိုင်းပြည်ငြိမ်းချမ်းသာယာစေသော ဆန္ဒ၊ တရားဥပဒေ စိုးမိုးစေလိုသော ဆန္ဒတို့ကို ပြည့်ဝစေသည့်သတင်းဖြစ်သဖြင့် တပ်မှူးကြီး ကျန်ကိုင်မော့သည် ထိုသတင်းကို မျက်နှာပန်းလှလှဖြင့် ကောရုစ်ကြီးအား တင်လျှောက်နိုင်ခဲ့သည်။



ကောရုစ်ကြီးရှီဟွမ်တီသည် သူ့ထံပါး၌ ခစားနိုင်ခြင်းမရှိတော့ဘဲ တမလွန်ဘဝသို့ရောက်ရှိသွားပြီဖြစ်သည့် ထန်ကျိုင်းကွမ်နှင့် ညီမတော်တို့၏ သားတော်ဖြစ်သော ဆန်ရှင်၏ ဘဝဇာတ်ကြောင်းကို သတင်းပို့သူလူငယ်ကလေးထံမှ အသေးစိတ်မေးမြန်းတော်မူရှာသည်။

သတင်းပို့သူ လူငယ်ကလေးအား တပ်မှူးရာထူး ပေးအပ်သော်လည်း ထိုလူငယ်ကလေးက သူ့တွင် ဆောင်ရွက်ရန်ကိစ္စများ ရှိနေပါသေးသဖြင့် ခွင့်လွှတ်ပါရန် တောင်းပန်၍ လူငယ်ကလေး၏ဆန္ဒအတိုင်း စိတ်ကြိုက် သွားခွင့်ပြုတော်မူခဲ့သည်။

ထိုမှ နောက်ပိုင်း ဆယ်နှစ်အတွင်း သိုင်းလောကကြီးသည် လုံးဝအေးချမ်းသာယာသွားခဲ့လေ၏၊ ထိုဆယ်နှစ်အတွင်း မှူးပင်တောင်ကုန်း၌ ဂိုဏ်းချုပ်အသစ်တစ်ယောက် ဆက်ခံနိုင်ခဲ့သည်၊ ထိုဂိုဏ်းချုပ်အသစ်သည် ရန်ရွယ်ဆရာတော်ကြီး၏ အတွင်းအား ကျင့်စဉ်နှင့် ထိုက်ကျိခေးသိုင်းပညာကိုပင် စွမ်းစွမ်းတမံ ရရှိခဲ့သည်၊

ထိုဂိုဏ်းချုပ်၏ အမည်မှာမူ ဆန်ကွမ်းချီ မဟုတ်ပါပေ၊ တောင်ကုန်းဂိုဏ်းထဲမှ ဝါစဉ်ကြီး သိုင်းသမားတစ်ဦး၏အမည်သာ ဖြစ်ပါသည်၊ ထိုဆယ်နှစ်နောက်ပိုင်း၌ ဆန်ကွမ်းချီ မည်သည့်နေရာသို့ရောက်ရှိသွားကြောင်း မည်သူမျှ မကြားသိရတော့ချေ၊

သို့သော် သိုင်းလောက၌ တစ်ခါတစ်ရံဖြစ်ပေါ်တတ်သော သိုင်းကျမ်း၊ အရှုပ်အရှင်းကိစ္စ၊ ရတနာမြေပုံ ကိစ္စများနှင့် ပတ်သက်၍ တိုက်ပွဲများ ဖြစ်အံ့ဆဲဆဲ အခါကာလ များတွင်မူ

www.burmeseclassic.com



အလွန်တရာထူးခြားသော ပလွေသံတစ်သံကို သိုင်းသမားတိုင်း အံ့သြစွာ ကြားကြရသည်။

ထိုပလွေသံကြောင့် ဆူပူကြနေသောသူများ အေးချမ်းသွားပြီး တိုင်ပင်နှီးနှောခြင်း၊ တစ်ဦးကိုတစ်ဦးက အမလျှော့ပေးခြင်းဖြင့် ပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းကြလေတော့သတည်း။

စာရှုသူများ၏ မေတ္တာကိုခံယူလျက်

တက္ကသိုလ်နေလင်းအောင်

( ပြီးပါပြီ )